www.burmeseclassic.com



www.burmeseclassic.com

မောင်မျိုးစိန့်သည်

ကြောင်နှစ်ကောင်
တအုပ်တိုက်
အမှတ်၁၁၃၂(မြေညီ) ၃၅လမ်း၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၂၊ ၀၁-၂၈၂၂၄၈

www.burmeseclassic.com

www.burmeseclassic.com

# အထင်ကရ



ကောင်လေးချစ်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၁၆၇/၂၀၀၃(၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၅၃၀၅၀၅

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် ဇူလိုင်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**အထင်ကရ**

www.burmeseclassic.com

www.burmeseclassic.com






"'အန်တီလွင်' 'ကောင်လေး' ကို 'မေ' နဲ့အတူတူ တံတားမှာတွေ့ခဲ့တယ်... ကျူရှင်မတက်ဘူးလား မသိဘူး"

ဟု လာပြောသော တူမဖြစ်သူ 'သီဟန်' ကိုကြည့်ပြီး 'ဒေါ်လွင်လွင်' စိတ်ထဲ မောဟိုက်ပင်ပန်းသွားရပါသည်။

'ကောင်လေး' ကို ဘယ်လိုစကားလုံးမျိုးတွေနဲ့ နားချဖျောင်းဖျရမလဲ မသိတော့ချေ။ ရိုက်ရလွန်းလို့ ရိုက်ရတဲ့သူပင် လက်အံသေချင်လာပါပြီ။ ပြောရလွန်း၍လည်း ပါးစပ်တွေပင်



www.burmeseclassic.com

www.burmeseclassic.com



ညောင်းကာ အာခေါင်တွေပင် ကွဲထွက်မလို ဖြစ်နေပါပြီ။

မိဘဖြစ်သူကလည်း မကြည်ဖြူ။ ဆွေမျိုးအသိုင်းအဝိုင်း အားလုံးကလည်း သဘောမတူ ကန့်ကွက်နေကြတာကို သူသိရဲ့နဲ့ ဇွတ်ရှေ့တိုးပတ်သက်နေတာသည် တမင်သက်သက် ဂွတိုက်ပြီး မိုက်ရူးရဲပြနေတာမဟုတ်လို့ ဘာဖြစ်မှာတဲ့လဲ။ လူပျိုပေါက်ကတည်းက ‘မေ့’ တစ်ယောက်တည်းကိုပဲ ရူးရူးမူးမူးသံ’ယောဇဉ် တွယ်ငင်ခဲ့တာဆိုတော့လည်း ဖြတ်ရတာ ခက်နေမှာပေါ့။

ဆွေကြီးမျိုးကြီး မိမိတို့အခြေအနေနဲ့ ‘မေ’တို့အခြေအနေနဲ့ ဘယ်လိုနည်းနဲ့မှ ဆက်စပ်ပတ်သက်ဖို့ဆိုတာကလည်း လုံးဝကို မဖြစ်နိုင်ပါချေ။ ‘ကောင်လေး’ ရဲ့ဘဝက တက်လမ်းတွေအပြည့်နဲ့ဖြစ်သည်။

သာမန် ‘မေ့’ လို မိန်းကလေးလက်ထဲသို့ သားဖြစ်သူကို အပါမခံနိုင်တာ မိခင်တိုင်းရဲ့ မှန်ကန်သော အတ္တသာ ဖြစ်လိမ့်မည် ဟု ‘ဒေါ်လွင်လွင်’ က ယူဆထားသည်။

‘မေ’နဲ့ပတ်သက်မိလို့ ဆယ်တန်းစာမေးပွဲကို တစ်နှစ်ကျထားပြီးပါပြီ။ ‘မေ’ ကတော့ သူတို့စီးပွားရေးအခြေအနေအရ ကျောင်းဆက်မတက်နိုင်တော့ဘဲ အလုပ်ဝင်လုပ်နေရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' ကိုတော့ မိမိတို့က ပညာတတ်ကြီး ဖြစ်စေချင်လွန်း၍ ကျောင်းဆက်တက်ခိုင်းထားပါသည်။ ကျူရှင်တွေကိုလည်း မျိုးစုံအောင် ထား,ထားသည်။

ကိုယ့်မြို့မှာတော့ 'ကောင်လေး' က ပထမတန်းစားအဆင့်မြင့်မြင့်ထဲက သူတစ်ယောက်ဖြစ်လို့နေပါသည်။ ဖြစ်နိုင်ရင် ရန်ကုန်မြို့ကြီးသို့ပို့ကာ တက္ကသိုလ်တက်ခိုင်းချင်နေပါပြီ။

ဒါမှလူလည်း အတွေးသစ် အမြင်သစ်နှင့်အဆင့်အတန်းမြင့်ကာ 'မေ' ကိုလည်း မေ့သွားမှာဖြစ်၏။ ရန်ကုန်ရောက်ဖို့အတွက် အဓိကက 'ကောင်လေး' ဆယ်တန်းအောင်မှဖြစ်မည်။

"တွေ့ရင်ဘာလို့ တစ်ခါတည်း ခေါ်မလာခဲ့သလဲ 'သီဟန်' ရယ်... ခု ဘယ်လိုလုပ်ရမလဲ... တစ်ယောက်ယောက်ကို လိုက်ခေါ်ခိုင်းရမလို ဖြစ်နေပြီ"

BURMESE CLASSIC .com

"ခေါ်ခိုင်းလည်း ရှိမှာမဟုတ်တော့ဘူး... 'ကောင်လေး' က 'သီဟန့်' ကို မြင်တာနဲ့ 'မေ့' လက်ကိုဆွဲပြီး ပြေးတော့တာပဲ... လိုက်လည်း မီမှာမဟုတ်တော့တာနဲ့ မလိုက်တော့ဘဲ 'အန်တီလွင့်' ကိုလာတိုင်တာ"

"အန်တီ့ကို ပြောသွားတော့ ကျူရှင်တဲ့"

"အလကား... ကျူရှင်ကို အကြောင်းပြပြီး ရည်းစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခိုးခိုးပြီးတွေ့နေတာ... သူတို့စုံတွဲကို မြို့ကလူတွေ မမြင်ချင်မှ အဆုံး... 'မေ' ဆိုတဲ့ကောင်မကလည်း ဘယ်လောက်ပဲ နာအောင်ပြောပြော မနာနိုင် မရှက်နိုင်တာ အံ့ပါရဲ့... သူ့အမေက လည်း သူ့သမီးသူ မဆုံးမနိုင်ဘူးလား မသိပါဘူး"

'ကောင်လေး' ကို ပြောမနိုင်သလို၊ 'မေ့' ကိုလည်း ထိန်းသိမ်းလို့ရနိုင်မယ် မထင်ချေ။ ပြောမနိုင် ထိန်းမနိုင်ဆိုပြီး လွှတ်ထားလိုက်လို့တော့ မဖြစ်ပါ။ ဒီထက်ပိုနီးစပ်သွားရင်ဖြင့် မိမိရင်ကျိုးရချည်ရဲ့။ မဖြစ်ဖြစ်တဲ့နည်းနဲ့ တားမှကိုဖြစ်တော့မည်။ စာမေးပွဲကလည်း နီးလာပြီဆိုတော့ 'ကောင်လေး' ကို စာကြိုးစားခိုင်းရမည်။

ကျူရှင်ဆရာတွေကို တောင်းပန်ခယပြီး အိမ်မှာပဲ စာလာသင်ပေးဖို့ အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

'ကောင်လေး' ကို အပြင်ပေးထွက်လို့မဖြစ်တော့ပါ။'မေ' နဲ့တွေ့ခွင့်မရအောင် နည်းလမ်းမျိုးစုံနဲ့ ခွဲထားနိုင်မှ တော်ကာကျမည်။ 'သီဟန်' ပြန်သွားပြီးကတည်းက အိမ်ပေါက်ဝမှာ ထိုင်ကာ 'ကောင်လေး' အလာကို ထိုင်စောင့်လိုက်တာ ညနေစောင်း မိုးချုပ်ခါနီးထိ ဖြစ်သည်။

မျှော်နေတာက သားဖြစ်သူကို တကယ်တမ်းရောက်ချ



www.burmeseclassic.com

www.burmeseclassic.com



လာတာက ခင်ပွန်းဖြစ်သူ ‘ဦးမြင့်မိုရ်’ ဖြစ်နေပါသည်။

“မျက်နှာ မသာမယာနဲ့ အိမ်ပေါက်ဝမှာ ဘာထိုင်လုပ်နေတာလည်းကွ… ဘယ်သူ့ကို မကျေမနပ်ဖြစ်နေသလဲ”

“ရှင့်ကို”

“ငါ့ကို …. ဟာ… နေရင်းထိုင်ရင်းနဲ့ ပြဿနာရှာနေပါလားမိန်းမရ… ကိုယ့်ယောကျ်ားပင်ပင်ပမ်းပမ်းနဲ့ အလုပ်ကပြန်လာတာကို အပြုံးလေးနဲ့ ဆီးမကြိုဘဲ ရန်လုပ်နေတာတော့မဟုတ်သေးပါဘူးကွာ… မင်းအချိုးကို ပြင်သင့်တယ်”

“ဘာပြင်ရမှာလဲ… ကျွန်မ မျှော်နေတဲ့သူက ရှင့်သား ‘ကောင်လေး’… ရောက်လာတာက ရှင်… စိတ်ကူးနဲ့လက်တွေ့နဲ့ တလွဲစီဖြစ်သွားတာ စိတ်မတိုလို့ ဘာဖြစ်ရမှာလဲ”

“ကျူရှင်သွားတာမဟုတ်လား… ပြီးရင်ပြန်လာမှာပေါ့ကွာ မင်းကိုယ်က ပိုလွန်းကဲလွန်းပါတယ်”

“ရှင့်ကိုတော့ ဘာမှ မပြောချင်ဘူး… ကိုယ့်သားဘာလုပ်နေတယ် ဘာဖြစ်နေတယ်ဆိုတာ သေချာမသိဘဲနဲ့များ ကျွန်မကို ပိုလွန်းကဲလွန်းတယ် ပြောနေတယ်… ရှင်ကသာ လျော့လွန်းပျော့လွန်းနေတာ သိရဲ့လား”

“ ‘ကောင်လေး’ ဘာဖြစ်လို့လဲ ”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..."

နှုတ်ခမ်းစူကာ တမင်တစ်ဖက်သို့ မဖြေချင်သလို လှည့်သွားသော 'ဒေါ်လွှင်လွှင်' ကိုကြည့်ပြီး 'ဦးမြင့်မိုရ်' ဘာမှဆက်မမေးဖြစ်တော့ပါ။

"ငါ... ကျူရှင်ကို လိုက်သွားကြည့်လိုက်မယ်"

"ရှင်လိုက်သွားလည်း ရှင့်သားကို တွေ့မှာ မဟုတ်ဘူး... ကျူရှင်လစ်ပြီး ရည်းစားနဲ့ ချိန်းတွေ့နေတယ်ဆိုတာ ကျွန်မကိုသတင်းလာပို့တဲ့သူက ပို့ပြီးသွားပြီ... ပြန်လာရင် ဆော်ဖို့အပင်ပန်းခံပြီး စောင့်နေတာ သိရဲ့လား"

"ဘာပြောတယ်... ဟိုကောင်မလေးနဲ့ ချိန်းတွေ့ပြန်ပြီဟုတ်လား... ကွတ်... ဒီကောင်တော့ သေတော့မယ်... ဘယ်လောက်ပဲ ဆုံးမ ဆုံးမ မှတ်ဉာဏ်ကို မရှိဘူး"

'ဦးမြင့်မိုရ်' ပါ အိမ်ထဲမဝင်ဖြစ်တော့ပါ။ လင်မယားနှစ်ယောက် စိတ်တို ဒေါသထွက်သော မျက်နှာတွေဖြင့် 'ကောင်လေး' အလာကို စောင့်နေမိကြလေသည်။ မကြာခင်အချိန်မှာပဲ လေလေးတချွန်ချွန်ဖြင့် ကြည်နူးရွှင်လန်းသော မျက်နှာနဲ့ 'ကောင်လေး' ပြန်ရောက်လို့လာပါသည်။

အဖေနဲ့ အမေရဲ့ မျက်နှာတွေကို မြင်တာနဲ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို 'ကောင်လေး' ရိပ်စားမိနေရပြီဖြစ်၏။ 'မေ' နဲ့တွေ့တာကို အဖေတို့ သိသွားပြီနဲ့တူသည်။ 'သီဟန်' လာသတင်းပို့သွားတာပဲ ဖြစ်ရပါမည်။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာမို့ 'ကောင်လေး' စိတ်ကို တင်းထားလိုက်သည်။ 'မေ' နဲ့ စကားတွေပြောခဲ့ရတာသည် အဆူခံ အရိုက်ခံရတာထက် ပိုပြီး တန်ဘိုးရှိနေရသည် မဟုတ်လား။

စက်ဘီးကို အိမ်နံရံမှာ မှီကာ ခြေလှမ်းခပ်သွက်သွက်နဲ့ အိမ်ထဲလှမ်းဝင်ဖို့အပြင် အဖေ့ရဲ့ ဒေါသသံက ခြေလှမ်းကို ရပ်တန့်သွားစေပါသည်။

"ဟေ့ကောင်... မင်း ဒါ ဘယ်ကနေ ပြန်လာတာလည်း ပြောစမ်း"

'ကောင်လေး' မဖြေဘဲ ငြိမ်နေလိုက်မိသည်။

"မင်းကို မေးနေတယ်လေကွာ... ပုံစံကိုက ဂျစ်တစ်တစ်နဲ့ ငါထိုးမိတော့မယ်"

ဟုပြောပြီး 'ကောင်လေး' ရဲ့ ပခုံးစွန်းကို အဖေက ဆောင့်တွန်းပစ်လိုက်ပါသည်။

"ကျွန်တော်ဘယ်သွားတယ်ဆိုတာကို အဖေတို့သိနေပြီးပြီပဲဟာ... ကျွန်တော် ဖြေရင် အဖေတို့ ဒေါသကို ပိုဆွသလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြစ်တော့မှာပေါ့”

“မင်းမဖြေလည်း ငါတို့ဒေါသ ကွဲနေပြီးသားပဲကွ... မှတ်ထား... မှတ်ထား...”

‘ဘုန်း’ ကနဲမြည်သံထွက်အောင်ပင် ‘ကောင်လေး’ ရဲ့ ခေါင်းကို အဖေက ခပ်ကြမ်းကြမ်း ရိုက်ချပစ်လေသည်။ ဦး ခေါင်းတစ်ခုလုံးနာကျင်ကာ မူးနောက်ရီဝေသွားပေမယ့်‘ကောင် လေး’ မျက်နှာမပျက်ဘဲ တင်းကာ ငြိမ်ခံနေမိ၏။ ဒီလိုတွေဖြစ် မယ်ဆိုတာကို ကြိုတွေးထားပြီးတဲ့နောက်တော့ ဖြစ်လာတဲ့အခါ ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့လေ။

“ချ... ချ... မှတ်ဉာဏ်တွေ ထုံထိုင်းသွားတဲ့အထိကိုချ ပစ်... အံ့ပါရဲ့... မိဘက မကြိုက်ပါဘူး... လက်မခံနိုင်ပါဘူးလို့ ဒီလောက် ဆိုဆုံးမထားရဲ့နဲ့ကို တဇွတ်ထိုး ရူးချင်နေတာ နာမှပဲ မှတ်မယ်... ဒီကိစ္စကြောင့် စာမေးပွဲလည်း ကျပြီးသွားပြီ... ကျောင်းမှာလည်း လူသိရှင်ကြား အရှက်ကွဲပြီးသွားပြီ... ဒါကို မမှတ်နိုင် မရှက်နိုင်ဘဲမွှန်နေတာ ဘယ်လောက်မှန်းစရာကောင်း သလဲ”

ဟု ကြမ်းကြမ်းတမ်းတမ်း ဝေဖန်လာတဲ့ အမေ့ရဲ့စကား တွေကို မျက်ရည်ဝဲနေတဲ့ကြားမှ ‘ကောင်လေး’ ပြန်ပြောလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေသံတွေကတော့ စိတ်ထိခိုက်မှုကြောင့် တုန်ခါလို့နေရပါသည်။

"'မေ့' ကို ကျွန်တော်မှ မမေ့နိုင်ဘဲဗျ… ငယ်ငယ်လေးကတည်းက ရှိခဲ့တဲ့ သံယောဇဉ်ကို ဘယ်လိုနည်းနဲ့ပဲ ဖြတ်ဖြတ် ပြတ်မှာကို မဟုတ်ဘူး… 'မေ' လည်း အတူတူပဲ… ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်"

"အမယ်လေး… စကားကြီး စကားကျယ်တွေပြောလို့… နင့်အရွယ်လက်တောက်လောက်နဲ့ မိန်းမတစ်ယောက်ကို ယူပြီး ရှာကျွေးနိုင်လို့လား… မိဘကိုတော့ အားမကိုးနဲ့… ပိုက်ဆံ တော့ မရဘူး… တုတ်တွေ ဓါးတွေပဲ ရမယ် အောင်းမေ့ထား… ငါ့တို့ မကျေနပ်တဲ့ မိန်းကလေးကို နင်ယူကြည့်…နင့်ကိုငါကိုယ်တိုင်သတ်ပြီး ထောင်ထဲဝင်လိုက်မယ်… မျက်ရည်စမ်းစမ်းနဲ့ အလျော့ပေး ငိုကြွေးတဲ့ အမေမျိုးထဲမှာ ငါဘယ်တော့မှ ပါမှာ မဟုတ်ဘူးဆိုတာ သိထား"

"'မေ့' မှာ ဘာအပြစ်ရှိလို့လဲဗျာ"

"ဆင်းရဲတာအပြစ်ပေါ့… ပြီးတော့ နင်တို့အရွယ်တွေက စာကိုပဲ ကြိုးစားပြီး ဘဝရဲ့တက်လမ်းတွေကို ရှာဖွေနေရမယ့် အရွယ် ဒီအရွယ်မှာ အချစ်ရေးကို ဦးစားပေးပြီး ရှေ့တန်းတင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုကတည်းက ဟုတ်ကို မဟုတ်တော့ဘူး"

"ဒါကတော့...."

"ဆက်မပြောနဲ့တော့... ဒီနေ့ကစပြီး ဘယ်ကျူရှင်မှ မင်းကို ပေးမတက်နိုင်တော့ဘူး... အိမ်ထဲမှာပဲနေရမယ်... မင်းလိုကောင်ကို ဒီလိုမှ မလုပ်ရင် ဘယ်နည်းနဲ့မှ အပိုးကျိုးမှာ မဟုတ်ဘူး"

ဟု ပြောပြီး အဖေက 'ကောင်လေး' ရဲ့လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲကာ အိမ်ထဲသို့ ဝင်စေလိုက်ပါသည်။

"ဆွေမျိုးတွေထဲက ဒီကောင့်ကို တစ်နေ့နှစ်ယောက်နှုန်းနဲ့ အလှည့်ကျ စောင့်ကြည့်ပေးဖို့ ပြောရမယ်... ဟိုကလေးမ အိမ်ဘက်ကို မင်းတာဝန်ယူလိုက်... ပြတ်ပြတ်သားသားလုပ်နော် သနားစိတ် လုံးဝမဝင်မိစေနဲ့... ဒါ မင်းသားဘဝ ကောင်းစားဖို့ပဲ"

"စိတ်ချစမ်းပါ"

မာနရိပ်တွေဖြင့် လက်ပြောင်နေသော အဖေတို့ မျက်နှာတွေက 'ကောင်လေး' ရင်ထဲက ချစ်ခြင်းတွေကို လှောင်ပြောင်သရော်နေတဲ့အတိုင်းပဲဖြစ်သည်။ 'ကောင်လေး' ကတော့ 'မေ့' ကိုပဲသနားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိတာလေး တစ်ခုတည်းနဲ့ 'မေ့' ရဲ့ဘ၀ နာကျင်စရာတွေနဲ့ ကြုံတွေ့ဖို့ ဖြစ်လာရလေပြီ။ မချစ်ဘဲလည်း မနေနိုင်ကြပါ။ နှလုံးသားထဲကနေ သူ့အလိုလို ပေါက်ဖွားလာတဲ့ အချစ်တစ်ခုကို ဘယ်လိုအရာတွေနဲ့ တားဆီးပိတ်ပင်လို့ ရမှာတဲ့လဲ။ မတားဆီးနိုင်မှတော့ ကြုံတွေ့လာရမယ့် အန္တရာယ်တွေကို ရင်ဆိုင်နိုင်ဖို့ပဲ လိုပါသည်။

ယောကျ်ားလေးဖြစ်တဲ့ 'ကောင်လေး' ဘက်က တောင့်ခံနိုင်ပေမယ့် မိန်းကလေးဖြစ်တဲ့ 'မေ' ဘက်ကကျတော့ ရင်ဆိုင်နိုင်တဲ့စွမ်းအားတွေ နည်းပါးလွန်းနေပါသည်။ အဖေတို့ အမေတို့ရဲ့ ဂုဏ်အရှိန်အ၀ါနဲ့ ဆွေမျိုးအသိုင်းအ၀ိုင်းရဲ့ ဒဏ်က 'မေ့' ကို သာသာကလေးနဲ့ လွှမ်းမိုးအနိုင်ယူသွားနိုင်ပါသည်။ 'ကောင်လေး' ဘက်ကလည်း ရုန်းထွက်နိုင်ဖို့ မလွယ်ကူတဲ့ အချိန်ဆိုရင် ခက်ရချည်ရဲ့။

'မေ့' အတွက် 'ကောင်လေး' ဘက်က ဘာများလုပ်ပေးနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောကတည်းက အိမ်ထဲမှာ ဦးလေးနှစ်ယောက်ရောက်နေပြီဆိုတဲ့ အသိဖြင့် 'ကောင်လေး' စိတ်ထဲကျဉ်းကြပ်လို့သွားရပါသည်။ အဖေတို့က ပြောတဲ့အတိုင်း တကယ်လုပ်တော့တာပါပဲလား။

ခုရောက်နေတဲ့ ဦးလေးနှစ်ယောက်ကို 'ကောင်လေး' ကြောက်ရသည်။ ငယ်ငယ်ကတည်းက မထင်ရင် မထင်သလို ကိုင်ပေါက်တတ်တာကြောင့် ဘယ်မှာပဲတွေ့တွေ့ ခပ်ဝေးဝေးကနေသာ ရှောင်ရှာသွားတတ်ခဲ့တာ အကျင့်လိုပင် ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြောက်ရတဲ့ လူနှစ်ယောက်ကို ကျော်လွှားပြီး 'မေ့' ဆီရောက်အောင် 'ကောင်လေး' ဘယ်လိုအကြံဉာဏ်တွေသုံးပြီး သွားရမှာပါလိမ့်။ ခက်တော့ အတော်ခက်နေပါပြီ။ 'မေ' နဲ့ လည်း တွေ့ချင်တဲ့စိတ်က ထိန်းမရအောင် ဖြစ်နေတာမို့ လွတ်လမ်းကိုသာ ရှာဖွေနေမိတော့သည်။

" 'ကောင်လေး' စာမကျက်ဘူးလား... မင်းစာကျက်အောင်လို့ ငါတို့က အလုပ်ပျက်အကိုင်ပျက်နဲ့ လာစောင့်ပေးနေတယ်ဆိုတာ နားလည်ထား... ငူငိုင်မနေနဲ့... နဘန်ကျင်းပစ်လိုက်မယ် ဘာမှတ်လဲ"

'ကောင်လေး' တုန်သွားကာ သူတို့ကျေနပ်အောင် စာအော်ကျက်ပြလိုက်ရလေသည်။ စာသာအော်ကျက်နေပေမယ့် 'ကောင်လေး' ရဲ့ စိတ်တွေကတော့ 'မေ့' ဆီကိုသာ ရောက်နေပါသည်။ ခုချိန်လောက်ဆို ချိန်းထားတဲ့နေရာမှာ 'မေ' ရောက်နေလောက်ပါပြီ။

ဘာလုပ်ရမလဲ။ 'မေ' နဲ့တွေ့မှကိုဖြစ်ပါမည်။ အိမ်က အကြောင်းတွေကို 'မေ့' ကို ပြောပြကာ အနေအထိုင်ဆင်ခြင်ပြီး ရှောင်သင့်တာ ရှောင်ခိုင်းဖို့ပဲဖြစ်၏။

"ပဲအိတ်တွေ ကမ်းနားကို သွားချလိုက်လေကွာ... သ



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါကပ်တာနဲ့ တစ်ခါတည်း တန်းတင်လို့ရသွားတာပေါ့”

ဟု အော်ပြောလိုက်တဲ့ အဖေရဲ့စကားသံက ‘ကောင်လေး’ ရဲ့ ထွက်ပေါက်ပဲ ဖြစ်သည်။ ပဲအိတ်တွေတင်မယ့်အမိုးပွင့်ကားမှာ ချောင်ခိုကပ်ပြီး လိုက်သွားရင် ဖြစ်နိုင်ပါသည်။ ဦးလေးနှစ်ယောက်ကလည်း အလုပ်သမားတွေရှိရာဆီ စိတ်ဝင်စားမယ့်ပုံမပေါ်။

‘ကောင်လေး’ သည် အခန်းပြတင်းပေါက်ကိုခွကျော်ကာ ဆယ့်ငါးပေအမြင့်ရှိသော အောက်ခြေ သံမံတလင်းပေါ်သို့ မကြောက်မရွံ့ ခုန်ချပစ်လိုက်ပါသည်။ အိမ်ရဲ့ဘေးဘက်မို့ ဘယ်သူမှ သတိမထားမိလိုက်ချေ။ ကားပေါ်ကိုသာ ပိပိရိရိကလေး အမြန်တက်နိုင်ဖို့ပဲ လိုတော့သည်။

လူအားလုံးရဲ့ အရိပ်အခြေကိုကြည့်ပြီး ကားပေါ်သို့ ဒိုင်ဗင်ထိုးကာ ပြေးဝင်လိုက်မိပါသည်။ ပဲအိတ်သယ်လာတဲ့ အလုပ်သမားတစ်ယောက်က သူ့ပဲအိတ်ကို ပစ်မချခင် ‘ကောင်လေး’ ကိုအတွေ့ အံ့ဩတကြီး ပါးစပ်ဟသွားလေသည်။

‘ကောင်လေး’ လက်အုပ်ချီပြရင်း လေသံတိုးတိုးကလေးနဲ့ တောင်းပန်လိုက်ရပါသည်။

“မပြောပါနဲ့ဗျာ… တောင်းပန်ပါတယ်..ကျွန်တော့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အဲဒီပဲအိတ်ကြီးပစ်ချလိုက်ပါ... ဒါမှ ဘယ်သူမှမမြင်တော့မှာ"

"မင်းဥစ္စာက..."

"ကျွန်တော်ပြောသလိုသာ လုပ်ပေးပါဗျာ... ဟိုမှာ အဖေလာတော့မယ်... မြန်မြန်ပစ်ချလိုက်ပါဗျာ"

'ဝုန်း' ကနဲနေအောင် ပစ်ချထည့်လိုက်သော ပဲအိတ်ရဲ့ အလေးချိန်ကြောင့် 'ကောင်လေး' တစ်ကိုယ်လုံး ငါးခြောက်ပြားဖြစ်သလိုမျိုး ဖြစ်သွားရလေသည်။ အသက်ရှူ အနည်းငယ်ကြပ်ပေမယ့် အဖေတို့ ရိပ်မိသွားမှာစိုးတာကြောင့် မလှုပ်ရဲချေ။

"ဒီတစ်ခါစီတာ ဘယ်လိုဖြစ်တာလည်းကွာ... အိတ်တွေကလည်း ပုံမကျပမ်းမကျနဲ့... အချိုးကို မညီဘူး... မင်းတို့နဲ့တော့ခက်ပါတယ်... ကဲ... ကဲ... တက်ကြ... သွားမယ်အချိန်မရှိဘူး"

ဟု ပြောလာတဲ့ အဖေရဲ့အသံက ကိုယ့်နံဘေးနားကနေကပ်ပြီး ထွက်လာတာကြောင့် 'ကောင်လေး' အသက်ပင် မရှူဝံ့ပါ။ လူတစ်ယောက်ဝင်ခိုနေမှတော့ ပဲအိတ်တွေက ဘယ်လို လုပ်ပြီးပုံကျပမ်းကျ စီစီရီရီရှိတော့မှာလဲ။ ကားစက်နှိုးသံက 'ကောင်လေး' ရဲ့စိတ်ကို တက်ကြွသွားစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာဆိပ်မှာ ကားကိုရပ်တော့ အဖေက အရိပ်ရတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ သွားထိုင်စောင့်နေပါသည်။ ကုန်သည်တစ်ယောက်နဲ့ တွေ့နေတာကြောင့် ပဲအိတ်တွေချနေတာကိုလည်း စိတ်မဝင်စားနိုင်တော့ပါ။ 'ကောင်လေး' ကတော့ 'မေ' နဲ့ချိန်းထားတဲ့နေရာဆီ အပြေးသွားလိုက်မိသည်။

ချိန်းထားတဲ့နေရာမှာ 'မေ' ကရောက်နေပါပြီ။ 'ကောင်လေး' ကိုတွေ့တာနဲ့ 'မေ့' မျက်နှာက ပြုံးရွှင်သွားရလေသည်။

"'မေ' က မလာတော့ဘူးတောင် ထင်နေတာ… 'ကောင်လေး' ကိုတွေ့မှ စိတ်အေးသွားရတာ"

ဟု လေသံချိုလေးနဲ့ ပြောလာတဲ့ 'မေ့' ကိုကြည့်ပြီး 'ကောင်လေး' ရင်ထဲ သနားစိတ်ဝင်သွားရပါသည်။ ဘာအပြစ်မှမရှိတဲ့ သူ့ချစ်သူလေးကို မိဘတွေက ဘာလို့ သဘောမတူမကြည့်ဖြူရတာလဲ။ ဆင်းရဲတာက လူ့ဘဝရဲ့ ချို့ယွင်းချက်ကြီးမှ မဟုတ်တာဘဲ။ ကုသိုလ်ကံတရားကြောင့် ဖြစ်နေရတာ မဟုတ်လား။

"ချွေးတွေထွက်လုချည်လား… လမ်းမှာ ဘယ်သူနဲ့တွေ့လို့ ပြေးလာရတာလဲ… စက်ဘီးကော မပါဘူးလား"

"ဘယ်သူနဲ့မှ မတွေ့ဘူး… အိမ်ထဲကတောင် ပေးမထွက်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ အတင်းမရမကခိုးပြီး ထွက်လာရတာ… နောက်ဆို ‘မေ’ နဲ့ တွေ့ရဖို့တောင် မလွယ်တော့ဘူးနဲ့တူတယ်”

“ဘာဖြစ်လို့လဲ”

“စာမေးပွဲနီးလာလို့ လို့ပြောတာပဲ”

“အင်းလေ…. ဟုတ်နေတာပဲ”

‘မေ’ က အဝေးကိုကြည့်ကာ ငြိမ်သက်နေပါသည်။ ‘မေ့’ ရဲ့ အတွေးထဲမှာ ‘ကောင်လေး’ ဘက်က အခြေအနေတွေအားလုံးကို သဘောပေါက်နေမှာပါ။ ‘ကောင်လေး’ နှုတ်ကလည်း ‘ ‘မေ’ နဲ့ တွေ့မှာစိုးလို့’ ဆိုပြီး ရက်ရက်စက်စက် ဖွင့်မပြောရက်ပါဘူး။

“ ‘မေ’ ဘယ်သွားချင်သလဲ… ဒီနေ့တစ်နေ့ပဲ လွတ်လွတ်လပ်လပ်တွေ့ရတော့မှာ… နောက်တွေ့ဖို့ဆိုတာ လွယ်တော့မှာမဟုတ်ဘူး”

ဟု ‘ကောင်လေး’ က ပြောတော့ မျက်ရည်ဝဲဝဲနဲ့ ‘မေ’ က ခေါင်းခါပြပါသည်။

“နင် ပြန်လိုက်တော့… ငါ့ကြောင့် နင်အရိုက်ခံနေရလိမ့်မယ်”

“ထွက်လာပြီးမှတော့ ချက်ချင်းကြီး မပြန်ချင်ဘူးဟာ…



www.burmeseclassic.com

www.burmeseclassic.com



နင့် အနားမှာ အကြာကြီးနေပြီးမှ ပြန်မယ်... အရိုက်ခံရတာများ အဆန်းလုပ်လို့... ရိုးနေပြီ"

"နင့်အတွက် ငါပြောနေတာ 'ကောင်လေး' ရဲ့..."

"အဲ့ဒီလိုဆို နင်လည်း ဘာဖြစ်လို့ အဆူခံ အရိုက်ခံပြီး ငါချိန်းထားတဲ့နေရာကို လာတွေ့နေသလဲ... နင့်အမေသဘော ကျ အိမ်မှာပဲ ကုပ်နေပါလား"

"ဒါကတော့..."

ဟုပြောပြီး 'မေ' က ပြုံးစိစိလုပ်နေပါသည်။ 'မေ့' ရဲ့ ပုံစံကိုကြည့်ပြီး 'ကောင်လေး' ရင်ထဲ ရွစိတက်လာရ၏။ ဆွဲပြီး တော့သာ ခပ်တင်းတင်းကလေး ဖက်ထားလိုက်ချင်တော့တာ ပါပဲ။

"ဒါကတော့ ဘာဖြစ်လဲ... ဆက်ပြောလေ"

"ဩော်... ဒါကတော့ ချစ်တာကိုလို့... သိပ်ချစ်တော့ ဘာအန္တရာယ်ကိုမှ မမှုချင်တော့ဘူး"

"ငါလည်း နင့်လိုပဲပေါ့"

'ကောင်လေး' နဲ့ 'မေ' အကြည့်ခြင်းဆုံကာ ကြည်ကြည် နူးနူး ပြုံးဖြစ်သွားရသည်။ နှစ်ယောက်စလုံးရဲ့ ရင်ထဲမှာ ခွန် အားတွေရှိလာကာ ဘေးပတ်ဝန်းကျင် အနှောင့်အယှက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မေ့သလိုလို ဖြစ်သွားရလေသည်။

“ကဲ… ဘယ်သွားချင်သလဲပြော… ဟိုဘက်ကမ်းကို သွားလည်မလား… ဒီမှာထက်စာရင် ပိုပြီးအန္တရာယ်ကင်းတာပေါ့”

“သွားမယ်လေ”

နှစ်ယောက်သား လှေတစ်စင်းငှားပြီး တစ်ဖက်ကမ်းသို့ ကူးလာခဲ့ကြပါသည်။ ‘ကောင်လေး’ တို့နေတဲ့ နေရာကအိမ်ခြေအတော်များပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သွားတာကြောင့် မြို့ဖြစ်သွားပြီး၊ ကြားထဲမှာ ချောင်းကလေးပဲခြားသော အခုရောက်နေတဲ့ နေရာကတော့ ရွာဖြစ်သွားခဲ့ပါသည်။ အိမ်ခြေကလည်းနည်းတော့ ကိုယ်နေတဲ့ မြို့လောက်တော့ မစည်ကားတာ အသေအချာပါပဲ။

မြို့နဲ့ရွာနဲ့ဆိုတဲ့ ခြားနားချက်အတိုင်း ‘ကောင်လေး’ တို့မြို့မှာက လူသွားလူလာများပြီး စည်းကားရှုပ်ယှက်ခတ်နေသလောက် ဒီရွာကလေးကတော့ အေးချမ်းတိတ်ဆိတ်လှပါသည်။ အရိပ်ရ သစ်ပင်ကြီးတွေများကာ စေတီကလေးတွေပါ ရှိနေတာကြောင့် ပိုပြီးကြည်နူးရသည်။

“တစ်သက်လုံး ဒီမှာပဲနင်နဲ့ငါနဲ့အတူတူနေရရင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်… ဘာအနှောင့်အယှက်မှ မရှိဘူးဆိုရင် စိတ်ချမ်းသာရမှာ”

ဟု ‘မေ’ က ပြောတော့ ‘ကောင်လေး’ ခေါင်းညိတ်ပြမိသည်။

“ဖြစ်လာမှာပေါ့… ငါတို့နှစ်ယောက်ရဲ့ဘဝရေ့ခရီးက အရှည်ကြီး ရှိနေသေးတဲ့ဟာ… မျှော်လင့်ချက်ထားရင် မဖြစ်ဘဲမနေပါဘူး… အဓိက က တစ်ယောက်ကိုတစ်ယောက် သစ္စာမပျက်ဘဲ ချစ်နေကြဖို့ပဲ”

“အမယ်… ဘယ်သူက သစ္စာပျက်မှာလဲ… ငါ့ဘဝမှာ အချစ်နဲ့ပတ်သက်လို့ စပြီးရင်ခုန်တဲ့သူက နင်တစ်ယောက်တည်းပဲရှိတဲ့ဟာကို… ဒီကမ္ဘာလောကကြီးမှာ ငါအချစ်ရဆုံးက ‘ကောင်လေး’ ဆိုတဲ့ နင်ပဲ… နင်ကလွဲရင် ငါ့ဘဝမှာ ဘယ်ယောကျ်ားလေးကိုမှ သံယောဇဉ်မရှိဘူး… ချစ်လို့လည်း ရမှာမဟုတ်ဘူး”

“ငါလည်း နင်နဲ့အတူတူပဲပေါ့ ‘မေ’ ရဲ့…”

“ဟင်း… သူများပြောတာလိုက်ပြောတယ်…အဲဒီတည်းက နင့်အချစ်မှာ ရေသာခိုမှုတွေ ပါနေပြီ ငါချစ်သလောက်မချစ်ဘူးဆိုတာ ပေါ်လွင်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာဆိုင်လို့လဲ…. ဒါကတော့ နင်သက်သက်ညစ်တာပဲ… လူတစ်ယောက်ရဲ့ ရင်ထဲကအချစ်ကို မြင်ရတာလည်း မဟုတ်ဘဲနဲ့ ရမ်းသမ်းပြီး အထင်မသေးနဲ့"

"ဒါဆို အထင်ကြီးလေးစားနေရမယ်ပေါ့… ဟုတ်လား"

ဟုမေးလာတဲ့ 'မေ့' ရဲ့ပုံစံက စူပွပွနဲ့ ညစ်တစ်တစ်ပုံစံပေါက်နေလေသည်။ နေရင်းထိုင်ရင်းနဲ့ 'မေ' သူ့ကို ပြဿနာရှာနေတာပဲ။

"ဟုတ်တယ်… ငါ့အချစ်ကို နင်အထင်ကြီး လေးစားနေရမယ်"

"နင်က သက်သေပြနိုင်လို့လား"

"လိုလို့လား… နင်ကိုယ်တိုင်ခံစားပြီး သိနိုင်ရမှာပေါ့"

"မသိချင်ဘူး… ကိုယ်ချစ်တဲ့သူရဲ့ ကိုယ့်အပေါ် အလိုလိုက်ပြီး ကိုယ်ဖြစ်ချင်တာ မှန်သမျှ လုပ်ပြတာကိုလည်း ကြည့်ချင်သေးတယ်… ဒါမှ ချစ်သူတွေဘဝက ကြည်နူးပြီး ပျော်ရွှင်စရာကောင်းမှာပေါ့"

"မရှူးစမ်းပါနဲ့ဟာ"

"ရှူးမှာပဲ… နင် ငါ့ကို တကယ်ချစ်တယ်ဆိုတာ သေချာရင် ငါခိုင်းတာတစ်ခုခုကို လုပ်ပြ… အဲ့ဒါဆို ယုံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်... မကလယ်စမ်းပါနဲ့ဟာ... အေးအေးနေပါရစေ တွေ့ရတဲ့အချိန်လေးမှာ အနားမှာနေပြီး စကားတွေ တဝကြီး ပြောပါရစေဟာ"

ဟု 'ကောင်လေး' က တောင်းပန်ခယတဲ့လေသံနဲ့ ပြောပေမယ့် 'မေ' က နှုတ်ခမ်းကိုစူကာ ပေကတ်ကတ်ပုံစံနဲ့ ခေါင်းကို ယမ်းခါပြပါသည်။

"စကားလည်းပြောမယ်... တကယ်ချစ်မချစ်ဆိုတာကို လည်း စမ်းသပ်မယ်... နောက်မတွေ့ရဘူးဆိုတာလည်း မဖြစ် စေရဘူး... ငါကတော့ ဘယ်လောက်ပဲ ပိတ်ပင်ပိတ်ပင်ထား မရရတဲ့နည်းနဲ့ကို ခိုးတွေ့မှာပဲ... မယုံရင်စောင့်ကြည့်"

"လူမိသွားတော့ နင့်ကို ရိုက်ကြမှာပေါ့ 'မေ' ရဲ့..."

"အို... ရိုက်ကြပေါ့... အချစ်အတွက်နဲ့ 'မေ' တို့က ဘာပဲ ဖြစ်ဖြစ် အဖြစ်ခံရဲတယ်... နင်သာ တကယ်မချစ်ဘဲနဲ့ အိုင်တင် တွေလုပ်ပြီး ချစ်ချင်ဟန်ဆောင်နေတာ... အာလူးကောင်"

နှုတ်ခမ်းကိုစူကာ မျက်နှာကို တမင်မဲ့ပြလိုက်သော 'မေ့' ကို ကြည့်ပြီး 'ကောင်လေး' ရင်ထဲ မခံချင်စိတ်တွေ ရှန်းကြွလို့လာရလေသည်။ 'မေ့' ဘက်က ဒီလောက်တောင်ဖြစ် ပြနေတော့လည်း 'ကောင်လေး' ဘက်က သတ္တိရှိရှိ လုပ်ပြရဲရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပေါ့။

'မေ့'လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဆွဲကာ ထိုင်နေရာမှ ထစေလိုက်ပါသည်။

"ကဲ... ဘာလုပ်ပြရမလဲပြော... နင့်ဘက်က ဒီလောက်တောင် စိမ်ခေါ်နေမှတော့ ငါ့ဘက်ကလည်း သတ္တိရှိပြဖို့ ဝန်မလေးတော့ ဘူး... ကြိုက်တာလုပ်ခိုင်းစမ်း"

'မေ'က 'ကောင်လေး'ရဲ့လက်ကို တစ်ပြန် ပြန်ဆုပ်ကိုင်ကာ ကမ်းနဖူးစပ်စီ ဆွဲခေါ်လာပါသည်။ 'မေ့' ရဲ့ လုပ်ရပ်ကို ခုထက်ထိ 'ကောင်လေး' နားလည်လို့ မရသေးချေ။ ဆက်သွားလျှင်လည်း ချောင်းထဲပြုတ်ကျဖို့ပဲ ကျန်တော့သည်။ ဒါပေမယ့် 'မေ'က ခြေလှမ်းကို ရပ်တန့်ပစ်လိုက်ပါသည်။

"ကဲ... ငါဖြစ်ချင်တဲ့ဆန္ဒက ဒီနေရာကစမယ်"

ဟု ပြောလာတော့ 'ကောင်လေး' က မေးကိုဆတ်ကာ

"ပြောပါအုံး... နင့်ရဲ့အချစ်စမ်းသပ်မှုကြီးကို"

ဟု ပြန်မေးလိုက်ပါသည်။

"ဘာရယ်ညာရယ်တော့ မဟုတ်ဘူးပေါ့ဟာ... နင် ငါ့ကို တကယ်ချစ်တာ သေချာရင် အဲ့ဒီ ချောင်းထဲကို ခုန်ချပြ... ဟိုးထိပ်ကမ်းစပ်ကနေ ငါစောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

'ကောင်လေး' ခေါင်းကို ခါယမ်းပြလိုက်မိသည်။ ပေါက်ပေါက်ရှာရှာ။ သူမပဲ ရှာကြံတွေးတတ်ပေတယ်။ ရေထဲခုန်ချပြတာ အချစ်မှမဟုတ်တဲ့ဟာ။ ရေစိုရွဲပြီး ကြွက်စုတ်ပုံစံဖြစ်နေတဲ့ ဘဝမျိုးနဲ့ အကြာကြီး ဘယ်လိုလုပ်ပြီး နေရမှာလဲ။ အိမ်ကို တန်းပြန်သွား မယ်ဆိုရင်လည်း တစ်မျိုးပေါ့။

'ကောင်လေး' က 'မေ' နဲ့ အကြာကြီး အတူတူဆက်နေချင်သေးတယ်ဆိုတော့ 'မေ' ခိုင်းတဲ့အလုပ်က မဖြစ်နိုင်ပါ။ နောက်တစ်မျိုးလုပ်ခိုင်းဖို့ပဲ ပြောရမည်။

"ဘာခေါင်းခါတာလဲ... နင့်ကို ရေထဲခုန်ချခိုင်းတာလေ... ငရဲအိုးထဲ ဆင်းခိုင်းနေတာ မဟုတ်ဘူး... သေမလိုဖြစ်ပြမနေစမ်းပါနဲ့ဟယ်"

ဟု ခွတ်တရွတ်ပြောလာတဲ့ 'မေ့' ရဲ့ပုံစံက တကယ့် ကလေးဆိုးတစ်ယောက်ပုံစံမျိုး ဖြစ်နေခဲ့ပါသည်။ အသက်အရွယ်ကလည်း ကလေးသာသာပဲ ရှိနေသေးတာမဟုတ်လား။ ရွယ်တူချင်းဖြစ်ပေမယ့် 'မေ' က သူ့ထက် ကလေးဆန်ကာ ခွတ်တရွတ်နိုင်လှပါသည်။ 'မေ့' ကြောင့် သူ ပျော်ရွှင်ရသလို၊ 'မေ့' ကြောင့်ပဲ ငိုရမလိုလို အူလည်လည်ဖြစ်ခဲ့ရတာတွေလည်းမနည်း



www.burmeseclassic.com

www.burmeseclassic.com



မနေဘပါ။

“ ‘မေ’ ကလည်းဟာ တခြားတစ်ခုခု လုပ်ခိုင်းပါဟာ... ငါ ရေကူးတတ်ပေမယ့် ဒီချောင်းထဲမှာတော့ တစ်ခါမှ မကူး ဖူးဘူး... ကြောက်တယ်... ပြီးတော့ ရေစိုကြီးနဲ့ နင့်အနားမှာ ငါဘယ်လိုလုပ်ပြီး အကြာကြီး နေလို့ရမှာလဲ”

“မသိဘူးဟာ... ငါက ငါဖြစ်စေချင်တာကို ပြောတာပဲ... လုပ်တာမလုပ်တာက နင့်အပိုင်းပဲ... ဒါပေမယ့် ငါခိုင်းတာကို လုပ်မပြရင်တော့ နင်ငါ့ကို မချစ်လို့ဘဲဆိုတာ မှတ်ထားမယ်”

“နင်က အဓိပ္ပါယ်ရှိတာကို ခိုင်းလေဟာ”

“နင့်အတွက် မရှိပေမယ့် ... ငါ့အတွက်ကတော့ ရှိတယ် ‘ကောင်လေး’ ရဲ့”

“ဘာမှ မဆိုင်ဘူး...”

ဟု ပြန်ပြောတဲ့ ‘ကောင်လေး’ ရဲ့လေသံက မာကြောလာပါသည်။ အခက်အခဲတွေကြားထဲကနေ မဖြစ်မနေ တကူးတက ရောက်အောင် လာတွေ့တဲ့ သူ့ဘက်ကိုတော့ ‘မေ’ ငဲ့ညှာစာနာပေးဖို့တော့ ကောင်းပါသည်။ သူမ ဖြစ်ချင်တဲ့ ဆန္ဒ တစ်ခုတည်းကိုပဲ ဦးစားပေးကာ ဇွတ်တောင်းဆိုနေဖို့ မသင့် လှပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အော်တယ်ဟုတ်လား... 'ကောင်လေး' "

'မေ့' မျက်လုံးက မခံချင်စိတ်နဲ့ အရောင်တွေ လက်ဖြာကာ ထွက်လာရလေသည်။

"အော်တာ မဟုတ်ဘူး... နင်ရှုးနေလို့ ပြောနေရတာ"

"ဘာရှုးလဲ"

"ဟ ရှုးတာပေါ့...ချစ်တာနဲ့ရေထဲခုန်ချတာနဲ့ဘာမှမဆိုင်ဘူး... ငါ့နေရာမှာ နင်သာဆိုရင်ကော ခုန်ချပြမလားပြော"

"အိုး... ကိုယ်တကယ်ချစ်တာ သေချာရင်တော့ ခုန်ချပြလိုက်မှာပေါ့"

"ဒါဆို ခုန်ချပြလေ"

ဖျတ်ကနဲ မျက်လုံးလှန်ကာ ကြည့်လိုက်သော 'မေ့' ရဲ့အကြည့်ကို 'ကောင်လေး' အခိပ်ပွါယ် မဖော်တတ်ခဲ့ပါ။

"နင်... ငါ့ကို စိမ်မခေါ်နဲ့နော်... ငါက နင့်လို သွေးကြောင်တတ်တဲ့သူမျိုး မဟုတ်ဘူး... သိရဲ့လား"

"အတည်ပြောတာ... နင်လုပ်ရဲရင်လုပ်ပေါ့... လေကလေးနဲ့ ပါးစပ်ကပြောတော့သာ လွယ်ပေမယ့် တကယ့်လက်တွေ့မှာကြတော့ ဘယ်လောက်ဝန်လေးသလဲဆိုတာ နင်သိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"'ကောင်လေး' နော်... 'ကောင်လေး'"

ဟု အံကြိတ်ပြီး ပြောလာတဲ့ 'မေ့' ရဲ့လေသံကိုနားထောင်ပြီး 'ကောင်လေး' ပြုံးမိသွားရ၏။ သူ့အလှည့်ကျတော့ 'မေ' တို့များ ဒေါသထွက်ပြတတ်လိုက်တာ။ သူမ တကယ်ချစ်တယ်ဆိုရင် လုပ်ပြပေါ့။

"နင်ပြုံးတဲ့ အဓိပ္ပါယ်ကို ငါသိတယ် 'ကောင်လေး'... 'မေ' ဆိုတဲ့မိန်းမက ယောကျ်ားဖြစ်တဲ့ နင့်ထက် ပိုပြီး သတ္တိရှိတယ်ဆိုတာ မှတ်ထား... ဒီမှာကြည့်"

စကားဆုံးတာနဲ့ 'မေ' က လေအလျင်လို လျင်မြန်ဖျတ်လတ်စွာဖြင့် ရေထဲသို့ 'ဗွမ်း' ကနဲနေအောင် မျက်စိစုံမှိတ်ပြီး ခုန်ချသွားလေသည်။ လုံးဝကို ထင်မှတ်မထားတာကြောင့် 'ကောင်လေး' မှာ ပြူးပြာပြီး ထိတ်လန့်တုန်လှုပ်သွားရပါသည်။ 'မေ' ကလည်း ချက်ချင်းရေပေါ် ပြန်ပေါ်မလာသေးပါ။ ဒီချောင်းရဲ့ ရေအနက်က ဝါးနှစ်ပြန်ကျော်တယ်ဆိုတာကို'ကောင်လေး' သိသည်။

'မေ' ရေကူးတတ်တယ်ဆိုတာကို 'ကောင်လေး' သိပေမယ့်လည်း ချက်ချင်းပြန်ပေါ် မလာသေးတဲ့အတွက် ရင်ထဲမှာ မီးစနဲ့ထိုးနေသလိုမျိုးကို ပူပင်နေရပါသည်။ 'မေ' ခုန်ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေရာကိုပဲ ခုန်ဆင်းဖို့အပြင် ရှေ့ခပ်လှမ်းလှမ်းလောက်မှာ 'မေ' က ပြန်ပေါ်လာပါသည်။ ကမ်းစပ်ရှိတဲ့ နေရာကို ကူးသွားတာကြောင့် အမြန်ပြေးကာ လိုက်လာခဲ့ရလေသည်။

"ဒုက္ခပဲဟာ... နောက်ပြောတာကို တကယ်ခုန်ချပစ်တယ်... နင့်ကြောင့်တော့ခက်ပါတယ်... နင်သာတစ်ခုခုဖြစ်ရင် ငါသေမှာသိရဲ့လား"

ဟု ငိုသံနဲ့ ကမ်းစပ်ကနေ 'ကောင်လေး' အော်ပြောတာကို 'မေ' က အရေးမလုပ်ခဲ့ချေ။ ရင်ညွန့်လောက်အထိရှိသောရေအနက်မှာသာ ပေကတ်ပြီးရပ်နေပါသည်။ 'မေ' စိတ်ကောက်နေတယ်အောင်းမေ့ပြီး 'ကောင်လေး' 'မေ့' ဆီလာဖို့ ပြောလိုက်မိပါသည်။

"ငါလာခေါ်မယ်... နင့်ကို ပွေ့ချီပြီး ကမ်းစပ်အထိခေါ်လာမယ်... ဟုတ်လား"

'မေ' ရဲ့အသံက မထင်မှတ်ဘဲ စူးစူးဝါးဝါး ပေါ်ထွက်လာခဲ့ပါသည်။

"မလာနဲ့... မလာနဲ့... နင် ဒီကနေ ပြန်တော့..."

" 'မေ' ကလည်းဟာ စိတ်မဆိုးပါနဲ့... ငါလာခေါ်မယ်"

" 'ကောင်လေး' နော်... ဒီတစ်ခါ နင် ငါ့စကားနား



www.burmeseclassic.com

www.burmeseclassic.com



မထောင်ရင် ငါနင့်ကို တစ်သက်လုံး မခေါ်တော့ဘူး ငါအတည် ပြောတာ”

‘မေ့’ မျက်နှာက နီရဲကာ ငိုချတော့မယ့်အတိုင်း ဖြစ်နေတာမို့ ‘ကောင်လေး’ စိတ်ကိုလျှော့ချကာ သူမ သဘောဆန္ဒအတိုင်းနေပေးဖို့ ဆုံးဖြတ်လိုက်ရပါသည်။

“ပြီးရော.... ပြီးရော... ငါမလာတော့ဘူး... ဒါပေမယ့် နင် ဒီအတိုင်းရပ်မနေတော့နဲ့လေဟာ... လာလေ... ဒီကို”

“လာလို့မှမရတာ”

“ဘာဖြစ်လို့လဲ”

‘မေ’ ပြောလာမယ့်စကားကို သူမျှော်လင့်တကြီး နားစွင့်နေမိပါသည်။ ‘မေ’ က ဘာစကားမှ မပြောသေးဘဲ ‘ဟီး’ ကနဲနေအောင် အကျယ်ကြီး အော်ငိုပစ်လိုက်လေသည်။

“ ‘မေ’ မငိုနဲ့လေဟာ... နင်ဘာဖြစ်ချင်သလဲဆိုတာ ငါ့ကို ပြော”

“နင့်ကြောင့်... နင့်ကြောင့် အခုလို ငါဖြစ်ရတာ”

“ဟုတ်ပါပြီ... အခု ဘာဖြစ်သလဲဆိုတာကို ပြော”

“ဟီး... ဟီး... နင့်ပုဆိုး ငါ့ကို ချွတ်ပေး”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ခုနရေထဲခုန်ချတာ ထမီပါ ကျွတ်သွားလို့ ပြန်ရှာလို့မရတော့ဘူး... ထမီမရှိတော့ ငါအပေါ်ကို ဘယ်လိုလုပ်ပြီး ပြန်တက်လို့ရမလဲ"

'ကောင်လေး' ရယ်လိုက်ချင်ပေမယ့် 'မေ' ပို ရှက်သွားမှာစိုးပြီး မရယ်ရဲပါ။ မျက်နှာထားကို မနည်းတည်တင်းအောင်ထားရင်း...

"စောစောက ပြောရောပေ့ါဟာ... ကဲ... ကဲ... ရော့..."

"ဟဲ့... နင့်မှာ အောက်ခံဘောင်းဘီကော ပါရဲ့လား"

"ပါတယ်လေ... ဒီမှာမတွေ့ဘူးလား"

'ကောင်လေး' က ဝတ်ထားသော ပုဆိုးကိုချွတ်ကာ အောက်ခံဝတ်ထားသော ဒူးဆစ်ခန့်ရှည်သည့် ဘောင်းဘီကို ကိုင်ပြလိုက်ပါသည်။

"ပစ်လိုက်လေ... ငါဒီမှာ ချမ်းနေပြီ"

"ငါ လာပေးမယ်လေဟာ..."

"တောက်... သေမယ်နော်... သေမယ်... ဟွန်း"

ပြုံးဖြဲဖြဲနဲ့ ရှက်ရိပ်စွန်းထင်းနေသော 'မေ့' မျက်နှာလေးက 'ကောင်လေး' အတွက်တော့ တကယ့်ကို ချစ်စဖွယ်အတိ ပြီးနေရလေသည်။ 'မေ' က လွဲပြီး ဒီကမ္ဘာလောကမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးမျိုးကိုမှ သူချစ်နိုင်တော့မယ် မထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com






သိပ်ချစ်ရသော ‘ကောင်လေး’ ကို လွမ်းဆွတ်နေမိတာကြောင့် ‘မေ့’ ပုံစံက မရွှင်မလန်းနဲ့ ငိုင်တိုင်တိုင်ဖြစ်နေရလေသည်။ အလုပ်သွားဖို့ကိုလည်း ဘယ်လိုမှ စိတ်မပါနိုင်ပေ။

‘မေ’ ‘ကောင်လေး’ နဲ့ သိပ်တွေ့ချင်နေမိပါသည်။ ‘မေ့’ ဘက်ကဖြစ်နေသလိုမျိုး ‘ကောင်လေး’ ဘက်ကလည်း ဖြစ်နေမယ်ဆိုတာကို ချစ်သူချင်းမို့ ခံစားလို့ရနေပါသည်။

အခက်အခဲ အပိတ်အလှောင်တွေကြားထဲမှာ ‘ကောင်လေး’ တစ်ယောက် ဘယ်လိုသောကမျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



နေရပါသလဲမသိ။ မပြေလည်သော 'မေ' တို့နှစ်ယောက်ရဲ့ ချစ်သူဘဝအကြောင်းကို စဉ်းစားရင်း ရင်ထဲ ကြေကွဲလို့လာရသည်။

ချစ်သူဘဝမှာတောင် ဒီလောက်အဆင်မပြေ ဖြစ်နေမှတော့ ရှေ့ဆက်တိုးမယ့်ဘဝခရီးမှာ အန္တရာယ်တွေ အများကြီးနဲ့ ရင်ဆိုင်ကြုံတွေ့ဖို့ပဲ ရှိပါတော့သည်။

"ဟဲ့... သြော်... ငါကအလုပ်သွားပြီ အောင်းမေ့တာ... ညည်းက ဒီမှာလာထိုင်နေတာကိုး... ဘာလုပ်နေတာလဲ အလုပ်သွားတော့လေ... နောက်တောင်ကျနေပြီ"

ဟု ပြောလာတဲ့ အမေ့စကားကို 'မေ' ခေါင်းခါပြလိုက်သည်။ အလုပ်သွားချင်တဲ့စိတ် 'မေ့' မှာ လုံးဝကို ရှိမနေခဲ့ပါ။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်... ဒါပေမယ့် အလုပ်မသွားချင်ဘူး... စိတ်ထဲမှာ မပျော်ဘူးဖြစ်နေတယ်... 'ကောင်လေး' ကို အရမ်းသတိရတာပဲ... သူ မလာတာလည်း ကြာနေပြီ.... နေမှကောင်းရဲ့လားမသိဘူး"

"ညည်းနဲ့တော့ ခက်ပါတယ်... ကိုယ့်အလုပ် ကိုယ်လုပ်မှ ထမင်းစားရမှာလေ... 'ကောင်လေး' အကြောင်းတွေးနေလို့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဖြစ်လာမှာမှ မဟုတ်ဘဲ… 'ကောင်လေး' မိဘ ဆွေမျိုး အသိုင်းအဝိုင်းဘယ်လောက် ကြီးကျယ်တယ်ဆိုတာကိုလည်း ညည်းမသိတာလည်း မဟုတ်ဘူး… တစ်ခုခုဆို အမေတို့ဘက်က သူတို့ပြောသမျှ ဆိုသမျှ ခံရဖို့ချည်းပဲရှိတယ်… ဦးနှောက်နဲ့ စဉ်းစားစမ်းပါ သမီးရယ်"

"နှလုံးသားနဲ့ချစ်တာကို ဦးနှောက်ရဲ့အတွေးအခေါ်က မတိုးတော့ဘူးအမေရဲ့…"

"ခက်တော့တာပဲအေ… သူတို့အမျိုးတွေအကုန်လုံး ကျီးလို ဝိုင်းအာကြမှာကိုရော ထည့်မတွက်တော့ဘူးလား… ပြဿနာဖြစ်လာရင် အမေတို့ရှုံးမှာပဲ… လူတွေကြားထဲမှာ ခေါင်းမဖော်ဝံ့အောင်ကို သူတို့က လုပ်ပစ်နိုင်တယ်"

အမေပြောတာလည်း ဟုတ်ပါသည်။ 'ကောင်လေး' နဲ့ ပတ်သက်ပြီး 'မေ' တို့သားအမိနှစ်ယောက် ခဏခဏကို အရှက်ခွဲခံထိဖူးသည်။ ရပ်ကွက်ရုံးကိုလည်း ရောက်ဖူးသည်။ မိန်းကလေးဖြစ်ပေမယ့် 'ကောင်လေး' မိဘဆွေမျိုးတွေက ငဲ့ညှာမှု မပေးဘဲ အရေးယူတိုင်တန်းတတ်တာကို စဉ်းစားကြည့်ရင် ရင်နာဖို့ကောင်းလှပါသည်။

ဒါပေမယ့် ကာယကံရှင်နှစ်ဦး မျက်နှာချင်းဆိုင် ဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါတိုင်း 'ကောင်လေး' ရဲ့ ထွက်ဆိုချက်တွေက 'မေ့' ရဲ့ ဂုဏ်သိက္ခာကို အများကြီး အကာအကွယ်ပေးခဲ့ပါသည်။ အဲ့ဒီအတွက် 'မေ့' ဘက်က 'ကောင်လေး' ကို ကျေးဇူးတင်ရသလို ပိုပြီးတော့လည်း ချစ်ရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်နေတဲ့ မြို့မှာတော့ 'မေ' ရဲ့ နာမည်က ပျက်ယွင်းအော်ကြောလန်တဲ့ အထဲမှာတော့ ပါသွားခဲ့ရလေသည်။ ယောကျ်ားလေးဘက်က လုံးဝကို မကြည်ဖြူလို့ ရုံးပြင် ကန္နားရောက်ရတာတောင်မှ အရှက်မရှိဘဲ 'ကောင်လေး' နဲ့ လစ်ရင်လစ်သလို သံယောဇဉ်မပြတ်ဘဲ ချိန်းတွေ့နေတဲ့ အဖြစ်ကိုသိပြီး ပတ်ဝန်းကျင်က သိက္ခာမရှိတဲ့မိန်းမ၊ မနာတတ်တဲ့မိန်းမလို့ ကဲ့ရဲ့ဝေဖန်ကြပါသည်။

တစ်ခုခုဆို 'မေ့' ရဲ့အမှားလို့သာ စွပ်စွဲတတ်ကြသည်။ လူတစ်ယောက်အပေါ်ထားတဲ့ သံယောဇဉ်တွေ၊ အချစ်တွေကို ကြတော့ ဘာလို့ထည့်တွက်မပေးကြသလဲဆိုတာကို စဉ်းစားလို့ မရပေ။

လူလူချင်း အတူတူ မတူ၊ မတန်ဘူးဆိုတာ ရှိလို့လား။ ဂုဏ်ပကာသန အဆင့်အတန်းတွေကို 'မေ' မုန်းတီးနာကြည်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နာကြည်းမိလို့လည်း 'ကောင်လေး' နဲ့ အဆက်အသွယ်မပြတ်ဘဲ ဓွတ်ပေကပ်ကာ လက်တွဲမဖြုတ်ဘဲ နေပြခဲ့တာပေါ့။ အချစ်နဲ့ ဂုဏ်ပကာသနနဲ့ ဘယ်အရာက ပိုအစွမ်းထက်သလဲဆိုတာကို ပြိုင်ပြီး စမ်းသပ်ကြည့်ချင်သည်။ 'မေ့' ရဲ့ စိမ်ခေါ်မှုကို 'မေ' တစ်ယောက်တည်းပဲ သိပါသည်။

" 'မေ' ကတော့ ဘယ်သူ့ကိုမှ အရှုံးမပေးချင်ဘူးအမေ... လောကကြီးမှာ လူတိုင်း လူတိုင်း ကိုယ့်အတ္တအတွက် ကိုယ်ရှင်သန်နေကြတာကြီးပဲ... 'မေ့' မှာလည်း ဖြစ်ချင်တဲ့ အတ္တဆိုတာ ရှိတယ်... ဘယ်သူ့ရဲ့ ထိုးနှက်မှုကိုမှ ခေါင်းငုံ့ အရှုံးမပေးချင်ဘူး... ဝမ်းနည်းလို့ငိုရင်သာ ငိုလိုက်မယ်... မျက်နှာကိုတော့ အောက်ချမှာမဟုတ်ဘူး မော်ကိုထားမှာ"

"ကိုယ်ဖြစ်ချင်တိုင်းသာ ဖြစ်မယ်ဆိုရင် ဘယ်သူ့မှာမှ ဒုက္ခဆိုတာ ရှိမှာ မဟုတ်ဘူး... စိတ်ကူးသိပ်ယဉ်မနေနဲ့... ရှူးတတ်တယ် နားလည်ရဲ့လား"

ဟု ပြောလိုက်တဲ့ အမေ့ရဲ့စကားသံက 'မေ့' နားထဲသို့ ကြမ်းရှစွာ စီးဝင်လို့သွားရပါသည်။ အမေကိုယ်တိုင်လည်း ပတ်ဝန်းကျင်ကို အရှုံးပေးပြီး ခပ်ပျော့ပျော့ စိတ်ဓါတ်နဲ့ ရှင်သန်နေတဲ့ သူတစ်ယောက်ပါလား။ ဒါကြောင့် 'ကောင်လေး' တို့



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက အမေ့ကိုဆို ဝိုင်းနိုင်ချင်နေကြတာ။

အမေသာ ရဲဝံ့နေရင် ဘယ်သူက လာချယ်လှယ်ရဲပါ့မလဲ။ ကိုယ့်ထမင်းကိုယ် ရှာစားနေတာပဲ။ 'ကောင်လေး' တို့ အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီး ကျေးဇူးခံကျေးဇူးစားလည်း မရှိတဲ့အတွက် အားနာပေးနေစရာလည်း မလိုပါဘူး။ မိုက်ကန်းကန်းအတွေးတွေက 'မေ့' ရဲ့မာနကို တွန်းအားပေးနေသလိုမျိုး ဖြစ်နေလေသည်။

" 'ကောင်လေး' နဲ့တွေ့ရအောင် ဘယ်လိုနည်းလမ်းရှာရမလည်းမသိပါဘူး... 'လေအိုး' ကလည်း ပေါ်မလာတာကြာသွားပြီ ခါတိုင်းဆို ခဏခဏခိုးပြီးလာတွေ့နေရဲ့သားနဲ့ကို..."

'လေအိုး' ဆိုတာ 'ကောင်လေး' တို့အိမ်မှာ ကူဖော်လောင်ဖက်ခိုင်းသော 'မေ' တို့နဲ့ ရွယ်တူကောင်လေးပါ။ များသောအားဖြင့် 'လေအိုး' က 'ကောင်လေး' နဲ့ 'မေ' နဲ့ကြားက အောင်သွယ်ဖြစ်သည်။ အသက်သာ တဖြည်းဖြည်းကြီးလာပေမယ့် 'လေအိုး' က သူ့အရွယ်အလိုက် သန်မာထွားကျိုင်းလာခြင်းသိပ်မရှိဘဲ ပုပုလုံးလုံး ညှက်ညှက်ကလေး ဖြစ်နေပါသည်။

'မေ့' ကိုလည်း တကယ့်မောင်နှမရင်းခြာတစ်ယောက်လို ခင်မင်ဆက်ဆံပါသည်။ သူ့ရဲ့ အဆင်မပြေမှုတွေ ရင်ဖွင့်ရာ



www.burmeseclassic.com

www.burmeseclassic.com



သည် 'မေ့' တစ်ယောက်တည်းသာဖြစ်၏။ 'မေ့' ရဲ့ခံစားမှုတွေကို အများဆုံး နားလည် နားထောင်ပေးရဆုံးသူသည်လည်း 'လေအိုး' သာ ဖြစ်တော့သည်။

အရင်တုန်းကဆို 'ကောင်လေး' နဲ့ မတွေ့ရတဲ့ ရက်တွေကျရင် 'လေအိုး' က 'မေ့' ဆီလာကာ 'ကောင်လေး' နဲ့ပတ်သက်တဲ့သတင်းတွေကို ခရေစေ့တွင်းကျ ပြောပြပြီး သတင်းပေး သတင်းယူ လုပ်ပေးတတ်လေသည်။ လူချင်းမတွေ့ရပေမယ့် စာအသွားအလာအဆက်အသွယ်မပြတ်ဘဲ ရှိနေတာမို့ 'မေ့' မှာ ဖြေသိမ့်လို့ရသေးသည်။

ခုကျတော့ 'ကောင်လေး' နဲ့ မတွေ့ရတာ ဆယ်ရက်ကျော်လောက်တောင် ရှိသွားပေမယ့် ဘာသတင်းအစအနမှ မရသေးချေ။ သတင်းလာပေးမယ့် 'လေအိုး' လည်း ပေါ်မလာတာ ဆန်းတော့ဆန်းနေသားပင်။ အခြေအနေက ခါတိုင်းထက်ပိုပြီးပွဲကြမ်းနေတာ သေချာပါသည်။

အကြံဉာဏ်ထုတ်နေသော 'မေ့' ကိုကြည့်ပြီး အမေက စိတ်ပူသလို ဖျောင်းဖျရာသည်။

"ယောကျ်ားလေးဘက်က ဒီလောက်ထိအောင် အဆက်အ သွယ်တွေဖြတ်ပြီး ထိန်းသိမ်းထားတယ်ဆိုကတည်း



www.burmeseclassic.com

www.burmeseclassic.com



က သူတို့ရဲ့ ပြတ်သားတင်းမာမှုကို ရိပ်မိဖို့ကောင်းနေရပြီ… ကိုယ်က မိန်းကလေး ပိုပြီးတော့တောင် သိက္ခာကလေးနဲ့ နေပြရအုံးမှာ… အမေတို့မှာ ငွေမရှိဘူး … ဒါပေမယ့် မာနနဲ့ သိက္ခာတော့ ချမ်းသာတယ်ဆိုတာကို ပြနိုင်ဖို့လိုတယ်”

“အမေပြောသလိုနေပြတော့ ‘ကောင်လေး’ နဲ့ ပိုဝေးသွားရုံ ပဲရှိတော့မှာပေါ့ အမေရယ်… ‘ကောင်လေး’ နဲ့ပတ်သက်ရင် သမီးမှာ မာနဆိုတာ မရှိချင်ဘူး”

“မရှိလို့ မရဘူး… ဒီတစ်ခါ ညည်းမိုက်ရင် အမေဖြစ်တဲ့ ငါ အသုံးမကျလို့ဘဲ ဖြစ်တော့မယ်… ကိုယ့်ထမင်းကိုယ်ရှာစားပြီး အော်ကြီးဟစ်ကျယ် အပြောအဆို ခံနေရတဲ့ဘဝမျိုးကိုလည်း ငါ ရက်လှပြီ… အဲဒီတော့ ညည်း ‘ကောင်လေး’ နဲ့ဇာတ်လမ်းကို ဖြတ်ပစ်လိုက်တော့”

“ဟင့်အင်း အမေ… မဖြစ်နိုင်ဘူး”

“မဖြစ်နိုင်လို့ မရဘူး… ‘လေအိုး’ လာခဲ့ရင်လည်း ငါရိုက်ပြီး မောင်းထုတ်ရမှာပဲ… တော်ပြီ… တော်ပြီ… ဒီဇာတ်လမ်းကို ဒီမှာပဲ အဆုံးသတ်တော့မယ်… ကိုယ့်အလုပ်ကိုယ်သွားတာပဲကောင်းတယ်”

ဟုပြောပြီး အမေက ထွက်သွားခဲ့ပါသည်။ အမေလုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က သူများစက်ဆိုင်မှာ ညှပ်ပြီးသား အင်္ကျီစတွေကို ချုပ်ပေးရတာ ဖြစ်၏။ ကိုယ်ပိုင်ငွေနဲ့ စက်ကလေးတစ်လုံး မဝယ်နိုင်တာကြောင့် သူများဆိုင်မှာ သွားချုပ်နေရခြင်းဖြစ်သည်။ ကိုယ့်မှာသာ စက်အပိုင်လေး တစ်လုံးရှိခဲ့ရင်ဖြင့် အမေရတဲ့ ဝင်ငွေကအများကြီး ကို ပိုတိုးလာနိုင်ပါသည်။

အတွေးတွေနဲ့ ထိုင်ပြီး စိတ်ညစ်နေရတာထက်စာရင် 'ကောင်လေး' ရဲ့ အိမ်ရှေ့သွားကာ မယောင်မလည်နဲ့ အရိပ်အခြေသွားကြည့်တာကမှ 'မေ့' အတွက် ပိုအဓိပ္ပါယ် ရှိနိုင်ပါသည်။ 'မေ' သည် ခြေလှမ်းသွက်သွက်နဲ့ 'ကောင်လေး' နေတဲ့ ရပ်ကွက်သို့လာခဲ့လိုက်ပါသည်။ 'မေ' တို့နေတဲ့အိမ်နဲ့ အတန်ငယ်လှမ်းပေမယ့် တွေ့ချင်တဲ့ဇောအရှိန်ကြောင့် ခပ်မြန်မြန်ပဲ ရောက်လို့လာခဲ့ရ၏။

ပွဲရုံသဘောမျိုးဖြစ်နေတာကြောင့် ခြံဝင်းတံခါးကတော့ အမြဲတမ်း ပွင့်လျက်သား ရှိနေပါသည်။ ခြံဝင်းတံခါးပွင့်နေပေမယ့် ဝင်သွားရဲတဲ့သတ္တိတော့ 'မေ့' မှာ ရှိမနေခဲ့ပါ။ 'ကောင်လေး' နဲ့တွေ့ရဖို့ထက် 'လေအိုး' နဲ့ တွေ့ရဖို့က ခုချိန်မှာပိုပြီး အရေးကြီးနေရ၏။ ဒါမှ ဖြစ်ပျက်နေတဲ့ အခြေအနေအလုံးစုံကို သိရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့က တစ်ခေါက်ဖြတ်တိုင်း မျက်လုံးကို အစွမ်းကုန်း ပြူးကာ 'လေအိုး' ကို တွေ့ရလေမလားဆိုပြီး ရှာကြည့်ပေမယ့် မတွေ့ရချေ။ တခြားအလုပ်သမားတွေကိုသာ တွေ့နေရပါသည်။ 'မေ' ကတော့ ကိုယ့်ဇာနဲ့ကိုယ်မို့ သူများခြံရှေ့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတာကို သတိမထားဖြစ်ပေမယ့် အိမ်ထဲကနေ ခြံပြင်ကို အဆက်မပြတ် အကဲခတ်စောင့်ကြည့်နေတဲ့ 'ဒေါ်လွင်လွင်' ကတော့ သတိထားမိသွားရပါသည်။

ပြဿနာခဲမလေးကတော့ ကိုယ့်ခြံရှေ့ထိရောက်လာကာ ဒုက္ခလာပေးနေပါပြီ။ 'မေ' ရောက်နေတယ်ဆိုတာကို 'ကောင်လေး' လုံးဝ သိလို့မဖြစ်ချေ။ တစ်နေ့တစ်နေ့ 'ကောင်လေး' ရဲ့နည်းမျိုးစုံဖြင့် အပြင်ထွက်ဖို့ ကြံစည်ကြိုးစားနေတတ်သော ကိစ္စရပ်တွေကြောင့် အတော်ခေါင်းစားနေရပြီဖြစ်သည်။

စာမေးပွဲဖြေပြီးတဲ့အထိ ပိပိရိရိကလေး ထိန်းချုပ်ထားနိုင်ဖို့က အရေးကြီးနေပါသည်။ 'မေ' ဆိုတဲ့ ကလေးမ ဒီပတ်ဝန်းကျင်ကနေ အမြန်ဆုံးပျောက်ကွယ်သွားမှပဲ မိသားစုအတွက် ငြိမ်းချမ်းသွားပါမည်။

" 'ကိုမြင့်မိုရ်' ခြံရှေ့မှာ ဟိုမိန္ဒာမလေးရောက်နေတယ်... 'ကောင်လေး' က စာသင်နေတာ... သိလို့လုံးဝမဖြစ်ဘူး... ရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းနည်းနဲ့ မောင်းထုတ်ပစ်လိုက်စမ်းပါရှင်"

"ဘယ်မှာလဲ... တောက်"

"ဩော်... ရှင်နဲ့တော့ ခက်ပါတယ်... ဝရန်းသုန်းကားလုပ်လို့ မဖြစ်ဘူးလေ... အော်ကြီးဟစ်ကျယ်တွေ မဖြစ်စေချင်လို့ ရှင့်ကို တိုးတိုးတိတ်တိတ်နဲ့ လာသတိပေးနေတာ"

"အေးပါ.... အေးပါ"

'ဦးမြင့်မိုရ်' က သူ့ဒေါသသူ ပြန်ထိန်းလိုက်ရင်း ခြေလှမ်းသွက်သွက်နဲ့ ခြံပြင်သို့ မြန်မြန်လျှောက်ထွက်သွားပါသည်။ 'မေ' က 'ဦးမြင့်မိုရ်' ကိုတွေ့တော့ ထွက်ပြေးဖို့ စိတ်မကူးမိဘဲ ကိုယ်သိချင်တာကို အရဲစွန့်မေးချပစ်လိုက်ပါသည်။ လူသိသွားမှတော့ ရှောင်ထွက်ပြေးနေလို့လည်း ဘာထူးတော့မှာလဲ။ အရှုံးထဲက ရသလောက်တော့ အမြတ်ရှာဖွေကြည့်ရပါမည်။

" 'ကောင်လေး' ဘာလုပ်နေသလဲ မသိဘူး..."

ဟု မေးလိုက်တဲ့ 'မေ့' ရဲ့အသံက ခြောက်ကပ်အက်ကွဲလို့နေပါသည်။

"မင်းနဲ့ 'ကောင်လေး' နဲ့ ဘာပတ်သက်မှုရှိလို့လဲ... ခပ်ကင်းကင်းနေစမ်းပါကွာ... မိန်းကလေးဖြစ်ပြီး အရှက်ဆိုတာ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလာတဲ့ 'ဦးမြင့်မိုရ်' ရဲ့ လေသံကတော့ တိုးတိုးကြိတ်ကြိတ်နဲ့ ဒေါသသံ ပါနေရပါသည်။ ဖြစ်နိုင်ရင် 'မေ့' အား ဟိုးအဝေးသို့ လွင့်စင်သွားအောင် ကိုင်ပေါက်ပစ်ချင်နေတဲ့ ပုံစံပါပဲ။

"သူနဲ့မတွေ့တာကြာလို့ မေးကြည့်တာပါ... နေမှ ကောင်းရဲ့လားလို့"

"မမေးနဲ့... မင်းကြောင့် ငါ့သား သိက္ခာကျတယ်... မင်း ငါ့ ခြံရှေ့က ခုချက်ချင်းထွက်သွား... နောက်လည်း ဘယ်တော့မှ မလာနဲ့... ယောင်ပြီးတော့တောင် ခြေလှမ်း မလှမ်းမိစေနဲ့ ကြားလား"

"မကြားဘူး..."

တမင်တကာအရွဲ့တိုက်ပြီး 'မေ' ပြန်ပြောလိုက်ခြင်းဖြစ်ပါသည်။ ဘယ်နှယ့် ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး ကိုယ့်သမီးအရွယ်လောက်ကို လူသတ်တော့မယ့် လေသံတွေနဲ့ ခြိမ်းခြောက်ကာ ပြောစရာလား။ 'မေ' ဆိုတဲ့ မိန်းကလေးမျိုးက အကြောက်လွန်ရင် ကြောင်ပြီး ပိုရဲတင်းသွားတတ်တာကို မသိဘူးနဲ့တူပါသည်။

"မင်းတော့ နာတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာလုပ်လို့လဲ... ပြည်သူပိုင်လမ်းပေါ်မှာ ရပ်နေတာ... ဦးလေး ပိုင်တဲ့ ခြံထဲမှာ ရပ်နေတာ မဟုတ်ဘူး... ကျွန်မဘက်ကဘာမှ မကျူးလွန်ဘဲနဲ့ ဦးလေးဘက်က အသလွတ်ကြီး ခြိမ်းခြောက်နေတာကတော့ မဟုတ်သေးဘူးထင်တယ်"

"မင်းလာတဲ့ အကြောင်းကို ငါကသိနေတယ်လေ... ရပ်ချင်ရင် ငါ့ခြံရှေ့မှာ လာမရပ်နဲ့... တခြားနေရာမှာ သွားရပ်... မင်းကို မြင်ရရင် ကျက်သရေယုတ်တယ်"

"ကျွန်မကို မကြည့်ဘဲနေပေါ့"

"မင်းလူပါးမဝနဲ့နော်... လူလေးက ကြည့်တော့ လက်တောက်လောက်နဲ့ ရိုင်းလိုက်တာ ကမ်းကုန်ပဲ... စိတ်သိပ်မရှည်ရင် ဆောင့်ကန်ပစ်လိုက်မယ် အောင်းမေ့ထား"

"ကန်ကြည့်လေ"

"အေး... ကန်တယ်ကွာ... ကန်တယ်... ဘာဖြစ်လဲ"

'ဦးမြင့်မိုရ်' ရဲ့ ခပ်ပြင်းပြင်း ကန်ချက်တွေက 'မေ့' ကို ပုံလဲကျသွားစေပါသည်။ မကန်ဘူးအောင်းမေ့ပြီး ပြောချလိုက်ပေမယ့် တကယ်တမ်းဖြစ်လာတဲ့အခါကျတော့ 'မေ့' မှာ ငိုယုံကလွဲပြီး ဘာမှ ပြန်မလုပ်နိုင်တော့ချေ။

'ဦးမြင့်မိုရ်' ရဲ့ဒေါသက ကြောက်ခမန်းလိလိဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနဲ့ ဒေါသအပြိုင်ဖြစ်နေဖို့ 'မေ့' မှာ ခွန်အားရှိမနေခဲ့ပါ။ သန်မာတဲ့ ယောကျ်ားသားတစ်ယောက်ရဲ့ အားကိုလည်း 'မေ့' ဘက်က မယှဉ်နိုင်ချေ။

ဒီတော့ ဖြစ်နိုင်တဲ့ နည်းလမ်းကိုသုံးကာ အစွမ်းကုန် အာခေါင်ကွဲမတတ် 'မေ' အော်ဟစ်ပြီး အကူအညီတောင်းလိုက်မိပါသည်။

"အား... သေပါပြီ... သေပါပြီ... ဒီမှာ ကျွန်မကို နှိပ်စက်နေပါတယ်"

ဟု အော်လိုက်တဲ့ 'မေ့' ရဲ့အသံက ကျယ်လောင်လွန်း၍ 'မေ' ကိုယ်တိုင်ပင် ပြန်လန့်သွားမိ၏။ 'မေ့' အသံက ပတ်ဝန်းကျင် တစ်ခုလုံးသို့ ပျံ့နှံ့ရိုက်ခတ်လို့သွားတယ်နဲ့တူပါသည်။ ဝိုင်းအုံလာကြသော လူအုပ်စုက မထင်မှတ်ဘဲ များပြားလို့နေရလေသည်။

'ဦးမြင့်မိုရ်' ရဲ့ မျက်နှာကြီးက ဒေါသထွက်ပြီး စိတ်ပျက်နေသယောင် ဖြစ်နေခဲ့သည်။

"ဘာဖြစ်တာလဲ... အော်ကြီးဟစ်ကျယ်နဲ့ဗျာ"

"ဩော်... ဒီကောင်မလေးနဲ့ကို ... 'ကိုမြင့်မိုရ်' ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်... ကလေးမ ထ... ထ... ထိုင်ငိုနေလို့ ပြီးမှာမဟုတ်ဘူး"

လူအုပ်စုများလာတဲ့အတွက်ကြောင့် တစ်ယောက်တစ်ပေါက်အသံတွေက ဆူညံပွက်လောရိုက်လို့နေရပါသည်။ စာသင်နေတဲ့ 'ကောင်လေး' သည်လည်း 'မေ့' ရဲ့အော်ဟစ်သံကိုကြားပြီး တရှိန်ထိုး အိမ်အပြင်ဘက်သို့ ပြေးဆင်းလာခဲ့လိုက်တာ တားဆီးမယ့်သူတွေပင် အကြောင်းသားဖြစ်နေတဲ့ အထိပင်ဖြစ်၏။

"မင်းသိပ်ကို တရားလွန်နေပြီနော် ကလေးမ... မင်းလုပ်ရပ်က သိပ်ကို အောက်တန်းကျတယ်"

"ဦးလေးကသာလွန်တာ... ကိုယ့်သမီးအရွယ်လောက်ကိုကိုယ်ချင်းမစာမနာ ခြေထောက်နဲ့ ပိတ် ပိတ်ကန်တာ... ဦးလေးကို ရဲစခန်းတိုင်မယ် အောင်းမေ့ထား"

"သွားတိုင်လေ... သွားတိုင်"

ဟုအော်လိုက်တဲ့ အဖေ့ရဲ့အသံကြီးက 'မေ့' အားဝါးစားတော့မယ့်အတိုင်းပင်ဖြစ်သည်။ 'ကောင်လေး'သည် ကိုယ်ရှေ့မှာ ပိတ်ရပ်နေသော လူတချို့ကို တွန်းဖယ်ကာ 'မေ့' အားညင်ညင်သာသာ ဆွဲယူပွေ့ထူလိုက်မိပါသည်။ အဖေရှိနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆင်ခြင်ဖို့ သတိမရနိုင်ဘဲ အရှုံးနဲ့ရင်ဆိုင်တွေ့နေရသည့် 'မေ့' ဘက်ကသာ ရပ်တည်အားပေးဖို့ ဆုံးဖြတ်လိုက်မိပါသည်။

"ဟော့ကောင်... မင်းဘာလာလုပ်တာလဲ... စာသင်နေတာ မဟုတ်ဘူးလား... သွားစမ်း"

အဖေ မောင်းထုတ်ပေမယ့် 'ကောင်လေး' က 'မေ့' လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဆွဲကာ ပေပြီး ဆက်ရပ်နေမိသည်။

"သတိရလွန်းလို့ ငါလာတွေ့တာ 'ကောင်လေး' ရဲ့... ဘယ်လိုပဲဖြစ်ဖြစ် ငါ နင့်ကိုတွေ့ရလို့ ကျေနပ်တယ်သိလား...ငါ့ကို မေ့မသွားနဲ့နော်... ဘယ်သူတွေ ဘယ်လိုပဲခွဲခွဲ ငါ နင့်ကိုပဲ စောင့်နေမယ်"

ဟု ပြောလာတဲ့ 'မေ့' ရဲ့လေသံတွေက လှိုက်လှဲတုန်ရီလို့ နေပါသည်။ 'မေ့' ကိုကြည့်ပြီး 'ကောင်လေး' မျက်ရည်တွေ ဝဲတက်လာခဲ့ရ၏။ သူလည်း မလွှမ်းဘဲ သတိမရဘဲ နေပါ့မလား။ အခွင့်အရေးမသာလို့သာ 'မေ' နဲ့ အဆက်အသွယ်တွေ ပြတ်နေရပေမယ့် ရင်ထဲမှာတော့ 'မေ' နဲ့ တွေ့ရဖို့အရေးကိုသာ စိတ်ကူးယဉ်နေမိတဲ့အဖြစ်ပါ။

'ကောင်လေး' တို့ နှစ်ယောက်ကြားသို့ အဖေဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ လာပါသည်။ 'မေ့' ကို တွန်းထုတ်ရင်း ...

"ပြန်စမ်း... ပြန်စမ်း... ဘာမဟုတ်တဲ့ စကားတွေနဲ့ ငါ့သားကို လာမြူဆွယ်မနေနဲ့... မင်းလို အရှက်မရှိတဲ့ မိန်းကလေးမျိုး တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ တွေ့ဘူးသေးတယ် အောက်တန်းစားမ"

ဟု အော်လေသည်။ အဖေဘာပဲ ပြောပြော 'မေ့' ပုံစံက နာကျင်တဲ့ပုံမပြဘဲ 'ကောင်လေး' ကိုသာ သဲသဲမဲမဲကြီး စိုက်ကြည့်လျက်ရှိနေပါသည်။

" 'မေ' ... နင်ဘာဖြစ်ချင်သလဲ ငါ့ကိုပြော"

ဟု အော်မေးလိုက်တဲ့ 'ကောင်လေး' ရဲ့အမေးကို 'မေ' က ပြုံးပြုံးကြီး ဖြေပါသည်။

"နင်စာကြိုးစားပါ... နင်တက္ကသိုလ်ရောက်ရင် နင်တက်တဲ့မြို့မှာ ငါလိုက်ပြီး ပြောင်းနေမယ်... ဒါမှ ဘီလူးသရဲတွေရန်ကကင်းပြီး လွတ်လွတ်လပ်လပ်တွေ့ရမှာ ကြားလား"

အလုပ်သမားတွေ ခြံထဲသို့ အတင်းကာရော ဆွဲခေါ်နေသည့် ကြားမှ 'မေ' ကျေနပ်အောင် 'ကောင်လေး' ခေါင်းကို လေးငါးချက်မက ညိတ်ပြလိုက်ပါသည်။ ပြုံးရွှင်သော မျက်နှာထားဖြင့် 'မေ' ရပ်ကြည့်နေပြီးမှ ချာကနဲနေအောင် လှည့်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။

ကျန်နေရစ်ခဲ့ရတဲ့ ‘ကောင်လေး’ မှာတော့ အဖေနဲ့ အမေရဲ့ ဆူပူအော်ဟစ်သံ တွေကြားထဲမှာ လောကကြီးအား စိတ်ပျက်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





၃

စာမေးပွဲမဖြေခင် တစ်ပါတ်ခန့်အလိုမှာ အဖေ့ရဲ့ ညီ ဗေဒင်ဆရာ 'ဦးလှဘော်' ရန်ကုန်မြို့ကနေ 'ကောင်လေး' တို့အိမ်သို့ အလည်ရောက်ရှိလာပါသည်။ ကြည့်ရတာ အဖေ တို့ပဲ အလည်လာဖို့ ဖိတ်ခေါ်လိုက်တာဖြစ်ရပါမည်။ စာမေး ပွဲဖြေနိုင်အောင် ယတြာလုပ်ပေးမယ်ပြောရင်း 'ကောင်လေး' ရဲ့ဇာတာကိုပါ ကြည့်ပေးသွားခဲ့၏။

အဖေတို့ ကြိုပြောပြထားလို့ပဲလား၊ ဒါမှမဟုတ် သူ့ရဲ့ ဗေဒင်ပညာကပဲ စွမ်းဆောင်သလား မပြောတတ်ပါ။ ဟော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ထွက်ဆိုချက်တွေကတော့ 'ကောင်လေး' မှာ ဖြစ်ပျက်နေတဲ့ ကိစ္စရပ်တွေနဲ့ တိုက်ဆိုင်စွာ ဒက်ထိနီးပါး မှန်ကန်လှလေသည်။

"စာမေးပွဲကတော့ အခက်အခဲမရှိ ဖြေနိုင်မှာပါ... ပညာရေးလမ်းကြောင်းလည်းကောင်းတယ်... အတားအဆီးဆိုတာလည်း မတွေ့ဘူး... ဒါပေမယ့် စိတ်ရှုပ်နေရတတ်တယ်... စာကျက်နေပေမယ့် မင်းရင်ထဲမှာ သောကဆိုတာက ရှိနေတယ်"

ဟုပြောတော့ 'ကောင်လေး' ခေါင်းညိတ်ပြလိုက်မိသည်။ 'မေ့' ကို လွမ်းဆွတ်တမ်းတနေတဲ့စိတ်သည် သူ့ရင်ထဲက သောကပဲ မဟုတ်လား။ 'မေ့' ရဲ့စကားကို နားထောင်ပြီး သိပ်စိတ်မဝင်စားလှတဲ့ စာတွေကိုပင် ကြိုးစားပမ်းစားကျက်မှတ်နေရတာသည် 'မေ့' ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်၍ ဖြစ်သည်။

တက္ကသိုလ်တက်တဲ့အခါ 'မေ' နဲ့အတူတူ တွေ့ဆုံရချိန်ကို မျှော်ကိုးရင်း 'ကောင်လေး' ရင်ထဲ ချမ်းမြေ့လာရသည်။ ကျောင်းအတူတူမတက်ရပေမယ့် 'မေ' နဲ့တွေ့ခွင့်ရဖို့က ဒီမြို့မှာနေတာထက်စာရင် ပိုပြီး လွတ်လပ်မှုရှိနိုင်ပါသည်။ အနေဝေးတဲ့အတွက် မိသားစုရဲ့ ရန်ကလည်း ငြိမ်းချမ်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအရွယ်မှာ အချစ်ရေးနဲ့ ပတ်သက်လို့ ဒုက္ခပဲတွေ့မယ်... စိတ်ဆင်းရဲစရာပဲကြုံရမယ်... အသက်သုံးဆယ်ကျော်မှ မင်းဘဝက တည်ငြိမ်မှာ"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ... အသက်သုံးဆယ်ကျော်မှ မိန်းမယူရမယ်ပေါ့ ဟုတ်လား"

"အဲဒါက အကောင်းဆုံးပေါ့ကွာ... ခုချိန်မှာ အချစ်ရေးကို မစဉ်းစားနဲ့... စဉ်းစားရင် ဟင်းစားထဲပါသွားသလိုမျိုး မင်းဖြစ်မှာပဲ... မင်းစိတ်ကူးတွေ အကောင်အထည်မပေါ်ဘဲ ရေစုန်မျောမယ့် ကိန်းဆိုက်နေပြီ သိရဲ့လား"

"ဦးလေးပြောတာ သေချာလို့လား... ကျွန်တော်က ဟုတ်မဟုတ်ဆိုတာကို စမ်းသပ်ကြည့်မှာနော်"

ဟု 'ကောင်လေး' က မယုံသလို ပြောတော့ ဦးလေးက မျက်နှာနီနီဖြင့် သူ့စကားသူ အာမခံလေသည်။

"စမ်းကြည့်ရင် စမ်းကြည့်လေ... မင်းဘဝစုတ်ပြတ်မသွားရင် ငါ့ကို ကြိုက်သလိုပြော... ဒီမှာဟေ့ကောင်... ငါပြောတဲ့အတိုင်းမဖြစ်လို့ကတော့ ဗေဒင်ပညာကို စွန့်လွှတ်လိုက်မယ် ယုံလား"

'ကောင်လေး' ပခုံးတွန့်ပြကာ ဦးလေးအနားမှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်ပါသည်။ အဖေနဲ့အမေကတော့ ပျက်ယွင်းသောမျက်နှာတွေနဲ့ ဦးလေးအနားသို့ ပိုတိုးကပ်သွားခဲ့ကြလေသည်။

ဦးလေးနဲ့အဖေတို့ ဘာစကားတွေ ဆက်ပြောကြတယ်ဆိုတာကို 'ကောင်လေး' မကြားရအောင် အိမ်မှာလာစောင့်ပေးနေတဲ့ အဒေါ်ဝမ်းကွဲတစ်ယောက်က အခန်းတံခါးအား ဆွဲပိတ်ပစ်လိုက်ပါသည်။

"စာမေးပွဲဖြေပြီးတာနဲ့ 'ကောင်လေး' ကို ဒီမှာမထားချင်တော့ဘူးကွာ... မင်းဆီကိုပဲ ပို့ရမှာပဲ... ဒီမှာဆက်ထားရင် ကောင်မလေးနဲ့ ပိုငြိစွန်းသွားရုံပဲရှိမယ်... မင်းခေါ်ထားပြီး သင်တန်းတစ်ခုခုဖြစ် တက်ခိုင်းကွာ... ဒါမှမဟုတ် မင်းရင်းနှီးတဲ့ မိတ်ဆွေတွေ အကူအညီတောင်းပြီး သူတို့အလုပ်မှာ သွင်းပေးထားလိုက်... လိုအပ်တဲ့ ကုန်ကျစရိတ်တွေအားလုံး ငါတို့ဒီကနေ ပို့ပေးပါ့မယ်ကွာ"

'ဦးမြင့်မိုရ်' ရဲ့စကားကိုကြားပြီး 'ဦးလှဘော်' သက်ပြင်းချလိုက်မိသည်။ အစ်ကိုတစ်ယောက်ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်ပါသည်။ သူ့ဘဝ မသေချာ မရေရာဖြစ်နေတဲ့အချိန်တုန်းက ဒီ အစ်ကိုပဲ ပေးကမ်းထောက်ပံ့ခဲ့တာပါပဲ။

ဘယ်လိုအခက်အခဲပဲ သူ့မှာရှိပါစေ၊ မဖြစ်မနေ ကူညီရ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ရဲ့ဝတ္တရားပဲ မဟုတ်လား။ အသက်အရွယ်ငယ်သေးတဲ့ 'ကောင်လေး' ကိုလည်း လမ်းမှားမရောက်စေချင်သေးပါ။

"ပို့ချင်ရင်လည်း ပို့လိုက်လေ... ကျွန်တော်ကတော့ အစ်ကိုတို့ဖြစ်စေချင်တဲ့အတိုင်း 'ကောင်လေး' ကို ထိန်းသိမ်းပေးမှာပဲ... သူ့ဘဝလမ်းကြောင်း မှန်မှန်ကန်ကန်နဲ့ အေးချမ်းသွားရင် ကျွန်တော်လည်း ဝမ်းသာရတာပေါ့... အစ်ကိုတို့ သဘောပါပဲ"

"ဒါဆိုရင် စာမေးပွဲဖြေပြီးတဲ့နေ့မှာပဲ 'ကောင်လေး' ကို ငါ မင်းဆီလာပို့ပေးမယ်... မင်းလက်ထဲရောက်တာနဲ့ မင်းတာဝန်နော်"

"ဟာ... ဒီလိုတော့ လွှဲမချပါနဲ့ဗျာ... အပူမလိုချင်လို့ တစ်ကိုယ်တည်းနေပြီး လူပျိုကြီးလုပ်နေတဲ့သူကို တော်ရုံပဲ တာဝန်ပေးသင့်တယ်... အစ်ကိုတို့ဘက်ကလည်း ကောင်မလေး အရိပ်အခြေကို အမြဲမပြတ်တမ်း ဂရုစိုက်ကြည့်နေဖို့လည်း လိုသေးတယ်လေ"

"ကျွန်မတို့ဘက်ကလည်း စောင့်ကြည့်မယ်... 'ကိုလှဘော်' ဘက်ကလည်း 'ကောင်လေး' ရဲ့ အခြေအနေကို အမြဲအကဲခတ်ပြီး သေချာလေး ဂရုစိုက်ပေးစေချင်တယ်... ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး သူစိတ် ပြောင်းသွားတော့လည်း တစ်မျိုးပေါ့”

ကိုယ့်စိတ်ကူးထားတဲ့ အကြံအစည်အောင်မြင် အထ မြောက်သွားတဲ့အတွက် ‘ဒေါ်လွင်လွင်’ ရင်ထဲပေါ့ပါးသွားရပါသည်။ ‘ကောင်လေး’ အား ရန်ကုန်သို့ ပို့ပြီးတာနဲ့ ‘မေ့’ ရဲ့ကိစ္စကို ဆက်ပြီးစီစဉ်ရမည်။ ဆွေမျိုးအင်အားနဲ့ ဝိုင်ပြီး ဆော်သြောလိုက်ရင် ဒီမိန်းကလေး ဘယ်ခေါင်းမာဝံ့ပါ့မလဲ။

စာမေးပွဲရက်နီးကပ်လာတာနဲ့အမျှ ‘ကောင်လေး’ ကို စောင့်ကြပ်ကြည့်ရှုရတာ ပိုပြီးပင်ပန်းလေဖြစ်လာပါသည်။ ‘မေ့’ ရဲ့အရိပ်အခြေကိုလည်း ကြည့်ဖို့အတွက် အိမ်ကအလုပ်သမားနှစ်ယောက်အား သူတို့အိမ်ပတ်ဝန်းကျင်မှာ စောင့်ကြည့် ခိုင်းထားပြီးပါပြီ။

ဒီလိုရေးကြီးခွင်ကျယ်တွေ စီမံပြီး လုပ်နေကာကွယ်နေရတာသည် ‘ကောင်လေး’ ရဲ့ အကဲပိုသော စိတ်ဓါတ်ကို သိနေသောကြောင့် ဖြစ်၏။ ပြီးတော့ ‘လေအိုး’။ တားမြစ်ပိတ်ပင်နေသည့်ကြားမှ ‘မေ့’ ဆီသွားကာ ‘ကောင်လေး’ နဲ့အောင်သွယ်ပြီး အဆက်အသွယ်တွေ လုပ်ပေးနေတာ အကြိမ်ကြိမ်ရယ်ပါ။

‘လေအိုး’ ကိုခေါ်ပြီး ပြင်းပြင်းထန်ထန် သတိပေးဆုံးမလိုက်ရင် ဖြစ်ပေမယ့် ‘ကိုမြင့်မိုရ်’ က တားထားသည်။ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်တွေရှိနေပါသည်တဲ့။ 'လေအိုး' ဟာ သူတို့မိသားစု ရဲ့ ကယ်တင်ရှင်ဖြစ်လာမယ့် သူတဲ့။ 'ကိုမြင့်မိုရ်' ပြောတဲ့စကား တွေကို သိပ်ပြီး နားမလည်ပေမယ့် ရင်ထဲမှာပဲ သိမ်းဆည်းထား လိုက်ပါသည်။

'ကောင်လေး' ကတော့ 'မေ' နဲ့ စာအဆက်အသွယ် လူ ကြုံပါးစကားအဆက်အသွယ်တွေဖြင့် အတော်ကျေနပ်ပီတိ ဖြစ်လျက်ရှိနေ၏။ စာကျက်မပျက်တာကိုဘဲ ကျေးဇူးပြန်တင် နေရကာ သူတို့ အရိပ်အခြေတွေအားလုံးကို မသိချင်ဟန် ဆောင်နေပေးရလေသည်။

စာမေးပွဲဖြေတဲ့ရက်တွေမှာလည်း 'ဒေါ်လွင်လွင်' ကိုယ် တိုင် ကျောင်းပေါက်ဝ၌ ထိုင်စောင့်ကာ 'ကောင်လေး' အား အကြိုအပို့ အချိန်ပြည့် တာဝန်ယူပေးပါသည်။ 'မေ' ကလည်း နေ့စဉ်နေ့တိုင်း ခပ်လှမ်းလှမ်းကရပ်ပြီး မျက်နှာအမူအယာဖြင့် အကျိုးအကြောင်း မေးတတ်လေသည်။

မျက်နှာလေးပြုံး၍ကာ လက်မကလေးထောင် ထောင် ပြတတ်သော သားဖြစ်သူကိုကြည့်ပြီး 'ဒေါ်လွင်လွင်' စိတ်ထဲက နေ ရိုက်ပစ်ချင်နေမိတာ အခါခါရယ်ပါ။ 'မေ့' ဆီကိုလည်း မျက်လုံးကြီးပြူးကာ နှုတ်ခမ်းကိုက်ပြီး မကျေနပ်တဲ့ အမူအယာ



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ပြမိသေး၏။

စာမေးပွဲနောက်ဆုံးနေ့မှာတော့ 'ကောင်လေး' ဆီက စကားတချို့ ထွက်လာရသည်။

"အမေ ဒီနေ့ကျောင်းဆင်းရင် လာမကြိုနဲ့တော့နော်... ကျွန်တော်သူငယ်ချင်းတွေနဲ့ လျှောက်လည်မလို့ ချိန်းထားတယ်"

"မလည်ရပါဘူး... အိမ်ပဲပြန်ရမယ်... ချိန်းထားတာရှိရင် ဖျက်ပစ်လိုက်"

"အမေကလဲ"

"ငါခွင့်မပြုနိုင်ဘူး... အခုပို့ပြီးကတည်းက ပြန်လွှတ်တဲ့အချိန်အထိ စောင့်နေပေးတာ စာမေးပွဲစဖြေတဲ့ရက်ကတည်းကပဲ ဒီနေ့လည်း စောင့်နေမှာပဲ... နောက်ဆုံးနေ့မို့လို့ ငါတစ်ယောက်တည်းတောင်မဟုတ်ဘူး နင့်အဖေတို့နင့်ဦးလေးအဒေါ်တွေပါ လာကြအုံးမှာ"

"ကျွတ်... အမေတို့နဲ့တော့ ခက်ပါတယ်"

ဟု မကြည်ဖြူသလိုပြောရင်း ပတ်ဝန်းကျင်ကို လျှောက်ကြည့်ပြီး အကဲခတ်နေပါသည်။ 'မေ့' ကို ရှာနေတယ်ဆိုတာ ဖွင့်မပြောပေမယ့် 'ဒေါ်လွင်လွင်' က ကြိုသိနှင့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဝင်တော့လေ... အချိန်ကနီးနေပြီ"

"လိုပါသေးတယ်... အပြင်မှာ ခဏနေအုံးမယ်"

"မနေနဲ့... နင့်ကိုစိတ်မချဘူး... နင်တို့အကြံအစည်တွေကို ငါသိနေတယ်နော်... လစ်သွားဖို့ လုံးဝမစဉ်းစားထားနဲ့"

'ကောင်လေး' လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဆွဲပြီး 'ဒေါ်လွင်လွင်'က ပတ်ဝန်းကျင်က အခြေအနေကို အကဲခတ်ကာ လျှောက်ကြည့်မိလိုက်ပါသည်။ 'မေ့' ရဲ့ အရိပ်အခြေကို မမြင်မတွေ့ရပါ။ 'ကောင်လေး' ကလည်း ပျက်ယွင်းသောမျက်နှာနဲ့ နေရာအနှံ့ လိုက်ရှာကြည့်နေပုံရသည်။

"လက်ကိုဘာလို့ဆွဲထားရတာလည်း အမေရာ... ကျွန်တော် ဘယ်ကိုမှ မသွားပါဘူး... အမေလုပ်တာနဲ့ လူတွေကြည့်ကုန်ကြပြီ"

"ကြည့်ပစေ... နင့်ကြောင့် ဒါမျိုးတွေ ဖြစ်ကုန်ရတာ... အတန်းထဲဝင်ထိုင်နေလို့ ပြောတာ ထိုင်မှ မထိုင်ဘဲ... စာမေးပွဲနောက်ဆုံးနေ့မှ ပိုးထပြီး ဒုက္ခပေးချင်နေတယ်"

အဖေါ်ခေါ်ပြီး မလာမိတာ မှားသွားပြီဆိုတာကို 'ဒေါ်လွင်လွင်' ခုမှပဲ သိပါတော့သည်။ 'ကောင်လေး' စိတ်က ယုံရတာမ ဟုတ်။ 'မေ့' ကို တွေ့တာနဲ့ စာမေးပွဲပင် မဖြေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကမူးရှူးထိုး ပြေးထွက်သွားခဲ့ရင်ဖြင့် မျှော်လင့်ထားသမျှတွေ အကုန်လုံး ရေစုန်မျောရချည်ရဲ့။

"ကျွန်တော်သွားတော့မယ်... အမေလက်ကိုလွှတ်တော့"

ဟု ပြောလာပြန်တော့ မယုံရဲရဲနှင့် ပြန်မေးဖြစ်သည်။

"ဘယ်ကိုသွားမှာလဲ"

"ဟာ... အတန်းထဲဝင်တော့မယ်လေဗျာ... စာမေးပွဲချိန်ပဲ နီးနေပြီဟာကို"

"သြော်... အေး... အေး"

ယုံကြည်လိုက်မိတာ 'ဒေါ်လွင်လွင်' ရဲ့ အမှားသာဖြစ်တော့သည်။ လက်ကိုလွှတ်လိုက်တာနဲ့ 'ကောင်လေး' က ရှေ့တည့်တည့် ကျောင်းဝင်းထဲသို့ ဝင်မသွားဘဲ ကိုယ်ရပ်နေတဲ့ အနောက်ဘက်သို့ ပြေးထွက်သွားခဲ့ပါသည်။ လှည့်ကြည့်မိတော့ ခပ်ဝေးဝေး တစ်နေရာမှာ 'မေ' က ရပ်နေခဲ့၏။

အပြေးလှမ်းလာရသော 'ကောင်လေး' မှာလည်း ရင်တွေ ခုန်ကာ အသက်ရှူသံတွေပင် မြန်ဆန်နေရပါသည်။

"မလာတော့ဘူးတောင် အောင်းမေ့နေတာ... ဘာလို့ နောက်ကျနေရတာလဲ"

"အခွင့်မသာလို့ပေါ့... အမေက ခါတိုင်းလို လွှတ်လပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မပေးတော့ဘူး… ဒီနေ့ကျမှ အလုပ်တောင် မသွားခိုင်းဘဲ အိမ်မှာပဲနေခိုင်းတယ်… ပြီးတော့ နင်တို့အိမ်က အလုပ်သမားတွေကလည်း ခြံဝမှာ ထွက်သွားလို့မရအောင်ကို ပိတ်စောင့်နေကြတာ… လူကို ရူးချင်သွားတာပဲ”

“အပြန်ကော စောင့်နေမှာလား”

“စောင့်မှာပေါ့… ဒီနေ့တစ်နေ့လုံး လျှောက်လည်မယ်… မတွေ့ရတာဖြင့် ဘယ်လောက်တောင်ကြာနေပြီလဲ… စကားတွေ အများကြီးပြောချင်တယ်”

“အင်း…အင်း… ငါရအောင် ထွက်လာခဲ့မယ်”

“သွားတော့… သွားတော့… ဟိုမှာ နင့်အမေကြီး လိုက်လာပြီ”

ဟု ‘မေ’ ကပြောပြီး ‘ကောင်လေး’ ရဲ့အနားမှ ပြေးထွက်သွားခဲ့ပါသည်။ ‘မေ’ နဲ့တွေ့ဖို့ ချိန်းလိုက်ရတာကြောင့် ‘ကောင်လေး’ ရင်ထဲပေါ့ပါးသွားရ၏။

“နင်တော့ သိပ်ကိုတရားလွန်တယ်နော်… မိဘကိုစိတ်ဆင်းရဲအောင်လုပ်… ကောင်းကောင်းဒုက္ခတွေ့မယ်မှတ်ထား… ခုလာ… ကျောင်းထဲဝင်တော့… ခေါင်းလောင်းတောင်ထိုးနေပြီ”

အမေက ဒေါသနဲ့ပြောပြီး ‘ကောင်လေး’ ရဲ့လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တဖုန်းဖုန်းနဲ့နေအောင် ထုရိုက်နေပါသေးသည်။

ကိုယ်ဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဝသွားပြီမို့ 'ကောင်လေး' ဘာမှ ပြန်ပြောမနေတော့ဘဲ အတန်းထဲသို့ ခပ်အေးအေးပဲ ဝင်လာခဲ့လိုက်ပါသည်။ စာမေးပွဲဖြေပြီးရင် 'မေ' နဲ့တွေ့ရမယ်ဆိုတဲ့အသိဖြင့် 'ကောင်လေး' ရင်ထဲပေါ့ပါးလန်းဆန်းလို့နေရလေသည်။

မေးလာတဲ့မေးခွန်းကလည်း ကုသိုလ်ကံကောင်းစွာဖြင့် ကိုယ်သေချာကျက်မှတ်ထားသည့် အပုဒ်တွေပင် ဖြစ်၏။ သတ်မှတ်ထားချိန်ထက်ကို တစ်နာရီခန့်စောဖြေပြီးနေ၍ ဖြေထားတာတွေကို သေချာပြန်စစ်ဆေးနေရ၏။

အချိန်စေ့လို့ ကျောင်းဝင်းထဲက ထွက်တဲ့အချိန်မှာတခြားသူတွေနဲ့ ရောယောင်ကာ အတူလိုက်သွားဖို့ 'ကောင်လေး' ဆုံးဖြတ်ထားသည်။ ဒါပေမယ့် တကယ့်လက်တွေ့မှာကျတော့ 'ကောင်လေး' တွေးထင်ထားတဲ့ စိတ်ကူးက အကောင်အထည်ပေါ်မလာခဲ့ပါ။

အဖေတို့ရဲ့လှည့်ကွက်နဲ့ တားဆီးပိတ်ပင်မှုက 'ကောင်လေး' တွေးထားတဲ့ အတွေးထက်ပိုသာလွန်လို့နေပါသည်။ တခြား ကျောင်းသားတွေနဲ့ ကွယ်ပြီးကိုယ်ရောင်ဖျောက်ချိန်ပင်



www.burmeseclassic.com

www.burmeseclassic.com



မရလိုက်ဘဲ အဖေက 'ကောင်လေး' ရဲ့ ပခုံးကို ခပ်တင်းတင်း သိုင်းဖက်၍ ခေါ်ငင်သွားခဲ့လေသည်။ ရုန်းကြည့်ပေမယ့် ရုန်းလို့ မရချေ။

တစ်ဖက်မှာ ဦးလေးတစ်ယောက်က 'ကောင်လေး' ရဲ့ လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်ပါသေးသည်။

"အဖေတို့ဘာလုပ်တာလဲ... ကျွန်တော်သူငယ်ချင်း တွေနဲ့ လျှောက်လည်မလို့ချိန်းထားတယ်"

သူ ပြောတဲ့စကားကို အဖေတို့က နည်းနည်းကလေးမှကို အရေးမစိုက်ချေ။

"ကျွန်တော် မလိုက်ချင်ဘူးဗျာ... ကျွန်တော့်ကိုလွှတ်ပေး ပါ လူတစ်ယောက်ကို နည်းနည်းပါးပါးတော့ လွတ်လပ်ခွင့်ဆို တာပေးသင့်တာပေါ့... အဖေတို့က သိပ်ကိုချုပ်ချယ်လွန်း တယ်"

"ဟေ့ကောင်... မင်းပါးစပ်ကိုပိတ်ထား... ငါသိပ်စိတ်တို လာရင် မင်းသွားတွေအကုန်လုံးကို ရိုက်ချိုးပစ်လိုက်မယ် အောင်းမေ့... မင်းကို ဘယ်သူကမှ မချုပ်ချယ်ဘူး... ဒီလိုဖြစ် အောင်လို့ မင်းဖာသာဖန်တီးယူတာ"

"'မေ' နဲ့ချစ်တာ အပြစ်လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ရဘူး"

"ကျွတ်... အဖေတို့ရက်စက်တယ်... ကိုယ်ချင်းစာစိတ် လုံးဝကို မရှိဘူး"

"အေး... မရှိဘူးဘာဖြစ်လဲ... မင်းမြင်အောင်ပြလိုက်အုံးမယ် ဟိုမှာကြည့်လိုက်စမ်း"

ဟုဆိုပြီး လက်ညှိုးညွှန်ကာ ပြလာတဲ့နေရာကို 'ကောင်လေး' ကြည့်မိသွားရပါသည်။ အနည်းငယ်ဝေးနေပေမယ့် 'ကောင်လေး' ထင်ထင်ရှားရှား မြင်တွေ့နေရပါသည်။ 'မေ' ရပ်စောင့်နေတဲ့နေရာကို ဒေါသဖြင့် လျှောက်သွားနေကြသော အမေနဲ့ဆွေမျိုးမိန်းမများ။

"ဟာ... 'မေ' ကို ဘာလုပ်ကြမလို့လဲဗျာ... ကျွန်တော် တောင်းပန်ပါတယ်အဖေရာ... အမေတို့ကို ပြန်ခေါ်လိုက်ပါ... ကျွန်တော် ဘယ်ကိုမှ မသွားတော့ပါဘူး... အဖေတို့ခေါ်တဲ့ နောက်ကိုပဲ လိုက်ခဲ့ပါ့မယ်... နော်... အဖေ"

ဟု သူတောင်းတောင်းပန်ပန် ပြောပေမယ့် အဖေက လက်မခံချေ။

"ငါတို့ လေပြေနဲ့ ပြောဆိုတောင်းပန်နေတုန်းကကော မင်း နားထောင်ခဲ့လို့လား... ငါတို့အလှည့်လည်း မင်းလိုပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြောရင်း သူ့အားအဖေက ကားရှေ့ခန်းထဲ တွန်းထည့်ပစ်လိုက်ပါသည်။ ကားမောင်းတဲ့နေရာမှာ ဦးလေး တစ်ယောက်က အဆင်သင့်ထိုင်စောင့်နေလေသည်။ သူ့ကို အလည်မှာထိုင်စေပြီး အဖေကအစွန်မှာ ဝင်ထိုင်ကာ ကားတံခါး ကို ခပ်ပြင်းပြင်း စောင့်ပိတ်ပစ်လိုက်ပါသည်။ 'ဂျိုင်း' ကနဲမြည် ဟည်းသံနဲ့အတူ 'ကောင်လေး' ရဲ့ နှလုံးသားလည်း ကွဲအက် ကြေသွားခဲ့ရသည်။

"သင်္ဘောဆိပ်ကို မောင်းတော့ကွာ"

အဖေဘာပြောလိုက်သလဲဆိုတာ သူကြားပေမယ့် နား မလည်ပေ။ အိမ်မပြန်ဘဲ သင်္ဘောဆိပ်ကို သွားပြီး ဘာလုပ်ရ မှာလဲ။ လည်ပြန်ပြီး 'မေ့' ကို မြင်လို့မြင်ငြား လှည့်ကြည့်မိ ပေမယ့် မမြင်တွေ့ရချေ။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကြား ထဲမှာ 'ကောင်လေး' ငိုချင်စိတ်ပြင်းပြလာခဲ့ရ၏။

နှလုံးသားရဲ့ ဒဏ်ရာဒဏ်ချက်တွေကို သူခံစားလို့မရနိုင် တော့ပါ။ တခြားသူတွေရဲ့အချစ်က ဘယ်လိုရှိမယ်ဆိုတာ မသိ ပေမယ့် သူ့ရဲ့ချစ်ခြင်းကတော့ ပူလောင်ခြင်းသောကတွေ ပိုများ လို့နေရပါသည်။ 'မေ' ...။ နင်ကြုံတွေ့နေရတဲ့ ပြဿနာတွေမှာ အကူအညီမပေးနိုင်တဲ့ ငါ့လို ချစ်သူတစ်ယောက်ကို နင်နား



www.burmeseclassic.com

www.burmeseclassic.com



လည်ပြီး ခွင့်လွှတ်ပေးပါလို့ပဲ ဆုတောင်းနေပါတော့မယ်။

ရင်ထဲမှာတော့ နင့်ကို ငါသိပ်ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' အား အတင်းကာရော ဖမ်းချုပ်ဆွဲခေါ်သွားတာကိုကြည့်ပြီး 'မေ့' ရင်ထဲ ဝမ်းနည်းနာကျင်လို့သွားရသည်။ 'ကောင်လေး' ရဲ့ ဆွေမျိုးတချို့ 'မေ့' ရှိနေတဲ့ နေရာဆီ ဒေါသတကြီး လျှောက်လာနေကြတာကို မြင်သိပေမယ့်လည်း ရှောင်ထွက်သွားဖို့ဆိုတဲ့ စိတ်ကူးမျိုး 'မေ့' မှာ ရှိမနေခဲ့ပါ။

ပွင့်အံထွက်ချင်နေတဲ့ ရင်တွင်းက မကျေနပ်ချက်တွေကို ဖွင့်ထုတ်ပြလိုက်ချင်ပါသည်။ သူတို့တတွေ ဘာလို့ ဒီလောက်တောင် အကျင့်ယုတ်ပြီး သူများချစ်ခြင်းကို ခွဲချင်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



'မေ့' ဘက်မှာ ပြစ်ချက်ဆိုလို့ ဆင်းရဲတာလေး တစ်ခုပဲ ရှိနေတာပါ။

အကျင့်စာရိတ္တပိုင်းနဲ့ပတ်သက်လို့ 'ကောင်လေး' ကလွဲပြီး ဘယ်ယောကျ်ားတစ်ယောက်တလေနဲ့မှ 'မေ့' ဘက်က ပတ်သက်ဖူးခြင်းမရှိခဲ့တာ ပတ်ဝန်းကျင်အားလုံးအသိပါပဲ။ 'ကောင်လေး' နဲ့ ချစ်သူတွေဖြစ်နေပေမယ့် ခုချက်ချင်း ပေါင်းသင်းလက်ထပ်မယ်ဆိုတဲ့အတွေးမျိုး 'မေ့' ခေါင်းထဲမှာ ရှိမနေသေးပါ။

'ကောင်လေး' ရဲ့ဘဝတက်လမ်း တိုးတက်ရာတိုးတက်ကြောင်းကို 'မေ့' ဘက်က စေတနာထားပြီး ကြိုတွေးပြီးသားပါ။ နှစ်ယောက်စလုံး ကိုယ့်အလုပ်အကိုင်နဲ့ကိုယ် အခြေတကျဖြစ်လောက်ပြီဆိုမှ လက်ထပ်ဖို့ကို စဉ်းစားမည်။ ရည်မှန်းချက်တွေမပြည့်မချင်း ချစ်သူတွေအဖြစ်ပဲ လက်တွဲသွားဖို့ ဆုံးဖြတ်ပြီးသားပါ။

ခု ဖြစ်ပျက်နေတဲ့အခြေအနေအတိုင်းဆို လက်ထပ်ဖြစ်ဖို့ဆိုတဲ့ ဟိုးအဝေးကြီးကိစ္စကို မပြောနဲ့ ချစ်သူတွေအဖြစ်ကနေတောင် ပြတ်စဲတော့မယ့်အတိုင်းပါပဲ။ နာကြည်းစိတ်နဲ့ 'မေ့' ရဲ့မျက်နှာထားက မာကြောခက်ထန်လိုလာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆီလာနေတဲ့ လူစုကို မမိုတ်မသုန်စိုက်ကြည့်ရင်း ထီမထင်သလို လက်တစ်ဖက်အား ခါးပေါ် ထောက်ပစ်လိုက်မိပါသည်။

ကဲ… သူတို့ဘာလုပ်ကြမလဲ။ 'မေ့' ကို ရိုက်ကြမလား။ အော်ဟစ်ဆဲဆိုကြမလား။ ကြိုက်တာလုပ် ကြိုက်တာပြောကြစမ်း။ အသက်ကြီးကြီးငယ်ငယ် ကိုယ့်ကို တမင်လာရန်မူနေကြတဲ့ သူတွေဟာ ကိုယ့်ရဲ့ရန်သူမဟုတ်လို့ ဘယ်သူတွေဖြစ်မလဲ။

'မေ့' မှာလည်း ပါးစပ်ပါသည်။ လက်ပါသည်၊ သူရိုက်ကိုယ်ရိုက် သူပြောကိုယ်ပြောပေါ့။ တစ်ယောက်တည်းဆိုတဲ့ အတွေးဖြင့် ကိုယ့်ကိုယ်ကို ပြန်ပြီးအားပေးနေစဉ်သိမ့်ရင်း သတ္တိတွေမွေးနေရလေသည်။ တစ်ဖက်မှ လာတဲ့လူတွေရဲ့ မျက်နှာထားတွေကလည်း လန့်ထိတ်စရာကောင်းလောက်အောင် ဒေါသသင့်နေကြပါသည်။

"ဟဲ့ကောင်မ… ညည်းမရှက်ဘူးလား… မိန်းမတစ်ယောက်ရဲ့တန်ဖိုးနဲ့သိက္ခာကိုရော နားလည်ရဲ့လား"

"ဘယ်နားလည်မှာလဲ… သူ့ခေါင်းထဲမှာ 'ကောင်လေး' ကို မြူမယ်… ချူမယ်ဆိုပြီးပဲ စိတ်ကူးယဉ်နေမှာပေါ့"

"'ကောင်လေး' နဲ့ ညည်းနဲ့တန်လို့လား… ညည်းကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် ညည်းနဲ့အဆင့်အတန်းချင်တူတဲ့ ကူလီထမ်းတဲ့ အလုပ်သမားကို သွားကြိုက်ပေါ့"

"မိန်းကလေးဖြစ်ပြီး မရှက်တဲ့အတိုင်း သူက လာစောင့်နေရတယ်လို့"

"ပါးကွဲမယ်အောင်းမေ့... ရူးကြောင် မူးကြောင်နဲ့ မိုက်ကန်းကန်းလာကြည့်မနေနဲ့... ဂုတ်ကနေ ချိုးပစ်လိုက်မယ်"

" 'ကောင်လေး' ကိုတော့ မရဘူး... ငါတို့ရဲ့ လက်ဝါးနဲ့ခြေဖနောင့်စာပဲရမယ်ဆိုတာ မှတ်ထား... သေတဲ့အထိ ပွဲကြမ်းပစ်လိုက်မှာ"

မရပ်မနားနဲ့ တစ်ယောက်တစ်ခွန်း ပြောလိုက်ကြသည်မှာ စစ်သေနတ်ပစ်လိုက်တဲ့အတိုင်းပါပဲ။ သူတို့ပြောသွားတဲ့စကားလုံးတိုင်းက နာကြည်းစရာတွေဖြစ်ပေမယ့် ဆက်တိုက်ကြားလိုက်ရတဲ့အတွက် နားထဲတွင်သာမက ဦးနှောက်ထဲအထိပါ ထုံသလိုလိုဖြစ်သွားခဲ့ရလေသည်။

'မေ' မျက်လုံးကို မှိတ်ကာ အသက်ကိုခပ်ပြင်းပြင်းရှူရှိုက်လိုက်ရင်း ...

"အရူးမကြီးတွေ"

ဟု တစ်ခွန်းတည်း အကျယ်ကြီး အော်ပစ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်တစ်ယောက်တည်း အရှက်ကွဲရတာနဲ့စာရင် နှစ်ဖက်စလုံး အရှက်ကွဲရတာက သရေပဲဖြစ်၏။

"ကြည့်စမ်း... ကြည့်စမ်း... မိုက်ရိုင်းပြီး လူပါးဝလိုက်တာ ကိုယ့်ထက်ကြီးတယ်ဆိုတာ ဘာတွေလည်း မစဉ်းစားဘူး... ညည်းတော့ သေတော့မယ်"

ဟု 'ဒေါ်လွင်လွင်' က ဒေါသတကြီးပြောလာပါသည်။ သူတို့တတွေပြောချင်ရာပြောတော့ အကောင်း၊ ကိုယ်ပြန်ပြောတော့အမှားတဲ့၊ လောကကြီးက တော်တော်မှ တရားမျှတပါရဲ့လား။

"သတ်ရဲရင် လာသတ်လိုက်လေ... 'မေ' ဆိုတဲ့ မိန်းမက ကိုယ့်အသားနာရင် နည်းနည်းကလေးမှ သည်းခံမှာ မဟုတ်ဘူး... သူသေကိုယ်သေပဲ အောင်းမေ့ထား... ပိုက်ဆံကလေးရှိတယ်ဆိုပြီး လူတကာအပေါ် ဆွေလိုက်မျိုးလိုက် အနိုင်ကျင့်လို့ရတယ် ထင်မနေနဲ့... သူများတွေကိုသာ ရရင်ရမယ် ကျွန်မကိုတော့ မရဘူး"

'မေ့' ရဲ့အသံက ဒေါသကြောင့် အက်ကွဲပြာနှမ်းလို့နေသည်။ ပတ်ဝန်းကျင်မှာ လူရှင်းနေတာက အားလုံးအတွက် ကံကောင်းနေရ၏။ ဒါပေမယ့်လည်း မြင်တဲ့သူတချို့ တလေ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ရှိမှာပါ။ ကောင်လေးတချို့ ပြေးထွက်သွားတာကို 'မေ' လှမ်းမြင်လိုက်ရသေးတာပဲ။

"အစ်မ… ဒီကောင်မ သိပ်လူပါးဝနေတယ်… စကားနဲ့ပြောလို့ ဆင်ခြင်မယ့်ပုံမရဘူး… ပါးကို ဘယ်ပြန်ညာပြန် ဖူးယောင်သွားအောင် ရိုက်ပစ်လိုက်မှပဲ မှတ်မှာ"

"ရိုက်ပစ်… ရိုက်ပစ်"

သုံးယောက်လောက် ပြိုင်တူရှေ့သို့တိုးလာတာကြောင့် 'မေ' ကိုယ်ခန္ဓာက အနောက်သို့ အလိုလိုဆုတ်သွားခဲ့ရပါသည်။ အများနဲ့တစ်ယောက်ဆို ဘယ်လိုပဲပြန်ချပြန်ချ ကိုယ်ပဲအရှုံးနဲ့ရင်ဆိုင်ရမှာ ကျိန်းသေနေသည်။

ကိုယ်ခန္ဓာချင်း ယှဉ်ရင်လည်း 'မေ' က ပိန်ပိန်ပါးပါး သူတို့က ဝဝတုတ်တုတ်နဲ့ သန်မာထွားကျိုင်းကြသည်။

"ဘာလို့ နောက်ဆုတ်သွားတာလဲ… ကြောက်လို့လား ဟုတ်လား… ခုမှ ကြောက်မနေနဲ့… ညည်းရဲ့ဇကို ဖျောက်ပစ်မှ နောက် ငါတို့တဆွေလုံးတမျိုးလုံးကို မလှန်ရဲမှာ"

ကိုယ်ရပ်နေတဲ့ ပတ်ဝန်းကျင်တဝိုက်ကို ဝေ့ဝိုက်ကြည့် ကာ ခပ်မြန်မြန်ပဲ မျက်လုံးကစားလိုက်မိပါသည်။ သူတို့ကိုအရှုံးပေးလိုက်လို့တော့ မဖြစ်ပါ။ မနိုင် နိုင်တဲ့နည်းကို သုံးရမှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟော ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့ ဝါးရင်းတုတ်အပိုင်းအစ တစ်ခုက 'မေ့' ရဲ့ အားကိုးရာပဲ မဟုတ်လား။

'မေ' သည် အပြေးအလွှားပင်ဝါးရင်းတုတ်တိုကိုကောက် ယူကာ လေထဲသို့ အားသွန်ခွန်စိုက် ဇော့ယမ်းပစ်နေမိပါသည်။ 'မေ့'ရဲ့ခြေလှမ်းတွေက ရှေ့သို့ပြန်တိုးကာ သူတို့ခြေလှမ်းတွေက အလိုလိုကြောက်လန့်ပြီး နောက်ဆုတ်ကုန်ရလေသည်။

"လာလေ… လာကြလေ… တစ်ခုခုဆို ဆွေမျိုးတောင့် တယ်ဆိုပြီး ကျီးလို ဝိုင်းအာချင်ကြတဲ့ဟာတွေ… ရှေ့တိုးကြ လေ… ကျီးမျိုးကို ဖြုတ်ပစ်လိုက်မယ်အောင်းမေ့… လူကြီးတွေ ဖြစ်ပြီး အကျင့်မကောင်းကြဘူး… နိုင်တယ်ဆိုပြီး ဖိမဲနေချင်ကြ တယ်"

'မေ' တစ်ယောက်တည်း ဝရုန်းသုန်းကား ထင်တိုင်းကြဲ နေချိန်မှာ စကားသံတစ်ခုက 'မေ့' အား ချုပ်ထိန်းပစ်လိုက်ပါ သည်။

"ညည်းလက်ထဲက တုတ်ကိုချလိုက်စမ်း… အမယ် လေး… လုပ်ပုံကိုင်ပုံက မိုက်ရိုင်းလိုက်တာ…ငါ မဆုံးမထားတာ ကျနေတာပဲ"

ဟု အမေ့ရဲ့လေသံက ဝမ်းနည်းကာ တုန်ခိုက်လို့နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေငိုနေတာကိုမြင်တော့ ဖြစ်နေတဲ့ ကိုယ့်ရဲ့ဒေါသကို ပြန်လျော့ချပြီး တုတ်ကို ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်မိပါသည်။

"ဘယ်လိုလုပ်ပြီး အမေက ဒီကိုရောက်လာရတာလဲ… ကျွတ် စိတ်ညစ်လိုက်တာအမေရာ… အိမ်မှာ ကိုယ့်ဖာသာ နေနေတာ မဟုတ်ဘူး"

"ဘယ်လိုလုပ်ပြီးနေနိုင်မှာလဲ… ညည်းက တဇွတ်ထိုး လုပ်ချင်ရာလုပ်နေမှတော့ အမေဖြစ်တဲ့ငါက ဘယ်လိုလုပ်ပြီး ခပ်အေးအေးနေလို့ရပါ့မလဲ… မိုက်လိုက်တာ 'မေ' ရယ်"

"ခုဖြစ်ပျက်နေတဲ့ကိစ္စတွေမှာ 'မေ့' ဘက်က အမှားမရှိဘူး အမေ… သူတို့တွေက လူအုပ်စုနဲ့ ဝိုင်းအနိုင်ကျင့်ချင်ကြလို့ တုတ်ဆွဲတဲ့အထိ ဖြစ်သွားရတာ"

အမေက ခေါင်းတခါခါဖြင့် 'မေ့' အား စိတ်ပျက်သလို ကြည့်လာပါသည်။ အမေကိုယ်တိုင်လည်း 'မေ့' ရဲ့ ခံစားချက်ကို နားလည်စာနာပေးနိုင်တဲ့သူတစ်ယောက် မဟုတ်ပါလားဆိုတဲ့ အသိဖြင့် ရင်ထဲမှာ ဝမ်းနည်းသွားရလေသည်။ ကျချင်နေတဲ့ မျက်ရည် ကို 'မေ့' မှာ မနည်းထိန်းနေခဲ့ရ၏။

"ကျွန်မသမီးအတွက် ကျွန်မ တောင်းပန်ပါတယ်ရှင်… နောက်ဒါမျိုးမဖြစ်စေရဘူးလို့ ကျွန်မဘက်က အာမခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့ တောင်းပန်ခယနေတဲ့အသံက 'မေ့' နားထဲသို့ မိုးကြိုးပစ်ချလိုက်တဲ့အတိုင်းပါပဲ။

"အမေ... ဘာတွေပြောနေတာလဲ"

"မှန်တာတွေ ပြောနေတာလေ"

"ဟာ... သမီးမမှားဘူး... ဘယ်သူ့ကိုမှ 'မေ့' ဘက်က စ မစော်ကားခဲ့ဘူး... အမေ မှားနေပြီ"

"ရှည်မနေနဲ့"

"တော်ပါတော့ အမေရယ်... ပြန်တာပဲကောင်းပါတယ်"

ဟု ဒွတ်ပြောရင်း 'မေ' က အမေ့လက်ကိုဆွဲကိုင်ခေါ်ယူလိုက်ပါသည်။ 'မေ' ခေါ်ပေမယ့် အမေက အလွယ်တကူ လိုက်မလာပေ။

"နေအုံး... 'ဒေါ်လွင်လွင်' တို့ကို ညည်းပြောချင်ရာပြော လုပ်ချင်ရာလုပ်ပြီးမှ ဟောဒီအတိုင်း ပြန်သွားလို့ဘယ်ဖြစ်မှာ လဲ... တောင်းပန်ရမယ်... ခုချက်ချင်း မှားပါတယ်ဆိုပြီး ထိုင် ကန်တော့လိုက်"

"အမေ..."

'မေ့' ရဲ့အသံက ဝမ်းနည်းရက်စွံ့လွန်းအားကြီးနေတာ ကြောင့် ရင်ခေါင်းသံကြီးနဲ့ လှိုက်သံပါနေရလေသည်။ 'ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



လွင်လွင်’ တို့ကို ဘယ်လိုခွင့်လွှတ်ကြေအေးမှုမျိုးနဲ့ ‘မေ’ က ဦးချပြီး ထိုင်ကန်တော့လိုက်ရမလဲ။

‘မေ့’ ရင်ထဲက နာကြည်းမှုတွေကိုရော ဘယ်ချောင်မှာ သွားထိုးထည့်လိုက်ရမလဲ။ အမေ့ရဲ့ခိုင်းစေချက်က တအားကို ရက်စက်လွန်းပါသည်။

လက်သီးကိုစုပ်ကာ ခေါင်းကိုငုံ့ပြီး ပေကတ်ကတ်ပုံစံဖြင့် ‘မေ’ ဒီအတိုင်းရပ်နေလိုက်ပါသည်။

“ဟဲ့… ငါပြောနေတာကြားလား… ထိုင်ကန်တော့ပြီး တောင်းပန်လိုက်လေ”

“မကန်တော့ချင်ဘူး… ‘မေ’ မှ မမှားခဲ့တာ”

“နေပစေ ‘မြခက်’ ညည်းသမီးကို ညည်းနိုင်အောင် ထိန်းထားနိုင်ရင်ပဲ ငါတို့ဘက်က ကျေနပ်တယ်… နောက်ဒါမျိုး စော်ကားတာမျိုး ဖြစ်လို့ကတော့ ငါတို့ဘက်က သည်းခံခွင့်လွှတ်မှာ မဟုတ်ဘူး… ညည်းသမီးဘယ်လောက် ရိုင်းတယ်ဆိုတာကို ညည်းမျက်မြင်ပဲ မဟုတ်လား”

ဟု အထက်စီးလေသံနဲ့ ‘ဒေါ်လွင်လွင်’ က ပြောလာပါသည်။ စပြီးရိုင်းတာက သူတို့။ တကယ်လက်တွေ့မှာကျတော့ ရှိသမျှအပြစ်တွေအကုန်လုံးကို ‘မေ’ တစ်ယောက်တည်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ပုံချပစ်လေသည်။ ပြန်ချေပနိုင်တဲ့ စွမ်းအားမျိုးတွေ 'မေ' မှာ ရှိမနေတဲ့အတွက် ရင်နာနာနဲ့ အံကြိတ်ပြီးသာ နေနေရပါသည်။ ကိုယ့်သမီးဘက် မလိုက်သော အမေ့ကိုလည်း စိတ်နာမိသည်။

"ကျွန်မ အရမ်းကို တောင်းပန်ပါတယ်ရှင်... ဟဲ့... ငါ ပြောနေတယ်လေ... ထိုင်ကန်တော့ပြီး တောင်းပန်လိုက်ဆိုတာ ကို မကြားဘူးလား"

"ဟင့်အင်း... အမေ"

'မေ့' မျက်ဝန်းမှာ ဝမ်းနည်းရှက်ရွံ့စိတ်ကြောင့် မျက်ရည် တွေ ပြည့်အိုင်လာခဲ့ရ၏။ လူငယ်ဖြစ်တိုင်း မမှားဘဲနဲ့ အရှုံးပေး လိုက်ရစမြဲလား။ အမေ ဘာကိုကြောက်နေရတာလဲ။

သူတို့ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ 'မေ' တို့ဘက် က သူတို့ဆီက အကူအညီတစ်ခုတလေယူခဲ့ဖူးလို့လား။ ကိုယ့် အပေါ်မှာ သူတို့ကျေးဇူးတွေ ရှိနေတယ်ဆိုရင်လည်း ထားပါ တော့။

အမေ့ရဲ့ အောက်ကျို့ အရှုံးပေးမှုက တရားလွန်ဖြစ်နေ ခဲ့ရလေသည်။ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို အမေ့ဘက်က တရားလွန်တောင်းဆိုနေဖို့ မသင့်ပါဘူး။ 'မေ့' ကိုချစ်တယ် ဆိုရင် အားငယ်အရှုံးပေးနေရတဲ့ ကိုယ့်သမီးဘက်ကို အမေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေးရမှာပေါ့။ အခုတော့...

"ကဲ... ကျွန်မတို့ပြန်မယ်... ညည်းသမီးကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ မှတ်ထား"

"အို... ကျွန်မသမီးက ငယ်သေးလို့ နားမလည်သေးတာပါရှင်... အာဃာတတွေ မထားပါနဲ့"

"ရှင့်သမီးရဲ့ မျက်နှာပေးနဲ့ အချိုးအချိတ်ကရော ခွင့်လွှတ်စရာရှိလို့လား"

လှမ်းကြည့်လာသော 'ဒေါ်လွင်လွင်' ရဲ့ မျက်လုံးအကြည့်က စူးရှပြင်းထန်လို့နေပါသည်။ အမေပျော့နေခဲ့လို့ သူ့ဘက်က ပိုပြီး ခက်ထန်တင်းမာပြလာတာပါ။ ခုဏတုန်းကတော့ 'မေ' တုတ် နဲ့ရိုက်မှာကြောက်ပြီး ထွက်မပြေးရုံတမယ် ရှောင်ရှားနေတာ သူ မဟုတ်တဲ့အတိုင်းပါပဲ။

" 'မေ'... ညည်းကို ငါနောက်ဆုံးပြောမယ်... 'ဒေါ်လွင်လွင်' တို့ကို အခုထိုင်ကန်တော့ပြီး တောင်းပန်လိုက်... ညည်းမကန်တော့ ဘူးဆိုရင် အမေဖြစ်တဲ့ ငါပဲ ညည်းကိုယ်စားဝင်ကန်တော့ပြီး တောင်းပန်လိုက်တော့မယ်.... ငါ့ကိုလည်းအမေလို့ ညည်းမသတ်မှတ်နဲ့တော့"

ဟူသော အမေ့ရဲ့စကားသံက ခြိမ်းခြောက်အနိုင်ယူမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



များစွာ ပါဝင်လျက်ရှိနေပေသည်။ 'မေ' ရဲ့မာနတွေက အရည်ပျော်မကျလို့ ဘာဖြစ်နိုင်တော့မှာလဲ။

အရှုံးပေးရခြင်းက 'မေ့'အတွက်တော့ အလွန်ခါးသီးဖွယ်ကောင်းနေရပါသည်။ လူငယ်တစ်ယောက်ဖြစ်နေပေမယ့် 'မေ့' ရဲ့ မိုက်ရူးရဲအနိုင်ယူချင်တဲ့စိတ်က ရှင်သန်ခွင့်မရဘဲ ရေငွေ့ပူပူနဲ့ အသတ်ခံလိုက်ရပြီဖြစ်သည်။

ချစ်သူတစ်ယောက်ကို မဆုံးရှုံးစေချင်လို့ အနိုင်ပြန်အရတိုက်ယူနေချိန်မှာမှ ကိုယ့်ရဲ့အမေဖြစ်သူရဲ့ ပြတ်သားစိမ်းကားမှုက ရင်ကိုဓါးနဲ့ထိုးချလိုက်တဲ့အတိုင်းပါပဲ။ 'မေ့' မှာ ရွေးချယ်စရာ လမ်းမရှိတော့ချေ။ မျက်လုံးကို စုံမှိတ်ကာ အရုပ်ကြိုးပြတ်ဒူးထောက်ထိုင်ချပြီး အမေ့စိတ်တိုင်းကျ 'ဒေါ်လွင်လွင်' တို့ကိုထိုင်ကန်တော့လိုက်ရပါသည်။

ခွင့်လွှတ်ပါဆိုတဲ့ စကားတစ်ခွန်း 'မေ့' နှုတ်ကမထွက်ခဲ့ပါ။ ဒူးထောက်အရှုံးပေးလိုက်ရခြင်းကြောင့် ကျလာတဲ့မျက်ရည်စက်တွေကတော့ 'မေ့' ဘဝရဲ့ ခွန်အားတွေအဖြစ်ပဲသတ်မှတ်လိုက်တော့မည်။ ဒီမျက်ရည်တွေကို ပြန်သတိရမိတိုင်း 'ဒေါ်လွင်လွင်' တို့ အသိုင်းအဝိုင်းကို 'မေ' မေ့နိုင်တော့မယ်မထင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ နာရီလက်တံပြောင်းလဲနေသလိုမျိုး အပေါ်နဲ့ အောက်လှည့်ပတ် ရှင်သန်နေရတာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com






အပ်ချုပ်စက်အသစ်တစ်လုံး မထင်မှတ်ဘဲ အိမ်သို့ရောက်လာရတာသည် ‘မေ့’ ရဲ့စိတ်ကို အံ့ဩဆန်းကျယ်စေပါသည်။ အလုပ်က ပြန်ရောက်ရောက်ချင်း အမေ့ကို နှုတ်မဆက်နိုင်ဘဲ စက်အသစ်လေးကိုသာ စိတ်ဝင်တစား လှည့်ပတ်ကြည့်ရှုနေမိလေသည်။ ဘယ်လိုလုပ်ပြီး ဒီအပ်ချုပ်စက်က အိမ်ပေါ်ရောက်နေရတာလဲ။

စက်တစ်လုံးဝယ်နိုင်လောက်တဲ့ ငွေကြေးပမာဏ အမေ့လက်ထဲမှာ ရှိမနေဘူးဆိုတာကို ‘မေ’ သိနေခဲ့တာပဲ။ ထူးတော့



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားနေပါပြီ။

"စက်ကိုကြည့်ပြီး သမီးက အံ့ဩနေတယ်နဲ့တူတယ်… ဒီစက်ကို အမေဝယ်လိုက်တာလေ"

"ဝယ်လိုက်တာ"

"ဟုတ်တယ်… ကိုယ့်အိမ်မှာပဲ သက်ခြာရှိရှိလေးချုပ်စား တော့မယ်… စက်ဆိုင်မှာ အမေသွားချုပ်စရာ မလိုတော့ဘူး"

ဟု ခပ်ပြုံးပြုံး မျက်နှာပေးနဲ့ အမေက ပြောသည်။ စိတ်ချမ်းသာပြုံးရွှင်နေတဲ့ အမေ့ရဲ့မျက်နှာကို 'မေ' မမြင်ခဲ့ရတာကြာပြီမဟုတ်လား။ အိမ်မှာ ထူးခြားမှု တစ်စုံတရာ ရှိနေတာတော့ သေချာနေပါပြီ။

"အမေ ဘယ်ကနေ ပိုက်ဆံရလို့လဲ… စက်တစ်လုံးတန်ဘိုးက နည်းတာမှ မဟုတ်တာ"

"စက်ဆိုင်ပိုင်ရှင်က အမေ့ကို သနားလို့ သူ့ပိုက်ဆံခဏစိုက်ပြီးဝယ်ပေးတာလေ… စက်တန်ဘိုးကို လပေးသဘောမျိုးနဲ့ ပြန်ဆပ်သွားရမှာပေါ့"

"ဟင်… သနားတာကလည်း ခုမှပဲ ထသနားရတယ်လို့… အမေ သူတို့ဆိုင်မှာလုပ်တာဖြင့် နှစ်ပေါင်းမနည်းတော့ဘူး ဘာပေးဖူးသလဲ… ပိတဲ့ အထည်ဖြတ်စတွေတောင် ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘဲနဲ့များ… အံ့ဩစရာကြီး”

“ဒါကတော့ အလုပ်သဘောမို့လို့လေ… ကဲပါ… ဘာပဲဖြစ်ဖြစ် အမေတို့အတွက်ကတော့ အဆင်ပြေပြီ… အမေအလုပ်တွေကို သမီးကူလုပ်ပေးရမယ်နော်… ခုလုပ်နေတဲ့အလုပ်ကနေထွက်လိုက်တော့”

“စက်ချုပ်တာက အမေတစ်ယောက်တည်းနဲ့ မဖြစ်လို့လား”

“သမီးပါရှိတော့ ပိုတွင်ကျယ်တာပေါ့ကွယ်… အမေပြောတဲ့စကား နားထောင်စမ်းပါ”

အမေစိတ်ချမ်းသာရင်ပြီးတာပဲဟု သဘောထားကာ လုပ်နေတဲ့အလုပ်ကနေ ‘မေ’ ထွက်ပစ်လိုက်ပါသည်။ စက်ဆိုင်ကလေးဖွင့်လိုက်၍ ဝင်ငွေကတော့ ခါတိုင်းနဲ့စာရင် ပေါပေါသီသီကလေး ဝင်၍လာပါသည်။ ကြော်ငြာစရာမလိုဘဲနဲ့ကို လူတွေဘယ်ကနေ ဘယ်လိုသိလာ၍လည်း မပြောတတ်။

အမေ့ဆီမှာ အပ်ထည်တွေများလှပါသည်။ အမေချုပ်တဲ့ဒီဇိုင်းတွေကလည်း ဆန်းပြားပုံဆန်းလို့လားဆိုတော့လည်း မဟုတ်ပါ။ သာမန်ချုပ်တဲ့ ခပ်ရိုးရိုး မိန်းမအင်္ကျီတွေပုံအတိုင်းပဲ ဖြစ်သည်။ တစ်ခါတရံ ‘မေ’ ကဝင်ပြီး ဘယ်အနားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာ ထားလိုက်တာက ပိုကောင်းသည်ဟု အကြံ ဉာဏ်ပေးလိုက်မှ အမေက အကွက်မြင်တတ်လေသည်။

'မေ' က စက်ချုပ်တဲ့နေရာမှာ အမေ့လောက် မကျွမ်း ကျင်ပေမယ့် ပုံစံဒီဇိုင်းကတော့ လူငယ်တစ်ယောက်ဖြစ်နေတာမို့ အမေ့ထက်ပိုပြီး ပြင်တတ်ဆင်တတ်သည်။ လာအပ်တဲ့သူတွေ ကလည်း ကြာလာတာနဲ့အမျှ 'မေ' ပြောတဲ့ ဒီဇိုင်းလေးတွေကို သာ သဘောတွေ့ပြီး ချုပ်တတ်လာကြပါသည်။

စီးပွားရေးအနည်းငယ် အဆင်ပြေနေတဲ့အတွက် 'မေ့' ရင်ထဲဝမ်းသာရပေမယ့် အပြည့်အဝတော့ မပျော်နိုင်ပါ။ ပျောက် ချင်းမလှပျောက်ပြီး အဆက်အသွယ်ပြတ်နေတဲ့ 'ကောင်လေး' အားသတိရနေမိသောကြောင့်ဖြစ်၏။ 'ကောင်လေး' ရှိတဲ့နေရာ ကို သိများသိရင်ဖြင့် 'မေ' လိုက်သွားမိမှာ ကျိန်းသေနေပါ သည်။

'မေ့' ဘက်က တတ်နိုင်သလောက်လည်း 'ကောင်လေး' နဲ့ပတ်သက်တဲ့ သတင်းအစအနေတွေကို စုံစမ်းကြည့်နေတာပါ ပဲ။ ခက်နေတာက 'မေ့' အား အမေက ခါတိုင်းလို လွတ်လွတ် လပ်လပ် အပြင်ပေးထွက်ခြင်း မရှိတာပါ။ 'မေ' ဘယ်ကိုပဲသွား သွား အမေကအမြဲတမ်း အတူတူလိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရလျှင် 'မေ့' အား မျက်စိအောက်က အပျောက်မခံတဲ့အတိုင်းကို ဖြစ်နေလေသည်။ စိတ်ထဲ ကျဉ်းကြပ်နေပေမယ့် 'မေ့' ဘက်မှာလည်း အပြင်ထွက်ပြီး တွေ့ဆုံပတ်သက်စရာ 'ကောင်လေး' ရှိမနေတာမို့ 'မေ' ကိုယ်တိုင်လည်း အပြင်သို့ သိပ်မထွက်ဖြစ်ပါ။ အိမ်ထဲမှာပဲနေပြီး အမေ့ရဲ့အလုပ်တွေကို ကူလုပ်ရင်း ကူလုပ်ရင်းနဲ့ စက်ချုပ်တဲ့အပိုင်း ပိတ်စညှပ်တဲ့အပိုင်းတွေပါ ကျွမ်းကျင်တဲ့အဆင့် ရောက်လာရပြီဖြစ်၏။

တစ်နေ့မှာတော့ ဆိုင်အတွက် လိုအပ်တဲ့ အပ်ချည်တို့ ဘာတို့ကို အမေနဲ့အတူ ဈေးမှာဝယ်နေစဉ် မျှော်လင့်မထားဘဲ 'လေအိုး' ကို ခပ်လှမ်းလှမ်းမှာမြင်လိုက်ရလေသည်။ မတွေ့ရတာ အတော်ကြာလှပြီမို့ ဖျတ်ကနဲ မြန်မြန်ဆန်ဆန်ပင် 'လေအိုး' ရှိရာဆီ အပြေးလာခဲ့မိလိုက်ပါသည်။

အမေက ချည်လုံးတွေကို အရောင်မထပ်အောင် စိတ်ဝင်တစား ရွေးချယ်နေတာကြောင့် 'မေ' ထွက်လာတာကို သိလိုက်ပုံမရချေ။ 'မေ' သည် 'လေအိုး' ထွက်သွားတဲ့နောက်ကို ခပ်သွက်သွက်ကလေး အမြန်ပြေးလိုက်ရင်း အနောက်ကနေ 'လေအိုး' ရဲ့ပခုံးကို လက်ဝါးနဲ့ အရှိန်ပြင်းပြင်း ရိုက်ထည့်ပစ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လှည့်ကြည့်လာသော 'လေအိုး' ရဲ့မျက်နှာက 'မေ့' ကိုအတွေ့ အတော်အံ့သြသွားပုံရ၏။

"နင်တော်တော်စိတ်ပုတ်ပါလားဟင်... ငါ့ဆီကို တစ်ချက်ကလေးတောင် ပေါ်မလာဘူး... သိပ်ကိုနေနိုင်နေတယ်ပေါ့ ဟုတ်လား... ငါကတော့ နင်တစ်ယောက်တည်း အားကိုးရှိတယ်ဆိုပြီး မျှော်လိုက်ရတာ... ဟိုလူတွေ့လည်းမေးလိုက်... ဒီလူတွေ့လည်း မေးလိုက်နဲ့"

'မေ့' အသံတွေက ဝမ်းသာဝမ်းနည်းဖြစ်နေတာကြောင့် တုန်ရီလို့နေသည်။ 'လေအိုး' က ပတ်ဝန်းကျင်ကို အကဲခတ်ကာ လျှောက်ကြည့်ရင်း ...

"နင်ဘယ်သူနဲ့လာတာလဲ... အဖော်ဘယ်သူ့ကို ခေါ်ခဲ့တာလဲ"

ဟု စိုးရိမ်မကင်းတဲ့ပုံစံဖြင့် ပြန်မေးသည်။

"အမေပါတယ်လေ... အမေကတောင် နင်မလာတာကြာလို့တဲ့ စိတ်ပူပြီးမျှော်နေသေးတယ်"

"အဲဒါ အလကားပြောတာ... အဒေါ်ကငါနဲ့လမ်းမှာ တွေ့ရင် မကျေမနပ်နဲ့ မျက်စောင်းတောင် ထိုးသွားသေးတာ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို လုံးဝ ကြည့်တာမဟုတ်ဘူး"

"ဟယ်... မဖြစ်နိုင်တာ... ငါပြောတာ မယုံရင် နင် ငါနဲ့ လိုက်ခဲ့လိုက်"

"အဲဒါမှ ပြဿနာက ပိုဆိုးသွားမှာ... နင့်ကို ပြောစရာတွေ အများကြီးရှိတယ်... ငါတို့နှစ်ယောက် တစ်နေရာရာကို သွားရအောင်"

"ငါတို့နဲ့အတူတူ အိမ်ကိုလိုက်ခဲ့လေဟာ... အိမ်ကျမှ အေးအေးဆေးဆေးပြောပြ... 'ကောင်လေး' အကြောင်းလည်း သိချင်သေးတယ်"

"မဖြစ်ပါဘူးဟာ... ငါ့စကားနားထောင်စမ်းပါ... နင် လျှာရှည်နေတာနဲ့ပဲ အဒေါ်ရောက်လာတော့မယ်... ဒီက မြန်မြန်သွားတာပဲကောင်းတယ်"

ဟုပြောပြီး 'လေအိုး' က 'မေ့' ရဲ့လက်ကိုဆွဲကာ ရပ်နေရာမှ မပြေးရုံတမယ်သွားလေသည်။ ဘုမသိဘမသိနဲ့ပင် 'လေအိုး' ခေါ်တဲ့နောက်သို့ 'မေ' တစ်ယောက်ပါလာခဲ့ရပါသည်။ ဈေးအနောက်ဘက် လူရှင်းသော လမ်းကြားကိုရောက်မှ 'လေအိုး' က သူ့ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်၏။

"ကဲ... ဟိုအပင်ခြေရင်းမှာ ထိုင်ပြီးပြောပြမယ်... နင်



www.burmeseclassic.com

www.burmeseclassic.com



သေချာနားထောင်”

“ငါသိချင်တာ ‘ကောင်လေး’ နဲ့ပတ်သက်ပြီးပဲ သိချင်တာ ကျန်တဲ့ကိစ္စတွေမသိချင်ဘူး… ‘ကောင်လေး’ အခု ဘယ်မှာရှိနေသလဲ”

“ရန်ကုန်ကို ပို့ထားတယ်… နေပါအုံး ‘မေ’ ရယ်… ငါပြောတာကိုလည်း စိတ်ရှည်ရှည်နားထောင်စမ်းပါ… အဖြစ်အပျက်တွေအားလုံးကို နင်သိထားမှ ကိစ္စရပ်အားလုံးကို နင်သဘောပေါက်မှာပေါ့”

“ကဲ… ပြောပြစမ်းပါ”

“ပြောရရင် နင့်အမေနဲ့ ‘ကောင်လေး’ အမေနဲ့ပေါင်းပြီး နင် တို့နှစ်ယောက်ကို ခွဲထားကြတာပဲ သိရဲ့လား… အန်တီက နင့်အမေကို ငွေနဲ့ပေါက်ပြီး သူ့လူ လုပ်ထားတာ… သူတို့ဘာပဲပြောပြော အဒေါ်က နာခံလိုက်တာကြီးပဲ… ‘ကောင်လေး’ နဲ့ နင်နဲ့ မပတ်သက်စေရဘူးလို့လည်း ကတိပေးထားတယ်… အန်တီတို့ကအဒေါ် ကျေနပ်အောင် ပေါင်ထားတဲ့ နင်တို့မြေဂရန်နဲ့စက်တစ်လုံးကိုပါ ရွေးပြီး ဝယ်ပေးလိုက်တာ ရှင်ပြီလား”

‘မေ့’ ဦးနှောက်တွေ ချာချာလည် မူးဝေးသွားရတော့၏။ အမေ ရက်စက်လိုက်တာ။ ကိုယ့်သမီးရဲ့ခံစားချက်နဲ့ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို မငဲ့ညှာမထည့်တွက်ဘဲ ငွေမျက်နှာတစ်ခုတည်းနဲ့ 'ဒေါ်လွင်လွင့်' ဘက်ကို ဘက်လိုက်ပြီး ပါသွားခဲ့သည်။ 'မေ့' ရှေ့မှာကျတော့ အိုင်တင်တခွဲသားနဲ့ နေပြနေတာကြည့်ပါအုံး။

အမေ့အတွက် အလုပ်တွေကို ကြိုးစားပမ်းစား လုပ်ပေးနေရတာသည် စက်ဖိုးအကြွေး ကြေစေချင်တဲ့စေတနာကြောင့်ပါ။ခုတော့ 'မေ့' ရဲ့ ကြိုးစားမှုတွေက ဘာတန်ဘိုးရှိတော့မှာလဲ။ အလကားပဲပေါ့။ အမေ့ရဲ့ အလိမ်အညာစကားတွေကို ယုံပြီး 'မေ့' ဘက်က လိမ္မာခဲ့တာတွေသည် 'ဒေါ်လွင်လွင်' တို့အတွက်တော့ စိတ်အတော် ချမ်းသာစရာ ဖြစ်နေခဲ့မှာ သေချာပါသည်။

" 'ကောင်လေး' နေတဲ့လိပ်စာကို နင်သိသလားဟင်... ငါ့ကို ပြောပြစမ်းပါ"

"မသိဘူး... ရန်ကုန်မှာဆိုတာပဲသိတယ်... အိမ်ကလူတွေက ငါရှေ့မှာ 'ကောင်လေး' နဲ့ပတ်သက်ပြီး ဘာစကားမှ မပြောကြဘူးဟ... ငါ့ကို မယုံတော့ဘူး... အလုပ်ပေးထားတာတောင် ကျေးဇူးတင်ရအုံးမယ်"

" 'ကောင်လေး' ဆီကကော ဘာအဆက်အသွယ်မှ မရဘူးလား"

"မရဘူး... အန်တီတို့ကတော့ တစ်ပါတ်တစ်ခါလောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပုံမှန်လိုက်သွားကြတာပဲ... ငါ့စိတ်ထင် 'ကောင်လေး' ဟိုမှာ သောင်းကျန်းနေလို့ဖြစ်ရမယ်"

"အဲ့ဒီလို သတင်းတွေသိရအောင် နင်နဲ့ငါဘယ်လိုတွေ့ရမလဲ 'လေအိုး' ရယ်... နင်ကလည်း အိမ်ကိုလာခဲ့ပါဆို မလာရဲဘူး... ဘာမှ မဖြစ်ပါဘူးဟာ... အမေ့အတွက် ငါအာမခံပါတယ်"

"မဖြစ်ပါဘူးဟာ... ငါ့ကို ရိုက်မယ့်ပုံ"

"ကျွတ်... နင်က စစ်မရောက်ခင် မြွားကုန်နေတာကို... လာခဲ့ဟာ... နင် ငါ့အိမ်ကို ရောက်လာမှ နင်ပြောတာ တကယ်ဟုတ်မဟုတ်ဆိုတာကို ယုံလိုက်မယ်"

ဟု သက်ာမကင်းတဲ့လေသံနဲ့ 'မေ' က အတင်းခေါ်ယူလိုက်ပါသည်။ 'လေအိုး' မျက်နှာက ရှုံ့မဲ့ပြီး သေတော့မယ့်အတိုင်းဖြစ်နေလေသည်။

"ငါပြောတာကို ယုံစမ်းပါ 'မေ' ရယ်... ငါ နင့်ဆီရောက်လာရင် ပြဿနာတွေ ပိုကြီးကျယ်ကုန်လိမ့်မယ်ဟာ... သုံးရက်တစ်ခါလောက်ပဲ ခိုးတွေ့ကြမယ်ဟာ... နင်နဲ့ 'ကောင်လေး' နဲ့တွေ့နေကြ ရေပိုက်လုံးကြီးထဲမှာတွေ့ကြမယ်... အချိန်ကို နင်တစ်ခါတည်း သတ်မှတ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်းဟာ... ငါ့အိမ်ကို နင်အရင်ရောက်အောင် လာ... ဒီလိုလုပ်... ဒီနေ့ညလာခဲ့... လက်ဖက်သုပ်ထားပြီး ငါ သေချာစောင့်နေမယ်"

ငယ်နိုင်ဖြစ်နေတာကြောင့် 'မေ့' ရဲ့စကားကို 'လေအိုး' မငြင်းနိုင်တော့ချေ။ ခေါင်းညိတ်သဘောတူလိုက်မှ လမ်းခွဲပြီး 'မေ' ပြန်လာခဲ့လိုက်သည်။ အမေက ဈေးထဲမှာ မျက်လုံးပြူး မျက်ဆံပြူးနဲ့ 'မေ့' အား လိုက်ရှာဖွေနေလေသည်။ 'လေအိုး' နဲ့အတူ ထွက်သွားတာကို ဘယ်သူမှ မရိပ်မိလိုက်တာကဘဲ ကံကောင်းပါသည်။

"ဘယ်ပျောက်သွားတာလဲ... အမေဖြင့် စိတ်ကိုပူသွား တာပဲ... တစ်ဈေးလုံးကို ပတ်ရှာတာ နှံ့နေပြီ"

"ဗိုက်နာလို့ အိမ်သာသွားတက်တာပါ... ဘာဖြစ်လို့ အမေက ဒီလောက် အသည်းအသန်ဖြစ်နေရတာလဲ... ရှာလို့ မတွေ့ရင်လည်း အိမ်ပြန်သွားလိုက်တာ မဟုတ်ဘူး"

"ပူရတာပေါ့... အမေ့အတွက် သမီးက အရေးအကြီး ဆုံးပဲ"

"ဘာလဲ... 'ကောင်လေး' နောက် လိုက်သွားမှာ စိုးလို့ လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရိသဲ့သဲ့ အမေးကြောင့် အမေ့မျက်နှာက အတော်ကြီး ပျက်ယွင်းသွားခဲ့လေသည်။

"ဘာစကားတွေ လျှောက်ပြောနေတာလဲ... သူတို့မိသားစုနဲ့ နည်းနည်းကလေးတောင် မပတ်သက်ချင်ဘူး... လောကကြီးမှာ အမေစိတ်အနာဆုံးက 'ကောင်လေး' တို့ မိသားစုကိုပဲ မှတ်ထား"

အမေရဲ့အပြောက ပိုင်နိုင်သပ်ရပ်လှပါသည်။ အမေ့အကြောင်းတွေကို မသိသေးဘူးဆိုရင်တော့ အမေပြောလိုက်တဲ့ စကားတွေက 'မေ့' အတွက် ခွန်အားတွေပါပဲ။ အခုတော့ ရယ်စရာ ဖြစ်နေခဲ့ရ၏။

"ဟုတ်လို့လား အမေရယ်... 'မေ' ကတော့ မထင်ပါဘူး"

"ဘာကိုပြောတာလဲ"

"ဟင့်အင်း... 'ကောင်းလေး' ရဲ့အသိုင်းအဝိုင်းကို အမေ့လိုပဲ မုန်းတယ်လို့ပြောတာ"

'မေ' သည် ကိုယ့်ရင်ထဲက အံ့ကြွပေါက်ကွဲချင်နေတဲ့ ကိစ္စတွေကို အသာကလေး မြိုသိပ်ချရင်း အရင်နေ့တွေက အတိုင်း ဟန်မပျက် နေနေမိသည်။ လုပ်စရာ အလုပ်တွေကို ပုံမှန်အတိုင်း လုပ်ပေးနေရင်း 'လေအိုး' ရောက်လာမယ့်အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အမျှော်လင့်ကြီး မျှော်လင့်နေမိပါ၏။

အလင်းရောင် တဖြည်းဖြည်းကုန်ဆုံးလာလေ 'မေ့' ရဲ့ မျှော် လင့်ချက်ရောင်ချည်ထွန်းတောက် လင်းလက်လို့လာရလေ ဖြစ်သည်။ ပြောထားတဲ့အတိုင်း လက်ဖက်သုတ်ထားပြီး 'လေအိုး' ရောက်အလာကို စောင့်နေမိလေသည်။ အမေ့ရဲ့စက်ချုပ်သံတဂျုန်းဂျုန်းက 'မေ့' ရဲ့ ရင်ခုန်သံစည်းချက်အတိုင်းပဲဖြစ်နေရ၏။

ခြံထဲလှမ်းဝင်လာသော 'လေအိုး' ကို တွေ့လိုက်ရတာကြောင့် 'မေ့' မျက်နှာက ပြုံးလို့သွားရပါသည်။ 'လေအိုး' တကယ်ရောက်လာခဲ့ပြီပဲ။ အမေ့ရဲ့စိတ်ရင်းအမှန်ကို 'မေ' တကယ်လက်တွေ့မြင်ရတော့မှာပေါ့။ ခြေလှမ်း တွန့်ဆုတ်ဆုတ်ဖြစ်နေသော 'လေအိုး' အား 'မေ' က အားရှိအောင် လှမ်းခေါ်လိုက်ရလေသည်။

"ဟဲ့… လာလေ… ပေါ်တော်မူကြီး… မရောက်တာဖြင့်ကြာလှပြီ"

'လေအိုး' ကိုအတွေ့ အမေ့မျက်နှာက ပျက်ယွင်းမှုန်မှိုင်းကာ စက်ချုပ်နေရာမှ လျင်လျင်မြန်မြန်ပင် 'မေ' တို့အနားသို့ ရောက်ချလာပါသည်။ 'လေအိုး' က အမေ့ကိုကြောက်ပြီး စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပါသည်။

“ထိုင်လေ... ဘာရပ်လုပ်နေတာလဲ... နင့်ကို စကားတွေ အများကြီး ပြောစရာရှိတာနဲ့ အတော်ပဲ”

“ဘာထိုင်ရမှာလဲ... ဘာမှထိုင်ဖို့ မလိုဘူး... ဟဲ့ကောင်... နင်ဘာလာရှုပ်တာလဲ... ထွက်သွားစမ်း... နင့်ကြောင့် ပြဿနာတွေ မျိုးစုံတက်ရတာ မသိဘူးလား... ငြိမ်းချမ်းကာစရှိတဲ့ ငါတို့သားအမိနှစ်ယောက်ရဲ့ဘဝကို လာမနှောင့်ယှက်နဲ့”

ဟု အမေရဲ့လေသံတွေက အံ့ဩစရာကောင်းအောင် မောက်မာရင့်သီးလွန်းနေပါသည်။ အရင်တုန်းက ‘မေ’ တို့အိမ်ဟာ စားအိမ်သောက်အိမ်ဖြစ်ခဲ့တယ်ဆိုတာ အမေ မေ့သွားပြီနဲ့တူသည်။ အမေနေမကောင်းဖြစ်တဲ့အခါများဆို ‘လေအိုး’ ပဲ ဆရာဝန်ပင့်လိုက် ဆေးပြေးဝယ်ပေးလိုက်နဲ့ စေတနာထား အကူအညီပေးခဲ့တာတွေကို ငွေမျက်နှာတစ်ခုတည်းနဲ့ အမေ ဥပေက္ခာပြုလိုက်ပြီလား။

ဝမ်းနည်းအားငယ်မှုကြောင့် ‘လေအိုး’ ရဲ့မျက်နှာက နီမြန်းကာ မျက်ရည်ပါဝဲကျလာရလေသည်။ ‘မေ’ ဝင်မပြောရင် အမေ့ရဲ့ အခြေအနေက ပိုဆိုးရွားသွားနိုင်ပါသည်။

“အမေဘယ်လိုပြောလိုက်တာလဲ... ‘လေအိုး’ က ‘မေ’



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ရန်သူမှ မဟုတ်တာ... အမေပြောတဲ့ စကားတွေက ရင့်သီး လွန်းပါတယ်... 'လေအိုး' မှာ ဘာအပြစ်မှ မရှိဘူးအမေ"

"ဒါတွေမသိဘူး... ဒီကောင့်ကြောင့် 'ကောင်လေး' နဲ့ အဆက်အသွယ်မပြတ်ဘဲ ဇာတ်လမ်းတွေ ဖြစ်ဖြစ်ကုန်တာ ပေါ့... ပြတ်နေတဲ့ ဇာတ်လမ်းကို ဒီကောင်ပဲ အာချောင်ပြီး ပြန် ဆက်အုံးမှာ ...ဒင်းနဲ့ မပတ်သက်တာ အကောင်းဆုံးပဲ... သွား ခုချက်ချင်းပြန်သွား"

ဟုပြောရင်း အမေက အတင်းကာရော တွန်းထုတ်နေ လေသည်။ မျက်ရည်ကျနေတဲ့ 'လေအိုး' ကိုကြည့်ပြီး သနား လာရတာကြောင့် အမေ့ရဲ့လက်ကို ဖမ်းချုပ်ကာ 'မေ' က ကြား ထဲကနေကာဆီးဝင်ရပ်ပစ်လိုက်ရ၏။ ခပ်စူးစူးအကဲခတ်စိုက် ကြည့်နေသော 'မေ့' ရဲ့အကြည့်တွေကို အမေပြိုင်ပြီး ရင်ဆိုင်မ ကြည့်ရဲချေ။

" 'လေအိုး' ကြောင့် အမေရဲ့ လျှို့ဝှက်ချက်တွေပေါ်မှာ ကြောက်ပြီး အတင်းကာရော မောင်းထုတ်နေတာလား... အမေ့ အစား 'မေ' ကတော့ သိပ်ရှက်တယ်... ငွေမျက်နှာတစ်ခုတည်း နဲ့ လူတစ်ယောက်ရဲ့ စေတနာတွေ သံယောဇဉ်တွေကို အမေမေ့ ဖျောက်နိုင်တာ တကယ်အံ့ဩတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဘာတွေ ပြောနေတာလဲ"

"အမေအသိဆုံးပါ... 'မေ' ပြောတဲ့ စကားအဓိပ္ပါယ် အကုန်လုံးကို အမေအကုန်နားလည်တယ်... အမေမှတ်ထား... 'ကောင်လေး' နဲ့ အခြေအနေမပေးလို့ ဝေးနေရပေမယ့် 'မေ့' စိတ်ထဲမှာတော့ 'ကောင်လေး' က အမြဲတမ်းရှိနေတယ်... ဘယ်တော့မှလည်း ပြတ်သွားမှာ မဟုတ်ဘူး... 'ကောင်လေး' ရှိတဲ့နေရာကို သိတာနဲ့ 'မေ' လိုက်သွားဖို့ဝန်မလေးဘူး"

"မိုက်လုံးကြီးလှချည်းလား... 'ကောင်လေး' ကဖြင့် ဘာမှမဆက်သွယ်ဘဲနဲ့... ညည်းမရှက်ဘူးလား"

"ပိုက်ဆံယူပြီး သူများသြဇာငြိမ်ပြီး နာခံနေရတဲ့ဘဝက ပိုရှက်ဖို့ကောင်းပါတယ် အမေရယ်"

မျက်လုံးကြီးပြူးကာ 'မေ့' အား အမေက စိုက်ကြည့်နေလေသည်။ ထင်မှတ်မထားဘဲ အမေ့ရဲ့ လျှို့ဝှက်ချက်တွေ 'မေ' သိသွားတဲ့အတွက် အံ့သြနေပုံလည်းရသည်။

"နင်ပြန်တော့ 'လေအိုး'... ငါတို့ပြောထားတဲ့အတိုင်း 'ကောင်လေး' နဲ့ချိန်းနေကြအချိန် ငါလာခဲ့မယ်...နင့်ကို အမေ့အစား ငါတောင်းပန်ပါတယ်"

'လေအိုး' ပြန်သွားပြီတာနဲ့ အမေနဲ့ 'မေ့' ရဲ့ဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com



က အေးခဲလို့သွားရလေသည်။ အမေက ဘာစကားမှ မပြောဘဲ စိတ်ပျက်တဲ့ပုံစံဖြင့် 'မေ့' အား စိုက်ကာကြည့်နေခဲ့သည်။ စက်ချုပ်ဖို့ကိုလည်း သတိမရတော့ဘူးနဲ့တူသည်။

"ဒီနေ့ကစပြီး စက်ချုပ်တဲ့အပိုင်းကို 'မေ' မကူညီနိုင်တော့ဘူး အမေ… အမေတစ်ယောက်တည်းနဲ့ မနိုင်ရင် 'ဒေါ်လွင်လွင်' တို့ကိုပြောပြီး လူတစ်ယောက် ရှာပေးပါဆိုပြီး အကူအညီတောင်းလိုက်ပါ… 'မေ' ကတော့ အရင်လုပ်နေကျ အလုပ်ကိုပဲ ပြန်လုပ်တော့မယ်"

"မလုပ်ရပါဘူး… ငါသဘောမတူနိုင်ဘူး"

"'မေ' ကတော့ လုပ်မှာပဲ… 'ဒေါ်လွင်လွင်' တို့ပေးကမ်းထားတဲ့ ပိုက်ဆံနဲ့ စီးပွားဖြစ်နေတဲ့ ကိစ္စ 'မေ' နဲ့မဆိုင်ဘူး… 'မေ့' ရင်ထဲက နာကြည်းချက်ကို 'မေ' အသိဆုံးပဲ"

အမေ့ဘက်က ဘာစကားမှ ပြန်မပြောခင် 'မေ' အရင်ဦးအောင် ထထွက်လာခဲ့လိုက်ပါသည်။ ရှင်းရှင်းပြောရလျှင် 'မေ့' ဘက်မှာဘယ်သူမှ ရှိမနေခဲ့ပါ။ ကိုယ်နဲ့အရင်းနှီးဆုံး ပတ်သက်ဆက်ဆံနေရတဲ့ အမေဖြစ်တဲ့သူပင် 'ဒေါ်လွင်လွင်' တို့ဩဇာကိုနာခံနေရပြီဆိုတော့ လွတ်လပ်ခွင့်ဆိုတာ 'မေ' အတွက် အချည်းအနှီးသာပင်။



www.burmeseclassic.com

www.burmeseclassic.com






"ပုံစံကိုလည်းကြည့်အုံး ... လူရုပ်တောင် မပေါက်တော့ဘူး... တပိန်ပိန် တလိမ်လိမ်နဲ့ ဖြစ်နေတာ... လစ်တာနဲ့ပြေးဖို့ပဲစဉ်းစားနေတာ အလုပ်ကိုမဟုတ်ဘူး...ကိုယ့်ဘဝအတွက် သင်တန်းတွေ ဘာတွေတက်ဆိုတော့လည်း မတက်ဘူး... ခေါင်းမာပြီးပေတေနေတယ်"

ဟု ပြောတဲ့အမေ့ရဲ့စကားက 'ကောင်လေး' ရဲ့နားထဲသို့ ကြမ်းရှစွာ ဝင်ရောက်လို့လာရလေသည်။

"ကျောင်းကော တက်ဖို့စဉ်းစားထားရဲ့လား... မတက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင်လည်း အပြတ်ပြော… ကူလီထမ်းစားခိုင်းလိုက်မယ်… မြို့ကို ပြန်လိုက်ဖို့တော့ မစဉ်းစားနဲ့… ဒီတစ်သက်ဘယ်တော့မှ ပြန်မခေါ်တော့ဘူးဆိုတာ မှတ်ထား… 'မေ' ဆိုတဲ့ကောင်မ လင်ယူသွားမှပဲ နင်ပြန်လာရမယ်အောင်းမေ့ထား"

"'မေ' က ကျွန်တော်ကလွဲပြီး ဘယ်ယောကျ်ားလေးကိုမှ စိတ်ဝင်စားမှာမဟုတ်ဘူး… ကျွန်တော် တစ်ယောက်တည်းကိုပဲ ချစ်တာ"

"ဟင်း… မပြောချင်ဘူး… 'မေ' ဆိုတဲ့ကောင်မက ဒီလောက် အကျင့်ပျက်နေတဲ့ဟာ… ခုဘယ်သူနဲ့ဖြစ်နေတယ်ထင်သလဲ… မယုံရင်မှတ်ထားလိုက်… 'လေအိုး' နဲ့ကြိုက်နေတယ်"

"ရယ်စရာကြီး… မဖြစ်နိုင်တာ"

"ဖြစ်လွန်းလို့ ဟိုဘက်ကမ်းတောင်လွန်သေးတယ်… ညညဆို 'လေအိုး' နဲ့ချိန်း ချိန်းတွေ့နေတာ တစ်မြို့လုံးသိတယ်… နင်သာလူအလုပ်ပြီး 'မေ' ဆိုတဲ့ကောင်မကို တမ်းတနေ"

မဲ့ရွဲ့ကာပြောပြနေတဲ့ အမေ့ရဲ့ပုံစံအမူအယာတွေက လိမ်ညာပြောနေတာနဲ့ မတူဘဲ တကယ်ဖြစ်နေတာကို ပြောပြနေတဲ့ အတိုင်းပါပဲ။ ယုံလည်းမယုံနိုင်ပါ။ 'လေအိုး' ဆိုတာ 'ကောင်လေး' နဲ့ 'မေ့' နဲ့ ကြားက သစ္စာရှိသော အောင်သွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်လား။

ဖြစ်နိုင်ရင် ခုချက်ချင်းပဲ မြို့ကို ပြန်ကာ 'မေ' နဲ့ပြေးတွေ့ချင်လိုက်တာပါပဲ။ သုံးလေးလ မတွေ့ရတဲ့ ချစ်သူတစ်ယောက်ကို 'ကောင်လေး' ရင်ထဲ တအားကို လွမ်းဆွတ်တမ်းတနေမိပါသည်။ မြို့ကို ခိုးပြန်ဖို့ စီစဉ်ခဲ့တာလည်း ခဏခဏပါပဲ။ ဘယ်လိုမှ ကြံစည်လို့ မရခဲ့ချေ။

ဦးလေးရဲ့တပည့်တွေနဲ့ မြို့ကနေ အတူပါလာတဲ့ ဆွေမျိုးတချို့က တစ်ချက်ကလေးမျှပင် အလွတ်မပေးဘဲ စောင့်ကြည့် အကဲခတ်နေတာ ငိုဖို့ပင်ကောင်းတော့သည်။

သင်တန်းတွေတက်ပြန်တော့လည်း အတန်းပေါက်ဝမှာထိုင်စောင့်နေကြသည်။ အဲဒီလို သည်းသည်းလှုပ်ထိန်းချုပ်ခံနေရတဲ့ အခြေအနေကို 'ကောင်လေး' စိတ်ထဲ ရှက်ရွံ့စွာ ခံစားနေရ၏။

ယောကျာ်းတစ်ယောက်ဖြစ်နေတာမို့ ဘေးပတ်ဝန်းကျင်က လူတွေရဲ့ ကဲ့ရဲ့ဝေဖန်တာကိုလည်း မခံချင်ပါ။ ပြီးတော့ ကိုယ်ကဘာကောင်မှလည်း ဟုတ်တာမဟုတ်။အမေတို့ရဲ့ အရေးမပါသော အစီအစဉ်တွေက 'ကောင်လေး' အား တစ်နေ့တခြား အရှက်ရစေခဲ့သည်။ ဒါကြောင့် ဘယ်သင်တန်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်ကိုမှလည်း မတက်ဖြစ်တော့ချေ။ စိတ်ညစ်ညစ်နဲ့ အခန်းတွင်းမှာသာ အောင်းဖြစ်နေပါသည်။

"ကျွန်တော်မြို့ကို ခဏပြန်လိုက်ချင်တယ်... သုံးလေးရက်ထဲပါ... အမေပြန်ရင် ကျွန်တော်လိုက်ခဲ့မယ်နော်"

"ဘာကိစ္စလိုက်ရမှာလဲ... မြို့ကကိစ္စတွေကို မေ့လိုက်တော့... ဒီရန်ကုန်မှာ မိန်းမပေးစားပြီးမှပဲ မြို့ကို အလည်ပြန်ခေါ်တော့မယ်"

အမေ့ရဲ့စကားကို ပြီးစလွယ်လို့ 'ကောင်လေး' စိတ်ထဲထင်လိုက်ပေမယ့် ဒီစကားက အမေတို့အတွက်တော့ အတည်ဖြစ်နေခဲ့ပါသည်။ ဦးလေးနဲ့တိုင်ပင်ပြီး သင့်တော်မယ့် မိန်းမတစ်ယောက် ရှာပေးဖို့ ပြောနေတာကို 'ကောင်လေး' နားနဲ့ဆတ်ဆတ်ကြားလိုက်မိကာမှပဲ မျက်လုံးပြူးရပါတော့သည်။

ခါတိုင်းအမေရောက်လာရင် ဘယ်နေရာပဲသွားသွား မလိုက်တတ်တဲ့ 'ကောင်လေး' က ဒီတစ်ခါတော့ ကိုယ့်အကြံအစည်နဲ့ကိုယ်မို့ အမေသွားတဲ့နောက်ကို 'ကောင်လေး' ကလိုက်လာခဲ့သည်။ 'ကောင်လေး' လိုက်လာသည်ဆိုတော့ စောင့်ရှောက်တဲ့ အဖော်တွေကလည်း အလိုလိုပါလာပြီးသား ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' ကတော့ အမေဈေးဝယ်နေတဲ့အချိန်မှာ ဘယ်လိုလစ်ရရင်ကောင်းမလဲဘဲ ကြံစည်တွေးတောနေမိတော့၏။ 'ဗိုလ်ချုပ်ဈေး' လိုနေရာမျိုးက လျှင်ရင်လျှင်သလို ကိုယ်ရောင်ဖျောက်လို့လွယ်ကူသည် မဟုတ်လား။ အမေ့ရဲ့ အခြေအနေထက် ကိုယ့်နံဘေးကပါနေတဲ့ သူတွေရဲ့အခြေအနေကို ပိုအကဲခတ်ပြီး ကြည့်နေရပါသည်။

လူရှုပ်တဲ့နေရာရောက်တော့ ဟိုတိုးဒီတိုးနဲ့ လူတွေကို တွန်းတိုက်ကာ အတင်းကာရော ပြေးထွက်လာခဲ့လိုက်ပါသည်။ တဖြောင့်တည်းပြေးနေရင် ဖမ်းမိသွားနိုင်တာကြောင့် ဆိုင်ကြားတွေထဲကနေ ဟိုဒီလှည့်ပတ်ကာပြေးနေရ၏။

အော်သံဟစ်သံတွေကလည်း 'ကောင်လေး' ရဲ့အနောက်ကနေ ထက်ချပ်မကွာ လိုက်ပါလို့နေရသည်။

ဦးနှောက်တွေ မူးနှောက်ရီဝေမတတ် ခြေလှမ်းတွေ မသယ်ချင်တော့လောက်အောင် ညောင်းညာလာတော့မှ ပြေးတာကို 'ကောင်လေး' ရပ်တန့်ပစ်လိုက်မိပါသည်။

လိုက်လာတဲ့သူတွေလည်း မရှိတော့ပါ။ အချိန်ရှိတုန်း ကြံရာသဘော်ာနဲ့ မြို့ကိုပြန်ဖို့စီစဉ်ရမည်။ 'ကောင်လေး' သည် ဖြစ်ချင်တာကို ဇွတ်လုပ်လာခဲ့ပေမယ့် ရင်ထဲမှာတော့ စိုးရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကကြီးစိုးလို့ဝင်ရောက်လျက်ရှိပေသည်။

‘မေ’ နဲ့မတွေ့ရခင် အဖေတို့လက်ထဲ ပြန်ရောက်လို့သွားမှာကို တွေးကြောက်နေမိ၏။ သင်္ဘောပေါ်မှာလည်း မြို့က ကိုယ်နဲ့သိတဲ့ လူတစ်ယောက်ယောက်များ တွေ့သွားမလားဆိုပြီး ဟိုသွားဒီသွား မလုပ်ရဲချေ။ လူရှင်းတဲ့ ချောင်တချောင်မှာပဲ ပုန်းခိုကပ်ပြီး နေနေမိ၏။

မြို့ကိုရောက်တော့ သင်္ဘောဆိပ်ကနေပဲ လှေတစ်စင်းငှားကာ တစ်ဖက်ရွာသို့ တိတ်တဆိတ် ကူးလာခဲ့ပါသည်။ ညမှောင်မှပဲ ‘မေ့’ ရှိရာဆီ ခိုးသွားဖို့ ဆုံးဖြတ်ထားလိုက်မိသည်။ ရွာမှသူငယ်ချင်းဖြစ်သူအား သူရောက်နေတာကို ဘယ်သူ့ကိုမှ ဖွင့်မပြောဘို့ နှုတ်ပိတ်ထားလိုက်ရသေးသည်။ နေတာတောင်မှ လူသူကင်းဝေးတဲ့ ယာတဲထဲမှာပဲနေဖြစ်ပါသည်။

ညရောက်တဲ့အခါကျတော့ သူငယ်ချင်းကို အဖော်ခေါ်ပြီး မှောင်ရိပ်ခိုကာ မြို့ဘက်ကမ်းသို့ လှေနဲ့ကူးလာခဲ့ကြသည်။ ခေါင်းကိုငုံ့ကာ ခြေလှမ်းသွက်သွက်နဲ့ ‘မေ’ တို့အိမ်ရှိရာဆီ လာနေပေမယ့် စိတ်ထဲမှာတော့ မလုံခြုံလှပေ။ အဖေတို့ ကြိုသိနေရင်ဒုက္ခ။

ဒါပေမယ့် ‘ကောင်လေး’ ကံကောင်းနေပါသည်။ ‘မေ’



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ရဲ့ပတ်ဝင်းကျင်မှာ လူရိပ်လူခြေရှိမနေချေ။ ခါတိုင်းလိုပဲ တိတ်ဆိတ်ငြိမ်သက်လို့နေပါသည်။

ထူးထူးခြားခြား စက်ချုပ်သံတကျိန်းကျိန်းကတော့ ထွက်ပေါ်လို့နေခဲ့သည်။ 'မေ' က အိမ်ပေါက်ဝမှာထိုင်ကာ အပြင်သို့ ငေးနေပါသည်။ 'ကောင်လေး' ကိုတွေ့တော့ ကြောင်ပြီးခပ်ငေးငေး စိုက်ကြည့်လို့နေပြန်သည်။

'မေ့' စိတ်ထဲ ယုံကြည်နိုင်ပုံမရ။ လက်ယပ်ကာ ခေါ်လိုက်တော့မှ ဝရန်းသုန်းကား ပြေးထွက်လို့လာလေသည်။

"ဟဲ့… ဘယ်သွားမလို့လဲ… မှောင်နေပြီ… ပြန်လာခဲ့"

ဟု အော်ခေါ်လိုက်တဲ့ 'ဒေါ်မြခက်' ရဲ့အသံက ပူလောင်စွာ ဟိန်းထွက်လို့လာခဲ့ပါသည်။ 'မေ' ရဲ့ခြေလှမ်းက တုံ့ကနဲနေအောင်ရပ်တန့်သွားပြီး 'ကောင်လေး' အား လက်တစ်ဖက်ထောင်ပြကာ အိမ်ဘက်သို့ ပြန်လှည့်သွားခဲ့ပြန်သည်။ သူ့ကိုတွေ့မှတော့ 'မေ့' ဘက်က မတွေ့ချင်ဘဲ နေမှာမဟုတ်တာ သေချာနေပါသည်။

"အလုပ်က 'မိလှ' ရဲ့အမေ နေမကောင်းဖြစ်နေတယ်ဆိုတာ အမေ့ကို ပြောပြထားသားပဲ… အဲ့ဒါ သတင်းသွားမေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"သွားရင်လည်း စောစောသွားတာမဟုတ်ဘူး... မိုးတောင်ချုပ်နေပြီ... မနက်မှသွားတော့"

"မနက်ပိုင်းကျတော့ အလုပ်သွား ဘာသွားနဲ့ ဘယ်လိုလုပ်ပြီး အားမှာလဲ... စိတ်မချရင် အမေလိုက်ခဲ့လေ"

"ကျွတ်... ဒီမှာက ရက်ချိန်းစေ့နေပြီ... မပြီးရင် အပြောခံနေရအုံးမယ်... မလိုက်တော့ပါဘူး... မြန်မြန်သွား... မြန်မြန်ပြန်လာခဲ့ ဆိုက်ကားစီးသွားကြားလား"

"ဟုတ်ကဲ့"

ဟု ပြောပြီးတာနဲ့ ရင်ခုန်မြူးတူးသော ခြေလှမ်းတွေနဲ့ 'ကောင်လေး' ရှိရာဆီ 'မေ' က အပြေးလှမ်းလာခဲ့ပါသည်။ ပတ်ဝန်းကျင်အခြေအနေကို စိတ်မချရတာကြောင့် မှောင်ရိပ်ခိုကာ လူသူကင်းရှင်းတဲ့ နေရာဆီ နှစ်ယောက်သား အပြေးလာခဲ့မိကြသည်။

'ကောင်လေး' က ခါတိုင်းချိန်းတွေ့နေကြဖြစ်တဲ့ ကြီးမားကျယ်ဝန်းသည့် ကွန်ကရစ်ရေပိုက်လုံးဟောင်းကြီးရှိရာဆီ ခေါ်လာပေမယ့် 'မေ' က ခေါင်းခါကာ တခြားတစ်နေရာကို ခေါ်သွားခဲ့ပါသည်။

"ဟိုနေရာက ဘာဖြစ်လို့လဲ 'မေ' ရဲ့... အမြဲတွေ့နေကြပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာကို”

“နင်မသိပါဘူး ‘ကောင်လေး’ ရယ်… အဲဒီနေရာကို နင်တို့အိမ်က လူတွေ သိသွားကြပြီ”

“ဘယ်သူပြောပြလိုက်လို့လဲ”

“ဘယ်သူမှ မပြောဘူး… ငါနဲ့ ‘လေအိုး’ ချိန်းတွေ့တာကို လိုက်ချောင်းကြည့်ကြလို့ဖြစ်မှာပေါ့… ဒါတွေထားစမ်းပါ… ဒီလောက်အကြာကြီး နင်ငါ့ကို ဘာလို့ပြစ်ထားရတာလဲ… အဆက်အသွယ်လည်း ဘာတစ်ခုမှ မလုပ်ဘူး… ဒီမှာဖြင့် နင့်ကို လွမ်းလို့ အရူးတစ်ပိုင်းဖြစ်ချင်နေတာ နင်သိရဲ့လား … နင်တကယ်ရက်စက်တယ်… ငါ့ကိုချစ်တယ်ဆိုတာ လိမ်ပြောတာပဲဖြစ်ရမယ်”

ဟု ဝမ်းနည်းအားငယ်သော ‘မေ့’ ရဲ့စကားသံတွေကသူ့ရင်ကို တုန်လှုပ်မှုမဖြစ်စေပါ။ သံသယဆိုတဲ့အတွေးက ‘ကောင်လေး’ ရဲ့ရင်ထဲမှာ ကြီးစိုးအနိုင်ယူနေရပြီဖြစ်သည်။ အမေတို့ပြောတဲ့ ‘မေ’ နဲ့ ‘လေအိုး’ ခိုးပြီး ချိန်းတွေ့ကြတယ်ဆိုတာ တကယ့်ကို မှန်နေပြီပဲ။

ပျက်ယွင်းမှိုင်းမှုန်နေသော ‘ကောင်လေး’ ရဲ့မျက်နှာကို ‘မေ’ က သတိထားမိသွားပုံရသည်။ ‘ကောင်လေး’ ရဲ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်ပင့်မပြီး မျက်လုံးချင်းဆုံအောင် သေချာစိုက်ကြည့်ရင်း အဖြေရှာနေလေသည်။ မျက်ရည်ဝိုင်းနေသော 'မေ့' ရဲ့တမ်းတလွမ်းဆွတ်တဲ့အကြည့်ဒဏ်ကို သူပြိုင်ပြီး မကြည့်နိုင်ခဲ့ပါ။

"နင့်ပုံစံက ဘာဖြစ်နေတာလဲ… နင်တစ်ခုခုကို မကျေနပ်ဘူးဆိုတာ ငါသိတယ်… ပွင့်ပွင့်လင်းလင်းပြောစမ်းပါ 'ကောင်လေး' ရယ်… ငါတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ချက်ဆိုတာ မရှိရဘူး… မြိုသိပ်ကွယ်ဝှက်ထားတဲ့သူဟာ မရိုးသားလို့ဘဲ… မချစ်လို့ဘဲ"

"ငါ့ရင်ထဲမှာ မရှင်းဘူးဖြစ်နေတယ်"

"ဘာကိစ္စလဲ… ပြောလေ"

"နင်နဲ့ 'လေအိုး' ကိစ္စ"

"ငါနဲ့ 'လေအိုး' ကိစ္စ ဟုတ်လား… ငါနဲ့ 'လေအိုး' ကြားမှာ ဘာကိစ္စရှိရမှာလဲ… နင်မေးတဲ့အဓိပ္ပါယ်ကဘာလဲ… ငါနားမလည်ဘူး"

" ကိစ္စမရှိဘဲနဲ့ နင်နဲ့ 'လေအိုး' ရေပိုက်လုံးပျက်ထဲမှာ ဘာလို့ ချိန်းတွေ့သလဲ… ရိုးရိုးသားသားဆိုရင် ပုံမှန်အတိုင်း ခေါ်ပြော ဆက်ဆံလို့ရနေတာပဲ မဟုတ်လား… လူမသိ သူမသိ တိတ်တိတ်ကလေး ခိုးတွေ့ကြတယ်ဆိုကတည်းက မရိုးသား



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ ပေါ်လွင်နေတာပဲ”

“ဘာပြောတယ်”

‘မေ’ ကြည့်လာတဲ့အကြည့်က သူ့အပေါ်အထင်သေးမှုတွေ များစွာပါဝင်နေလေသည်။ ဒေါသကြောင့်လား၊ စိတ်လှုပ်ရှားမှုကြောင့်လားမသိ။ ‘မေ’ ရဲ့အသက်ရှူသံတွေက ပြင်းထန်ကာ လူတစ်ကိုယ်လုံးလည်း တုန်ရီလှုပ်ရှားလျက်ရှိ၏။ ဖြစ်ပျက်နေတဲ့ ‘မေ့’ ပုံစံကိုမြင်မှ သူ့စကားမှားသွားပြီဆိုတာကို ရိပ်မိလိုက်ပါတော့သည်။

‘မေ့’ ရဲ့လက်ကို ခပ်ဖွဖွလေး သူ ဆုပ်ကိုင်လိုက်ပေမယ့် ခပ်ကြမ်းကြမ်းပင် ရုန်းထွက်လို့သွားခဲ့လေသည်။

“ ‘မေ’ ငါပြောတဲ့အဓိပ္ပါယ်က”

“မပြောနဲ့... မပြောနဲ့... ငါသိတယ်... ငါနဲ့ ‘လေအိုး’ နဲ့ ကြိုက်နေကြပြီလို့ နင်ထင်နေတယ်မဟုတ်လား... ငါ့ကို ဖောက်ပြန်တဲ့သူလို့ နင်စွပ်စွဲလိုက်တာပေါ့လေ”

“ငါ့ရင်ထဲ ပူလောင်လွန်းလို့ပြောမိတာပါ... နင်တို့ဘက်က ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ငါမှ မသိတဲ့ဟာ... ပြန်ကြားရသမျှနဲ့တင် ငါ့မှာ သေတော့မယ်... သိရဲ့လား”

“သေလိုက်ပေါ့ဟဲ့... နင့်မှာ ဦးနှောက်မရှိလို့ အဲဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတာ... ငါ့ချစ်သူတစ်ယောက်လုံးဖြစ်ပြီး ငါ့စိတ်ဓါတ်ကို နင်မယုံကြည်တာ ငါတကယ်အံ့ဩတယ်... ရင်လည်းနာတယ်... နင့်ကိုလည်း အထင်မကြီးချင်တော့ဘူး... နားလည်ရဲ့လား"

"မအော်ပါနဲ့ 'မေ' ရယ်... နင့်ကိုတွေ့ချင်မြင်ချင်လွန်းလို့ ငါ့မှာ မနည်းကြိုးစားရုန်းကန်ပြီး ထွက်ခဲ့ရတာပါ... ငါပြောမိတာမှားတယ်ဆိုရင်လည်း နင့်အပေါ်ကို ချစ်လွန်းလို မှားတာပဲဖြစ်ရမယ်... ဒီဘက်ကအခြေအနေတွေကို ငါမှ မသိတဲ့ဟာ"

"မသိရင်လည်းမေးကြည့်ပေါ့... စိတ်ထင်နဲ့တော့ နင်ရမ်းသမ်းမစွပ်စွဲသင့်ဘူး... နင်နဲ့ပတ်သက်ပြီး ငါ့ဘက်မှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေက အများကြီး... 'လေးအိုး' နဲ့တွေ့တာတောင် ခိုးကြောင် ခိုးဝှက်တွေ့နေရတဲ့ အခြေအနေဟဲ့... နားလည်ရဲ့လား"

'မေ့' ရဲ့ စကားကို နာခံစွာဖြင့် ငြိမ်ငြိမ်သက်သက်ပင် သူနားထောင်နေလိုက်ပါသည်။ ဝမ်းနည်းတဲ့ လေသံနဲ့ အဖြစ်အပျက်အလုံးစုံကို ပြောပြနေတဲ့ 'မေ့' ရဲ့ သဏ္ဍာန်က သူ့ရင်ထဲက အကြင်နာတွေကို ဖဲ့ယူခြွေချနေတဲ့အတိုင်းပါပဲ။ ရမ်းသမ်းစွပ်စွဲမိတဲ့သူ့ရဲ့ သံသယစကားတွေအတွက် 'မေ့' အပေါ် အားနာ



www.burmeseclassic.com

www.burmeseclassic.com



မိသွားရပါသည်။

ငိုနေတဲ့ ချစ်သူလေးကို တမ်းတမ်းတတ သူ့ရင်ခွင်ထဲ ဆွဲသိမ်းထည့်ကာ လွတ်ထွက်မသွားရအောင် ခပ်တင်းတင်းက လေး ဖက်ထားလိုက်မိပါသည်။

"အိမ်ကတော့ ငါထွက်ပြေးသွားလို့ ပိုက်စိပ်တိုက်ရှာ နေကြမှာ သေချာတယ်... နေ့တိုင်း ငါနင့်ကိုလာတွေ့နိုင်မှာ မဟုတ်ဘူး တစ်ယောက်ယောက်မြင်တာနဲ့ ပြဿနာက ကျိန်း သေတက်ပြီ"

"နင် အခုဘယ်သူ့အိမ်မှာ နေ နေသလဲ"

"ဟိုဘက်ရွာက သူငယ်ချင်းတစ်ယောက် အကူအညီနဲ့ ဘယ်သူမှ မရိပ်မိအောင် လယ်တဲထဲမှာ လိုက်နေတယ်... အပြင် ထွက်ချင်တာတောင် မှောင်ရိပ်ခိုပြီးမှ ထွက်ရတယ်"

" 'ကောင်လေး' ရယ်..."

ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သနား နေကြတာနဲ့ပဲ စကားတောင် မပြောဖြစ်ကြတော့ပါ။ အချိန်က လည်း အကုန်မြန်လွန်းလှလေသည်။ မခွဲခွာချင်ပေမယ့်လည်း အခြေအနေအရ ခွဲခွာကြရပါအုံးမည်။

"ပြန်မှဖြစ်တော့မယ်... လေ့ဆိပ်ကိုတော့ ငါလိုက်မပို့



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးနော်... နက်ဖြန်ကျရင်တော့ နင် နေတဲ့နေရာကို ငါမ ရောက်ရောက်အောင် လာခဲ့မယ်သိလား... ထမင်းဂျိုင့်ပါထည့်ခဲ့ မယ်"

ဟုပြောတဲ့ 'မေ့' ရဲ့အသံတွေက မပြန်ချင်သေးတာ ကြောင့် တုန်ခိုက်လို့နေပါသည်။

"'လေအိုး' နဲ့တွေ့ရင် ငါရောက်နေတယ်ဆိုတာ မပြော မိစေနဲ့နော်... အဖေတို့က သိပ်အကင်းပါးတာ... သူ့ပုံစံ မပိရိ တာနဲ့ဘဲ ငါနေတဲ့နေရာကို သိသွားလိမ့်မယ်"

"အေး... အေး... နင်လည်း သေချာပြန်အုံးနော်... မှောင်နေတာဆိုတော့ လှေစီးပြန်ရမှာကို စိတ်မချဘူး"

အပြေးတပိုင်းပင် 'မေ' ပြန်ခဲ့လိုက်ပါသည်။ 'မေ' အိမ်ထဲ ဝင်လိုက်တာနဲ့ အမေကခုပဲ အပြင်ထွက်တော့မယ့် ပုံစံအတိုင်း ဖြစ်နေလေသည်။ အချိန်မီရောက်လာတာကပဲ 'မေ့' အတွက် ကံကောင်းသွားရ၏။

"ကြာလှချည်လား... ခုပဲ လိုက်ချလာတော့မလို့... ဘယ် တွေလျှောက်သွားနေသေးတာလဲ"

"ဟင့်အင်း... ဘယ်မှမသွားပါဘူး... ဘာဖြစ်လို့လဲ အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အမေက ‘မေ’ ပြောတာ တကယ်ဟုတ် မဟုတ်ဆိုတာကို သေချာအကဲခတ်ပြီး ကြည့်နေသေး၏။ ဟန်ဆောင်ကောင်း လွန်းသော ‘မေ’ ရဲ့ ပုံသဏ္ဍာန်ကြောင့်ပဲ စိတ်ချသွားတဲ့ပုံဖြင့် ဘာစကားမှ ဆက်မပြောတော့ချေ။

‘မေ’ ကတော့ မနက်ဖြန်ဆိုတဲ့ နေ့ရက်ကို ကြိုပြီး စိတ်ကူးယဉ်ကာ ရင်ထဲမှာ အူမြူးနေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်တိတိပြည့်တဲ့အထိ 'မေ' နဲ့ သူနဲ့ တွေ့ဆုံနေရခြင်းက ဘာအနှောင့်အယှက် တစ်စုံတရာမှ ဖြစ်ပေါ်လာခြင်း မရှိခဲ့ပါ။

အခြေအနေတွေက အံ့သြဖွယ်ကောင်းလောက်အောင်ပင် ငြိမ်သက်အေးဆေးလျက်ရှိပေသည်။ 'မေ' က သူ့အလုပ်ချိန် အတိုင်း မနက်ဆိုတာနဲ့ ထမင်းဂျိုင့်ကလေးဆွဲကာ သူနေတဲ့ လယ်တဲဆီရောက်လို့လာရလေသည်။

လှေဆိပ်နဲ့လယ်တဲနဲ့က အနည်းငယ်ဝေးကွာနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခြေလှမ်းမြန်မြန်နဲ့ လှမ်းလာတတ်တဲ့ 'မေ' သည် သူ့ထံ ကိုရောက်ရင် မျက်နှာမှာ ချွေးကလေးစို့လျက်ရှိနေပေပြီ။

'မေ' မောဟိုက်ပင်ပန်းတာကို ကြည့်ပြီး သနားမိပေမယ့် သူတို့နှစ်ယောက်အခြေအနေက ဒီလိုပုံစံနဲ့မှ မတွေ့ရင် ဘယ်လို ဖြစ်မလဲ။

'မေ့' ရဲ့ ပုံသဏ္ဌာန်ကတော့ အမြဲတမ်းလိုလိုလန်းဆန်း တက်ကြွလျက်ရှိနေပေသည်။

"အမယ်လေး... မောလိုက်တာ... ဒီနေ့ကျမှ အမေက အပြင်ထွက်ခါနီး ရစ်နေတာ မပြီးတော့ဘူး.. သူ့စိတ်ထဲဘာတွေ မသင်္ကာဖြစ်နေသလဲ မသိပါဘူး အလုပ်မသွားရဘူးလုပ်နေ တာ... ငါက ဇွတ်သွားမယ်လုပ်နေတော့ အိမ်တံခါးကို သော့ ခတ်ထားတယ်လေ ငါကလည်း အမေသော့ခတ်နေတုန်း နောက်ဖေးပေါက်က ဆင်းပြေးတာပေါ့... ဘယ်ရမလဲ"

ဟု ပြောတဲ့ 'မေ့' ရဲ့အသံက တက်ကြွလျက်ရှိနေပေ သည်။ 'ကောင်လေး' ရင်ထဲမှာတော့ စိုးထိတ်လို့သွားခဲ့ရသည်။

"ဟာ... ဒုက္ခပါပဲ... အဒေါ်အလုပ်ကို လိုက်သွားပြီး မေး နေရင်ဘယ်လိုလုပ်မလဲ... အဲဒီကျမှ အလိမ်တွေ အကြီးအကျယ် ပေါ်ကုန်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



“စကားကို ဆုံးအောင်နားထောင်အုံးလေဟာ… ဆင်းပြေးတယ်ဆိုတာ အိုင်တင်နဲ့ပေါ့ဟ…အမေကမြင်လို့ တားတော့ စူပုတ်ပြီး ရပ်နေလိုက်တာပေါ့… ပြီးတော့ အမေယုံကြည်အောင်လို့ အလုပ်ကို သူကိုယ်တိုင်လိုက်ပို့ခိုင်းလိုက်တယ်… ခြံထဲတော့ဘယ်ဝင်ခိုင်းမလဲ… အမေလည်းပြန်ရော ငါလည်းနင့်ဆီလစ်လာတာပေါ့”

“ဟုတ်ပါပြီ… ဟုတ်ပါပြီ… ဒီနေ့ဘယ်သွားအုံးမှာလဲ”

“သွားချင်တဲ့နေရာ လျှောက်သွားမှာပေါ့… မောတော့မှ ဒီကိုပြန်လာပြီး ထမင်းစားမယ်လေ… ရော့… နင့်အတွက် ပုဆိုးနဲ့အင်္ကျီယူလာပေးတယ်”

“သုံးစုံလောက်ရှိနေပြီပဲဟာ ရပါပြီ… နင်ပိုက်ဆံကုန်ပါတယ်”

“ဒီတစ်ခါ အင်္ကျီဘိုးပဲကုန်တယ်ဟ သိလား… ပုဆိုးက အလကားရတာ”

‘မေ့’ ရဲ့မျက်နှာက တစ်ခုခုကို လျှို့ဝှက်ထားတဲ့အတိုင်း ပြုံးစိစိဖြစ်လို့နေပါသည်။

“ပုဆိုးက ဘာလို့အလကားရ ရတာလဲ”

“ဟဲ့… ပိုက်ဆံမှမကုန်တာ အဲ့ဒါ အလကားရတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာလဲပြော"

"ဘယ်သူပေးတာလဲ"

"ဘယ်သူမှ မပေးဘူး… ပွင့်ပွင့်လင်းလင်းပြောရရင်အမေ့ဆီက ခိုးလာတာ… ဘယ်သူအပ်ထားမှန်းမသိဘူး"

"ဟာ… နင်ကတော့ လုပ်တော့မယ်"

"လုပ်မှာပဲ ဘာဖြစ်လဲ… အမေ့ဆီမှာ အထည်လာအပ်တဲ့သူတွေက နင့်အမျိုးတွေပဲများတာ… သူတို့ပြောစကား နားထောင်တယ်ဆိုပြီး ပုံကောင်းကောင်း မကောင်းကောင်း အားပေးကြတာလေ… အစကတော့ ငါလည်းမသိဘူး… အမေ့ဆီမှာအပ်ထည်တွေများတာ အမေ့လက်ရာကို ကြိုက်လို့ထင်တာပေါ့… နောက်… 'လေအိုး' ပြောပြတော့မှပဲ အဖြစ်မှန်တွေကိုသိရတော့တယ်… ပုဆိုးယူလာတဲ့အတွက် နင့်စိတ်ထဲ ဘာမှဖြစ်မနေနဲ့… အမေပြန်လျှော်ပေးနိုင်တယ်… အမေက အရင်လိုမမွဲတော့ဘူး… ဘော့စ်ဖြစ်နေတာကြာပြီ သိရဲ့လား"

ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ပျက်ပြောင်းလဲ နေသလဲဆိုတာကို 'ကောင်လေး' မသိတာ ကြာနေခဲ့ပြီပဲ။ 'မေ' ပြောပြတာကိုသာ သူ့မှာ ယုံကြည်နေရသည်။ အဖေတို့ရဲ့ အကွက်ကျကျ စည်းရုံးသိမ်းသွင်းနိုင်မှုကိုလည်း လက်ဖျားခါရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'မေ'နဲ့သူ ဒီလိုအခြေအနေမျိုးနဲ့ ဘယ်လောက်ကြာကြာ တွေ့ဆုံပတ်သက်ခွင့်ရနေမလဲ မသိသေးချေ။

အေးဆေးပတ်သက်နေတဲ့ အခြေအနေကို ပွက်ပွက်ဆူလာအောင် ဖန်တီးကြတဲ့သူတွေကတော့ သူနဲ့ 'မေ' သာဖြစ်တော့၏။ ခါတိုင်းနေ့တွေလိုပဲမှတ်ကာ ထုံးစံအတိုင်း သူတို့နှစ်ယောက် လူသူကင်းရှင်းတဲ့ ပတ်ဝန်းကျင်တွေကိုပဲ ရွေးချယ်ကာ လျှောက်သွားကြပါသည်။ လွတ်လွတ်လပ်လပ် တွေ့နေရတာကြောင့် ပြောစရာစကားကလည်း ကုန်ပင်မကုန်နိုင်တော့ချေ။

လျှောက်သွားရတာ မောလာတော့ ခဏနားပြီး ထမင်းပြန်စားကြသည်။ ပြီးတော့ သူဝတ်ထားပြီးတဲ့ အဝတ်အစားဟောင်းကို 'မေ' ကလျှော်ပေးသည်။ အဝတ်လျှော်ပြီးတော့ 'ကောင်လေး' က 'မေ' အညောင်းမိမှာစိုးတယ်ဆိုပြီး 'မေ့' ရဲ့ ဖက်ကြောကလေးတွေ လက်ဖျံတွေ လက်ချောင်းကလေးတွေ ကို ပြန်နှိပ်ပေးမိပါသည်။

ဒီအချိန်မှာတော့ ချစ်သူနှစ်ယောက်ရဲ့ဘဝက တကယ့်ကို ပျော်စရာအတိပြီးနေရသည်တည်း။

ပြန်ရမယ့်အချိန်ကို ရောက်မှ မထင်မှတ်ဘဲ မိုးဖွဲဖွဲကလေး ရွာချလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… အရေးထဲမှ မိုးကရွာနေပြီ… ထီးလည်းပါမလာဘူး ဘယ်လိုလုပ်ရမလဲ"

"ခဏကလေးနေလိုက်အုံးလေ… တအောင့်လောက်နေရင် မိုးကတိတ်သွားမှာပါ"

"တော်ပါ… ခဏကလေးတောင် မနေချင်တော့ဘူး… နင့်ကို ကြောက်လွန်းလို့ 'ကောင်လေး' ရဲ့ သိရဲ့လား"

'ကောင်လေး' ရဲ့ မချိုမချဉ်မျက်နှာ ပြုံးစိစိကိုကြည့်ပြီး 'မေ' ကမဲ့လိုက်မိသည်။ နဖူးတို့ ပါးပြင်တို့မှ နွေးတေးတေးအရသာက ခုထက်ထိကို မပျောက်ကွယ်သေးချေ။

"နေရင်းထိုင်ရင်း ဘာလို့လူကို မျက်စောင်းထိုးပြီးမဲ့ပြရတာလဲ… ငါ့မှာ ဘာအပြစ်ရှိလို့လဲ"

"လူဆိုးကောင်… ရန်ကုန်ကပြန်လာပြီးမှ အတတ်ကောင်းတွေ တတ်နေတယ်… ဟွန်း"

"ချစ်တာကိုး"

"သွားတော့မယ်ဟယ်… မိုးစိုလည်း မတတ်နိုင်တော့ဘူး… အိမ်ပြန်နောက်ကျရောက်မှ သေမှာ… အမေက လွယ်တာမဟုတ်ဘူး"

"ငါလိုက်ပို့ပေးမယ်လေ… မိုးက ပိုတောင်သည်းလာပြီ…



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာကလည်းဝေးတယ်… တစ်ယောက်တည်းနဲ့ မဖြစ်ပါဘူး”

“မပို့ပါနဲ့… နှစ်ယောက်စလုံး ရွဲရွဲစိုတာပဲ အဖတ်တင်လိမ့်မယ်… နေခဲ့တော့… သွားပြီ”

မိုးသည်းသည်းထဲမှာပင် ‘မေ’ က ဇွတ်အတင်းပြေးထွက်သွားခဲ့လေသည်။ စိတ်မချပေမယ့်လည်း အခြေအနေအရဒီအတိုင်းကြည့်နေရ၏။ ချစ်သူလေးကို တစ်ယောက်တည်းဘယ်လွှတ်လိုက်ချင်ပါ့မလဲ။ ဖြစ်နိုင်ရင် အိမ်ရောက်တဲ့အထိ သူကိုယ်တိုင်လိုက်ပို့ ပေးလိုက်ချင်ပါသည်။

‘မေ’ ပြေးထွက်သွားတာကို ကြည့်နေစဉ်မှာပဲ လင်းလက်သွားတဲ့ လျှပ်စီးကြောင်းနဲ့အတူ ပြင်းထန်လှသော မိုးခြိမ်းသံကျယ်ကျယ်က ထိတ်လန့်စရာကောင်းလောက်အောင် ထွက်ပေါ်လာခဲ့လေသည်။

လေပြင်းတွေလည်း တိုက်ခတ်ကာ မိုးရွာနှုန်းက အတော့်ကို ပြင်းလာရလေသည်။ ‘မေ့’ ကိုတောင် ထင်ထင်ရှားရှား မမြင်တွေ့ရတော့ချေ။ ဆက်တိုက်ပေါ်ထွက်နေသော မိုးခြိမ်းသံတွေကြားထဲမှာ ရှေ့လမ်းခရီးကို ဘယ်လိုသတ္တိမျိုးနဲ့ ‘မေ’ ဖြတ်သန်းသွားမှာပါလိမ့်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတွေးနေဆဲ အပြေးလှမ်းလာနေသော 'မေ့' အား သူတွေ့လိုက်ရလေသည်။ တစ်ကိုယ်လုံးရေတွေရွှဲစိုကာ ကြွက်စုတ်ဖြစ်နေ၏။

"ဟီး... ဟီး... ဟီး... မိုးကြိုးတွေပစ်နေတာ ကြောက်လိုက်တာ... နည်းနည်းပါးပါးတောင် လိုက်လာတာမဟုတ်ဘူး"

အကြောက်လွန်ပြီး မျက်ရည်တွေပါကျကာ လူတစ်ကိုယ်လုံးလည်း ချမ်းတုန်နေသည်။ အဆင်သင့်ရှိသော ရေနွေးပူပူကို ကရားထဲမှထည့်ကာ 'မေ့' အား တိုက်လိုက်မိပါသည်။ အချမ်းပြေလောက်တဲ့အချိန်ကြမှပဲ သူ့မှာရှိသော အဝတ်အစားတွေကို လဲဝတ်ခိုင်းရလေသည်။ 'မေ' က ရှက်ပြီး ဟိုဘက်လှည့်နေဆိုသဖြင့် သူ့မှာကျောခိုင်းပြီး နေ့,နေပေးရသေးသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ကုန်ဆုံးလို့လာရသည်။ မိုးကလည်း နည်းနည်းကလေးတောင် ရပ်သွားခြင်း စဲသွားခြင်းမရှိဘဲ အရှိန်ကောင်းကောင်းနဲ့ ရွာလို့ကောင်းနေဆဲဖြစ်သည်။

'မေ့' မျက်နှာကလည်း စိုးရိမ်ကြောက်လန့်စိတ်ကြောင့် ပျက်ယွင်းလို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေသာ သေလိုက်ချင်တော့တာပဲ... ခုထက်ထိမိုးက လည်း မတိတ်သေးဘူး... ဘာလုပ်ရမှန်းကို မသိတော့ဘူး... အမေစိတ်ပူပြီး အလုပ်ရုံကို လိုက်သွားရင်တော့ ဒုက္ခပဲ"

"ဖြစ်လာမှတော့ ဘာကိုမှ တွေးပူမနေနဲ့... ရင်ဆိုင်ကြ ဖို့ပဲရှိတယ်... ဒီလောက်မိုးသည်းနေတာ ဘယ်လိုလုပ်ပြီး ပြန် လို့ရမလဲ... လေ့ဆိပ်မှာလည်း လူတစ်ယောက်မှ ရှိမှာမဟုတ် ဘူး"

"ဒါဆို ဒီအတိုင်း ငုတ်တုတ်ထိုင်နေရုံပဲရှိတော့မှာပေါ့"

"ငုတ်တုတ်မထိုင်ချင်ရင်လည်း ကင်းမြီးကောက်ထောင် နေလေဟာ"

"စိတ်ညစ်ရတဲ့ကြားထဲ နင်မို့လို့ ပြောင်နောက်နေနိုင် တယ် 'ကောင်လေး' ရယ်... ငါ့ကို အမေဆူတာ ရိုက်တာ အရေး မကြီးဘူး အဲဒီ့ကနေ အခြေခံပြီး နင်နဲ့ပတ်သက်နေတာတွေ ရယ်... နင်ဒီမှာ ရှိနေတယ်ဆိုတာတွေပါ သိသွားမှ ခက်မှာ... အမေက ငါ့သတင်းတွေမှန်သမျှ နင့်အဖေတို့ဆီကို ပုံမှန်သ တင်းပို့ပေးနေကြဟဲ့... 'လေအိုး' ကိုလည်း ခုချိန်လောက်ဆို အစ်အောက်ပြီး မေးနေလောက်ပြီ"

"မေးတော့လည်းမေးပေါ့ဟာ... ငါတို့နှစ်ယောက် ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတာကို တော်ရုံနဲ့ ဘယ်သူမှ ရိပ်မိကြမှာ မဟုတ်ဘူး... အေးအေးဆေးဆေးနေလို့ရသေးတယ်"

"နင်တစ်ယောက်တည်းကတော့ ဟုတ်တာပေါ့... ငါ့ကျတော့ ဘယ်လိုလုပ်ရမလဲ... သင့်တော်တယ် မတော်ဘူးဆိုတာကို ဦးနှောက်နဲ့ စဉ်းစားစမ်းပါ"

"စဉ်းစားပြီးမှပြောတာပေါ့ဟ... အရမ်းကိုသင့်တော်တယ်"

" 'ကောင်လေး' နော်"

"ဟုတ်တယ်... ငါအတည်ပြောနေတာ... ဒီလောက်မိုးမှောင်ကျနေမှတော့ နင့်ကိုတစ်ယောက်တည်း ပြန်လွှတ်ဖို့ ငါ ဘယ်လိုနည်းနဲ့မှ စိတ်မချတော့ဘူး... နင်ဇွတ်ပြန်မယ်ဆိုရင်လည်း ပေးပြန်မှာ မဟုတ်တော့ဘူးဟာ"

"ဒါဆို ငါကတစ်ညလုံးပျောက်နေပြီး မနက်ကျမှ အမေ့ဆီ မျက်နှာပြောင်ပြောင်နဲ့ ပြန်ရမယ်ပေါ့ဟုတ်လား"

"မဟုတ်ဘူး"

"နင် ရူးနေပြီသိရဲ့လား"

'မေ့' ရဲ့စိတ်ပျက်လက်ပျက်အော်ဟစ်သံက မိုးသံတွေကြားထဲမှာ ခပ်ဝါးဝါးကွယ်ပျောက်သွားရလေသည်။ 'မေ့'



www.burmeseclassic.com

www.burmeseclassic.com



ဘက်က စိုးရိမ်ထိတ်လန့်နေပေမယ့် 'ကောင်လေး' စိတ်ထဲမှာတော့ ရင်ခုန်မြူးတူးမှုက အတိုင်းအဆမရှိအောင် ဖြစ်ပျက်လို့နေရ၏။

ရင်မှာသိပ်ချစ်ရတဲ့ ကိုယ်ရဲ့ချစ်သူကို အခွင့်အရေးရတုန်း ဘယ်သူက ပြန်စေချင်မှာတဲ့လဲ။ ချစ်ရလွန်းတာကြောင့် ခွဲခွာရမယ့်အရေးကို သူ မတွေးချင်ပေ။

ဖြစ်ချင်ရာဖြစ်သဘောထားကာ လာမယ့်ဘေးကို ပြေးတွေ့လိုက်ချင်ပါသည်။ မိဘတွေ သဘောမတူပေမယ့်လည်း သူတို့နှစ်ယောက်ရဲ့ ဘဝခရီးကို ကိုယ့်ဖာသာအတူ လက်တွဲပြီး လျှောက်ကြတော့ကော ဘာတတ်နိုင်မှာမို့လို့လဲ။ နှစ်ယောက်စလုံးသတ္တိရှိရင် သူတို့ရဲ့ ချစ်ခြင်းက နီးစပ်လို့ရနေပြီ မဟုတ်လား။

'ကောင်လေး' ရဲ့အတွေးတွေက ရဲရင့်လို့နေလေသည်။ ပုန်းလျှိုးကွယ်လျှိုး ဘဝမျိုးနဲ့လည်း သူ မနေချင်တော့ပါ။ 'မေ့' ရဲ့လက်ကိုတွဲပြီး ဘဝခရီးကို မမှုစတမ်း လျှောက်လှမ်းလို့နေချင်မိပါပြီ။ သူ စိတ်ကူးနေသလိုမျိုး 'မေ' က စိတ်ကူးမိပုံမရ။ အိမ်ပြန်လို့မရတာကိုဘဲ ဂျီကျလို့ မဆုံးနိုင်တော့ချေ။

"ငါဘာလုပ်ရမှာလဲ... သေချင်နေပြီဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့အတိုင်း နေမယ်လို့ဆုံးဖြတ်ပြီး စိတ်လျှော့လိုက်ရင် နင့်ရဲ့စိတ်ညစ်မှုတွေ အလိုလိုပျောက်သွားလိမ့်မယ်ဆိုတာ မသိဘူးလား"

"ဘယ်လိုလုပ်ပြီး နေလို့ရမှာလဲ..."

"ဘာလဲ... နင်က ငါနဲ့အတူတူ မနေချင်ဘူးပေါ့ဟုတ်လား ငါ့ကိုမချစ်ဘူးပေါ့လေ"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့...အတူနေလို့မှမရတာ ဘယ်လိုလုပ်ပြီး နေမှာလဲ"

"ဘယ်သူပြောလည်း နေလို့မရဘူးဆိုတာ"

"ငါပြောတယ်ဟယ်... ငါပြောတယ်"

"လတုံးမ... ချစ်သူရည်းစားတော့ထားတတ်တယ်... ဘာကိုမှလည်း အတွေးမပေါက်တတ်ဘူး"

"ကြည့်စမ်း... ကြည့်စမ်း... ငါ့ကိုများပြောရက်တယ်... ကိုယ့်ချစ်သူကို ဒီလိုပဲ နှိမ်ချပြီး ပြောစရာလား... ကဲဟယ်... ကဲဟယ်... မှတ်ထား"

"အား... သေပါပြီဗျ"

သူ့ဗိုက်ခေါက်ကိုပြတ်တော့မယ်အတိုင်း 'မေ' က ခပ်နာနာကလေး လိမ်ဆွဲပစ်လေသည်။နာကျင်လွန်းတာကြောင့် 'မေ့'



www.burmeseclassic.com

www.burmeseclassic.com



လက်ကလွတ်အောင် အတင်းကာရော ပြန်ရုန်းထွက်ရင်း လှုပ်လို့မရအောင် ခပ်တင်းတင်းချုပ်ပြီး ဖက်ထားပစ်လိုက်ပါသည်။

"လွှတ်စမ်း... ဒီမှာ အသက်ရှူကြပ်လို့ သေတော့မယ်... မလိမ်တော့ဘူးလို့ ကတိပေးတယ်ဟာ"

"မလွှတ်ဘူး... တစ်ညလုံးဒီအတိုင်းပဲ ဖက်ထားမှာ"

"ဘာပြောတယ်... တစ်ညလုံးဟုတ်လား"

"ဟုတ်တယ်လေ"

"သွားစမ်းပါ"

'မေ့' ရဲ့လေသံက သူပြောတာပဲ မဖြစ်နိုင်သလိုလိုလျောင်သံပေါက်နေတာကြောင့် ရင်ထဲရှိတာကို ဖွင့်ထုတ်ပစ်လိုက်မိသည်။

"နင့်ကို ငါခိုးပြေးပြီ သိရဲ့လား... ဘယ်တော့မှ ပြန်မလွှတ်တော့ဘူး"

"ဘာ"

မျက်လုံးကြီးပြူးပြီး မရမက ခေါင်းကိုလည်ပြန်ကာသူ့အား 'မေ' က စိုက်ကြည့်လို့လာသည်။ အခုမှ ပိုလန့်ပိုကြောက်သွားပုံရသည်။

"ဟုတ်တယ်... ငါဆုံးဖြတ်ပြီးသွားပြီ... နင့်ကိုမှ ငါမခွဲနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့တာ... ဒီလိုမှ မလုပ်ရင် ငါတို့နှစ်ယောက် ဝေးနေကြရုံပဲရှိမယ်... လူကြီးတွေလည်း ခွဲလို့မရတော့ဘူးလေ"

"ဟင့်အင်း... မဖြစ်ပါဘူး"

"ဘာလို့မဖြစ်ရမှာလဲ... နင်ငါ့ကို တကယ်ချစ်တာ သေချာရင် ငါပြောတဲ့ အစီအစဉ်ကို လက်ခံရမှာပေါ့... ငြင်းရင်မချစ်လို့ဘဲ... အခြေအနေကလည်း ဒီလိုမှ မလုပ်ရင်မဖြစ်တော့ဘူး"

'မေ့'ရဲ့ သက်ပြင်းချသံ ကျယ်ကျယ်က အရာအားလုံးကို အလျှော့ပေးလိုက်တဲ့အတိုင်းပါပဲ။ မော့ကြည့်လာတဲ့ 'မေ့'ရဲ့အကြည့်မှာ သူ့အပေါ်အားကိုး ယုံကြည်မှုတွေ များစွာ ပါဝင်လို့နေလေသည်။

'ကောင်လေး' ရဲ့စိတ်ထဲမှာတော့ သူတို့နှစ်ယောက်ရဲ့ ဘဝခရီးလမ်း ဖြောင့်ဖြူးသာယာစေဖို့ကိုသာ ဆုတောင်းနေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com






နှစ်ရက်လောက် ဒီနေရာမှာပဲ ဖြစ်သလိုတည်းခိုနေပြီးတော့မှ တခြားမြို့တစ်မြို့သို့ နှစ်ယောက်သား တိတ်တိတ်ကလေးလစ်ဖို့ အစီအစဉ်ဆွဲထားကြပါသည်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်ကတော့ ချောမွေ့ပြီး စိတ်ချမ်းသာစရာကောင်းလှလေသည်။

တကယ်တမ်းကျတော့ 'ကောင်လေး' တွေးထင်ထားတဲ့အရာတွေကဖြစ်မလာခဲ့ဘဲ အဖေတို့ဘက်က လက်ဦးမှုရသွားခဲ့ရသည်။ ဘယ်ကဘယ်လို သတင်းတွေမရမက နှိုက်ချွတ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေခဲ့သလဲ မသိချေ။

အဖေတို့လူအုပ်စုကြီး ရောက်လာတဲ့အချိန်မှာ 'ကောင်လေး' နဲ့ 'မေ' မှာ ထွက်ပြေးစရာလမ်းပေါက်ဆိုတာ မရှိတော့ပေ။ ပိရိသေသပ်လှသော အဖေတို့ရဲ့ ဖမ်းဆီးချုပ်ထိန်းမှု အောက်မှာ အငိုက်မိစွာ ပါသွားရလေသည်။

အော်ကြီးဟစ်ကျယ် ရန်ဖြစ်ဆူပွက်နေတာမျိုးလည်း အဖေတို့ကမလုပ်။ 'ကောင်လေး' ကိုတွေ့တာနဲ့ လူအုပ်စုဖြင့် သယ်ပိုးချီမကာ ပြန်လာခဲ့ကြခြင်းဖြစ်သည်။ 'မေ့' ဘက်ကငိုယို တားဆီးနေတာကိုလည်း တစ်ချက်ကလေးမျှပင် မဟန့်တားခဲ့။ 'မေ' တစ်ယောက်တည်းကို ထားခဲ့တာပဲ ဆိုးနေတာပါ။

သူ မချိမဆန့် အော်ဟစ်နေတာကို အဖေက စိတ်ပျက်လာပုံရကာ သူ့မှာပါလာတဲ့ မျက်နှာသုတ်ပုဝါ အလတ်စားလေးနဲ့ သူ့ပါးစပ်ကို ခပ်တင်းတင်း ပိတ်ချည်ပစ်လိုက်ပါသည်။ အဖေတို့ ရောက်လာတဲ့အချိန်က ညနေစောင်းမို့ ဖြစ်ပျက်နေတဲ့အခြေအနေအားလုံးကို လူတွေသိပ်ပြီး သတိမထားမိလိုက်ချေ။

လှေဆိပ်ကို ရောက်တဲ့အချိန်မှာပဲ မှောင်နေပြီဥစ္စာကို။ အိမ်ကိုရောက်တော့ အမေနဲ့အတူ 'ဒေါ်မြခက်' ကိုပါ တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာကြောင့် အံ့ဩသွားခဲ့ရပါသည်။

"ကဲ 'မြခက်' ...နင့်သမီး တစ်ယောက်တည်း ကျန်နေခဲ့တယ် နင်လိုက်သွားလိုက်... ဖြစ်နိုင်ရင် ဟိုဘက်ရွာမှာပဲ နှစ်လသုံးလလောက်နေလိုက်ဟာ... ဒီကြားထဲ ငါတို့အစီအစဉ်တွေ ဆွဲအုံးမယ် စားရေးသောက်ရေးအတွက် ငါ့အလုပ်သမားတွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးခိုင်းလိုက်မယ် ဟုတ်ပြီလား...အခိက,က ငါတို့ ပြန်လာပါလို့ မခေါ်မချင်း နင်တို့သားအမိနှစ်ယောက်ပြန်လာဖို့ မစဉ်းစားနဲ့"

"ဟုတ်ကဲ့ပါ... ကျွန်မ နားလည်ပါတယ်"

" 'လွင်လွင်' ... သူ့ကို ပေးပြီးပြီလား"

"ပေးပြီးပါပြီ"

'ဒေါ်မြခက်' လက်ထဲမှာ ပိုက်ဆံတစ်ထပ် ကိုင်ထားတာကိုတွေ့ရပါသည်။ ပိုက်ဆံနဲ့ပေါက်ပြီး အဖေတို့က သူတို့စိတ်သဘောအတိုင်း အရာအားလုံးကို စီမံခန့်ခွဲနေခဲ့တာပဲ။ ပိုက်ဆံမက်သော 'ဒေါ်မြခက်' ကိုလည်း မုန်းတီးမိသွားရသည်။

'ဒေါ်မြခက်' ပြန်သွားပြီး သိပ်မကြာခင် အမေနဲ့သူနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့ရပါတော့သည်။ အမေ့မျက်နှာရဲ့ တင်းမာမှုကို သူ ဘယ်တုန်းကမှ မတွေ့ခဲ့ဘူးသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"'မေ့' ကို ကျွန်တော် ခိုးပြေးပြီးသွားပြီဗျ… အမေတို့ခွဲလို့မရတော့ဘူး"

"ရ မရစောင့်ကြည့်လေ…"

"သားသမီးချင်း အမေ ကိုယ်ချင်းစာနာစိတ် မမွေးဘူးလားဗျာ…"

သူ့အနားသို့ ဒေါ်သတကြီး အမေ ရောက်လို့လာရသည်။ပြီးတော့သူ့မျက်နှာကို စိုက်ကြည့်ကာ ဒေါ်သတကြီးရိုက်ချပစ်လိုက်ပါသည်။ လည်ထွက်သွားသော သူ့ မျက်နှာပြင်ဆီမှာ အမေ့လက်ဝါးရာ ထင်ကျန်နေရစ်ခဲ့လိမ့်မယ်ဆိုတာ သေချာနေသည်။

သူ နာကျင်ဝမ်းနည်းပေမယ့် မျက်ရည်မကျမိပါ။

"နင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်အိမ်ထောင်ကျပြီးတော့မှ နင့်ဘဝ အရင်လို ပြန်လွတ်လပ်တော့မယ်ဆိုတာအောင်းမေ့ထား…"

"အမေတို့ ရှုံးသွားမယ်…"

အခန်းတံခါးကို ဆောင့်ပိတ်၍ အမေ ထွက်သွားခဲ့ပါသည်။ ရက်တွေဘယ်လောက်များများ သူ ဒီအခန်းထဲမှာချောင်ပိတ်မိနေမလဲ မသိပါ။ 'ကောင်လေး' တွေးလိုက်တဲ့အတွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



က အဖေတို့နဲ့ပတ်သက်ရင် တက်တက်စင်အောင် လွဲမှားနေခဲ့လေသည်။

'မေ' နဲ့ ခွဲခဲ့ပေမယ့် သူ့ဘဝက အနည်းငယ်တော့ လွတ်လပ်ခွင့်ရခဲ့ပါသည်။ သူ အပြင်ထွက်ရင်လည်း အရင်လို တားမယ့်သူ မရှိချေ။ အတားအဆီး မရှိတဲ့အတွက် 'ကောင်လေး' ကအရဲစွန့်ကာ 'မေ' တို့အိမ်သို့ သွားခဲ့သည်။

အိမ်တံခါး သော့ခတ်ထားရုံကလွဲ၍ လူရိပ်လူယောင်တောင် မတွေ့ခဲ့ရပါ။စိတ်ခါတ်မကျဘဲ တစ်ဖက်ရွာသို့သွားရောက် ရှာဖွေလိုက်ပါသေးသည်။ ဒါပေမယ့် 'မေ' နဲ့ပတ်သက်ပြီး ဘာသတင်းအစအနမျှ မရခဲ့။

လုံခြုံအောင် ဖွက်ထားနိုင်လှသော အဖေတို့ရဲ့အစီအမံတွေကိုသာ လက်ဖျားခါရမလောက် ဖြစ်လို့လာခဲ့ရ၏။ နေ့စဉ်ရက်ဆက် အပြင်သို့ထွက်ကာ 'မေ့' ရဲ့ သတင်းအစအနလေးများ ရလိုရငြား ရှာဖွေစုံစမ်းနေမိပါသော်လည်း အချည်းအနှီးသာ ဖြစ်နေခဲ့ရ၏။

မျက်နှာပျက်ယွင်းစွာနဲ့ အိမ်ပြန်ရောက်,ရောက်လာသောသူ့ကိုကြည့်ပြီး အဖေတို့ရဲ့ မျက်လုံးတွေက လှောင်ပြောင်သရော် ရိပ်တွေ စွန်းထင်းပေကျံလျက် ရှိနေလေသည်။ 'လေအိုး'



www.burmeseclassic.com

www.burmeseclassic.com



ကိုမေးကြည့်တော့လည်း ရေရာသေချာစွာ မသိရပါ။

"ငါလည်း မသိဘူး 'ကောင်လေး' ရ… လစ်တာနဲ့ 'မေ' ဘယ်မှာ ရှိနိုင်တယ်ဆိုတာကို စုံစမ်းနေတာပဲ… သိတာနဲ့ ငါ ပြောပြပါ့မယ်ကွာ"

"ငါ့စိတ်ထင် ဒီမြို့ပတ်ဝန်းကျင်မှာတော့ မရှိတော့ဘူး နဲ့တူတယ်… တခြားခပ်ဝေးဝေး တစ်နေရာရာကို ပို့ပစ်လိုက်တာ လားမှမသိတာ"

"ဖြစ်ရင်လည်း ဖြစ်နိုင်တာပဲ…"

"'မေ့' ဘက်က စပြီးဆက်သွယ်လာရင် ကောင်းမယ်ကွာ"

"'မေ' အနေနဲ့လည်း မလစ်လို့ဖြစ်ပါလိမ့်မယ် 'ကောင်လေး' ရာ… အခြေအနေပေးတာနဲ့ သူ မင်းဆီပြေးလာလိမ့်မယ် ဆိုတာ ကျိန်းသေနေတာပဲ… 'မေ့' ရဲ့ သတ္တိကို မင်းအသိဆုံးဖြစ်မှာပါ"

'လေအိုး' ပြောစကားအတိုင်းပဲ 'မေ' ဘက်က စပြီးဆက်သွယ်လာမယ့်အခြေအနေကိုသာ သူ စောင့်စားမျှော်လင့်လို့နေရပါသည်။ ရက်တွေကြာလာတာနဲ့အမျှ သူ့ စိတ်ထဲမွန်းကြပ်လို့လာခဲ့ရသည်။ ချစ်တဲ့သူနဲ့ဝေးကွာနေတဲ့ဒုက္ခကို သူကြာ



www.burmeseclassic.com

www.burmeseclassic.com



ရှည်စွာ ခံစားဖို့ အားအင်မရှိတော့သလို ဖြစ်လာခဲ့ရ၏။

ပေါက်ကွဲချင်နေတဲ့ သူ့ရဲ့စိတ်တွေက ထွက်ပေါက်မရှိဘဲလူတကာအပေါ်ကိုသာ ရန်လိုနေမိတတ်တော့သည်။ ဒီကြားထဲ 'ကောင်လေး' တက္ကသိုလ်တက်ဖို့ကိစ္စက ပေါ်ပေါက်လို့လာခဲ့ရပြန်သည်။ ရတဲ့မေဂျာက သိပ္ပံလိုင်းဘက်မို့ ပရယ်တီကယ် ကျူတို ရီရယ်ဖြေနိုင်ဖို့အတွက် ကျောင်းတက်ရက်မှန်ဖို့လိုပါသည်။ကျောင်းကိစ္စကတစ်ဖက် 'မေ့' ရဲ့အရေးကိစ္စကတစ်ဖက်နဲ့ 'ကောင်လေး' မှာ ဗျာများလို့နေရလေသည်။ 'မေ့' ဘယ်မှာရှိနေတယ်ဆိုတာ တိတိကျကျမသိဘဲနဲ့ စိတ်ချလက်ချသူ ဘယ်လိုလုပ်ပြီး ထွက်သွားလို့ရနိုင်ပါ့မလဲ။

ကျောင်းကိစ္စကလည်း အရေးကြီးနေပါပြီ။ အဖေနဲ့အမေက သူ့အား လျစ်လျူရှုသလို ပစ်ထားလိုက်တာမို့ သူဘာပဲလုပ်နေနေ အရင်ကလို ဝင်ရောက်စွက်ဖက်ခြင်းမပြုတော့ချေ။ မဆိုင်သလိုသာ ခပ်အေးအေးကလေး နေပြနေပါသည်။

'မေ့' ကို ရှာလို့မတွေ့မှတော့ ကျောင်းတက်ဖို့ကိစ္စကိုသာ 'ကောင်လေး' က ဦးစားပေးရွေး ပစ်လိုက်ပါသည်။ ဒီလိုမှမလုပ်ရင် ကိုယ့်အတွက် နစ်နာမှုတွေက အများကြီးဖြစ်လာစရာရှိသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလည်းတက်ရင်း အားတဲ့အချိန်တိုင်းမှာ 'မေ့' ကို မရမက တွေ့အောင်ရှာဖို့ ဆုံးဖြတ်ချက် ချထားခဲ့သည်။ အရှုံးပေးပြီးထွက်မသွားရခင်အချိန်လေးမှာ ရသလောက်တော့ အမေ့ကို ရစ်လိုက်ပါသေးသည်။

အဖေ့ကိုတော့ မလုပ်ရဲချေ။အဖေ့ရဲ့လက်သီးကို သူကြောက်ပါသည်။ အမေကတော့ပါးစပ်ကဘယ်လောက်ပဲပြောပြော မိန်းမသားမို့ အဖေ့ထက်စာရင် ကြင်နာစိတ်ပိုရှိလေသည်။

"အမေတို့ဒီအတိုင်းပဲ ကြည့်နေတော့မှာလား...ကျွန်တော်နဲ့ 'မေ' နဲ့ကိစ္စကို ဘာတစ်ခုမှ မစီစဉ်ပေးတော့ဘူးလား... တာဝန်မဲ့တဲ့ ယောကျာ်းတစ်ယောက် ကျွန်တော်မဖြစ်ချင်ဘူးနော်"

"စကားတွေကလည်း လေကြီးလေကျယ်နဲ့ နင့်ကိစ္စကဘာဖြစ်နေလို့လဲ... ရန်ကုန်မှာ ကျောင်းသွားတက်မှာ မဟုတ်လား... သွားတက်ပေါ့... လိုအပ်တာမှန်သမျှ ငါတို့ထောက်ပံ့ပေးမယ်... ပြီးပြီပေါ့... ဘာလိုသေးသလဲ"

"ကျွန်တော်ပြောတာ ကျောင်းကိစ္စမဟုတ်ဘူး... 'မေ' နဲ့ကိစ္စကို ပြောနေတာ... အမေသိရဲ့သားနဲ့ မသိချင်ဟန်ဆောင်နေတာတော့ မကောင်းဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



" 'မေ' နဲ့ကိစ္စက ဘာများရေးကြီးခွင်ကျယ်ရှိလို့လဲ... ဘာလဲ... 'မေ့' ကို နင်က လက်ထပ်ယူချင်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်..."

ပြုံး၍ကြည့်လိုက်သော အမေ့ရဲ့အပြုံးက လှပပြီး တကယ့်ကို အသက်ဝင်လှပါသည်။

"လက်ထပ်ချင်တယ်ဆိုရင် ကိုယ်လက်ထပ်ချင်တယ်ဆိုတဲ့ မိန်းကလေးကိုတွေ့အောင်ရှာလေ... တွေ့မှ နင်ဖြစ်ချင်တဲ့ ဆန္ဒတွေ ငါတို့ဘက်က ဖြည့်ဆည်းပေးလို့ရမှာပေါ့... ပါးစပ်နဲ့ပြောလို့ မရဘူး... လူကိုယ်တိုင်ခေါ်လာခဲ့ ငါပေးစားမယ်"

"အမေ တကယ်ပြောနေတာလား"

"တကယ်ပြောတာ"

'ကောင်လေး' ရင်ထဲက ဝမ်းသာစိတ်က လက်တွေ့မှာတော့ ဘယ်လိုနည်းနဲ့မှ အကောင်အထည်ဖော်လို့မရနိုင်ပါ။ 'မေ' ကမှ သူ့အနားမှာ ရှိမနေခဲ့ဘဲ။

" 'မေ့' ကို အမေတို့ဖွက်ထားတာပဲဥစ္စာ... 'မေ' ရှိတဲ့နေရာကို အမေပြောပြလေ... ကျွန်တော်သွားခေါ်လာခဲ့မယ်"

"မဆိုင်လိုက်တာ... 'မြခက်' ကို ဟိုဘက်ရွာမှာသွားနေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ငါတို့ပြောတာ ကြားတာပဲမဟုတ်လား… ပိုက်ဆံတောင် ပေးလိုက်သေးတယ်လေ… သူတို့ဟာသူတို့ မနေဘဲ ဘယ်မှာ သွားရှောင်ပုန်းနေသလဲ မသိဘူး… ကိုယ့်တာဝန်ကတော့ ကုန် သွားပြီ”

“ ‘မေ’ မရှိတော့မှ အမေတို့က ကျွန်တော်နဲ့ သဘောတူ တယ်လို့ပြောတာတော့ မဟုတ်သေးဘူးဗျာ… အစတုန်းက တော့ အမေတို့ပဲ နည်းမျိုးစုံနဲ့ ဖျက်ကြပြီးတော့”

“ပြီးတာတွေ ပြောမနေနဲ့တော့… နင့်အဖေကြားရင် ပို ဒေါသထွက်ရုံပဲရှိမယ်… သွားကာနီး လာကာနီး အေးအေးဆေး ဆေးနေစမ်းပါ ‘ကောင်လေး’ ရယ်… မင်းဦးလေးဆီရောက်ရင် လည်း ဟိုအရင်တစ်ခါလို မဆိုးနဲ့တော့… လိမ်လိမ်မာမာနေ ကြားလား”

“ကျောင်းပိတ်ရင်တော့ ကျွန်တော်မြို့ကို ပြန်လာမှာ နော်… တကယ်လို့ ‘မေ’ နဲ့တွေ့ရင်လည်း ကျွန်တော့်ဆီ အကြောင်းကြားပေး”

“အေးပါ… အေးပါ”

“ကတိနော် အမေ”

“ကတိ… ကတိ”



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲဝဲနဲ့ အမေ့ကို နှုတ်ဆက်ပြီး သူ ထွက်လာခဲ့လိုက်ပါသည်။ အဖေကတော့ သူနဲ့အတူတူ ရန်ကုန်ကို လိုက်မှာမို့ နှုတ်ဆက်နေစရာမလိုပေ။ သူ့ရဲ့လိုအပ်ချက်တွေကို အစစအရာရာ အဖေကအကုန်စီမံပြီး လိုက်လုပ်ပေးနေပေမယ့် စကားတော့ ဟက်ဟက်ပက်ပက်မပြောပေ။ ရန်ကုန်မှာသုံးလေးရက်ပဲနေပြီး အဖေပြန်သွားခဲ့ပါသည်။

ဦးလေးက သူ့အား ရှိသလိုလို မေးခွန်းတွေ ထုတ်နေပါသေးသည်။

"မင်းကောင်မလေးနဲ့ကိစ္စကို ဘယ်လိုလဲ... လက်လျှော့လိုက်ပြီလား"

"ဘာလို့လျှော့ရမှာလဲ... သေတာတောင် မလျှော့ဘူးအောင်းမေ့... 'မေ့' ကို ကျွန်တော် မတွေ့တွေ့အောင်ရှာမှာဗျ... အမေကလည်း သဘောတူလိုက်ပြီ"

"မင်းကို နောက်တာနဲ့တူပါတယ်"

"ဘယ်ကလာ အတည်ပြောတာ... 'မေ့' ကိုသာ ရှာတွေ့ရင် ခေါ်လာခဲ့တဲ့... သူကိုယ်တိုင် လက်ထပ်ပေးမယ်တဲ့လေ... ဦးလေးဖေဒင်တော့ မှားတော့မယ်"

ဖေဒင်ပညာကို မယုံသလို ပြောလိုက်မိတဲ့အတွက် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ပုပ်သိုးလို့သွားရလေသည်။

“ဘယ်တော့မှ မမှားဘူး… မင်းချစ်တဲ့သူနဲ့ မင်းအသက်သုံးဆယ်မကျော်မချင်း မပေါင်းရဘူးစိတ်ချ… မင်းကို သေချာတဲ့ စကားတစ်ခွန်းထပ်ပြောလိုက်အုံးမယ်… ဒီတစ်နှစ် နှစ်နှစ်အတွင်း မင်းမှာ အိမ်ထောင်ကျကိန်းရှိနေတယ်”

“မှန်တယ်လေ… ကျွန်တော်နဲ့ ‘မေ’ နဲ့လက်ထပ်မှာလေ”

“ ‘မေ’ နဲ့မဟုတ်ဘူး… တခြားမိန်းကလေးတစ်ယောက်နဲ့”

“မဖြစ်နိုင်ဘူး”

“ဖြစ်နိုင်… မဖြစ်နိုင်ဘူးဆိုတာ အချိန်က မင်းကိုအဆုံးအဖြတ်ပေးသွားမှာပါကွာ… မယုံရင် မင်းစောင့်ကြည့်ပေါ့”

ဦးလေးပြောတဲ့ စကားကို တမင်လှောင်ပြောင်ပြီး ‘ကောင်လေး’ က တဟားဟား ရယ်ပစ်လိုက်ပါသည်။ ‘မေ’ မဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်ကို သူက လက်ထပ်ယူနိုင်ပါ့မလား။

အဓိပ္ပါယ်မရှိလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား ငေးတိငေးငိုင်နဲ့ မရွှင်မလန်းပိုဖြစ်လာသော သမီးဖြစ်သူကိုကြည့်ပြီး 'ဒေါ်မြခက်' ရင်ထဲမှာ စိတ်မကောင်းတော့ ဖြစ်မိပါသည်။ ဒါပေမယ့်လည်း 'ကောင်လေး' မိဘတွေက ဒီလောက်တောင် ခါးသီးနေမှတော့ ရှေ့ဆက်မတိုးတာ အကောင်းဆုံးပဲမဟုတ်လား။

အခုဆိုရင် 'မေ' တစ်ယောက် ချစ်သူနဲ့ကွဲရလို့ ငိုကြွေးစိတ်ဆင်းရဲရတာကလွဲလျှင် ကျန်တဲ့ စားဝတ်နေရေးအပိုင်းက ပြည့်စုံလွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်မှ ပင်ပင်ပမ်းပမ်းမလုပ်ရဘဲ စိတ်တိုင်းကျ စားသောက်ပြီး သမီးဖြစ်သူကို မျက်ခြေမပြတ် စောင့်ကြည့်နေပေးရတဲ့တာဝန်ကတော့ 'ဒေါ်မြခက်' အတွက် ပျင်းတောင် ပျင်းပါသေးသည်။ ကိုယ့်မြို့မဟုတ်ပေမယ့် ဟိုဘက်ကမ်း ဒီဘက်ကမ်းလှမ်းမြင်နေရတာကြောင့် စိတ်ထဲ ဘယ်လိုမျိုးမှ မခံစားမိပေ။ 'မေ' က တော့ ညနေတိုင်း လှေဆိပ်မှာထိုင်ကာ မြို့ဘက်ကို ကြည့်ပြီး ဆွေးဆွေးကြီး ငေးမောနေတတ်လေသည်။

အရင်လိုစိတ်ခါတ်မျိုးနဲ့ တဇွတ်ထိုး ထွက်သွားချင်ရာ ထွက်မသွားတာပဲ ကံကောင်းနေရ၏။ ထွက်သွားဖို့ကြံစည်မယ်ဆိုရင်လည်း 'မေ့' ရဲ့ဆန္ဒအထမြောက်မယ် မထင်ပေ။ 'မေ့' ကို သီးသန့်စောင့်ကြည့်ဖို့အတွက် ခြံစောင့်နှစ်ယောက်ရှိနေပါသေးသည်။ 'ကောင်လေး' မြို့မှာရှိတဲ့အချိန်တွေတုန်းကတော့ 'မေ့' ကို ထိန်းသိမ်းရတာ အတော်ခက်ခဲခဲ့ပါသည်။

တစ်နေ့တစ်နေ့ လိုက်ရှာဖွေနေတဲ့ 'ကောင်လေး' ရဲ့ ရန်ကလွတ်အောင် နေရာပေါင်းစုံပြောင်းပြီး ပုန်းခိုအောင်းခဲ့ရသည်။ မတွေ့တာဘဲတော်ပါသေးသည်။ 'ကောင်လေး'ကျောင်းသွားတက်သည်ဆိုတာ သေချာသွားမှ 'မေ့' ဘက်က ငြိမ်ကျသွားခဲ့ရတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲဝဲနဲ့ ဟိုးအဝေးကြီးကို ငေးမောကြည့်နေတတ်တဲ့ သမီးဖြစ်သူကိုကြည့်ပြီး 'ဒေါ်မြခက်' နှစ်သိမ့်မိပါသေးသည်။

"လောကမှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲချစ်ချစ် ... မပေါင်းလိုက်ရတဲ့ ချစ်သူတွေ အများကြီးပဲသမီးရဲ့ ... တကယ်တမ်းကျတော့ အချစ်ဆိုတာ အလကားပါ... လူတစ်ယောက် အသက်ရှင်နေသရွေ့ အချစ်တို့ သံယောဇဉ်တို့ဆိုတာ အမြဲဖြစ်ပေါ်နေမှာပဲ... 'ကောင်လေး' ဘက်ကလည်း ကြာလာတာနဲ့အမျှ သမီးကို မေ့သွားသလို သမီးဘက်ကလည်းမေ့သွားမှာပါပဲ"

'မေ' က မဲ့ပြုံး ပြုံးပြီး ခေါင်းကို ခါယမ်းပြလေသည်။

"အမေပြောတဲ့ စကားက သေချာလို့လား... 'မေ' ကတော့မထင်ပါဘူး"

"ဒါကတော့ ခံစားနေရတုန်းဆိုတော့ အမေပြောတာကို ဘယ်လက်ခံချင်ပါ့မလဲ... ကြာလာတာနဲ့အမျှ သမီးပိုသိလာလိမ့်မယ်... နောက်ထပ်ချစ်သူတစ်ယောက်များရရင် 'ကောင်လေး' ဆို တာ သမီးဘဝမှာ ယောင်ဝါးဝါးနဲ့ မှုန်ဝါးပျောက်ကွယ်သွားမှာ ကျိန်းသေနေပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့အပြောတွေက လွယ်လိုက်တာအမေရယ်... ကိုယ်တိုင်ခံစားဘူးမှ အမေသိနိုင်ပါလိမ့်မယ်... 'မေ့' ရင်ထဲက အချစ်က အမေထင်သလိုမျိုး ပေါ့ပျက်ပျက်မဟုတ်ဘူး... 'မေ'အသက်ရှင်နေသရွေ့ တည်တံ့ခိုင်မြဲနေမှာ... နောက်တစ်ယောက်ပြောင်းလဲဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"အမယ်လေး... ပိုလိုက်တာ"

"ဘယ်ကလာ ပိုရမှာလဲအမေရဲ့... ဒါရင်ထဲမှာ ရှိတဲ့အတိုင်း ပြောပြတာ... 'မေ' အသက်ရှင်နေသရွေ့ 'ကောင်လေး' က 'မေ့' ရင်ထဲမှာ အမြဲတမ်းရှိနေမှာ"

" 'ကောင်လေး' မိန်းမယူသွားတော့ကော ဘာတတ်နိုင်မှာကျလို့... သူများလင်ကြီးကို စိတ်ထဲမှာ ပြစ်မှာနေမှတော့ ဒု, သ, န, သော ပဲဖြစ်တော့မှာပေါ့"

" 'ကောင်လေး' ကကော 'မေ' မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို ယူမှာတဲ့လား"

"ယူမှာပေါ့... သူ့မိဘစကားကို လွန်ဆန်နိုင်တဲ့သူမှမဟုတ်တဲ့ဟာ... မယုံရင်စောင့်ကြည့်... ကျောင်းမပြီးခင်ကို 'ကောင်လေး' ကို မိန်းမရှာပေးစားလိမ့်မယ်"

"မယုံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောပြော မယုံကြည်တဲ့သူကို 'ဒေါ်မြခက်' က လေကုန်ခံပြီး ဆက်မပြောတော့ပါ။ 'ကိုမြင့်မိုရ်' တို့ ပြောထားတဲ့အတိုင်း ငါးလလောက် ဒီရွာမှာ ခဏရှောင်နေပေးလိုက်ရင် ကိုယ့်တာဝန်က ကျေနေပြီပဲ။ အဲဒီအတွက် ငွေသုံးသိန်းနဲ့ ရွှေတစ်ဆယ်သားရမည်။

ငွေနဲ့ရွှေကိုမက်ပြီး သူတို့ပြောသမျှတွေကို ငုံ့ခံနေရပေမယ့် စိတ်ထဲကတော့ ကျေနပ်လှသည်ရယ်တော့လည်း မဟုတ်ပါ။ မကျေနပ်တော့ကော ကိုယ့်လို မျက်နှာမွဲက ဘာတန်ပြန်ပြီး လုပ်နိုင်မှာကြလို့။ အရှုံးပေးလိုက်တာသည် ကိုယ့်သားအမိဘဝ အတွက် အသက်ရှူချောင်စေမယ့် နည်းလမ်းဖြစ်နေတာမို့ ထိုလမ်းကိုပဲ ရွေးချယ်လိုက်ခြင်းပါ။

'ကောင်လေး' ကျောင်းတက်နေတဲ့ကာလမို့ ငြိမ်းချမ်းအေးဆေးတယ်ဆိုပြီး ဝမ်းသာရမလား အောင်းမေ့ထားပါသည်။ မျက်စိပျက် မျက်နှာပျက်နဲ့ ပြောလာသော 'မေ့'ရဲ့စကားကြောင့် လန့် ပြီးတုန်တက်သွားရလေသည်။

ဒီလို ဖြစ်လာနိုင်တယ်ဆိုတာကို စောစောကတည်းက သူမ ဘာကြောင့် မတွေးမိလိုက်သလဲမသိ။

"'မေ့' စိတ်ထဲမှာ တစ်မျိုးကြီးပဲ အမေ… နေလို့ ထိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်းမကောင်းဘူး”

ဟု စပြောတုန်းကတော့ စိတ်ထဲပူပန်မှုမျိုး မဖြစ်သေးချေ။

“ဘယ်နေလို့ ထိုင်လို့ကောင်းမလဲ… တစ်နေ့ တစ်နေ့ ငူငိုင်ပြီး ဘာမဟုတ်တဲ့ ‘ကောင်လေး’ အကြောင်းကိုပဲ တွေးနေတာကို… စိတ်မပျော်ရွှင်တာတွေ တွေးနေတော့ လူက ဘယ်လန်းဆန်းမလဲ… တတ်နိုင်သလောက် ‘ကောင်လေး’ ကို ခေါင်းထဲက ထုတ်ပစ်လိုက်… ဒါဆို ကောင်းသွားလိမ့်မယ်”

“မဟုတ်ဘူး… ‘မေ’ ပြောတာ အဲ့ဒီ အဓိပ္ပါယ်မဟုတ်ဘူး… တခြားကိစ္စကို ပြောနေတာ”

“တခြားကိစ္စ… ဘာလဲ… နားမလည်ပါဘူး”

“ကျွတ် … အမေနဲ့တော့ ခက်ပါတယ်… နားမလည်လည်း မပြောချင်တော့ဘူး… တကယ်သေချာရင် အမေအလိုလိုသိလာမှာပဲ … ဖုံးကွယ်လို့မှ မရတာ”

“ဘာပြောတယ်…”

‘မေ့’ ရဲ့ မျက်နှာအမူအယာကိုကြည့်ပြီး ခုမှပဲသဘောပေါက်လာတော့သည်။ သိ,သိချင်း ရင်ထဲမီးစနဲ့အထိုးခံလိုက်ရသလို ပူပြင်းသွားသည်မှာ ခံစားလို့ပင် မရနိုင်ပေ။ ‘မေ့’ ရဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှစ်ဖက်ကို ခပ်တင်းတင်း ဖြစ်ညှစ်ဆုပ်ကိုင်ကာ ဒေါသတကြီးမေးပစ်လိုက်သည်။

“သေချာလို့လား... ဒီလောက်ထိ ဖြစ်လောက်စရာအကြောင်း ညည်းတို့မှာရှိခဲ့လို့လားဟင်... ပြောစမ်း... ပြောစမ်း”

“မသိဘူး...”

“မသိလို့ မရဘူးလေ... ဒီကိစ္စက ညည်းကာယကံရှင်ပဲ... ညည်း အသိဆုံးဖြစ်ရမှာပေါ့”

‘မေ’ ကခေါင်းကိုငုံ့ပြီး မျက်ရည်သာ ကျနေမိသည်။ ဘာစကားမှ ‘မေ့’ ဘက်က မပြောချင်တော့ပါ။ ‘မေ့’ စိတ်ထဲမှာ သေချာနေသည်ဆိုမှတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှေ့ဆက်ရင်ဆိုင်ဖို့ပဲ အားမွေးထားလိုက်ပါသည်။

အမေ့ရဲ့ ဒေါသကိုလန့်ပေမယ့် ဖွင့်မပြောဘဲ နေလို့ ရတဲ့ကိစ္စမှမဟုတ်တဲ့ဟာ။ စောစောစီးစီး ဖွင့်ပြောပြပြီးသွား တော့လည်း မြန်မြန်အေးတာပဲပေါ့။

“နေအုံး... ဒီညနေ ဆေးခန်းသွားပြမယ်... တကယ်ဟုတ်မဟုတ်သေချာအောင် စမ်းသပ်ကြည့်ရမယ်... ရမ်းသမ်းပြောချင်ရာပြောလို့ ရတာမဟုတ်ဘူး”

“အဖြေထွက်တော့ အမေက ဘာလုပ်မလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



အမေ့မျက်လုံးက အပြင်သို့ခုန်ပေါက်ပြီး ပြုတ်ကျထွက်လာမတတ် ပြူးလာရ၏။ ဒေါသကြောင့် တစ်ကိုယ်လုံးလည်း တုန်ရင်နေပါသည်။

“ ဘာလုပ်ရမယ်ဆိုတာ ညည်းမသိဘူးလား... ဘာလဲ လူကြားထဲမှာ အရှက်ကွဲခံလိုက်မလို့လား ပြော... မရှုးနဲ့... မရှုးနဲ့... တံတွေးခွက်မှာ ပက်လက်မျောသွားမယ် အောင်းမေ့”

“ ‘မေ့’ မှာ သတ္တိရှိတယ်... ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်ဘူး ‘မေ့’ ကုသိုလ်ကံနဲ့ ‘မေ’ ပဲလို့ အောင့်မေ့တယ်”

“ ရှမလားဟဲ့... ငနံမရဲ့... ကဲ ကဲ”

‘မေ့’ ရဲ့ဆံပင်တွေ အုံလိုက်ကျွတ်ထွက်သွားမတတ်ကို အမေ က ဒေါသတကြီး ဆောင့်ကာဆောင့်ကာ ဆွဲသည်။ လက်နဲ့လည်း ရိုက်သည်။ အမေဘယ်လောက်ပဲ ရိုက်မောင်းပုတ်မောင်းလုပ်လုပ် ‘မေ’ က အသံမထွက်ဘဲ အောင့်အီးကြိတ်မှိတ်ကာ သည်းခံနေမိသည်။

အမေဖြစ်စေချင်တဲ့ ဆန္ဒကို ‘မေ့’ ဘက်က မလိုက်လျောနိုင်မှတော့ အမေ ဒေါသအတိုင်း လုပ်ချင်ရာ လုပ်ပါစေတော့လေ။

‘ကောင်လေး’ ရေ၊ ဖြစ်ပျက်နေတဲ့ ‘မေ့’ ဘက်က အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေတွေကို နည်းနည်းကလေးလောက် အသိအမှတ်ပြုပြီး လှည့်ကြည့်လိုက်ပါအုံး။ ချစ်ခဲ့လို့ ပျော်ရတာထက် ငိုနေရတာက 'မေ့' ရဲ့ဘ၀ မှာ ပိုများနေတယ်ဆိုတာကို နင် သိနိုင်ပါ့မလား။

ငါ့မှာ ဒုက္ခတွေနဲ့ ဘယ်လောက်ပဲ ရင်ဆိုင်ရ၊ရင်ဆိုင်ရတစ်နေ့ တို့နှစ်ယောက် ပြန်ဆုံကြရမယ်ဆိုတာကိုတွေးပြီး တိတ်တိတ်ကလေး ကြည်နူးနေခဲ့ရတာပါ။ အဲ့ဒီ ကြည်နူးရမယ့် အချိန်က ဘယ်တော့များမှ ရောက်လာပါ့မလဲ။

နဂိုရှိနေတဲ့ ဒုက္ခအပြင် အခု နောက်ထပ်ဒုက္ခတစ်ခုကပါ ငါ့ ဆီမှာ ရောက်လို့နေပြန်ပါပြီ။ ဒုက္ခလို့ ငါ မပြောရက်ပါဘူး ဒါပေမယ့် ကြည်နူးဖို့ဝမ်းသာဖို့ ငါ့မှာခွန်အားရှိမနေနိုင်တော့ပါဘူး။

ကြိတ်မှိတ်မြိုသိပ်ပြီး ထားလို့ရမယ်ဆိုရင် ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ ရေငုံနှုတ်ပိတ် ကြိတ်ခံစားလိုက်ပါတယ်။ ခုကိစ္စက ကြိုပြီးဖွင့်မပြောရင် ပိုပြီး ဒုက္ခတွေများလာနိုင်တယ် မဟုတ်လား။

"မဖြစ်ဘူး… မဖြစ်ဘူး… ဒီကိစ္စက အချိန်ဆွဲနေလို့မဖြစ်ပါဘူး… သေချာတယ်ဆိုရင် လုပ်သင့်တာကို လုပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မြခက်' က 'မေ့' လက်ကိုဆုပ်ကိုင်ဆွဲကာ ခြံပြင်သို့ ခေါ်ထုတ်လာပါသည်။ အသင့်စောင့်နေသော လူနှစ်ယောက်ကို အကျိုးအကြောင်းပြောပြပြီး ခိုင်းလိုက်ရသည်။

"ကဲ... နင်တို့နှစ်ယောက်စလုံး 'ကိုမြင့်မိုရ်' အိမ်ပြန်ကြတော့..ငါ့သမီးမှာ အရေးပေါ်ကိစ္စပေါ်နေလို့ တအောင့်လောက်နေရင် ငါတို့ရောက်လာလိမ့်မယ်လို့ ကြိုပြောထားကြ... ငါတို့နောက်ကို မလိုက်ကြနဲ့နော်"

"ဖြစ်ရဲ့လား တော်ကြာ တစ်ခုခုဆို ကျွန်တော်တို့မရှိလို့ ဖြစ်နေအုံးမယ်"

"သြော်... ရှည်လိုက်တာ... အမေ တစ်ယောက်လုံးပါနေတာ ဘာမှဖြစ်စရာအကြောင်းမရှိဘူး"

ရွာမှာရှိတဲ့ ဆေးပေးခန်းကိုပဲ အမေက ခေါ်လာခဲ့သည်။ တိုးတိုးတိတ်တိတ် ကိစ္စတစ်ခုကို လူသိရှင်ကြား ရေးကြီးခွင်ကျယ်ဖြစ်ပြနေတဲ့ အမေရဲ့ ပုံစံအမူအယာတွေကြောင့် 'မေ့' စိတ်ထဲရှက်နေရပါသည်။

စမ်းသပ်ပေးတဲ့ ဆရာဝန်မက သေချာစစ်ဆေးစမ်းသပ်ပြီးတဲ့အခါမှာတော့ တိကျတဲ့အဖြေတစ်ခုက ထွက်လို့လာခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



" သုံးလလောက်တော့ ရှိနေပြီ… လိုအပ်တဲ့အားဆေးတွေ ကျွန်မရေးပေးလိုက်မယ်… ဟိုဘက်ကမ်းက ဆေးဆိုင်တွေမှာ ရှိပါတယ်…ဝယ်သောက်လိုက်ပါ … ခုလည်း ဆေးသုံးခွက်စာပေးလိုက်မယ်"

ဆရာဝန်မရှေ့မှာမို့ အမေက သူ့ရဲ့ဒေါသကို မရမက ထိန်းသိမ်းထားလေသည်။မျက်နှာပြင်ကတော့ နီရဲခက်ထန်ကာ အသက်ရှူသံတွေပင် မြန်ဆန်လို့နေသည်။ အမေ့ရဲ့ ပုံစံအမူအယာကိုကြည့်ပြီး ဆရာဝန်မကပင် …

" လူနာကို စိတ်ချမ်းသာအောင် ထားစေချင်ပါတယ်… စိတ်ချမ်းသာမှ သူ့ရဲ့ ကျန်းမာရေး အခြေအနေကကောင်းမှာ… ကျွန်မ ပြောတာကို အစ်မ သဘောပေါက်မှာပါနော်"

ဟု စိုးရိမ်မကင်းတဲ့လေသံနဲ့ မှာနေသေး၏။ အမေက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ကျသင့်ငွေကိုထုတ်ပေးကာ ဆေးခန်းထဲမှ ကမူးရှူးထိုး 'မေ့' လက်ကိုဆွဲပြီး ထွက်လာခဲ့ပါသည်။

ပြင်းပြနေသော အမေရဲ့ ဒေါသကို 'မေ' အခုမှပဲ မြင်ဘူးပါတော့သည်။ 'မေ့' စိတ်ထဲက အမေ့ကိုကြည့်ပြီး ဝမ်းလည်းနည်းသည်၊ ကြောက်လည်း ကြောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအားဆေးလဲ... ဘာဆေးမှ သောက်စရာမလိုဘူး... ဒီဆေးတွေသောက်မှ အရက်ကပိုကွဲမှာ... လူသိခံလို့ကို မဖြစ်ဘူး... 'ကိုမြင့်မိုရ်' တို့နဲ့ညှိပြီး ပြေလည်အောင်ကိုအပြတ်လုပ်ရမယ်... သွား... သွား"

ဆေးထုပ်ကို အဝေးသို့ အမေက ပစ်ပေါက်လွှင့်ပစ်လိုက်လေသည်။ ခုချိန်မှာ အမေဘာပဲလုပ်လုပ် 'မေ့' ဘက်က မတားသာပါ။ အမေ စိတ်တိုင်းကျ ပေါက်ကွဲစေပါအုံး။ ဒေါသတွေနင်းကန်ထွက်ပြီး မောလို့ငြိမ်ကျသွားတဲ့အချိန်မှ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကိုဖွင့်ပြောပြဖို့ 'မေ' က ဆုံးဖြတ်ထားလိုက်ပါသည်။

အမေက အိမ်သို့မပြန်ဘဲ လမ်းကြောင်းပြောင်းကာ တခြားဘက်သို့ 'မေ့' အား ဆွဲခေါ်သွားလေသည်။

"အမေ ဘယ်သွားမလို့လဲ... အိမ်ပြန်မယ်လေ"

"အိမ်ပြန်လို့ရမလား...'ကောင်လေး' မိဘတွေကိုအကျိုးအကြောင်း ပြောပြရမှာပေါ့... ဘာကိစ္စပဲဖြစ်ဖြစ် သူတို့တာဝန်ယူပေးရမယ်"

"ဟင့်အင်း ... 'မေ' မလိုက်ချင်ဘူး ... သူတို့နဲ့ 'မေ'နဲ့ မပတ်သက်ဘူး... ပတ်သက်နေတာက အမေပဲ... သွားချင်ရင် အမေဖါသာတစ်ယောက်တည်းသွား ... 'မေ့' ကိုမခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ပြဿနာ ညည်းမလိုက်လို့ ရမလား… ကာယကံရှင်ကိုယ်တိုင် ပါမှကောင်းမှာပေါ့"

"'မေ့' ကို သူတို့ဘယ်တုန်းက ကြည်ဖြူလို့လဲ… ကိုယ့်ကို နှိမ့်ချအသိအမှတ်မပြုတဲ့ အိမ်တစ်အိမ်ကို မျက်နှာအောက်ကျို့ခံပြီး မလိုက်ချင်ဘူး… အမေ ဘယ်လောက်ပဲခေါ်ခေါ် လိုက်မှာကိုမဟုတ်ဘူး"

ဟု ဗွတ်ပြောကာ လှမ်းနေတဲ့ခြေလှမ်းကို ဆက်မလှမ်းတော့ဘဲ နေရာမှာတင် 'မေ' က ထိုင်ချပစ်လိုက်သည်။ 'မေ့'ပုံစံကိုကြည့်ပြီး အမေ စိတ်ကို လျှော့ချလိုက်ပုံရပါသည်။

"ကဲ နေချင်ရင်လည်း နေခဲ့… ဘယ်ကိုမှ ထွက်သွားဖို့ စိတ်မကူးနဲ့… အိမ်ကိုပဲ တန်းပြန်ကြားလား… ငါ 'ကောင်လေး' တို့အိမ်သွားပြီး အကျိုးအကြောင်းပြောပြမယ်… အိမ်ပြန်မှာ ကောသေချာလို့လား"

"သေချာပါတယ်… အမေပြန်လာတာကို 'မေ' ကျိန်းသေစောင့်နေမယ်"

ကိုယ့်အတွက် သတင်းကောင်း ပါမလာဘူးဆိုတာ ကြိုသိနေပေမယ့် အမေရဲ့စကားတွေကို ကြားချင်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com






"အမေ... 'မေ' နဲ့ပတ်သက်တဲ့သတင်း ဘာကြား သေးလဲလို့... စနေ တနင်္ဂနွေ ကျောင်းပိတ်တုန်း ခဏလစ်လာ ရတာ... ဒါတောင် ကျူရှင်မတက်သေးလို့... နောက်ပိုင်းဆိုလာ လို့ရမှာ မဟုတ်တော့ဘူး"

ဟု ပြောတဲ့ သူ့စကားကို အမေကြားပုံမရချေ။ အမေ့ စိတ်ထဲဘာတွေ စဉ်းစားတွေးတောနေသလဲ မသိချေ။ အမေ့ မျက်နှာကမှုန်မှိုင်းကာ ရင်ပူနေတဲ့အတိုင်းပါပဲ။

"ကျွန်တော်ပြောတာ ကြားရဲ့လားဗျာ... အမေ့ ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေမှန်းကို မသိဘူး… 'မေ' နဲ့ပတ်သက်တဲ့သတင်း ဘာကြားသေးလဲလို့ မေးနေတာ"

"အို အရေးထဲမှ ဘာတွေလာမေးနေတာလဲ… ကျွတ် ဒီမှာဖြင့် စိတ်ရှုပ်ရတဲ့အထဲ သူကတစ်မျိုး ပူနေပြန်ပြီ… ဘာလို့ ခဏ ခဏ အိမ်ကိုပြန်လာရတာလဲ… ကျောင်းမှ မပိတ်တဲ့ဟာ… အားတဲ့ ရက် စာကျက်မယ်မရှိဘူး… အရေးမပါတဲ့ ကိစ္စအတွက် ပြန်,ပြန်လာတယ်… နင့်အဖေ နင့်ကို သတ်ချင်နေပြီ သိရဲ့လား"

"အဖေက ကျွန်တော့်ကို ဘယ်တုန်းက အမြင်ကြည် လင်ခဲ့ဘူးလို့လဲ… ကျွန်တော်နဲ့ပတ်သက်ရင် အမြဲတမ်း စိတ် တိုဒေါသထွက်နေတဲ့ သူပဲဟာ… အခုလည်း ပွစိပွစိနဲ့အောက် ထပ်မှာ ဘာဖြစ်နေသလဲ မသိပါဘူး… နေ့ခင်းကြောင်တောင် ကြီး ခြံတံခါးကိုလည်း ပိတ်ထားသေးတယ်"

"နင် ပြန်ရင်ကောင်းလိမ့်မယ် 'ကောင်လေး'… ငါတို့မှာ ကိစ္စတွေရှိသေးတယ်… နင့်ကိုပြန်ပြီး ကြည့်ရှုနေဖို့ အချိန်မရှိ ဘူး… ညနေ သဘော်ာနဲ့ပြန်… သဘော်ာမရှိရင် မော်တော်ငှား ပေးလိုက်မယ်"

"ဟင် အမေတို့က ဘာဖြစ်တာလဲ…မိဘဖြစ်ပြီး ကိုယ့် သားသမီးပြန်လာတာတောင် လှိုက်လှဲဝမ်းသာမှု မရှိဘူး…



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာတောင် မကြာသေးဘူး နှင်လွှတ်နေပြီ... ညတောင် ပေးမသိပ်ချင်တာ အံ့သြစရာကြီး”

“ထင်ချင်သလိုထင်ပေါ့... ဘာမှ မပြောချင်ဘူး... တစ်ခု တော့ မှာလိုက်မယ် ... ကျောင်းကြီးပိတ်မှပဲ အိမ်ကိုပြန်လာခဲ့... ခဏ ခဏ ခုလိုပြန်လာတာမျိုး မကြိုက်ဘူး... ဘာကိစ္စပဲ ဘယ် လောက်အရေးကြီးကြီး ပြန်လာစရာကို မလိုဘူးကြားလား”

မကျေမနပ်ဖြစ်နေသော မျက်နှာထားဖြင့် ‘ကောင်လေး’ က စိုက်ကြည့်လို့လာသည်။ ‘မြခက်’ လာမယ့် အချိန်ကျမှ သူကအိမ်ကို ပြန်ရောက်ချလာရတယ်လို့။ ကုသိုလ်ကံဆိုးတယ် လို့ပဲ မိမိက မှတ်ယူထားလိုက်သည်။

‘မေ’ နဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ပြဿနာဆိုတာ ဘာများပါလိမ့်။ ‘မေ’ နဲ့ပတ်သက်ရင် ရင်ထိတ်စရာ၊ တုန်လှုပ် ခြောက်ခြားစရာတွေက တစ်နည်းမဟုတ်တစ်နည်းနဲ့ ပေါ် ပေါက်ဖြစ်ပျက်နေကြပဲ မဟုတ်လား။

ခုလည်း ဘာထပ်ဖြစ်အုံးမလဲ မသိ။ ‘ကောင်လေး’ မရှိတဲ့ အချိန်ဆို ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ်လှပေမယ့် သူ အိမ်မှာ ပြန်ရောက်နေတဲ့ အချိန်မျိုးမှာ ‘မေ’ နဲ့ပတ်သက်တဲ့ကိစ္စသေး သေးမွှားမွှားလေးကအစ မပေါ်ပေါက်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမြင့်မိုရ်' လည်း စိတ်ရှုပ် စိတ်တိုနေမှာ သေချာပါသည်။ 'မြခက်' ရန်ကအေးအောင် အလုပ်ချိန်မှာတောင် ခြံတံခါးကိုပိတ်ထားပစ်လိုက်တဲ့ အထိပါပဲ။

"အမေ့ကိုကြည့်ရတာ မူမမှန်ဘူး… ကျွန်တော်နဲ့ပတ်သက်ပြီး လို့ဂှက်ချက်တစ်ခုခု ရှိနေသလိုပဲ… တော်ပြီ ကျောင်းလည်းမတက်ချင်တော့ဘူး… အိမ်ကအလုပ်တွေကို ကူလုပ်ရင်းအိမ်မှာပဲ ပြန်နေတော့မယ်… ဦးလေးဆီစာရေးပြီး အကျိုးအကြောင်း အမေပြောပြလိုက်တော့"

" နင် ရူးနေလား… ဘာမဟုတ်တာတွေ လျှောက်ပြောနေရတာလဲ… မိဘက အကောင်းဆုံးဖြစ်အောင် လိုလေသေးမရှိအောင် စီမံနေရာချထားပေးတယ်… ဒါကို ကောင်းကောင်းမွန်မွန်မနာခံဘဲ ဗွေဖေါက်ဖေါက်ချင်လာတယ်… နင်တော့ သေတော့မယ် "

ဟု အော်ပြီး လက်ကလည်း သူ့ဒေါသသူ မထိန်းနိုင်သလိုအမေက 'ကောင်လေး' ရဲ့ ခေါင်းကော ကျောပြင်ကိုပါ လက်သီးဆုပ်နဲ့ မညှာမတာထုပစ်လေသည်။ ခေါင်းလည်းမူး ကျောတွေ ရင်တွေအောင့်မျက်နာကျင်သွားပေမယ့် 'ကောင်လေး' ကမဖြုံ။



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာကို မြိုသိပ်မထားဘဲ ဆက်ပြောချလိုက်ပါသည်။

"ကျွန်တော်နဲ့ 'မေ' နဲ့ ကိစ္စကိုသာ အမေတို့ဘက်က သဘောတူကြည်ဖြူပါတယ်ဆိုတာ ကတိပေး... အဲ့ဒါဆို အမေတို့ စိတ်တိုင်းကျ ဘာပဲဖြစ်ဖြစ် ကျွန်တော်နာခံပြီး လုပ်ပေးမယ်... ကျွန်တော် စိတ်ချမ်းသာရင် အမေတို့လည်း စိတ်ချမ်းသာစေရမယ်"

"နင် တောင်းတဲ့ကတိမျိုး ငါတို့သေသွားမှပဲရမယ်ဆိုတာ အောင်းမေ့ထား..."

အမေက သူ့ကိုထားခဲ့ပြီး အောက်ထပ်သို့ဆင်းသွားဖို့ပြင်လေသည်။ အမေ သွားတဲ့နောက်ကို သူပါထပ်ချပ်မခွာလိုက်ဖို့ လျှောက်လာခဲ့လိုက်သည်။

"ငါ့နောက် မလိုက်ခဲ့နဲ့... နင့်ရဲ့ ပြောပုံဆိုပုံတွေကိုနင့်အဖေသာကြားရင် ဟိုကမျက်နှာတစ်ခုလုံး ဖူးယောင်သွား အောင်ကို ထိုးမှာ... အပေါ်မှာပဲ နေခဲ့... ရှည်ပြီးလိုက်ချလာရင် ငါတာဝန်မယူဘူး... ကိုယ်ဖြစ်ကိုယ်ခံပဲ"

အမေ ဆင်းသွားတဲ့နောက်ကို ချက်ချင်းမလိုက်သေးဘဲ အောက်ထပ်က စကားသံတွေကို အသာကလေး နားစွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိပါသည်။ အဖေရဲ့ စိတ်တိုဒေါသထွက်တဲ့လေသံက အပေါ် ထပ်သို့ ခပ်တိုးတိုးလွင့်ပျံတက်လို့လာရသည်။

အဖေ ဘယ်သူ့ကိုများ ဒေါသဖြစ်နေတာလည်း မသိ။

"တောက်... ဒီမိန်းမနဲ့တော့ ခက်ပါတယ်... မတွေ့ချင် လို့ ရှောင်နေပါတယ်ဆိုမှ ဇွတ်အတင်းတွေ့ချင်နေရတယ်လို့... မတွေ့နိုင်သေးဘူးလို့ ပြောလိုက်ကွာ... နောက်မှ ငါတို့ဖါသာ အားတဲ့အချိန် လာခဲ့မယ်လို့ ပြောလိုက်... အိမ်မှာပဲစောင့်နေ ခိုင်း... ဆက်ပြောလိုက်အုံး... လောကကြီးမှာ သူတို့ကိစ္စတစ်ခု တည်း ရှိတာမဟုတ်ဘူး... ငါတို့မှာလည်း ကိစ္စတွေရှိသေး တယ်ဆိုတာပါပြော ခြံရှေ့မှာ ရပ်မနေခိုင်းနဲ့တော့"

"ကျွန်မ သွားပြောလိုက်ရမလား 'ကိုမြင့်မိုရ်' ... မြန်မြန် သွားအောင်လို့လေ"

" နေ... နေ... မင်းကိုတွေ့မှ ပိုပြီးပေရှည်နေမယ်... ဒီကောင်တွေကိုပဲ ခိုင်းလိုက်မယ်"

အဖေတို့ရဲ့ စကားသံတွေတိတ်သွားတာနဲ့ ဘယ်သူဆို တာသိရအောင်လို့ 'ကောင်လေး' က အိမ်ရှေ့ဝရံတာကိုအပြေး လှမ်း၍ ခြံဝကို ကြည့်ကြည့်လိုက်သည်။ ခြံတံခါး သစ်သား တိုင်တွေကြားထဲကနေ ဘယ်သူဆိုတာကို မြင်တာနဲ့ သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

'ဒေါ်မြခက်'။ 'မေ့'ရဲ့ အမေ၊ 'မေ'ဘယ်မှာရှိနေတယ်ဆိုတာ အလွယ်ကလေးနဲ့ သူ သိနေနိုင်ပြီပဲ။ 'ဒေါ်မြခက်' သွားတဲ့အနောက်သို့ တိတ်တိတ်ကလေး သူ လိုက်သွားခဲ့ရင်ဖြင့် 'မေ့'ကိုတွေ့ရပြီပေါ့။

ဝမ်းသာစိတ်ကြောင့် သူ့ ရင်တွေ အခုန်မြန်လို့လာရသည်။ အခြေအနေကို အသာရပ်ကာဆက်ပြီး စောင့်ကြည့်အကဲခတ်နေလိုက်မိသည်။ အလုပ်သမားတွေပြောနေတာကိုငြင်းဆန်၍ 'ဒေါ် မြခက်' က ခြံထဲဝင်ဘို့ အတင်းကာရောကြိုးစားနေလေသည်။

ဆွဲတဲ့သူကဆွဲ ရုန်းတဲ့သူကရုန်းနဲ့ ပြဿနာကပိုကြီးသထက်ပိုကြီးလာတာကို မြင်တွေ့နေရပါသည်။ သူ မြင်တွေ့နေသလိုပဲ အောက်ထပ်ကနေ အဖေတို့လည်း မြင်တွေ့နေမှာသေချာပါသည်။ ကြည့်ရတာ သူ အိမ်မှာရောက်နေသဖြင့် 'ဒေါ်မြခက်' ရောက်လာတာကို သိသွားမှာစိုးလို့ ဖြစ်ပါလိမ့်မည်။

ကြည့်နေရင်းနဲ့ မထင်မှတ်ဘဲ 'ဒေါ်မြခက်'ရဲ့ အော်သံအကျယ်ကြီးက ထွက်လို့လာခဲ့ရသည်။

" ဘယ်လိုဖြစ်ကြတာလဲရှင် ... သဘောတူ ကြည်ဖြူမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ယူတုန်းကလည်း သူတို့ပဲ... မကြည်ဖြူတော့လည်း ချက် ချင်းပဲ သူတို့... ဘလောင်းဘလဲ နိုင်လှချည်လားရှင် 'ကိုမြင့်မိုရ်' တို့ရယ်... ကျွန်မရဲ့ သေရေးရှင်ရေးကိစ္စဆိုတာကိုရော နား လည်မပေးကြတော့ဘူးလား"

အဖေတို့ရဲ့ဆုံးဖြတ်ချက်ကို သိချင်လှတာကြောင့် လှေ ကားဝမှာအပြေးလာရပ်ရင်း အောက်ထပ်ဆင်းဖို့ ခြောင်းနေ မိပါသည်။

"ဒုက္ခပဲရှင်... ပြဿနာတော့ မိုးမီးလောင်တော့မှာပဲ... ဒီ မိန်းမတော်တော် အောက်တန်းကျတယ်... မတွေ့ချင်တာကို အေးအေးဆေးဆေးပြန်မသွားဘဲ အော်ကြီးဟစ်ကျယ်နဲ့အရှက် ခွဲနေတယ် ကြည့်စမ်း... နည်းနည်းလေးရောမိတာနဲ့ လူပါးဝ ချင်နေတယ်"

" မောင်းထုတ်ပစ်လိုက်မယ်ကွာ ... ဘာပဲဖြစ်ဖြစ် သူ့ ဆန္ဒကိုလိုက်လျှောရင် ငါတို့အနေနဲ့ ကြောက်လန့်ပြီး အရှုံး ပေးရာကျတယ်... ပြောမရင်ရင် ရိုက်ပစ်လိုက်မယ်"

"အို... ရေးကြီးခွင်ကျယ်တွေ ဖြစ်ကုန်ပါ့မယ်... "

"ဖြစ်,ဖြစ်ကွာ... ပတ်ဝန်းကျင်မှာတော့ အရှက်ကွဲ မခံနိုင် ဘူး... ဒင်းက ဘာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေကြတဲ့ အဖေတို့ရဲ့အသံတွေက တင်းမာတုန် ခါလို့နေကြသည်။ သူ ဒီအတိုင်းနေ့,နေလို့ကတော့ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ရိပ်မိသဘောပေါက်နိုင်မှာ မဟုတ်ချေ။ သူ ဝင်ပါလိုက်မှ ပွဲကပိုဆူပြီး ဓာတ်ရှုပ်တွေပေါ်လွင် ထင်ရှားလာမှာ မဟုတ်လား။

ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် 'ကောင်လေး' က အောက်ထပ်သို့ ဆင်းချလာခဲ့လိုက်ပါသည်။ သူ့ ကိုမြင်တာနဲ့ အဖေက အော်ပြီးမောင်းထုတ်လေသည်။

"ဟော့ကောင်...မင်း ဘာဆင်းလုပ်တာလဲမင်းနဲ့ဘာဆိုင်သလဲ ပြော သွား ကိုယ့်အခန်းထဲ ကိုယ်ပြန်ပြီး သွားဝင်နေလိုက် မဟုတ်ရင် မင်းပါ ငါ့ဒေါသနဲ့ရောသွားမယ်ဆိုတာ မှတ်ထား... ဒီကောင် ရောက်လာလို့ ပိုဆိုးနေတာ... တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ"

"အဖေတို့ကြောင့် ကျွန်တော် စိတ်ဒုက္ခခံစားနေရတာကော ထည့်မပြောတော့ဘူးလား... ခြံရှေ့မှာ 'ဒေါ်မြခက်' ရောက်နေတယ်ဆိုတာ ကျွန်တော် တွေ့ပြီးသွားပြီ... 'မေ' ဘယ်မှာရှိနေတယ်ဆိုတာ စုံစမ်းဖို့လွယ်သွားပြီ... အဖေတို့ ဘယ်လိုပဲတားတား ဖျက်ဖျက် ကျွန်တော်ကတော့ 'မေ' နဲ့ အကွဲခံမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး”

“ဟော့ကောင် … မဟုတ်တဲ့ စကားတွေနဲ့ ငါ့ရှေ့မှာလေ ကြောလာရှည်ပြမနေနဲ့ … မင်းတော့ သေတော့မယ် ”

အဖေနဲ့သူနဲ့ ရန်ပွဲကို အမေ့စကားသံက တားဆီး ပိတ်ပင်လိုက်ပါသည်။

“ရှင်တို့နှစ်ယောက်ရဲ့ ကိစ္စကို ရပ်တန်းကရပ်တော့ … ခြံရှေ့ကကိစ္စကို အရင်ရှင်း … ပတ်ဝန်းကျင်တစ်ခုလုံး ဝက်ဝက်ကွဲ ပျံ့နှံ့သွားမှ ဖုံးဖိလို့မရ ဖြေရှင်းလို့မရဖြစ်သွားမယ် … ကဲ ရှင် ဘာလုပ်မှာလဲ … ရှင် မသွားရင် ကျွန်မကိုယ်တိုင် သွားတွေ့လိုက်မယ် ”

“ကျွန်တော်လည်း ‘ဒေါ်မြခက်’ နဲ့တွေ့ချင်တယ် ”

အဖေ့ရဲ့ စိတ်ပျက်သလို ကြည့်လိုက်သော အကြည့်ကို သူ မမြင်ချင်ဟန်ဆောင်နေလိုက်ပါသည်။ သူ့စိတ်ထဲမှာတော့ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် အိမ်ကိုရောက်ချလာသော ‘ဒေါ်မြခက်’ အား ကျေးဇူးတင်နေရပါသည်။

“သူ့ကို သွားတွေ့စရာမလိုဘူး … ငါတို့ဆီကိုသာခေါ် ခိုင်းလိုက်တော့ … သူ့ရဲ့လာရင်းကိစ္စကိုပဲ ရှင်းပေးလိုက်ကြတာ ပေါ့…”



www.burmeseclassic.com

www.burmeseclassic.com



"အို ... သူကကော"

ဟု စိတ်ပူပန်သလိုမေးကာ ကြည့်လိုက်သော အမေ့ရဲ့ အပြုအမူကို အဖေက ခေါင်းခါပြသည်။

"ဖုံးဖိလို့မှ မရတော့တာ ... မထူးတော့ပါဘူး... ခေါ်ခိုင်း လိုက်စမ်းပါကွာ"

မျက်ရည်စက်လက် နွမ်းလျသော သွင်ပြင်မျက်နှာထား တို့ဖြင့် 'ဒေါ်မြခက်' အပြေးအလွှား ရောက်လို့လာရသည်။

'ကောင်လေး' ကိုတွေ့တော့ တအံ့တသြ မျက်လုံး ကြီးပြူးကျယ်ကာ ငေးမောစိုက်ကြည့်ပြီး ဟီးကနဲနေအောင် အကျယ်ကြီး အော်ငိုပစ်လိုက်လေသည်။ 'ဒေါ်မြခက်' ရဲ့ အပြု အမူကို ဘယ်သူမှ နားမလည်ကြချေ။

"ငိုယိုပြီး ပုံစံက ဘာဖြစ်လာတာလဲအေ ... ပတ်ဝန်း ကျင် ကြားလို့မကောင်းအောင် အော်ကြီးဟစ်ကျယ်ကလည်း လုပ်သေးတယ် ... 'မြခက်' ညည်း ငါတို့ကို တမင် အရှက်မကွဲ့, ကွဲအောင်လုပ်နေတာ မဟုတ်လား ... အကျင့်ယုတ်တာပေါ့ လေ"

"မဟုတ်ဘူး ... မဟုတ်ပါဘူး ... ကျွန်မမှာ သေရေးရှင် ရေးကိစ္စလိုမျိုး ဖြစ်နေလို့ပါ ... ဖွင့်မပြောပြလို့လည်း မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး… ကြာလာတာနဲ့အမျှ ပိုပြီး အရုက်ကွဲယုံပဲရှိမယ် …'မေ' ကလည်း တအားကို ခေါင်းမာနေလို့ပါ"

"ညည်းသမီးအကြောင်းဘာမှထည့်ပြောစရာအကြောင်း မရှိဘူး"

"မပြောလို့ မရလို့ပါ… ပြဿနာက သူ့ဆီမှာပဲရှိနေတာကို ပြီးတော့ အဲ့ဒီပြဿနာကလည်း အစ်မတို့နဲ့လည်းပတ်သက်တယ်"

"ဘာပြောတယ်…"

ဟု အော်ထည့်လိုက်တဲ့ အမေ့ရဲ့အသံက ကြောက်ခမန်းလိလိပါ။ 'ဒေါ်မြခက်' ရဲ့ စကားတွေကို သူကတော့ စိတ်ဝင်တစားရှိနေရပါသည်။ 'မေ့' မှာ ရှိတဲ့ပြဿနာက အမေတို့နဲ့လည်း ပတ်သက်နေတယ်ဆိုတော့ ကာယကံရှင်ဖြစ်တဲ့ 'ကောင်လေး' နဲ့ကော သက်ဆိုင်မနေနိုင်ဘူးလား။

စတွေ့ကတည်းက သူ့အား အခိပ္ပါယ်ပါပါနဲ့ လှမ်းကြည့်လိုက်သော 'ဒေါ်မြခက်' ရဲ့ မျက်လုံးတွေမှာ စကားလုံးတွေအများကြီးပါဝင်နေခဲ့ပါသည်။

"'မြခက်'… နင်လိုရင်းကို ဒဲ့ဒိုးပြောချလိုက် …အပိုဆာဒါးတွေနဲ့ ပေလာရှည်ပြမနေနဲ့… နင့်ကိစ္စ မြန်မြန်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ မြန်မြန်ပြန်တော့”

“ကိစ္စအားလုံး ညှိနှိုင်းပြောဆိုပြီးမှ ကျွန်မ ရင်အေးအေး နဲ့ ပြန်လို့ရနိုင်မယ် ... အဖြေမတင်မကျနဲ့တော့ ကျွန်မကို မနှိပ်စက်ကြပါနဲ့ရှင်”

“နင်ကများ လူပါးဝလို့ ... ပိုက်ဆံယူတုန်းကတော့ မျက်နှာကတစ်မျိုး ... နင့်ကိစ္စ ပြောချင်ရင်ပြော ...မပြောချင်ရင် နေ... အရာအားလုံး ငါတို့သဘောကြီးပဲဆိုတာ အောင်းမေ့ ထား... ညှိနှိုင်းတာတွေ မညှိနှိုင်းတာတွေ မသိဘူး”

“သားသမီးချင်း ကိုယ်ချင်းစာသင့်ပါတယ် ‘ကိုမြင့်မိုရ်’ စကားကို လွယ်လွယ်မပြောပါနဲ့”

“ငါတို့ဘက်က စကတည်းကကို စကားတစ်ခွန်းပဲပြော ခဲ့တယ် ... နင့်သမီးနဲ့ ငါ့သားနဲ့ လုံးဝကိုသဘောမတူနိုင်ဘူးဆို တာ ... ဘယ်လိုအခြေအနေမျိုးပဲရောက်ရောက် ငါတို့ဘက်က သဘောမတူဘူး မပေးစားဘူးပဲ ... နင်လည်း ဒါကိုလက်ခံထား ပါတယ်”

ပြတ်သားမာကြောလှသော အဖေရဲ့စကားသံတွေမှာ ‘ဒေါ်မြခက်’ မျက်လုံးတွေက အရောင်တောက်လာခဲ့ရသည်။ မျက်နှာထားက အာခံချင်တဲ့ပုံစံ ထင်ရှားလို့လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်ကြောင့်လား မပြောတတ်။

အသက်ရှူနှုန်းတွေက မြန်ဆန်ပြီး ကျယ်လောင်လို့လာခဲ့၏။ 'ကောင်လေး' ကတော့ 'ဒေါ်မြခက်' ရဲ့စကားတွေကိုသာ စိတ်ဝင်တစားနဲ့ စောင့်နားထောင်နေမိပါသည်။ သူ ကြားဖြတ်ပြီးဝင်ပြောလိုက်ရင် စကားတွေရှုပ်ပြီး 'မေ့' မှာ ဖြစ်နေတဲ့ ပြဿနာအမှန်ကို သိရနိုင်မယ်မထင်။

အဖေတို့ ပြောနေတာကိုပဲ အသာကလေး ကြည့်နေလိုက်တာကမှ အခြေအနေပိုထူးခြားပြီး သိလာနိုင်မည်ဖြစ်၏။

" ကျွန်မ လက်ခံထားတဲ့ အခြေအနေတုန်းက ကျွန်မသမီးကအပျိုလေဘာပြဿနာမှ ပေါ်ပေါက်လာစရာအကြောင်းမရှိဘူး... လုံလုံခြုံခြုံလေး ဖွက်ထားနိုင်ရင်ပဲ အားလုံးအဆင်ပြေပြီအောင်းမေ့တာပေါ့ ... ခုတော့ ကျွန်မတွေးထင်ထားသလိုမျိုးမှ ဖြစ်မလာတာ"

"အဲ့ဒီတော့ ငါတို့က ဘာလုပ်ပေးရမှာလဲ ... မဆိုင်တာတွေ လာပြောမနေနဲ့... "

" မပြောလို့ မရဘူး... ကျွန်မ သမီးရဲ့ဘဝက ပိုအရေးကြီးလာပြီ... ရှင်တို့ကို လူလိုအောင်းမေ့ပြီး ကိုယ်ချင်းစာစိတ်ရှိမလားဆိုပြီး လာညှိနှိုင်းတာ ... ညှိလို့မှမရဘဲ ... အဲ့ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမွန်မွန် ပြောစရာကို မလိုတော့ဘူး ... ရှင်တို့ပေးတဲ့ပိုက်ဆံကိုလည်း မမက်ဘူးဆိုတာ အောင်းမေ့ထား"

"သွားတော့... သွားတော့... ငါ့ခြံထဲက ခုချက်ချင်းထွက်သွားစမ်း"

"မသွားနိုင်ဘူး ... 'မေ့' မှာရှိနေတဲ့ကိုယ်ဝန်ကို ရှင်တို့ဘက်က ဘာတာဝန်ယူပေးမလဲ ပြော... ကာယကံရှင်ဖြစ်တဲ့ရှင့်သား တစ်ယောက်လုံးလည်း ရှိနေတယ် ... 'ကောင်လေး' 'မေ့' ကို နင် လက်ထပ်မှာလားပြော ... ဒီပြဿနာရဲ့ တရားခံက ဘယ်သူဖြစ်တယ်ဆိုတာ နင် အသိဆုံးပဲ မဟုတ်လား ... ယောကျ်ားဆိုရင် ကိုယ်တာဝန် ကိုယ်ယူရဲရမှာပေါ့"

'ကောင်လေး' ရင်ထဲ လှိုက်မောကာ ဘာဖြစ်လို့ ဘာဖြစ်သွားမှန်းမသိချေ။ 'ဒေါ်မြခက်' ရဲ့ စကားတွေက နှလုံးသွေးတွေကို ဆူပွက်သွားစေခဲ့၏။ သူ့မှာ တာဝန်အရှိဆုံးဆိုတာလည်း သိပါသည်။ ခုအရေးကြီးနေတာက အဖေတို့ရဲ့ ကြည်ဖြူလက်ခံမှု။

'မေ' နဲ့လည်း အရမ်းကိုတွေ့ချင်နေမိပါပြီ။

"ကျွန်တော် 'မေ့' ကို လက်ထပ်မှာပါ... ကျွန်တော်မှားခဲ့တဲ့အမှား ကျွန်တော် တာဝန်ယူရဲပါတယ်... 'မေ' အခုဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသလဲ... ကျွန်တော် 'မေ' နဲ့တွေ့ချင်တယ်"

" 'ကောင်လေး' နင်ဘာတွေ လျှောက်ပြောနေတာလဲ... သူ့သမီးဖြစ်ချင်ရာဖြစ်တာ နင်နဲ့ဘာဆိုင်သလဲ... မရှူးစမ်းပါနဲ့...လူစွမ်းကောင်းလုပ်တယ်ဆိုတာ နေရာတကာတိုင်းကောင်းတာမဟုတ်ဘူး... နားလည်ရဲ့လား"

ဟု လှမ်းဟန့်တားတဲ့ အမေ့ရဲ့စကားကို သူခေါင်းခါပြလိုက်သည်။ အမြဲတမ်း ဖျက်ဆီးနေတဲ့ အမေတို့ရဲ့ လုပ်ရပ်တွေကို သူ မယုံကြည်တော့ပါ။ အမေ့ရဲ့ ကြည်ဖြူသလိုလို နှစ်သိမ့်ပေးမှုကလည်း တကယ်တမ်းလက်တွေ့ကျတော့ အာလူးဖြစ်နေခဲ့သည်။

"အမေတို့ သဘောတူတူ မတူတူ 'မေ့' ကို ကျွန်တော် လက်ထပ်ရမှာပဲ.... ဒီတစ်ခါ ကျွန်တော် အရှုံးပေးမှာ မဟုတ်တော့ဘူး"

"မပေးနဲ့... မပေးနဲ့... မင်းမိဘတွေ သဘောမတူပေမယ့် အဒေါ်သဘောတူတယ်... 'မေ' နဲ့ကိစ္စကို အမြန်ဆုံးစီစဉ်ပေးမယ် အခု သမီးနဲ့တွေ့ပေးမယ်... လိုက်ခဲ့လာ"

သူ့ လက်ကို 'ဒေါ်မြခက်' က ဆုပ်ကိုင်ကာ ပြန်သွားဖို့ ပြင်သည်။ အပြောင်းအလဲမြန်လှသော 'ဒေါ်မြခက်' ရဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကို မှန်းတီးမိပေမယ့် ဒီတစ်ခါ ပြောင်းလဲမှုက 'ကောင်လေး' အတွက် အခွင့်အရေးတစ်ခု ဖြစ်နေတာမို့ သည်းခံအောင့်အီးရင်း အတူလိုက်သွားလိုက်ဖို့ ဆုံးဖြတ်မိပါသည်။

" 'ကိုမြင့်မိုရ်' ... ရှင် ဒီအတိုင်းကြည့်နေတော့မှာလား"

"ငါတို့စီစဉ်ပေးတာကို သူတို့ကမှ လက်မခံတာ... ဘာတတ်နိုင်မှာကျလို့... လွှတ်ထားပေးလိုက်ပေါ့... ဒုက္ခရောက်မှ ကူပါကယ်ပါဆိုရင်တော့ လုံးဝပြန်လက်ခံမှာကို မဟုတ်ဘူး"

အဓိပ္ပါယ်တစ်မျိုးပါသော အဖေ့ရဲ့စကားအဆုံး 'ဒေါ်မြခက်' ရဲ့ ခြေလှမ်းရပ်တန့်သွားရကာ သူ့လက်ကိုဖြုတ်ပြီး အဖေ့ဘက်သို့ အားကိုးတကြီး ပြန်လှည့်သွားလေသည်။

'ကောင်လေး' ဖြစ်ချင်နေတာက ဒီအချိန်မှာ 'မေ' နဲ့တွေ့ပြီး ရှေ့ဆက်မယ့် ခရီးအတွက် တိုင်ပင်ချင်နေတာပါ။ စိတ်ခါတ်မျိုးစုံပြောင်းလဲနေသော 'မေ့' ရဲ့ အမေကြောင့်တော့ ခက်ပါတယ်။

" 'ကိုမြင့်မိုရ်' တို့ဘက်က စီစဉ်ပေးမယ်ဆိုတာ ဘာကိုပြောတာလဲမသိဘူး... ကျွန်မဘက်က အတတ်နိုင်ဆုံး သည်းခံလိုက်လျှောပေးဖို့ ဆုံးဖြတ်ပြီးသားပါရှင်... ဘာကိုမှ မတောင်းဆိုဝံ့ပါဘူး... ကျွန်မသမီးလေး အရှက်မကွဲရရင်ဘဲ ကျေနပ်လှ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ”

“ခင်ဗျား သမီးမှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာကရော သေချာလို့လား”

“သေချာပါတယ်ရှင်... ဆရာဝန်ကိုယ်တိုင်ပြောလိုက်တာပါ အလကားသက်သက်တော့ ကိုယ့်သမီးသိက္ခာကျခံပြီး ကျွန်မ ဘယ်ပြောပါ့မလဲ”

“ပြီးရောလေ... ခင်ဗျားပါးစပ်တော့ လုံပါစေ... ဒီကိစ္စ ဘယ်သူ့ကိုမှ လျှောက်မပြောရဘူးကြားလား... ကျုပ်တို့ဘက်က တရားဝင် တောင်းရမ်းလက်ထပ်ပြီးတော့မှ လူတွေသိပါစေ... ခင်ဗျား နှုတ်မလုံလို့ လူတွေသိသွားရင် ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ... ခင်ဗျားသမီးပဲ သိက္ခာကျမှာ”

“ဟုတ်ကဲ့ပါ... သိပါတယ်”

မှိုရသွားတဲ့မျက်နှာလို ပြုံးရွှင်သွားသော ‘ဒေါ်မြခက်’ ရဲ့ ဟန်ပန်က အတော်ပီတိဖြစ်သွားမှန်း သိသာလှပါသည်။ မကြည်လင်တုန်းက အခြေအနေမျိုးနဲ့များ တခြားစီပါ။ ‘ကောင်လေး’ ကတော့ ချက်ချင်းလက်ငင်းကြီးပြောင်းလဲသွားတဲ့ အဖေရဲ့စိတ်ဓါတ်ကို တအံ့တသြ ဖြစ်ရုံကလွဲပြီး မယုံကြည်နိုင်သေးပါ။ အဖေ့ကို ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကွက်တွေ လုပ်တတ်သော ပရိယာယ်တွေ ကြွယ်ဝသော အဖေ့ရဲ့လုပ်ရပ်တွေက သူနဲ့ 'မေ' ကို ခဏခဏဝေးကွာစေခဲ့တာ ကြာခဲ့ပြီ မဟုတ်လား။ ခုလည်း အဖေ့ကြောင့် 'မေ' နဲ့တွေ့ရခါနီးဆဲဆဲ အခြေအနေတွေ ပျက်စီးသွားနိုင်ပါသည်။

အယုံလွယ်သော 'ဒေါ်မြခက်' ကိုပဲ လန့်နေရသည်။ ခုပဲ ခေါ်သွားမယ်၊ ခုပဲ မလိုက်နဲ့တော့ဆိုရင် ဒုက္ခ။

"ကဲ... ဒီဘက်မှာ စီစဉ်စရာရှိတာ စီစဉ်ပြီးရင် ခင်ဗျားဆီ လာတောင်းရမ်းမယ်... ရှေ့အပတ်ထဲဖြစ်မယ်ဗျာ... လိုအပ်တာတွေ ပြင်ဆင်ဖို့အတွင် လိုတဲ့ငွေကို အိမ်ကတစ်ယောက်ယာက်နဲ့ ပေးခိုင်းလိုက်မယ်... ခင်ဗျားကလည်း သတို့သမီးအမေဆိုတော့ တောက်တောက်ပြောင်ပြောင်လေးဖြစ်အောင် လက်ဝတ်လက်စားလေးလည်း လိုမယ်နဲ့တူတယ်"

'ဒေါ်မြခက်' က သွားအဖြဲသားနဲ့ရယ်နေပါသည်။ မျက်လုံးတွေကတော့ လိုချင်စိတ်ကြောင့် အရောင်တွေ တလက်လက်ဖြာထွက်လျက်ရှိနေ၏။ အဖေပြုံးနေတဲ့ လှောင်ပြုံးသရော်ပြုံးကိုလည်း ခွဲခြမ်းစိတ်ဖြာပြီး အဓိပ္ပါယ်ဖော်တတ်မယ့် ပုံလည်း မရ။ ခက်တော့ ခက်ကုန်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' ရင်ထဲမှာတော့ မယုံကြည်စိတ်နဲ့အတူပူပင်မှုကပါ ဒွန်တွဲလို့ နေရာယူနေရပြီ ဖြစ်သည်။

"'ကိုမြင့်မိုရ်' တို့ကောင်းမယ်ထင်တာ မှန်သမျှ စီစဉ်ပေးပါရှင်... ကျွန်မဘက်က လက်ခံပါတယ်... ခုလို 'ကောင်လေး' နဲ့သမီးနဲ့ကိစ္စကို ကြည်ဖြူလက်ခံပေးတဲ့အတွက်လည်း ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး... ကျွန်မ တကယ်ဝမ်းသာတယ်... သမီးသိရင်လည်း ဝမ်းသာလွန်းလို့ ငိုတောင်ငိုအုံးမှာ... 'ကောင်လေး' လည်းရောက်နေတယ်ဆိုတော့ ပိုတောင် ကောင်းသွားသေးတာပေါ့"

"ကျေးဇူးတင်တာ မစောလွန်းဘူးလားဗျာ..."

"ရှင်..."

"သြော်... ကိစ္စအားလုံးပြီးမှ ပြောရမယ့်စကားကို ခင်ဗျားက ကြိုပြီးပြောထားတော့ ကြားရတာ တစ်မျိုးကြီးဖြစ်နေတယ်...တစ်ခုတော့ သေချာဆင်ခြင်အုံးနော်..ဒီသတင်းဘယ်သူ့ကိုမှလျှောက် မပြောမိစေနဲ့... မင်္ဂလာကိစ္စဆိုတာ ကြိုပြောရင် ပျက်တတ်တယ်ဗျ... လူကြီးစုံရာနဲ့ ကျွန်တော်တို့လာမှပဲ လူတွေအားလုံး အံ့သြပြီး သိပစေ"

"ဟုတ်ကဲ့... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… 'ကောင်လေး' ကို ခေါ်သွားမယ်လို့ ပြောထားတယ် မဟုတ်လား"

"ရပါတယ်… ခုချက်ချင်းကြီး ခေါ်မသွားလို့လည်း ဘာမှ မဖြစ်ပါဘူး… 'ကိုမြင့်မိုရ်' တို့ သဘောပါ"

မကျေနပ်သလို တင်းပြန့်သွားသော 'ကောင်လေး' မျက်နှာကို အဖေက သတိထားမိသွားပုံရ၏။ တားရင်လည်း ဖွတ်လိုက်သွားမှာပါပင်။ ဒါပေမယ့် အဖေက မတားဆီးခဲ့ချေ။

"ခေါ်သွားပါဗျာ… ကျွန်တော်တို့ သဘောတူပါတယ်… ဒါပေမယ့် အကြာကြီးတော့ မနေစေနဲ့ဗျာ… နာရီဝက် တစ်နာရီလောက် ပြည့်တာနဲ့ ပြန်လွှတ်ပေးပါ… ဒီဘက်မှာ မင်္ဂလာကိစ္စအတွက် တိုင်ပင်စရာတွေ ရှိသေးတယ်"

"ကျွန်မသဘောပေါက်ပါတယ်ရှင်… တအောင့်လောက်နေတာနဲ့ 'ကောင်လေး' ကို ကျွန်မ ပြန်ခိုင်းလိုက်ပါ့မယ်"

"ကဲ… ဒါဆိုလည်း သွားတော့… 'လေအိုး' ကို အဖေ ထည့်ပေးလိုက်မယ်"

'မေ' နဲ့တကယ်တွေ့ရတော့မယ်ဆိုတဲ့ အသိဖြင့် ရင်ထဲမှာရှိနေတဲ့ သံသယစိတ်တွေကို 'ကောင်လေး' က ပယ်ဖျောက်ပစ်လိုက်ပါသည်။ မဲ့သလိုလို ပြုံးကြည့်ပြီး ကျန်နေရစ်ခဲ့ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေရဲ့ အကြည့်တွေကိုလည်း ဂရုမပြုမိတော့ပေ။

သူ့ ရင်ထဲမှာ ‘မေ’ တစ်ယောက်တည်းပဲ ရှိနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ခဏကလေးပဲ 'မေ' နဲ့ တွေ့ခွင့်ရလိုက်ပြီး ကျန်တဲ့ရက်တွေမှာ အဖေတို့ခိုင်းတဲ့ အလုပ်တွေကို နားချိန်မရအောင် သူလျှောက်လုပ်ပေးနေရပါသည်။

ဘာမှမဆိုင်ဘဲနဲ့ အဖေ ခေါ်သွားတဲ့နောက်သို့ လိုက်လိုက်နေရတဲ့ဘဝကို 'ကောင်လေး' စိတ်ပျက်လို့လာရ၏။ စိတ်ထဲမှာ ဖြစ်နေတဲ့ မကျေနပ်ချက်တွေကိုလည်း ဖြောင့်ဖွင့်ထုတ်ပြီး မပြောရဲချေ။

'မေ' နဲ့ သဘောတူ ကြည်ဖြူထားတဲ့ ကိစ္စကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီးဖျက်ပစ်လိုက်မှာကိုလည်းကြောက်နေရပါသေးသည်။ 'မေ' နဲ့ နီးရဖို့ ရက်ပိုင်းကလေးပဲ လိုတော့တာကြောင့်လည်း မတွေ့ရတဲ့ ရက်တွေကို ကြိုးစားပြီး မေ့ဖျောက်ပစ်လိုက်ရသည်။

လူချင်းမတွေ့ရပေမယ့် 'မေ့' တို့အိမ်ကို နေ့တိုင်းပုံမှန် နီးပါးသွားနေရတဲ့ 'လေအိုး' က တစ်ဆင့် စကားလက်ဆောင် တွေ ပါးလိုက်နိုင်တာကပဲ တော်ပါသေး၏။

တစ်ခါ တစ်ခါ 'ဒေါ်မြခက်' ရဲ့ သကာလူးသော မျက်နှာ ကို အိမ်မှာမြင်တွေ့ရပေမယ့် 'မေ' ကတော့ လိုက်မလာတတ် ပါ။

"ဒီနေ့လည်း သဘော်ာနဲ့ ရန်ကုန်သွားပြီး မင်္ဂလာကိစ္စ အတွက် လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်ကြမယ်... 'မြခက်' ဘာမှာအုံးမလဲ 'မေ' ဝတ်ဖို့အတွက်ကတော့ ချုပ်ပြီးပြီမှလား"

"ချုပ်ပြီးပါပြီ... ကျွန်မတို့အတွက်က အားလုံးအဆင်ပြေ နေပြီ... လိုအပ်တာဘာမှ မရှိသလောက်ဘဲ"

"တကယ်လို့ ငါတို့သွားတုန်းလိုအပ်တာရှိရင်လည်း 'လေအိုး' ကိုပြောလေ... သူအကုန်လုံး လုပ်ပေးလိမ့်မယ်... အားနာမနေနဲ့နော်"

" 'လေအိုး' လည်း သနားပါတယ်... အိမ်ကို ကူးချည်



www.burmeseclassic.com

www.burmeseclassic.com



သန်းချည်နဲ့ တစ်နေ့မှ နားရတယ်ကို မရှိဘူး… ပတ်ဝန်းကျင်ကတောင် ‘လေအိုး’ တစ်ယောက် ခုတလောမှ အဝင်အထွက်များလွန်းလို့ မေးနေကြတယ်… ကျွန်မမှာဖြင့် ဘာကိစ္စအတွက်လာနေရတယ်ဆိုတာ ပြောချင်လွန်းလို့ လျှာကို ယားနေတာပဲ”

“ပြောလိုက်သေးလား”

“ဟင့်အင်း… မပြောပါဘူး… အချိန်တန်ရင် သိရမှာပေါ့လို့ပဲ ပြောထားတယ်”

အမေတို့စကားတွေကို နားထောင်ပြီး ‘ကောင်လေး’မျက်နှာညိုလာရသည်။ ဒီနေ့လည် သဘော်ာနဲ့ ရန်ကုန်သွားမယ်ဆိုတာကို အမေတို့ သူ့အား လုံးဝမပြောသေးပါ။

‘မေ့’ ကို နှုတ်မဆက်ဘဲနဲ့တော့ သူ ပြီးစလွယ် ထွက်မသွားနိုင်ပါဘူး။ ရက်တိုတိုကလေးပဲ ဖြစ်ပါစေအုံး အကျိုးအကြောင်းတော့ ပြောပြသွားချင်ပါသည်။

“အမေ ရန်ကုန်သွားရင် ကျွန်တော်ကော လိုက်ခဲ့ရမှာလား”

“ဟဲ့… မလိုက်လို့ရမလား… မင်္ဂလာပွဲအတွက် ကြိုပြီးဝယ်ထားရမယ်လေ… ညှော်ခံပွဲက တောင်းရမ်းတဲ့ရက်နဲ့ဆယ်ရက်လောက်ပဲခြားပြီး လုပ်မယ့်ဥစ္စာကို… ဝယ်ခြမ်းစရာတွေက



www.burmeseclassic.com

www.burmeseclassic.com



အများကြီးအပြင် တခြားကိစ္စတွေအတွက်လည်း စီစဉ်စရာ ရှိတာ စီစဉ်ရအုံးမယ်... နင့်အဖေ တစ်ယောက်တည်းနဲ့ ဟိုပြေး ဒီပြေးလုပ်လို့ဘယ်နိုင်မှာလဲ... ကာယကံရှင်ဖြစ်တဲ့ သူကိုယ်တိုင် လည်း ပါအုံးမှပေါ့"

ဟု မျက်စောင်းပြင်းပြင်းထိုးရင်း မကျေမနပ်ပြောသည်။ မင်္ဂလာဧည့်ခံပွဲ လုပ်အုံးမယ်ဆိုတာကို အမေ့နှုတ်က အခုပြော မှပဲ သိရပါတော့သည်။ 'ဒေါ်မြခက်' လည်း အံ့သြနေပုံရသည်။

သူ့ စိတ်ထဲမှာက ရပ်ရွာလူကြီးတချို့ကို ဖိတ်ပြီး တောင်းရမ်းအသိအမှတ်ပြု လက်ထပ်လိုက်ရင်ပဲ ပွဲကပြီးနေပြီ အောင်းမေ့တာပါ။

ခုလို ကြီးကြီးကျယ်ကျယ်ဧည့်ခံပွဲမျိုး ထပ်လုပ်ပေးမယ် လို့ မထင်ပေ။

"ဒီကောင်လုပ်တာနဲ့ ငါတို့ တိုးတိုးတိတ်တိတ်ကလေး ကြိတ်ပြီး ကြံစည်ထားတဲ့ အစီအစဉ်တွေ ပေါ်ကုန်ရပြီ... ငါတို့ လင်မယားက နောက်မှဖွင့်ပြောပြီး အံ့သြဝမ်းသာစေချင်တာ... ဧည့်ခံပွဲအတွက်လည်း အားမွေးထားအုံးနော် 'မြခက်' ... နင်တို့ သားအမိနှစ်ယောက်အတွက်က အကောင်းစားဇာဝယ်လာပေး မယ် ဟုတ်လား ... ဝမ်းဆက်ချုပ်ဝတ်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း… ဟင်း… ဟင်း… ဝမ်းသာလွန်းလို့ ဘာပြောရမယ်မှန်းတောင် မသိတော့ပါဘူး… 'မလွင်လွင်' တို့ သဘောပါပဲရှင်"

"အမေ ကျွန်တော် 'မေ' နဲ့ ခဏသွားတွေ့လိုက်အုံးမယ်… ဘာမှာမလဲ သွားမေးမလို့"

ဟုဆိုပြီး 'ကောင်လေး' က ရတဲ့အခွင့်အရေးကို အသုံးချလိုက်ပါသည်။ ဒီလိုအချိန်မျိုးမှာမှ မတောင်းဆိုရင် 'မေ' နဲ့ တွေ့ခွင့်ရဖို့က လွယ်မှာကိုမဟုတ်။

"မသွားရပါဘူး… သဘော်ချိန် မမီရင် ဘယ်လိုလုပ်မလဲ"

"မီပါတယ်… ခုမှ အစောကြီးပဲရှိသေးတဲ့ဟာ… ကျွန်တော် ခဏကလေးပဲသွားမှာ"

အမေက လွှတ်ချင်ပုံမရဘဲ တွေဝေစဉ်းစားနေသေး၏။ ပြီးတော့မှ …

" ဒီလိုဆို 'မြခက်' လည်း လိုက်သွားလိုက်လေ… ကလေးနှစ်ယောက်တွေ့နေရင် ပြီးမှာကို မဟုတ်တော့ဘူး… ခရီးဖင့်နေမှာ စိုးတယ်… 'ကောင်လေး' ကို ခပ်စောစောသာ ပြန်လွှတ်လိုက်… ဈေးဝယ်စရာစာရင်းတွေ တိုင်ပင်ရအုံးမှာမို့လို့



www.burmeseclassic.com

www.burmeseclassic.com



လေ… 'လေအိုး' ပါ ထည့်ပေးလိုက်မယ်"

"ဟာ… နေရာတကာ 'လေအိုး' ကို ဘာလို့ထည့် ထည့်နေရတာလဲ"

"ရှည်မနေနဲ့… နင့်အတွက်မဟုတ်ဘူး… 'မြခက်' တို့အိမ်အတွက် ဆီတစ်ပုံး ထည့်ပေးလိုက်မလို့… 'လေအိုး' ကိုခေါ်မသွားဘဲ အဲ့ဒီဆီပုံး နင် သယ်မလားပြော"

"ပြီးရော… ပြီးရော"

မြန်မြန်သွားရမှ အေးမှာမို့ 'ကောင်လေး' ဘာမှ ပြောမနေတော့ပါ။ တမင်သက်သက် သူ့ကိုစောင့်ကြည့်ဖို့ 'လေအိုး' ကို ထည့်လိုက်တာ မသိဘူးမှတ်နေသည်။ 'လေအိုး' ကို သူတို့နောက် ဇွတ်ထည့်ချင်တာနဲ့ပဲ စေတနာမပါဘဲ ဆီတစ်ပုံး အလကားသက်သက်ဆုံးရှုံးရတော့မည်။

စေတနာရှိချင်ဟန်ဆောင်ပြီး အိုင်တင်လုပ်ထားသော အမေ့ မျက်နှာကိုကြည့်ပြီး 'ကောင်လေး' ရယ်ချင်နေရ၏။ 'မေ' နဲ့တွေ့ရတဲ့ အခိုက်အတန့်လေးမှာ လွတ်လွတ်လပ်လပ် တွေ့ချင်တာမို့ အပြင်ထွက်ဖို့ ခွင့်တောင်းကြည့်လိုက်မိပါသည်။ 'ဒေါ်မြခက်' က လက်မခံဘဲ ငြင်းဆန်လေသည်။

"အိမ်မှာလည်း ပြောချင်တာ ပြောလို့ရတာပဲဟာ… အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်စရာမလိုပါဘူး... ပြီးတော့ 'မေ' ကလည်း ခါတိုင်း လို ကျန်းမာရေးသိပ်ကောင်းလှတာ မဟုတ်ဘူး... ခေါင်းအမြဲ တမ်း မူးမူးနေတာ... ပင်ပမ်းနေပါအုံးမယ်... အိမ်ထဲမှာပဲ စကား ပြောကြ"

'မေ့' ပုံစံကိုကြည့်တော့လည်း သိပ်ပြီး ရွှင်လန်းတက် ကြွမှုရှိမနေတာကြောင့် 'ကောင်လေး' ဇွတ်မတောင်းဆိုတော့ ပါ။

'ဒေါ်မြခက်' က အလိုက်သိသိပင် ခြံထဲဆင်းကာ ရှောင် ပေးရင်း 'လေအိုး' နဲ့ စကားသွားပြောနေ၏။

'မေ' ကတော့ သူ့ မျက်နှာကို မမြင်ဘူးတဲ့အတိုင်း ငေးငေးကြီးစိုက်ကာ ကြည့်နေခဲ့ပါသည်။

"ပျော်ရမယ့်အချိန်မှာ 'မေ့' မျက်နှာက ဘာဖြစ်နေတာလဲ ကွာ... နေမကောင်းဘူးလား... ဘာလဲ... ငါနဲ့ မတွေ့ရတာ ကြာလို့ စိတ်ကောက်နေတာလား"

"စိတ်ကောက်နေဖို့ထက် နင်နဲ့ဝေးမသွားရအောင်ဘဲ အချိန်တိုင်း ဆုတောင်းနေမိတာပါ... ဘာကိုတွေးပြီး ငါက ပျော်ရမှာလဲ 'ကောင်လေး' ဟင်... အပြောင်းလဲကြီး ပြောင်းလဲ လွန်းတဲ့ အခြေအနေတွေကို ငါသိပ်မယုံနိုင်ဘူး... နင့်မိဘတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက် ကို ငါသိပ်လန့်တယ်... သူတို့ရဲ့ ကလိန်ကျမှုတွေက အရမ်းကိုပိရိ လွန်းတယ်နော်... နင်လည်းသိမှာပါ... နင်နဲ့ငါ နီးနေသလိုဖြစ်နေပေမယ့် အဝေးကွာကြီး ကွာသွားအောင် သူတို့လုပ်ပစ်နိုင်တယ်... ကျီးလို ဝိုင်းအာတတ်တဲ့ နင့်အမျိုးအဆွေတွေ ငြိမ်နေတာလည်း အကြောင်းတော့ ရှိမှာပါ"

"နင့်အတွေးတွေ ချော်နေပြီ 'မေ' ရယ်... မဖြစ်သေးတာကို ကြိုပြီး စဉ်းစားတွေးပူနေရင် နင်ပဲ ရင်မောနေရယုံပဲ ရှိမှာပေါ့... အဖေတို့ ဘယ်လောက်လဲ ညဏ်နီညဏ်နက်တွေ ထုတ်ထုတ်... ကာယကံရှင်ဖြစ်တဲ့ ငါတစ်ယောက်လုံး နင့်ဘက်မှာ ရှိတယ်ဆိုတာကို နင်မေ့မထားနဲ့လေ"

"တကယ်တမ်းကျတော့ နင်လည်း ဘာမှ တတ်နိုင်တဲ့သူမှ မဟုတ်တဲ့ဟာ... ငါ့ရင်ထဲ မငြိမ်းချမ်းနိုင်ပါဘူးဟာ... အမြဲတမ်း ပူပင်နေရတယ်"

"တော်တော့ဟာ... ငါ့ကိုချစ်တယ်ဆိုရင် စိတ်ညစ်စရာကိစ္စတွေ မပြောနဲ့တော့... စိတ်ချမ်းသာစရာနဲ့ ပျော်စရာအကြောင်းပဲပြော... ငါဒီနေ့ ရန်ကုန်သွားမယ်... သွားရမယ့်အကြောင်းက ငါ တို့ နှစ်ယောက်မင်္ဂလာဆောင်ခံပွဲအတွက် လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်မှာ... နင်ဘာမှာမလဲ ပြော...နင်



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ ငါဝယ်ခဲ့ပေးမယ်”

“ငါလိုချင်တာ နင်ပဲလေ… ဘာမှ မှာစရာမှ မရှိတာ”

“ငါ့ကို နင်ပိုင်နေပြီးသားပဲလေ… ‘မေ’ နဲ့တော့ ခက်ပါတယ်”

“သေချာလို့လား… ကံကြမ္မာဆိုတာ ဒီနေ့နဲ့ နက်ဖြန်တောင် တူတာ မဟုတ်ဘူးနော်… ငါတစ်ခုတော့ မှာချင်တယ်… နင်ငါ့ဆီ ရောက်အောင် ပြန်လာခဲ့ပါ… နင်နဲ့မဝေးချင်ဘူး”

“စိတ်ချ”

‘မေ’ က သူ့ကို ခပ်တင်းတင်းဖက်ကာ ပြင်းပြင်းပြပြကြီး ငိုချလိုက်လေသည်။ ‘မေ့’ ရင်ထဲက ကြောက်စိတ်စိုးရိမ်စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝမ်းနည်းမှုကို သူကိုယ်ချင်းစာလို့ရနေတာကြောင့် ‘မေ’ ဆံပင်တွေကို သပ်ပေးရင်း သူ ပြန်ပြီး နှစ်သိမ့်နေမိ၏။

အဖေတို့ရဲ့ စိမ်းကားရက်စက်မှုတွေကို လွယ်လွယ်နဲ့တော့ ‘မေ့’ ဘက်က ဘယ်မေ့ပျောက်ဖြစ်လို့ ရနိုင်ပါ့မလဲလေ။

“ကျောင်းကိစ္စကရော ဘယ်လိုလုပ်မှာလဲ… မင်္ဂလာကိစ္စ လုံးပန်းနေတာနဲ့ပဲ တော်ကြာ စာမေးပွဲကျနေအုံးမယ်… နင့်မိဘတွေက နဂိုကတည်းက မကြည်လင်ရတဲ့အထဲ ရှိသမျှအပြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေအကုန်လုံး ငါ့အပေါ်ပုံကျနေပါအုံးမယ်“

ဟု ငိုရှိုက်သောလေသံဖြင့် ‘မေ’ က စိုးရိမ်စွာ ပြောနေသေး၏။

“စာမေးပွဲက လိုပါသေးတယ်… ဒီတစ်နှစ်ကတော့ ထားလိုက်ပါတော့… တက်နေပြီဆိုတော့ ပြောင်းလို့ လွယ်မှာမဟုတ်တော့ဘူး… နောက်နှစ်ကိုတော့ အဝေးသင်ပဲပြောင်းတက်လိုက်တော့မယ်… မိန်းမကို မခွဲနိုင်ဘူးကွာ”

“ဘာမိန်းမလဲ… ဟင်း”

“ဟုတ်တယ်လေ… နောက်ဆို မိန်းမတင်မဟုတ်တော့ဘူး… ကလေးပါ ရှိလာပြီဆိုတော့ လူပျိုတစ်ယောက်လို ဘယ်နေလို့ ရပါတော့မလဲ… အလုပ်လုပ်ရမယ်… မိန်းမနဲ့ကလေးအတွက် ပိုက်ဆံရှာရမယ်”

မျက်နှာထားတည်တည်နဲ့ တမင်လူကြီးတစ်ယောက်စတိုင်လ်ဖမ်းကာ ပြောနေသော ‘ကောင်လေး’ ကိုကြည့်ပြီး ‘မေ’ က ရယ်လေသည်။ ‘မေ့’ မျက်နှာပြုံးလာတော့ ‘ကောင်လေး’ ရင်ထဲမှာလည်း ချမ်းမြေ့လို့ သွားရပါသည်။

“ကျောင်းသွားတက်နေတဲ့အချိန်မှာတော့ … ခွဲနေရမှာပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့… ဒါပေမယ့် နင်လိုက်ချင်တယ်ဆိုရင် ငါတို့ နှစ်ယောက် တိုက်ခန်းတစ်ခန်းငှားပြီး နေကြမယ်လေ… ဒီကိစ္စ တွေကို ဘာမှ စဉ်းစားမနေနဲ့… နင်စိတ်ချမ်းသာအောင် ငါအား လုံးလုပ်ပေးမယ်"

"ငါ့ကို နင်တကယ်ချစ်လားဟင် 'ကောင်လေး' "

"ချစ်တာပေါ့ဟာ… နင်ဟာ ငါ့ရဲ့အနာဂတ်ပဲ… ငါ့ဘဝ မှာ နင်ကအရေးကြီးဆုံးပဲ 'မေ' ရဲ့"

စွဲလန်းမြတ်နိုးသော မျက်လုံးအကြည့်တွေဖြင့် တစ် ယောက်ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်နေမိကြပါ သည်။ ဒီလို ကြည်နူးသာယာနေတဲ့အချိန်ကလေးကို 'ဒေါ်မြ ခက်' ရဲ့အသံက ဖျက်ဆီးပစ်လိုက်ပါသည်။

" 'ကောင်လေး' ရေ ပြန်တော့လေ… အိမ်မှာ လုပ်စရာအ လုပ်တွေရှိသေးတယ်မှုတ်လား … 'မလွင်လွင်' စိတ်ပူနေလိမ့် မယ် … 'မေ' နဲ့က ဘယ်တော့တွေ့တွေ့ တွေ့လို့ရနေတဲ့ဟာ… ပြန်လိုက်တော့"

"ရပါသေးတယ်… သဘော်ချိန်က အဝေးကြီးလိုပါသေး တယ်… အချိန်မီ ကျွန်တော်ပြန်မှာပါ"

"အင်းလေ… အမေကလည်း ရောက်တာတောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှ မကြာသေးဘူး နှင်လွှတ်နေပြီ… ဘာမှန်းလည်း မသိဘူး”

ဟု မကျေမနပ်ပြောတဲ့ ‘မေ့’ ရဲ့အပြောကို ‘ဒေါ်မြခက်’ က လက်မခံချေ။ သူ့ စိတ်ထဲမှာ အမေတို့မှာလိုက်တဲ့ စကားကိုသာ တသွေမတိမ်းလိုက်နာဖို့ ဆုံးဖြတ်ထားပုံရပါသည်။

“နှင်လွှတ်တာမဟုတ်ဘူး… ပြန်သင့်တယ်ထင်လို့ ပြန်ခိုင်းနေတာ… အလိုက်သိတတ်စမ်းပါ ‘မေ’ ရယ်… နေရာတကာကိုယ့် စိတ်အလိုဆန္ဒကြီးပဲ ဖြစ်ချင်မနေနဲ့… ကျေးဇူးဆိုတာ သိတတ်ရတယ် နားလည်လား”

“ကျေးဇူးမသိတတ်ရအောင် ‘မေ့’ ဘက်က ဘာတွေများကျူးကျူးလွန်လွန် လုပ်နေလို့လဲ… အမေပြောတဲ့အတိုင်း နာခံပြီး နေပေးနေတာပဲမဟုတ်လား… ‘ကောင်လေး’ ပေါ်မလာတာတောင် တွေ့ချင်တယ်ဆိုပြီး ‘မေ့’ ဆန္ဒကိုရှေ့တန်းတင်ပြီး အမေ့ကို ခေါ် ခိုင်းခဲ့ဘူးလို့လား… အခုတွေ့ရတဲ့အချိန်မှာတော့ ‘ကောင်လေး’ နဲ့ ကြာကြာလေးတွေ့ချင်တယ်”

“အေး… အဲဒီလို အကဲပိုမှုတွေလုပ်လွန်းလို့ ‘ကိုမြင့်မိုရ်’ တို့ က ‘ကောင်လေး’ ကို ညည်းဆီ မလွှတ်ချင်တာသိရဲ့လား”

‘မေ’ က ဘာမှပြန်မပြောတော့ဘဲ စိတ်နာသလို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းသားကို ခပ်တင်းတင်းဖိကိုက်ငြိမ်သက်နေပါသည်။ ပြီးတော့မှ …

"ကဲ… နင်ပြန်သွားမှပဲ ပြဿနာကအေးမှာ 'ကောင်လေး' ရေ ပြန်တော့… ပြန်တော့… နင်နဲ့ငါနဲ့ကြားမှာ နှစ်ဘက်စလုံးက အဖျက်တွေရှိနေကြတာ နင်လက်တွေ့သိနေပြီမှလား… ငါတို့နှစ်ယောက်နီးစပ်သွားတော့လည်း ကုသိုလ်ကံကောင်းတယ်လို့မှတ်လိုက်… မနီးစပ်ခဲ့ရင်လည်း ဝမ်းနည်းမနေနဲ့… ကြိုးစားပြီး ဖြေသိမ့် … ငါ ပြောတာကြားလား"

ဟု 'မေ့' အသံက အရွဲ့တိုက်သံထွက်နေသည်။ ပြန်ကာနီး အဆင်မပြေဖြစ်တဲ့အခြေအနေကို သူလက်မခံနိုင်ချေ။ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပြန်သွားချင်ပါသည်။

"ငါအမြန်ဆုံးပြန်လာခဲ့မယ်သိလား…. နင်ဘာကိုမှတွေးပြီးစိတ်ညစ်မနေနဲ့…. အားလုံးအဆင်ပြေတယ်လို့ပဲ မှတ်ထား…နော်"

"အေးပါ… အေးပါ"

'မေ့' ကို နှုတ်ဆက်ပြီး ထွက်လာတဲ့ 'ကောင်လေး' ရဲ့ရင်ထဲမှာတော့ ရှေ့ဖြစ်လာမယ့် အနာဂတ်အတွက် စိတ်ကူးယဉ်မှုတွေနဲ့ တက်ကြွလိုနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကံကြမ္မာကို သူ မြင်နိုင်ခဲ့တာမှ မဟုတ်ဘဲလေ။ ကြိုများသိခဲ့ရင်ဖြင့် ကျရောက်လာမယ့် ပူဆွေးဝမ်းနည်းစရာအဖြစ်ဆိုးတွေကို သူကျော်လွှားနိုင်ဖို့အတွက် နည်းလမ်းတွေ ရှာဖွေမိမှာ အသေအချာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုပြန်ရောက်ရောက်ချင်း 'ကောင်လေး' ပြေး တွေ့လိုက်ချင်တဲ့သူက 'မေ့' ကိုပါပဲ။ ရင်တထိတ်ထိတ်နဲ့ မြို့ကို မှ ပြန်လိုက်ရပ့ါမလားဆိုတဲ့ အတွေးတွေက သူ့ ရင်ထဲမှာ အမြဲ တမ်းလှုပ်ရှား ယောက်ယက်ခတ်လို့နေခဲ့ရလေသည်။

အဖေတို့ အရိပ်အခြေကို အကဲခတ်ကြည့်တော့လည်းပုံ မှန်ပဲမို့ စိုးရိမ်စိတ်အတွေးတွေက တစ်စတစ်စ မှုန်ဝါးကွယ် ပျောက်လို့ သွားခဲ့ရသည်။

ချောချောမွေ့မွေ့နဲ့ပဲ မြို့ကို ပြန်ရောက်လာခဲ့တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' စိတ်ချမ်းသာရလေသည်။ ကျောင်းကတော့ ဆယ်ရက်လောက်ပျက်သွားမှာ သေချာပါသည်။ ဒါပေမယ့် သူငယ်ချင်းတွေကို သေချာမှာခဲ့ပြီးတာမို့ စိတ်ပူစရာတော့ မရှိပါ။

အမေက ဝယ်ခြမ်းလာသော ပစ္စည်းထုပ်တွေထဲကနေ 'မေ' တို့အတွက် ပစ္စည်းကို သီးသန့်ဖယ်ထုတ်နေတာကြောင့် စကားလမ်းကြောင်း ပေးလိုက်မိသည်။

" 'မေ' တို့အတွက် ဝယ်လာတဲ့ပစ္စည်းတွေကို ကျွန်တော် သွားပို့ပေးမယ်နော်… ကျွန်တော့်ကိုမြင်ရင် 'မေ' တအားကို ဝမ်းသာသွားမှာဗျ… သူ့ စိတ်ထဲမှာ ကျွန်တော်နဲ့သူ့ကို အမေတို့ဘက်က သဘောတူကြည်ဖြူတယ်ဆိုတာကို လုံးဝ မယုံဘူး ဖြစ်နေတာ"

ဟု 'ကောင်လေး' က ပြောတော့ အမေက ပြုံးလိုက်ပါသည်။ ပြုံးလိုက်တဲ့ အမေ့ရဲ့အပြုံးက ကြည်လင်ပီပြင်မှုမရှိဘဲ တစ်မျိုးကြီး ဖြစ်နေခဲ့လေသည်။ အမေ့အပြုံးရဲ့နောက်မှာ လျှို့ဝှက်ချက်တွေများ ရှိနေသည်လား မပြောတတ်။ သူ စိတ်ထင်တာလည်း ဖြစ်နိုင်ပါသည်လေ။

"အမေက ဘာပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ သြော်… ကိုယ်ကတော့ သားလေးတစ်ယောက်တည်း ဆိုပြီး ချစ်လိုက်ရတာလို့…. အဲ့ဒီသားက ကိုယ့်ထက်သူစိမ်းမိန်း ကလေး တစ်ယောက်ကို ပိုချစ်သွားတယ်ဆိုတော့ ရင်ထဲမှာဝမ်း နည်းမိတာပေါ့… အဲ့ဒီအတွေးနဲ့ပြုံးလိုက်တော့ ဘယ်အသက် ပါ,ပါတော့မလဲ”

သူ ဘာမှ မပြောတတ်ဘဲ အမေ့ကိုသာ စိုက်ကြည့်နေမိ ပါသည်။

“သားရဲ့စိတ်ကို မပြင်နိုင်တော့ဘူးလားကွယ်… ဖြစ်နိုင် ရင် ‘မေ’နဲ့ သားနဲ့ကို လုံးဝကို သဘောမတူချင်ဘူး… သူ့ကိုမေ့ နိုင်ရင် မေ့လိုက်ပါလားကွယ်… ခုဆို သူ့ကြောင့် သားမှာ ဝန် ထုပ်ဝန်ပိုးကြီး ဖြစ်နေပြီ… သူ့ကိုခေါင်းထဲက ထုတ်ပြီး ရန်ကုန် မှာ ပျော်ပျော်ကြီး နေလိုက်ပါလား… ဒီက ကိစ္စတွေ အမေတို့ ကြည့်ရှင်းလိုက်မယ်… ဘယ်လိုလဲ”

ဟု မေးလာတဲ့ အမေ့ရဲ့ မျှော်လင့်ခြင်းရောင်ခြည်တွေ ထွန်းတောက်နေတဲ့ မျက်နှာကိုကြည့်ပြီး ‘ကောင်လေး’ ရင်ထဲ ကြက်သီးမွေးညှင်းထသွားတဲ့အထိကို လန့်သွားရပါသည်။ ပြောရက်လိုက်တာ။

မနက်ဖြန်ပဲ လူကြီးစုံရာရှေ့မှာ တောင်းရမ်းလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ ခုချိန်ထိ အဖျက်စကားတွေပြောနေနိုင်တာ ကောင်းတဲ့ အလုပ်လား။ ကိုယ်ချင်းစာစိတ်ကလေးတော့ အမေ့မှာရှိသင့်ပါသေးသည်။

"ဟာ… အမေ့စကားကြီးက ဘာလဲ… အမေ ဘာတွေပြောနေတာလဲ… ကျွန်တော့်ကို လွယ်လွယ်နဲ့ စိတ်ပြောင်းမယ်ထင်ပြီး အယုံသွင်းနေတာလား… မဖြစ်နိုင်ဘူးနော်"

ခါးသီးမှုပြင်းထန်နေတဲ့ သူ့အခြေအနေကိုမြင်မှ အမေက စကားကို လျှော့ချသွားလေသည်။

"အမယ်လေး ဖြစ်နေလိုက်တာ… နည်းနည်းကလေးတောင် အစအနောက်မခံဘူး… တကတည်း… တော်တော်မွေးရကျိုးနပ်တဲ့ သားပဲ… ငါတို့ဘက်ကလည်း ငွေတွေ ဒီလောက်အကုန်အကျခံပြီးမှတော့ ပွဲမပျက်ချင်တော့ပါဘူး… ကဲ… ကဲ… ပေးလိုက်တဲ့ ပစ္စည်းတွေကို စာရင်းရေးပေးလိုက်… 'လေအိုး' နဲ့ပို့ခိုင်းလိုက်မယ်… မနက်ဖြန်မနက် ဆယ်နာရီလောက် ရောက်လာမယ်ဆိုတာပါ ထည့်ရေး"

"ကျွန်တော်သွားပို့ပေးမယ်လေ"

"မကဲစမ်းပါနဲ့… နင့်အဖေ မျက်စိနောက်ပြီး ဆူနေလိမ့်မယ် 'လေအိုး' ကိုသာ ပို့ခိုင်းလိုက်… တစ်ရက်ကလေးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဖြစ်မနေနဲ့”

စိတ်ကိုလျှော့ချပြီး အမေ့စကားအတိုင်း သူ နာခံလိုက်ပါသည်။

လူကိုယ်တိုင် မသွားရပေမယ့် စာတစ်စောင်တော့ ထည့်ပေးလိုက်နိုင်ပါသည်။ ‘မေ့’ အတွက် စာရေးနေတုန်း ဘေးနားက စပ်စုအကဲခတ်နေတဲ့ အမေ့ကိုကြည့်ပြီး ရယ်မိသွားရသေးသည်။ သူတို့သဘောတူလို့ မနက်ဖြန်ပဲ လက်ထပ်ပေးစားတော့မည်။ဘာတွေလာစပ်စုနေတာလဲ မသိ။

စာအိတ်ကို သေချာပိတ်ပြီး ပစ္စည်းစာရင်းရေးထားတဲ့ စာရွက် ခေါက်ထဲမှာ ရောညှပ်ထားလိုက်ပါသည်။ ပြီးတော့ပေးလိုက်မယ့် ပစ္စည်းတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိမ်ခြင်းတောင်းတွေထဲထည့်ကာ ပလပ်စတစ်ကြိုးနဲ့အပေါ်က သေချာစည်းနှောင်ပေးလိုက်ပါသည်။

အမေ့ကိုလည်း သတိမထားဖြစ်တော့ချေ။ ‘လေအိုး’ သွားကာနီး စာထည့်ပေးရမယ်ဆိုတာ သတိရသဖြင့် စားပွဲပေါ်မှာ ပြန်ယူတော့ စာရွက်ခေါက်က ရှိမနေတော့ပါ။

“အမေ… ကျွန်တော့်စားပွဲပေါ်က စာရင်းစာရွက်ခေါက်ရော”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ... ကျန်ခဲ့မှာစိုးလို့... ခြင်းတောင်းဘေးမှာ ထိုးထည့်ထားတယ် မတွေ့ဘူးလား"

အမေ့စကားကို မယုံကြည်သေးသဖြင့် တကယ်ဟုတ်မဟုတ်ဆိုတာ 'ကောင်လေး' က ပြန်စစ်ဆေးကြည့်လိုက်သေးသည်။ သူ 'မေ့' အတွက် ရေးထားတဲ့ စာအိတ်ကိုပါမြင်မှကျေနပ်သွားရပါသည်။

ဒါပေမယ့် မြန်ဆန်သွက်လက်လှတဲ့ အမေ့ရဲ့လှည့်ကွက်အချို့ကိုတော့ မရိပ်မိလိုက်တာ သူ့ရဲ့ကံဆိုးမှုသာ ဖြစ်ချေတော့၏။

မနက်ဖြန်ဆိုတဲ့ အတွေးကိုမျှော်ကိုးရင်း ညအိပ်ဖို့ကိုတောင် သူ့မှာ တော်တော်နဲ့အိပ်လို့ မပျော်နိုင်ပါ။ ပျော်ရွှင်ဝမ်းသာမှုက လူတစ်ယောက်ရဲ့ နိုးကြားမှုနဲ့ အားအင်ကို ဖြစ်ပေါ်စေပါသည်။ မေးကနဲ ဖြစ်သွားတဲ့အချိန်မှာမှ မထင်မှတ်ဘဲ အဖေ့ရဲ့ခေါင်းသံတိုးတိုးက သူ့အား နိုးထစေလိုက်ပါသည်။

နာရီကို ယောင်ယမ်းပြီး ကြည့်လိုက်မိတဲ့ အခါမှာတော့ ဆယ့်နှစ်နာရီထိုးဘို့ ဆယ့်ငါးမိနစ် ဖြစ်လို့နေ၏။ ညကြီးသန်းခေါင် ဘာအရေးတကြီးကိစ္စရှိလို့ သူ့အား အဖေလာနှိုးရတာလဲ။ စိုးရိမ်ထိတ်လန့်စွာဖြင့် သိချင်တာကို မေးကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဖြစ်တာလဲ ... ဘယ်သူ ဘာဖြစ်လို့လဲ အဖေ"

"ရှူး တိုးတိုးပြောပါကွ ... ခင်စောင့် 'မောင်မဲ' လာပြောလို့ မင်းကို ငါလာနှိုးတာ ... 'လေအိုး' ဘာတွေရှုပ်နေသလဲမသိဘူး... သူ့အခန်းထဲကို လူတစ်ယောက် ဝင်သွားတာတွေ့လိုက်တယ်တဲ့...ခိုးကြောင်ခိုးဝှက်ပုံစံနဲ့ ဒီကောင်ဘယ်သူကို ခေါ်ထားတာလဲမသိဘူး ... သူ့အခန်းကို သွားကြည့်ရအောင်"

အိမ်မှာ သူ့မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး ဆွေမျိုးတွေ ဒီလောက်အများအပြား ရောက်ရှိနေတာတောင်မှ မကြောက်ဘဲ 'လေအိုး' တစ်ယောက် ဘာဇာတ်ရှုပ်တွေ ခင်းနေပြန်ပြီလဲမသိ။ လူငယ်ဖြစ်နေတာကြောင့် လူငယ်အတွေးမျိုးပဲ 'ကောင်လေး' က တွေးလိုက်မိသည်။

ပျော်စရာ ရှာချင်တာများ အိမ်အရိပ်အခြေလေးဘာလေး ကြည့်ပါအုံးတော့လား။

"အဖေတို့ မလိုက်ရင်မလိုက်နဲ့တော့ ... ဘယ်သူလဲဆိုတာ ကျွန်တော်ပဲ သွားကြည့်လိုက်တော့မယ် ... လူစိမ်းဆိုတော့ လည်းမောင်းထုတ်ပစ်လိုက်တာပေါ့ ... ကျွတ် ညကြီးမိုးချုပ်ကျမှပဲ ပြဿနာရှာတဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



“ အို ဒီကောင် မဟုတ်တာလုပ်လို့ကတော့ အိမ်မှာကို မထားဘူး ... နှင်ချပစ်မယ် ... ကောင်းကောင်းမွန်မွန် ခေါ်ထားရဲ့နဲ့ ရှုပ်ရှုပ်ယှက်ယှက် လုပ်တာမျိုးကိုတော့ လုံးဝသည်းမခံနိုင်ဘူး... အိမ်မှာလည်းမင်္ဂလာကိစ္စရှိနေတယ်ဆိုတာ သိရဲ့သားနဲ့ ... တောက် ”

အဖေရဲ့ ဒေါသကို နှစ်သိမ့်မနေတော့ဘဲ အောက်ထပ်သို့ သူ ဆင်းလာခဲ့လိုက်ပါသည်။ အိမ်အောက်ထပ် ကွပ်ပစ်မှာ အမေနဲ့အတူ ဆွေမျိုးတချို့ပါ ထိုင်နေကြလေသည်။ ခြံစောင့် ‘မောင်မဲ’ လည်း ရှိနေသည်။ သူ လုပ်တာနဲ့ တစ်အိမ်လုံးနိုးကုန်ရပြီနဲ့ တူပါသည်။

“ ‘ကိုမဲ’ ကတော့ လုပ်တော့မယ် ... အမေတို့ကို ဘာလို့နှိုးရတာလဲ ... စောစောကတည်းက ကျွန်တော့်တစ်ယောက်တည်းကိုပဲ လာပြောလိုက်ရင်ပြီးနေတဲ့ဟာ ... အခုတော့ အားလုံးနိုးကုန်ရပြီ ”

“ ငါလည်း စိုးရိမ်စိတ်နဲ့ လျှောက်ပြောမိတာ ...”

“ ကဲ ‘လေအိုး’ အခန်းကို သွားကြည့်မယ် ... အမေတို့ မိန်းမအုပ်စု နေခဲ့ကြ ”

ဟု အပြတ်ပြောပေမယ့် ဘယ်သူကမှ သူ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



အရေးလုပ်ပြီး နားမထောင်ကြချေ။

"အို ဘာလို့နေခဲ့ရမှာလဲ ... လိုက်ခဲ့မှာပေါ့ ... ဘယ်သူဆိုတာ သိချင်သေးတယ် "

အိမ်မှာရှိသော လူအုပ်စုကြီးနဲ့ပင် ခြံအနောက်ဘက်မှာရှိတဲ့အလုပ်သမားတန်းလျားဆီ လှမ်းလာခဲ့ကြပါသည်။ 'လေအိုး' နေရတဲ့အခန်းက ထောင့်စွန်းခန်း။

အခန်းထဲကနေ အပြင်ကိုထွက်ဖို့ ချောင်းနေသော 'လေအိုး' မှာလည်း သူ့အခန်းရှိရာဆီ ဦးတည်ပြီးလျှောက်လာသော လူအုပ်စုကိုမြင်ပြီး ရင်တုန်ထိတ်လန့် သွားရလေ၏။ ပြဿနာကတော့ သူ့ဆီ အလုံးအရင်းနဲ့ကို အုံနဲ့ကျင်းနဲ့ ဝင်လာနေပါပြီ။

ဘယ်ကို လွတ်ရာလွတ်ကြောင်း ထွက်ပြေးရမလဲ မသိ။ ပြေးပေါက်ဆိုတာလည်း လုံးဝကို ရှိမနေပါ။

"ဒုက္ခပဲ ... သေပြီ သေပြီ ... တစ်အိမ်လုံးနိုးပြီး ငါ့အခန်းဆီ လာနေကြပြီ ... ဘယ်လိုလုပ်မလဲ 'မေ' ရဲ့ ... နင့်ကြောင့် ငါတော့ ပြဿနာတက်ပြီ ... မိသွားရင် ဘယ်လိုရှင်းမလဲ "

'လေအိုး' ရဲ့အသံက ကြောက်လန့်ပြီး ပြာမိုက်တုန်ရီနေလေသည်။'မေ' ကိုယ့်တိုင်ကလည်း လန့်ထိတ်နေရတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြန်ပြီး နှစ်သိမ့်မှုမပေးနိုင်ချေ။ မဖြစ်နိုင်မှန်း သိပေမယ့် လည်း လွတ်ရာလွတ်ကြောင်းကိုသာ စဉ်းစားနေမိ၏။

'ကောင်လေး' နဲ့ 'မေ' နဲ့ကြားမှာ အစီအစဉ်တစ်ခုခု တော့ လွဲချော်နေပြီနဲ့တူပါသည်။ ဘာလုပ်ရမလဲ ။ 'လေအိုး' အခန်းထဲမှာ 'မေ့' ကိုတွေ့သွားခဲ့ရင်ဖြင့် ရှင်းမရတဲ့ ပြဿနာ တွေ တသီတတန်းကြီး ပေါ်ပေါက်လာနိုင်ပါသည်။ 'ကောင် လေး' 'မေ့' ကို ရက်စက်ပြီနဲ့ တူသည်။

သူ ချိန်းလို့ အခက်အခဲတွေကြားကနေ မရောက်,ရောက် အောင်လာရတဲ့ 'မေ့' ရဲ့ ဒုက္ခကို မငဲ့ညှာတော့ဘူးလား မသိ။ ဝမ်းနည်းအားငယ်စိတ်ကြောင့် မျက်ရည်က ကျလာခဲ့ရသည်။

" 'ကောင်လေး' ချိန်းတယ်ဆိုတာကော သေချာလို့လား 'မေ' ရယ် ... နင် အန္တရာယ်ဖြစ်မှာစိုးလို့ ငါ ခေါ်ထားလိုက်တာ မှားပြီ နဲ့တူပါတယ် ... ဒီနေ့ကျမှ ငါက ခြံစောင့်တဲ့အလုပ်ကို လုပ်နေရတယ် ... ငါသာ ခါတိုင်းရက်တွေလို ပုံမှန်ဝင်အိပ် နေရင် နင့်ကို တွေ့ရမှာတောင် မဟုတ်ဘူး "

'လေအိုး' ရဲ့ ညည်းတွားသံက 'မေ့' ရဲ့ အားငယ်စိတ်ကို ပိုခြောက်ခြားသွားစေပါသည်။ ခြံဝမှာ 'ကောင်လေး' ထွက်လာ နိုးထွက်လာနိုးနဲ့ မျှော်လင့်တကြီး ယောင်လည်လည် စောင့်



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေတဲ့ ‘မေ့’ ကို ‘လေအိုး’ ကတွေ့ပြီး စိုးရိမ်စွာဖြင့် သူ့အခန်းထဲခေါ် ကာ ပုန်းခိုခိုင်းထားခြင်းပါ။

‘ကောင်လေး’ ကို သွားခေါ်ဘို့ အရိပ်အခြေကြည့်နေစဉ် ဖြုန်းကနဲဆို တစ်အိမ်လုံးကလူတွေ နိုးသွားကြခြင်းပါ။ သေချာတွေးကြည့်ရင် ခုဖြစ်နေတဲ့ကိစ္စတွေက သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားမသိ။

‘ကောင်လေး’ မိဘတွေရဲ့ ပရိယာယ်မှာ လှလှပပကြီး ‘မေ’ မိသွားခဲ့ရပြီနဲ့တူသည်။ ‘မေ့’ ဆီ ရေးတဲ့စာကတော့ ‘ကောင်လေး’ လက်ရေးပါ။ ဆိုင်းမထိုးထားတာ တစ်ခုပဲ ပြောစရာရှိသည်။

“ ငါ ဘယ်လိုလုပ်ရမလဲ ... ဒီအတိုင်း ခွတ်ထွက်ပြေးရင် ကောင်းမလားဟင် ... ဘယ်နေရာမှာထွက်ပေါက်ရှိသလဲ ‘လေအိုး’ ရယ် ... မြန်မြန်ပြောစမ်းပါ ...ခြေသံတွေ နီးလာပြီဟဲ့”

“ မရှိဘူး ... ပြေးလို့လည်း လွတ်မှာမဟုတ်ဘူး ...ပုန်းနေမှပဲရတော့မှာ ... ခြင်ထောင်ချလိုက် ... ချလိုက် ... အထဲမှာသာ မလှုပ်ဘဲ ငြိမ်, ငြိမ် နေ,နေ ... မသိချင်ဟန်ဆောင်ပြီး ငါ အပြင်ထွက်လိုက်မယ် ”

‘လေအိုး’ သည် ကမူးရှူးထိုးနဲ့ အခန်းတံခါးကိုဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ထွက်သွားလေသည်။ အပြင်ကလူအုပ်စုကြီး ဒီအခန်းထဲကိုသာ ဝင်မလာခဲ့ရင်ဖြင့် အရာအားလုံးက ငြိမ်းအေးသွားပါပြီ။ ဒါပေမယ့် 'မေ' တွေးထင်သလိုမျိုး ဖြစ်မလာခဲ့ပေ။

'ကောင်လေး' နဲ့ပတ်သက်ရင် 'မေ့' ရဲ့ ကုသိုလ်ကံက အမြဲတမ်း ဆိုးရွားနေခဲ့တာပဲ မဟုတ်လား။ အပြင်ကို စကားသံတွေကို အတိုင်းသား 'မေ' ကြားနေခဲ့ရ၏။

" 'လေအိုး' ... မင်းကို ခြံစောင့်ခိုင်းတာ ဘာဖြစ်လို့မစောင့်ဘဲ အခန်းထဲ ပြန်ဝင်အိပ်နေရတာလဲ ... မင်း ဘာတွေလုပ်နေသလဲပြော "

'ဦးမြင့်မိုရ်' ရဲ့ လေသံက တရားခံတစ်ယောက်ကို စစ်ဆေးနေတဲ့ တရားသူကြီးလေသံမျိုး ဖြစ်နေခဲ့သည်။ 'လေအိုး' ရဲ့လေသံတွေက အကြောက်လွန်ပြီး ထစ်အ တုန်ရီလို့နေရ၏။

" ကျွန် ... ကျွန်တော် ... ဘာ ... ဘာမှ မလုပ်ပါဘူး ... အခန်းထဲ ခဏလာတာ ... ဘာဖြစ်လို့လည်း မသိဘူး "

" လူတစ်ယောက်ကို မင်းအခန်းထဲ ခေါ်သွားတယ်ဆိုကွ ... 'မောင်မဲ' ပြောတယ် ... အဲ့ဒါ ဘယ်သူလဲ "

" မ ... မခေါ်ပါဘူး ... 'ကိုမဲ' လျှောက်ပြောတာဖြစ်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ့် ... ဘယ်သူ့ကို ကျွန်တော်က ခေါ်ရမှာလဲ ... ကျွတ်'ကိုမဲ' နဲ့တော့ ခက်ပါတယ် ''

"ဟော့ကောင် မင်းပုံစံကြည့်ရတာ မရိုးသားဘူး ... လိမ်နေတာပဲ ဖြစ်ရမယ် ... မင်းလုပ်တာနဲ့ ငါတို့အိမ်တော့သိက္ခာ ကျတော့တော့မယ် ... ဖယ်စမ်း ဖယ်စမ်း"

'ဦးမြင့်မိုရ်' သည် အခန်းထဲမှာ ဘယ်သူရှိနေတယ်ဆိုတာ သေချာအတပ်သိနေခဲ့သဖြင့် ရဲဝံ့စွာပင် 'လေအိုး' ကိုတွန်းတိုက်ပြီးအခန်းထဲဝင်ဖို့ ပြင်လိုက်သည်။ မထင်မှတ်ဘဲ 'လေအိုး' က သူ့ရဲ့ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ဆွဲထားလေသည်။ လက်ကိုမရမကပြန်ဆောင့်ရုန်းရင်း ...

"ဟော့ကောင် မင်းဒါဘာလုပ်တာလဲ ... ငါ့ကိုများတားလားဆီးလားနဲ့ ... မင်းတော့ သေတော့မယ် ''

ဟု အော်ထုတ်ရင်း တွန်းပစ်လိုက်မိသည်။ တွန်းထုတ်ပေမယ့် 'လေအိုး' ကလွင့်မသွားဘဲ သူ့အား မရမက ဖက်တွယ်ကာ ငိုယိုတောင်းပန်လေသည်။

"မသွားပါနဲ့ဗျာ ကျွန်တော် တောင်းပန်ပါတယ်...အထဲမှာ ဘယ်သူမှ မရှိပါဘူး ... ကျွန်တော်ပြောတာကိုယုံပါ ကျွန်တော်ဘယ်တုန်းကမဟုတ်တာ လုပ်ခဲ့ဘူးလို့လဲဗျ ... ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးလေးတို့ မိသားစု ဘယ်တုန်းကမှ သိက္ခာမကျခဲ့ဖူး ပါဘူးဗျာ”

ယောကျ်ားတန်မဲ့ မျက်ရည်ကျကာ တောင်းပန်ခယနေတဲ့ ‘လေအိုး’ ကိုကြည့်ပြီး ‘ဦးမြင့်မိုရ်’ စိတ်ထဲ ကရုဏာဖြစ်သွားမိပါ သည်။ ‘လေအိုး’ မှာဘာအပြစ်မှ မရှိဘူးဆိုတာ ကြိုသိနေခဲ့တာ ပဲ။ ချစ်သူနှစ်ဦးကြား စေတနာထားပြီး ကူညီနေတဲ့ ‘လေအိုး’ ရဲ့စိတ်ဓာတ်ကို အရောင်ဆိုးရမှာတော့ အားနာမိပါသည်။

ဒါပေမယ့် ကိုယ့်ရဲ့သားအရင်းနဲ့တော့ ဘယ်ယှဉ်ပြိုင်ပြီး ချစ်နိုင်ပါ့မလဲ။

“ ဟော့ကောင် အပိုစကားတွေလာပြောမနေနဲ့... မင်းမ ဟုတ်တာ မလုပ်ဘူးဆိုရင် ငါ့ကိုဘာလို့ ဆွဲနေသေးသလဲ ... လွှတ်လိုက်လေကွာ ... မင်းဘက်က တားဆီးနေတယ်ဆိုက တည်းက မရိုးသားဘူးဆိုတာ ပေါ်လွင်နေပြီ”

တခြားသူတွေက ‘လေအိုး’ ကို ထိန်းချုပ်လိုက်တာမို့ ‘လေအိုး’ ဘာမှ မတတ်နိုင်တော့ပါ။ ‘ဦးမြင့်မိုရ်’ က ‘ကောင် လေး’ ကို တမင်မေးဆတ်ကာ ခေါ်လိုက်ပြီး ရှေ့ကနေဦးဆောင် ကာ အခန်းတွင်းရဲ့ အခြေအနေကို ကြည့်ခိုင်းလိုက်ပါသည်။ ရိုးသားစိတ်ရှုပ်နေသော မျက်နှာထားနဲ့ပင် ‘ကောင်လေး’ က



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကနေ ဦးဆောင်ဝင်သွားခဲ့လေသည်။

မှောင်မဲနေသော အခန်းတွင်းကို မြင်နိုင်ဖို့အတွက် မီးသီးခလုတ်ကို ဖွင့်ချလိုက်မိပါသည်။ စစ်ခြင်ထောင်ထူထူရဲ့ အတွင်းမှာ ဘယ်သူရှိနေမလဲဆိုတာကို 'ကောင်လေး' မခန့်မှန်းတတ်ချေ။ ဘာကြောင့်မှန်းမသိဘဲ ခြင်ထောင်ကို လှန်လိုက်ရမှာဝန်လေးလို့နေရ၏။ ကိုယ်နဲ့မဆိုင်ပေမယ့်လည်း 'လေအိုး' အစားရှက်နေမိပါသည်။

တွန့်ဆုတ်တွေဝေနေသော 'ကောင်လေး' ကိုကြည့်ပြီး စိတ်မရှည်နိုင်စွာဖြင့် 'ဦးမြင့်မိုရ်' ကိုယ်တိုင်ပဲ ခြင်ထောင်ကို ဆွဲလှန်မပစ်လိုက်ပါသည်။ ခေါင်းငုံ့ကာ ငြိမ်သက်စွာထိုင်နေသော 'မေ့' ကိုတွေ့မှ အစီအစဉ်အောင်မြင်ပြီဆိုပြီး ရင်ထဲပေါ့ပါးကာ စိတ်ချမ်းသာလို့ သွားရပါသည်။

'ကောင်လေး' ဆီကနေ အံ့ဩလွန်းတဲ့ ရင်ခေါင်းသံကြီး ထွက်လာခဲ့ရလေသည်။

"ဟင် ... 'မေ' ... 'မေ' "

မျက်ရည်တွေ ရွဲအိုင်နေတဲ့ မျက်လုံးအကြည့်ဖြင့်သာ 'မေ' က သူ့အားစိုက်ကြည့်လို့နေခဲ့ပါသည်။ 'မေ့' မျက်နှာပြင်မှာ ကြောက်ရွံ့တဲ့အမူအယာတွေအပြင် နာကြည်းခံရခက်သော



www.burmeseclassic.com

www.burmeseclassic.com



အမှုအယာကပါ ဒွန်တွဲပါနေရတာကြောင့် သူ အံ့ဩသွားခဲ့ရသည်။

ဒီလိုအခြေအနေမျိုးနဲ့ တွေ့လိုက်ရတဲ့ 'မေ့' ကို သူ ဘာပြောလိုက်ရမလဲ။ 'မေ့' ရဲ့လုပ်ရပ်ကို သူ နားမလည်နိုင်ချေ။ နှလုံးသားတစ်ခု ငလျင်လှုပ်လိုက်သလို အက်ကြောင်းရာတွေထကာ ကွဲကြေပျက်စီးတော့မှာကိုပဲ သူ သိနေရသည်။

မဖြင့်သင့်တာ။ 'လေအိုး' အခန်းထဲ 'မေ' ဘာကိစ္စရောက်နေရတာလဲ။ အဖေတို့ရှေ့မှာ ဘယ်လိုမျက်နှာမျိုးနဲ့ သူဆက်ပြီးရပ်တည် ရှင်သန်နေရမလဲ။ သူ့ဘက်ကတော့ 'မေ့'ရဲ့အချစ်ကိုယုံကြည်ပြီး အမေတို့ကို ကလန်ကဆန် တဇွတ်ထိုးပြုမူ မိုက်မဲခဲ့တာတွေသည် ဒီလို မြင်ကွင်းမျိုးကို မြင်ဖို့အတွက်တဲ့လား။

သူ ပေးဆပ်လိုက်ရတာနဲ့ 'မေ့' ဆီက ပြန်ရတာ တန်ပါရဲ့လား။ ဘာကြောင့်ဆိုတဲ့ မေးခွန်းမျိုး သူ မမေးရဲချေ။ ရှက်စိတ်နဲ့ 'ကောင်လေး' ရဲ့ နှုတ်တွေက စွန့်အနေခဲ့ရပြီဖြစ်သည်။

" တောက် ... မင်းတော်တော် အောက်တန်းကျပါလားကွာ ငါတို့ဘက်က ဒီလောက်တောင် လိုက်လျောပေးနဲ့ရဲ့နဲ့ မင်းမို့လို့ ဒီလို အရှက်မဲ့တဲ့အလုပ်တွေကို လုပ်ရတယ်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ရက်ဖို့ကောင်းလိုက်တာကွာ”

အဖေ့ရဲ့အသံက ရက်စိတ်ကြောင့်ထင်ပါရဲ့ တုန်ရီလို့နေသည်။

“ဒုက္ခပဲ … ဒုက္ခပဲ … မနက်ဖြန်တောင်းရမ်းမယ့်ကိစ္စကို ဘယ်လိုလုပ်ရမလဲ … လူကြီးတွေကိုလည်း အသိပေးပြီးနေပြီ… သေသာသေလိုက်ချင်တော့တာပဲ… ရက်စက်လိုက်တာ ‘မေ’ ရယ် ‘ကောင်လေး’ မှာ ဘာအပြစ်ရှိလို့လဲ…ခုတော့ ငါ့သားဘဝကိုတင်မကဘူး ငါတို့မိသားစုရဲ့ အရှက်သိက္ခာကိုပါ နင် ခွဲပစ်တယ်… ဖောက်ပြန်စရာရှားလို့ လူရင်းဖြစ်တဲ့ ‘လေအိုး’ နဲ့မှ ဖောက်ပြန်ရတယ်လို့အေ… ကြားလို့မှ မကောင်း… ‘လေအိုး’ ဆိုတဲ့ကောင်ကလည်း ခွေးလိုကောင်ပဲ ”

အမေကပြောရင်း သူ့ပခုံးကိုမှီကာ ငိုချလိုက်လေသည်။

‘ကောင်လေး’ ကတော့ နောက်ကျိနေတဲ့ ဦးနှောက်နဲ့လူက ထုံပေပေဖြစ်နေခဲ့ပါသည်။ ဘာကိုမှလည်း မပြောချင်တော့။ ဘာကိုမှလည်း မေမြန်းမဖြေချင်းချင်ပါ။ ဖြေရှင်းတဲ့အခါ သိလာရမယ့်ကိစ္စတွေက သူ့အား ပိုအရှက်ရစေနိုင်ပါသည်။

ဆွေမျိုးတွေရဲ့ ဆူညံပွက်လောရိုက်ခတ် နေတဲ့အသံတွေကို ‘မေ’ က နားမခံနိုင်တော့သည့်အလား ထိုင်နေရာမှဆောင့်ထ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူတို့လူအုပ်စုကို တွန်းတိုက်ပြီး အပြင်သို့ထွက်သွားပါသည်။

" ဟဲ့ ... သူ့ကိုတစ်ယောက်တည်း ပေးပြန်လို့မဖြစ်ဘူး... ခေါ်ထား ခေါ်ထား... 'မြခက်' လက်ထဲ သေချာထည့်ပြီး အကျိုးအကြောင်းပြောပြမှ ဖြစ်မယ်..ဒီလို လက်လွှတ်စပယ်ပေးပြန်လိုက်လို့ ဘယ်ဖြစ်မှာလဲ... 'လေအိုး' နဲ့ကိစ္စက ရှိသေးတယ်လေ"

ဟု အော်ဟစ်တားဆီးလိုက်တဲ့ အမေ့ရဲ့စကားသံကို 'လေအိုး' ကငြင်းဆန်သည်။

" 'မေ' နဲ့ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူးဗျ ... အားလုံးအထင်လွဲနေကြတာ... 'မေ' ဒီကိုရောက်လာတာ ကျွန်တော်ခေါ်လို့မဟုတ်ဘူး... 'ကောင်လေး' ခေါ်လို့ရောက်လာခဲ့တာ ... ကျွန်တော် နဲ့ အထင်မလွဲပါနဲ့ဗျာ "

'ကောင်လေး' ပြုံးလိုက်မိသည်။ သူ ချိန်းလို့ 'မေ' ရောက်လာခဲ့တာတဲ့လား။ ဟင်း ဟင်း ပြောတတ်လိုက်တာ။ ကာယကံရှင်ဖြစ်တဲ့သူကတောင် ဘာမှမသိဘဲနဲ့ 'မေ့' ဆီ ဒီအချိန်းအချက်ကဘယ်လိုလုပ်ပြီး ရောက်သွားခဲ့ရတာလဲ။

နားရှိလို့သာ ကြားလိုက်ရပါသည်။ 'မေ့' မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့လည်း ခပ်တည်တည် ခပ်ပေပေရုပ် ပေါက်နေ၏။ မျက်မြင်သက်သေ လူတွေအများကြီးနဲ့ လက်ပူးလက်ကြပ်မိနေတာတောင်မှ သူတို့ပုံစံတွေက အပြစ်မရှိတဲ့အတိုင်း လုပ်ပြနေတာမို့ အံ့သြပြီး စိတ်ပျက်သထက် ပျက်လာရသည်။

လူမိသွားတော့ ဘာဖြစ်သလဲဆိုပြီး ပိုအရွဲ့တိုက်တတ်တဲ့ 'မေ့' ရဲ့ စိတ်ခတ်ကိုလည်း သူက သိနေပြန်တာကြောင့် ဘာမှမဖြေရှင်းချင်တော့ပါ။

"ဒီအတိုင်း ပြန်ပို့လို့တော့ ဘယ်ဖြစ်မှာလဲ ... ရပ်ကွက်လူကြီးတွေကိုပါ ခေါ်သွား ... ညကြီးသန်းခေါင် ဖြစ်နေပေမယ့်လဲ အားမနာနိုင်တော့ဘူး ... နှိုးရမှာပဲ...မနက်ဖြန်ကျမှလုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ဆက်လုပ်ပေးရမယ် "

အဖေ့ရဲ့ စီစဉ်ညွှန်ကြားသံအဆုံးမှာ သူ အားလုံးကိုကျော်ခိုင်းပြီး ထွက်လာခဲ့လိုက်ပါသည်။ သူ ခြေလှမ်းဝေးဝေးမရောက်ခင် 'မေ့' ရဲ့ ခေါ်သံပြင်းပြင်း ထွက်လို့လာရသည်။

" 'ကောင်လေး' ..."

သူ နာကြည်းကြေကွဲစွာဖြင့် လှည့်ကြည့်ဖြစ်သည်။

" နင်က ဘာဖြစ်သွားရတာလဲ ... ဘယ်သူ့ကြောင့်ဆိုတာကို နင့်ပါးစပ်က ဘာလို့ဖွင့်ပြီး ရှင်းမပြရတာလဲ ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါအုံး... သောက်အ ပုံစံမျိုး ငါ့ကိုလာလုပ်ပြမနေနဲ့... နင့်ကိုငါ သတ်မိလိမ့်မယ်”

“ လက်ပူးလက်ကြပ် မိနေတဲ့ကိစ္စကို ငါက ဘယ်သူတွေကို ဘာရှင်းပြနေရအုံးမှာလဲ ... ငါနဲ့မှ မဆိုင်တာ ... ငါသိတာ တစ်ခုတည်းရှိတယ် ... နင် လူလိမ်မပဲ ”

“ ဘာပြောတယ် ”

“ ဟုတ်တယ် ...နင်ကငါ့အတွက် နတ်ဆိုးပဲ... ဂြိုဟ်ကောင်မပဲဆိုတာ ငါလက်ခံသွားပြီ ... နင့်ကို ငါကြောက်သွားပြီ ‘မေ’ ”

“ ငကြောင်ကြီး ... ဒီနေရာကို ငါဘာလို့လာသလဲဆိုတာ”

ဒေါသတကြီး အကျယ်ကြီးအော်ဟစ်နေတဲ့ ‘မေ့’ ကို အမေတို့က ဝိုင်းဝန်းဖမ်းချုပ်ပြီး သူနဲ့ ဝေးရာဆီ ခေါ်သွားခဲ့ကြပါသည်။ ‘မေ’ ဘက်က ဆက်ပြောနေတဲ့ စကားသံတွေကလည်း သူ့ နားထဲမှာ မသဲမကွဲဘဲ ဝေဝါးမှုန်ဝါးလို့နေ၏။

‘ကောင်လေး’ ရင်ထဲ ရှက်စိတ်နဲ့အတူ ဝမ်းနည်းမှုကပါ ဒွန်တွဲပြီးနေရာယူလျက် ရှိပါသည်။ သူ အမျှော်လင့်ကြီး မျှော်လင့်နေတဲ့ မင်္ဂလာပွဲက မုန်တိုင်းတစ်ခု ရုတ်တရက် ဝင်မွှေပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ဖရိုဖရဲနဲ့ မထင်မှတ်ဘဲ ဝရုန်းသုန်းကားဖြစ်ကာ ပျက်ဆီးသွားခဲ့ရ လေသည်။

မယုံကြည်နိုင်ပေမယ့် သူ ဒီအခြေအနေကို လက်ခံလိုက်ရပြီဖြစ်သည်။ ခြံထဲမှာ လူသူကင်းရှင်းသွားပြီး စကားသံတွေ ငြိမ်သက်တိတ်ဆိတ်သွားတဲ့ အချိန်ကျမှပဲ 'ကောင်လေး' ရင်တွင်းက ခံစားမှုတွေသည် အပြင်သို့တစ်စတစ်စလွင့်ကာပေါက်ကွဲကျယ်ပြန့်လို့လာခဲ့ပါသည်။

သူ ပေါက်ကွဲထွက်လည်း သူ့ကို ကဲ့ရဲ့မယ့်သူ မရှိ။ အားပေးနှစ်သိမ့်မယ့်သူ မရှိ။ လှောင်ပြောင် သနားမယ့်သူ မရှိ။ ဒီအခြေအနေကို သူ သဘောကျသည်။ရင်ဖွင့်စွာ သူ အကျယ်ကြီးအော်ငိုပစ်လိုက်ပါသည်။

သူ့ ငိုသံကို ဘယ်သူကြားမလဲ။ သူ့ ရဲ့ရှုံးနိမ့်မှုကို ဘယ်သူ မြင်မလဲ။ 'မေ့' ကို သူ သိပ်ချစ်သည်။ သိပ်ချစ်လို့လည်း ဖြေဆည်မရအောင် နာကြည်းမိတာပေါ့။ အမေတို့ရဲ့ လှည့်ဖြားမှုကြောင့်ပဲဆိုဆို ကာယကံရှင်ဖြစ်တဲ့ 'မေ' ကိုယ်တိုင်က မပါဘဲနဲ့တော့ 'လေအိုး' က သူ့အခန်းထဲကို ဘယ်လိုခေါ်သွင်းလို့ရမှာတဲ့လဲ။

အဓိက အပြစ်အရှိဆုံးက 'မေ' ပါ။



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်ဆိုတဲ့ နေ့တစ်နေ့ရောက်လာမှာကို 'ကောင်လေး' သေမတတ် ကြောက်နေမိပါသည်။ ဒီမြို့မှာ သူဆက်ပြီး မနေပါရစေနဲ့တော့။ ပြောင်းလွဲသွားတဲ့ အခြေအနေတွေကို သူ လက်တွေ့ ရင်ဆိုင်ပြီး ခံစားလို့ရနိုင်မယ်မထင်ပေ။

အမေတို့ရဲ့ ဖျောင်းဖျနားချမှုကိုလည်း မကြားလို။ အရာအားလုံးကို မေ့ပစ်ပြီး စိတ်သစ်လူသစ်နဲ့ သူ့ဘဝကို အသစ်ပြန်စပါရစေတော့။

သူ ဒီမြို့ကနေ အမြန်ဆုံး ထွက်သွားမှပဲ ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com






မြို့ကို မပြန်ဖြစ်တာ တစ်နှစ်ကျော်ခန့်ရှိပါပြီ။ ‘မေ’နဲ့ပတ်သက်တဲ့ သတင်းတွေကို တမင်လျစ်လျူရှုထားခဲ့ပေမယ့် ရင်ထဲမှာတော့ အမြဲတမ်းမမေ့မလျော့ သတိတရရှိနေတယ်ဆိုတာ သူ ကိုယ်တိုင်ပဲ သိနေ၏။ ‘လေအိုး’ နဲ့ ‘မေ’လက်ထပ်ပြီးတဲ့နောက်ပိုင်း ‘မေ’ နဲ့ပတ်သက်လို့ သူ့ ရဲ့အခန်းကဏ္ဍကဘယ်နေရာကမှ ဝင်ရောက်ပတ်သက်ခွင့် မရှိဘူးဆိုတာသိနေပါသည်။

သူ့ရင်ထဲမှာ ချစ်တတ်တဲ့ နှလုံးသားဆိုတာ မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တူသည်။ အချစ်မရှိတော့တဲ့ လူတစ်ယောက်ကို အမေတို့က အိမ်ထောင်ဆိုတဲ့ လူမှုရေးအကျဉ်းထောင်ထဲသို့ အတင်းထိုးသွင်းဖို့ ကြိုးစားနေပြန်ပါသည်။

သူ စိတ်ပျက်ပေမယ့် နောက်တစ်ကြိမ် သူ့ကြောင့် အမေတို့စိတ်မဆင်းရဲစေချင်တော့ပေ။ သူ့စိတ်ထဲကမပါပေမယ့် အမေ တို့စိတ်ချမ်းသာတာကို မြင်တွေ့ချင်တာကြောင့်အမေတို့ သဘောဟုဆိုပြီး လက်ခံခဲ့လိုက်ပါသည်။

ပြုံးရွှင်ကျေနပ်သွားသော အမေ့မျက်နှာကိုကြည့်ပြီး သူ့ရင်မှာ ကြည်နူးရလေသည်။ ဦးလေးရဲ့ အဆက်အသွယ်နဲ့ပဲ 'နေလွှာ' ဆိုတဲ့ မိန်းကလေးကို သူ စမြင်တွေ့ဘူးရလေသည်။ 'နေလွှာ' ရဲ့ မိဘတွေက ဦးလေးရဲ့ဗေဒင်ပညာကို ယုံကြည်ပြီး သူတို့သမီးနဲ့ သူနဲ့ လက်ထပ်ပေးစားဘို့ ကိစ္စကို သဘောတူကြလေသည်။

'ကောင်လေး' ရဲ့ မိဘအသိုင်းအဝိုင်း အခြေအနေနဲ့ စီးပွားရေးကိုလည်း သူတို့ဘက်လေ့လာ အကဲခတ်ပြီးသဘောကျသွားတာလည်း ဖြစ်နိုင်ပါသည်။

ဆယ်တန်းဆိုတဲ့ ပညာအရည်အချင်းထက် ဆက်ပြီး မတိုးတက်နိုင်တော့သော 'နေလွှာ' ရဲ့ ပညာရေး အားနည်းချက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်ချရအောင် အမျိုးအဆွေကောင်းသော ယောကျ်ား လေးရှင်ဘက်က တောင်းရမ်းတဲ့အချိန်မှာ သိပ်မစဉ်းစားတော့ ဘဲပေးစားဖို့ကို သဘောတူလိုက်ကြလေသည်။

အမေတို့ရဲ့ လောကွတ်ပျူငှာပြုမှု၊ ဦးလေးရဲ့ ပြောတတ် ဆိုတတ်မှုတွေကြောင့် သူ ဒုတိယနှစ်စာမေးပွဲ ဖြေပြီးချိန် လောက်မှာ မင်္ဂလာပွဲက ဖြစ်သွားရလေသည်။ 'ကောင်လေး' ဘက်က နေစရာတိုက်ခန်းတစ်ခန်းနဲ့ အိမ်တွင်းပစ္စည်း အပြည့် အစုံကိုလက်ဖွဲ့ပြီး 'နေလွှာ' တို့ဘက်က ပစ်ကပ်ကားလေးတစ် စီး လက်ဖွဲ့ပါသည်။

နေစရာ သွားစရာ အဆင့်သင့်ရှိပေမယ့် စားဝတ်နေရေး အတွက် အလုပ်တစ်ခုက လိုလာပြန်သည်။ 'နေလွှာ' မိဘတွေ က ရုံးဝန်ထမ်းတွေမို့ အပြင်စီးပွားရေးလိုင်းဘက်ကိုသိပ်မကျွမ်း ကျင်ကြချေ။ ရှိတဲ့ငွေကို ငွေတိုးပေးစားတာလောက်ပဲ ရှိသည်။

အိမ်ထောင်သာကျသွားပေမယ့် သေချာစဉ်းစားကြည့်ရင် 'ကောင်လေး' အဖြစ်ကအူကြောင်ကြောင်နဲ့ ရယ်စရာတော့ ကောင်းနေရပါသည်။ ကိုယ်ပေါင်းသင်း လက်ထပ်မယ့်မိန်းမကို မင်္ဂလာဆောင်တဲ့နေ့ကျမှပဲ သေချာမြင်တွေ့ဘူးတဲ့ အဖြစ်ပါ။

ကြားကာလမှာ 'နေလွှာ' နဲ့ သူ မတွေ့ဖြစ်ကြချေ။ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



စရာကိစ္စတွေကို နှစ်ဘက်လူကြီးတွေကသာ စီစဉ်နေကြတာမို့ ကာယကံရှင်ဖြစ်တဲ့ သူတို့နှစ်ယောက်က လွတ်နေကြလေသည်။ ရင်မတုန်၊ နှလုံးမခုန်ဘဲနဲ့ သူ့အိမ်ထောင်ကျခဲ့ရတဲ့အဖြစ်ပါ။

'နေလွှာ' ဘက်ကိုတော့ သူ မပြောတတ်။ ဖြူစင်အေးချမ်းတဲ့ ရုပ်ရည်ကလေးဖြင့် 'နေလွှာ့' ပုံစံက သူနဲ့လက်ထပ်ရတာကို မကျေမနပ် ဖြစ်တဲ့ပုံစံမျိုးတော့ မပြချေ။ ငြိမ်းငြိမ်းချမ်းချမ်းပဲ ရှိနေရတာကြောင့် 'ကောင်လေး' စိတ်ထဲ ကျဉ်းကြပ်မှုမျိုးတော့ မဖြစ်ရပါ။ အဲ့ဒီအတွက် 'နေလွှာ့' ကို ကျေးဇူးပြန်တင်နေရသည်။

အမေတို့ ရှိနေတဲ့အချိန်တုန်းကတော့ ဟိုသွားဒီသွားနဲ့ အချိန်တွေ ဘယ်လိုလုပ်ပြီး ကုန်ဆုံးလို့ ကုန်ဆုံးမှန်းမသိပေမယ့် အမေတို့ မြို့ကိုပြန်သွားတဲ့အချိန်မှာတော့ 'ကောင်လေး' ဘဝက အားယားနေရပါသည်။

ဘယ်ကိုမှ မသွားရဘဲ တိုက်ခန်းထဲမှာ ငြိမ်ကုပ်နေရတဲ့ ဘဝကို ကြာတော့ စိတ်ပျက်လို့လာရသည်။ ပျင်းလည်းပျင်းငြီး လဲငြီးငွေ့လာ၏။ ဒီကြားထဲ 'နေလွှာ' နဲ့ပတ်သက်ပြီး စိတ်ထဲက ကသိကအောင့် ဖြစ်ရတာတွေလည်း ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေလွှာ' သည် 'ကောင်လေး' အသက်ထက် တစ်နှစ်ခန့် ပိုကြီး၏။အသက်တစ်နှစ်ပိုကြီးလို့ သူက ပိုရင့်ကျက်မလား အောင်းမေ့သည် သူ့ကိုယ်သူ ဆယ်ကျော်သက်အရွယ်ကလေး လို ဟိုဟာမလုပ်တတ် ဒီဟာမလုပ်တတ်နဲ့ ရေသာခိုနေတတ် တာ များလေသည်။

အိမ်ထောင်ရှင်မဆိုတဲ့ ကြီးကြီးကျယ်ကျယ်တာဝန်မျိုး တော့လည်း နာမည်တပ်ပြီး သူမကို မခိုင်းချင်ပါ။ဒါပေမယ့်မိန်း ကလေးတစ်ယောက် တတ်သင့်တဲ့ ထမင်းဟင်းချက်ပြုတ်တဲ့ အတတ်ပညာမျိုးလောက်ကတော့ သင်စရာမလိုဘဲ တတ်နေခဲ့ရ မှာမဟုတ်လား။

ယောကျ်ားတော့ယူတတ်တယ် ထမင်းဟင်းကျတော့ အဖြစ်ရှိအောင် မချက်ပြုတ်တတ်ဘူးဆိုပြီး 'ကောင်လေး' က မကဲ့ရဲ့ချင်ပေ။ သူမ ဘဝက ရွှေဇွန်းကိုက်ပြီးမွေးလာတဲ့ကျိုကျို တက် ချမ်းသာတဲ့ သူဌေးသမီး ဘဝမျိုးဆိုရင်လည်းထားပါ တော့။

သာမန် အဆင့်အတန်းမျိုးထဲမှာ လူဖြစ်လာတဲ့ မိန်းက လေးတစ်ယောက်အနေနဲ့ အိမ်တွင်းမှုပညာကတော့ အနည်းအ ကျဉ်းတော့ တတ်သင့်ပါသည်။ 'နေလွှာ' ရဲ့ အစ်မဖြစ်သူနဲ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူပင် အိမ်မှာမီးဖိုချောင် ဝင်ရသည်ဆိုတာကို သူတို့ပြောစကားတွေမှာ ကြားဘူးနေခဲ့တာပဲ။

သူမ ဘာမှ မလုပ်တတ်ဘူးဆိုတာ လုံးဝကို မယုံကြည်ချင်စရာကောင်းနေရပါသည်။ အိမ်ထောင်ဦးအစ ဖြစ်နေတာကြောင့် ဘယ်သူဘယ်သူ့ကိုမှ အပြစ်တင်မနေတော့ဘဲ စိတ်ကိုလျှော့ကာ 'ကောင်လေး' ကိုယ်တိုင် အပင်ပန်းခံ၍ ဈေးသွားသည်။ ပြီးတော့ ကိုယ်ကိုယ်တိုင် တတ်သလောက် မှတ်သလောက် ချက်ပြုတ်ကာ စားရေးသောက်ရေးကို ဖြေရှင်းရလေသည်။

သူမကတော့ ဘေးနားကနေ ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ သေးသေးမွှားမွှားကိစ္စလေးတွေကို ကူလုပ်ပေးတာလောက်ပဲရှိ၏။ သူမ လုပ်သမျှ ကိုင်သမျှတိုင်းသည် လေးလေးပင်ပင်နဲ့ ကြာရှည်နေတတ်တာကလည်း စိတ်ပင်ပန်းစရာကောင်းနေရသည်။

အချစ်မပါဘဲ ပြုလိုက်တဲ့ အိမ်ထောင်တစ်ခုမို့ နေရာတကာ အပြစ်မြင်နေတယ်ဆိုပြီး အပြောမခံရလေအောင် 'ကောင်လေး' ကကိုယ်စိတ်ကိုယ်လျှော့ချရင်း ဖြေသိမ့်မိသည်။ အဲ့ဒါကြောင့် သူတို့အိမ်ထောင်ရေးမှာ မကျေနပ်တဲ့ကတောက်ကဆ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သေးသေး မွှားမွှားကလေးတောင် မရှိခဲ့ပါဘူး။

စီးပွားရေးလုပ်ဖို့ တိုင်ပင်တဲ့အခါမှာ 'နေလွှာ' ဆီကအကြံဉာဏ်ရလာခဲ့ပါသည်။ သူ့ သူငယ်ချင်းအကူအညီနဲ့ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းငှားပြီး အထည်ဆိုင်ဖွင့်ဘို့ကိုပါ။ 'ကောင်လေး' က ကိုယ်မကျွမ်းကျင်သေးတဲ့ အလုပ်မို့ စဉ်းစားနေပေမယ့် 'နေလွှာ' က ဒါမှဒါပဲဆိုတော့ သူ့သဘောဆန္ဒကို လိုက်၍ မိန်းကလေးအဝတ်အစား ရယ်ဒီမိတ်တွေရောင်းသောဆိုင်တစ်ဆိုင်ကိုဖွင့်ဖြစ်ခဲ့ပါသည်။

ဆိုင်ဖွင့်ချင်တာက 'နေလွှာ' ဖြစ်ပေမယ့် ဆိုင်တစ်ဆိုင်ရဲ့ လိုအပ်တဲ့ အထည်ယူတဲ့ကိစ္စတို့၊ ငွေယူ ငွေရှင်းတဲ့ကိစ္စတွေကျတော့ 'ကောင်လေး' ပဲ ဦးဆောင်ကာ လုပ်ကိုင်ရလေသည်။ 'နေလွှာ' ရဲ့ အလုပ်တာဝန်က အလှကလေးပြင်ပြီး အေးအေး သက်သာလေး ဈေးထိုင်ရောင်းဖို့ပဲ သိပါသည်။

ကျန်တဲ့တာဝန်တွေကို သူမ ဦးနှောက်အခြောက်ခံပြီး မစဉ်းစားနိုင်ပေ။ ရှင်းရှင်းပြောရလျှင် 'ကောင်လေး' တစ်ယောက်တည်းနဲ့ အိမ်မှုကိစ္စရော၊ စီးပွားရေးကိစ္စတွေကိုပါ ဒိုင်ခံဦးဆောင်ပြီး လုပ်ရတဲ့သူ ဖြစ်လာရလေသည်။ ပင်ပန်းပေမယ့် စိတ်ပျက်တဲ့ အတွေးမျိုး သူ့ခေါင်းထဲသို့ ရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။

သူ့ဘဝရဲ့ ကုသိုလ်ကံက ဒီလိုမျိုးဖြစ်မယ်လို့ ပါလာခဲ့ပြီးပြီဆိုတော့ ဖြစ်လာတဲ့ဘဝမှာပဲ ပျော်အောင်နေတတ်ဖို့ သူ ကြိုးစားခဲ့ပါသည်။ 'မေ' နဲ့ပတ်သက်ခဲ့တဲ့ အချိန်တွေတုန်းက သူ ဖြစ်ချင်တာတွေ ဖြစ်ခဲ့တာမှမဟုတ်ဘဲ။

ကုသိုလ်ကံဆိုတာကို လုပ်ယူလို့မရနိုင်ဘူးဆိုတာ သေချာသိနေသဖြင့် 'နေလွှာ' နဲ့အတူနေရတဲ့ဘဝမှာ အတတ်နိုင်ဆုံး သူ စိတ်အေးချမ်းသာဖို့ကိုသာ မျှော်တွေးပါသည်။ သဘောကောင်းပြီး စိတ်နှလုံးအေးဆေးသည့် သူရဲ့ဇနီး 'နေလွှာ' ကို လည်း ကျေးဇူးတင်ရလေသည်။

နှစ်ဘက်မိဘဆွေမျိုးတွေရဲ့ အကူအညီကိုမယူဘဲ ကိုယ့်အိမ်ထောင်နဲ့ ကိုယ်စီးပွားရေးကို ထူထောင်လာခဲ့ကြတာ အဆင်ပြေပြေဘဝကို ရောက်ရှိနေခဲ့ပါပြီ။ အဆင်ပြေပြေဖြစ်နေတဲ့ဘဝမှာ နေသားတကျရှိနေပြီလို့ တွေးထင်ထားတဲ့ 'ကောင်လေး' ရဲ့ အတွေးက သက်တမ်းကြာကြာလေး မခံလိုက်ပေ။

အဖေမှူးပြီး သတိလစ်သွားတယ်ဆိုတဲ့သတင်းကို ဦးလေးဆီကကြားရပြီး စိတ်ပူပန်စွာဖြင့် မြို့ကိုပြန်ဘို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာက ပြဿနာရဲ့အစဖြစ်သည်။ မသွားချင်တဲ့နေရာ၊ မပတ်သက်ချင်တော့သည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို မျက်နှာပူပူနဲ့ပြန်ပြီး ပတ်သက်ရတော့မှာဖြစ်သည်။

အဖေဆိုတော့လည်း သူ့ဘက်က မနေနိုင်ပြန်။ 'မေ' နဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေက ကြာခဲ့ပြီမို့ မြို့ကလူတွေစိတ်ထဲမှာ မေ့ပျောက်လို့နေလောက်ပြီလို့ သူ တွေးလိုက်ပါသည်။'မေ'လည်း သူ့ဘဝနဲ့သူ၊ သူလည်းပဲ သူ့ဘဝနဲ့သူ ဖြစ်နေရပြီမဟုတ်လား။

အဖေရဲ့ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးမဟုတ်ဘဲ ပြန်ကောင်းလာပြီဆိုရင် သူ ချက်ချင်းပြန်ဖို့ ဆုံးဖြတ်ပြီးသားပါ။ ရက်ကြာကြာနေတဲ့အခါကျရင် ထင်မှတ်မထားဘဲ မတော်တဆဘဲဖြစ်ဖြစ် 'မေ' နဲ့ ဆုံတွေ့လိုက်ရမှာကိုကြောက်နေပါသည်။

သူ့စိတ်ထဲမှာ 'မေ' နဲ့ပတ်သက်ပြီး ဘယ်လောက်ပဲစိတ်က ပြတ်ပါပြီပြောပြော၊ အပြင်လက်တွေ့ဘဝမှာတော့ ရင်ဆိုင်မတွေ့ရဲတာ သူ့ရဲ့အားနည်းချက်သာ ဖြစ်ပါလိမ့်မည်။ဆိုင်တစ်ဘက်နဲ့မို့ 'နေလွှာ' ကိုထားခဲ့ပြီး သူ တစ်ယောက်တည်းပဲမြို့ကို သွားဖို့ဆုံးဖြတ်လိုက်ပါသည်။

သူ့ ဆုံးဖြတ်ချက်ကို 'နေလွှာ' က လက်မခံချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး တို့မြို့ကို ကျွန်မတစ်ခါမှ မရောက်သေးဘူးလေ အလည်သွားမယ်ပြောတော့လည်း ကိုလေး က မသွားချင်ဘူးလုပ်နေတယ် ... ခု တစ်ခါတည်း ကိစ္စရှိတုန်း ကျွန်မပါလိုက်ခဲ့မှာပေါ့ ဆိုင်အတွက်က ပူစရာမရှိပါဘူး...မေမေတို့ကိုအကူအညီတောင်းလိုက်ရင်ရတယ်... ဆိုင်ကကောင်မလေးနှစ်ယောက်ကလည်း ကျွမ်းကျင်နေပြီပဲဟာ"

"နှစ်ရက်သုံးရက်ပဲ ကြာမှာဆိုတော့ အလကားသက်သက် 'နေလှ' ပင်ပန်းမှာပေါ့ ကိုယ့်တစ်ယောက်တည်းနဲ့ဖြစ်ပါတယ်"

"ဟင့်အင်း ... ကျွန်မ လိုက်ချင်တယ်... လင်မယားဖြစ်ပြီး 'ကိုလေး' နဲ့ဘယ်နေရာကို အပျော်ခရီးဆိုတာသွားဘူးလို့လဲ... တစ်နေ့တစ်နေ့ အိမ်နဲ့ဆိုင်နဲ့ပဲ နဘမ်းလုံးနေရတာ...'ကိုလေး' ငြင်းဖို့စိတ်မကူးနဲ့"

ဆက်ငြင်းနေရင် မလိုအပ်တဲ့ စကားအခြေအတင်ကိစ္စတွေဖြစ်လာမှာကိုစိုးပြီး 'ကောင်လေး' က သဘောတူလိုက်ပါသည်။

'နေလှ' နဲ့အတူတွဲပြီး အပျော်အပါးအနေနဲ့ ဘယ်ကိုမှ မသွားဘူးခဲ့ပါ။ 'နေလှ' ကတော့ ဟိုသွားမယ်၊ဒီသွားမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါက်မျိုးစုံ ရှာတတ်ပေမယ့် သူ့ဘက်က ငြင်းပယ်တာ သာများခဲ့ပါသည်။ ဘာကြောင့်ရယ်မှလည်း မဟုတ်။မသွားချင်တာသက်သက်ပဲ ဖြစ်၏။

လင်မယားပဲဖြစ်နေပြီမို့ ဒီလိုကိစ္စတွေ မလိုအပ်တော့ဘူးဟု 'ကောင်လေး' ကထင်သည်။ သူ့အပေါ် ကိုယ်ကသစ္စာရှိ ကိုယ့်အပေါ် သူကပြန်ပြီး သစ္စာရှိနေရင်ဒီအိမ်ထောင်ရေးကသာယာနေပြီပဲ မဟုတ်လား။

'နေလွှာ' ကတော့ သူ တွေးသလိုမျိုး တွေးမိပုံမရ။ သူ့ဆန္ဒမပြည့်ဝရင် စကားသံတိုးပွပွတွေနဲ့ မကျေမနပ်ပြောနေတတ်ပါသည်။ သူမ မကျေမနပ်ဖြစ်နေတာကို သိပေမယ့်လဲ 'ကောင်လေး' ဘက်က တကူးတက လိုက်လံချော့မော့ခြင်း မရှိဘူးပါ။

ကိုယ်နဲ့မဆိုင်သလို မသိဟန်ဆောင်နေရင်း ကြာလာတော့လည်း စိတ်ကောက်တဲ့သူ မောလာပြီး နဂိုပုံမှန်အခြေအတိုင်းပဲ ပြန်ရောက်သွားရတာပေါ့။ 'မေ' နဲ့ဆိုရင် 'ကောင်လေး' ဘက်က 'နေလွှာ' နဲ့ဆက်ဆံသလိုမျိုး အေးစက်စက်ပုံစံဖြစ်ပါ့မလားမသိ။

တစ်ခါတစ်ခါ 'နေလွှာ့' ဆီကနေ သံသယစကားတချို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတတ်ပါသေးသည်။

“ ပုံစံကိုကြည့်လိုက်ရင် အမြဲတမ်း အေးတိအေးစက်နဲ့…လင်မယားသာဆိုတယ် ဘယ်တော့မှဖက်လှဲတကင်းကြည်ကြည်နူးနူးကိုမရှိဘူး… ချစ်တတ်ပုံလည်း မရဘူး… ကြည့်ရတာရည်းစားဟောင်းကိုပဲ အမြဲတမ်းသတိရလို့ ဒီပုံစံမျိုး ဖြစ်နေတာနေမှာပေါ့”

ဟု ထွေ့ထွေ့ငေါ့ငေါ့ပြောတော့ လန့်ထိတ်စွာ မျက်လုံးပြူးရင်း ခေါင်းခါပြရလေသည်။ ‘နေလွှာ’ ဘာမှမသိဘူးဆိုတာ သိနေပေမယ့် စိုးရိမ်မိပါသည်။ ချစ်တယ်ဆိုတဲ့အရာက သူနဲ့ဝေးကွာသွားခဲ့တာ ကြာပြီပဲမဟုတ်လား။

အချစ်နဲ့ပတ်သက်ပြီး သူ နောက်ထပ် မခံစားချင်တော့ပါ။ သူ့ဘဝမှာ သံယောဇဉ်ဆိုတာကိုပဲလက်ခံလိုက်တော့မည်။ ‘နေလွှာ့’ ဘက်က ‘ကျွန်မကို ချစ်ရဲ့လားလို့’ မေးရင်ဝေ့လည်လည်အဖြေတွေနဲ့သာ သူ့ဘက်က အဆုံးသတ်ရစမြဲဖြစ်၏။

စိတ်ကျဉ်းကြပ်စွာနဲ့ပင် ‘နေလွှာ’ နဲ့အတူ မြို့သို့ သူတို့ရောက်လာခဲ့ကြပါသည်။ ‘နေလွှာ’ အဖို့ကတော့ မရောက်ဘူးတဲ့မြို့မှာ စပ်စုစရာတစ်ပုံတစ်ပင်နဲ့ ပျော်မြူးနေပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ ရဲ့အခြေအနေကလည်း စိုးရိမ်စရာသိပ်မရှိလှပါ။

အာရုံကြောအားဆေးလေးဘာလေး ပုံမှန်သောက်ပေး သွားဖို့ပဲလိုပါသည်။ အဖေ့အခြေအနေ ကောင်းနေတဲ့အတွက် သူက ချက်ချင်းပြန်ဖို့စီစဉ်မိသည်။

“ ရောက်မှတော့ သုံးလေးရက်နေပြီးမှ ပြန်ပါသွားရယ်... တော်ကြာ ‘နေလွှာ’ စိတ်ထဲတစ်မျိုး ဖြစ်နေပါအုံးမယ်... ဘာကိုမှ တွေးပြီး စိုးရိမ်မနေနဲ့... ‘မေ’ တို့သားအမိတစ်တွေ မြို့မှာမရှိကြတော့ပါဘူး... ပြောင်းသွားကြပြီ ”

‘မေ့’ သတင်းကိုကြားတော့ သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားရပြန်သည်။

“ အမေတို့ ပြောင်းခိုင်းလိုက်တာလား”

“ ဟင်း... မပြောချင်တော့ပါဘူး... ဒါပေမယ့် သားသိထားသင့်တယ်ထင်လို့ ပြောပြမယ်... ‘မေ’ ကလူလည်မ သားက ရန်ကုန်ကိုထွက်သွားလို့ဒီကအကြောင်းတွေဘာမှမသိတော့ဘူးမှလား... သူက အမေတို့ကိုတရားစွဲတယ်လေ... ကြီးကြီးကျယ်ကျယ်တော့လည်း မဟုတ်ပါဘူး... သူ့ဘက်ကသက်သေမခိုင်လုံဘူး... အမေတို့ဘက်က ‘လေအိုး’ နဲ့ကိစ္စက ရပ်ကွက်လူကြီးတွေ ပါသိသွားတယ်ဆိုတော့ ပိုပြောလို့ဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားတာပေါ့သူ ရှုံးတယ်ဆိုတာလည်း သိရောမြို့ကနေ ပျောက်သွားတာပဲ… 'လေအိုး' ပါ သူတို့သားအမိနောက် လိုက်သွားတယ်"

" 'လေအိုး' နဲ့ 'မေ' နဲ့ ယူလိုက်ကြတယ်ပေါ့"

" ဟုတ်မှာပေါ့… ဒါနဲ့များ အမေတို့ဘက်က 'လေအိုး' နဲ့ ကိစ္စကို လူကြီးစုံရာနဲ့လိုက်တောင်းရမ်းပေးတော့ သားအမိ နှစ်ယောက်စလုံး ခါးခါးသီးသီး ငြင်းလိုက်တာကမ်းကုန်ပဲ… နောက်တော့လည်း သူတို့ရှုပ်ထားတဲ့ကိစ္စ သူတို့ဖါသာပဲခေါင်း ခံရတော့တာပေါ့ "

'ကောင်လေး' ရင်ထဲမောဟိုက်ပင်ပန်းလို့ သွားခဲ့ရ သည်။

အမေတို့စိတ်ချမ်းသာအောင် မြို့မှာသုံးလေးရက်နေပြီး တော့မှ သူနဲ့ 'နေလွှာ' ပြန်လာခဲ့ကြပါသည်။ မြို့မှာတုန်းက ပြုံးရွှင်နေတဲ့ 'နေလွှာ့' ရဲ့မျက်နှာက သဘော်ာပေါ်လည်းရောက် ရောခုပဲရွာချတော့မယ့် မိုးသားတွေလို ညို့စိုင်းကာ မှုန်မှိုင်းလျက် ရှိလေတော့သည်။

'နေလွှာ' ဘာဖြစ်သလဲဆိုတာ သူ မသိ။ထုံစံအတိုင်းမသိ လိုက်၊ မသိဖါသာပဲ 'ကောင်လေး' က နေ့နေမိသည်။ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်နေတဲ့ သူတစ်ယောက်ကို မေးခွန်းတွေမေးပြီး သူ့ရဲ့ဒေါသကို ဆွမပေးသင့်ပါ။ ရန်ဖြစ်ရမယ့် အခြေအနေကိုလည်း သူရှက်မိပါသည်။

ရန်ကုန်ပြန်ရောက်သည်အထိ 'နေလွှာ' ကစကားမပြောဘဲ သူ့အား ဆန္ဒပြနေလေသည်။ သူ့ဘက်က အမှားမရှိတာကြောင့် 'ကောင်လေး' က ပုံမှန်အတိုင်း နေမြဲတိုင်း နေ့နေမိသည်။ အိမ်ရောက်တာနဲ့ 'နေလွှာ' က သူ့အဝတ်အစားတချို့ကိုထပ်ယူ၍ အိမ်ပေါ်မှ ဆင်းဖို့ပြင်လေသည်။

ချက်ချင်းလက်ငင်း ပုံစံပြောင်းလဲသွားသော 'နေလွှာ' ပုံစံကိုကြည့်ပြီး သူ ဘာပြောရမှန်းမသိပေ။ ပြဿနာက ဘယ်လောက်တောင်များ ကြီးကျယ်နေပါသလဲ။

"တော်ပြီ ရှင်နဲ့ကျွန်မ မပေါင်းနိုင်တော့ဘူး... ရှင့်လိုဇာတ်ရုပ်ကြီးနဲ့လူတစ်ယောက်ကို ကျွန်မက မသိလို့ယူခဲ့မိတာဆိုတာ မှတ်ထား... မယားကိုကျတော့ မတူသလိုမတန်သလိုအဖက်မလုပ်ဘူး... ရည်းစားဟောင်းကိုကျတော့ တမ်းတနေတယ်...သစ္စာမရှိတဲ့ ယောကျ်ား... ကျွန်မ မိဘဆီမှာပဲ ပြန်နေတော့မယ်"

ဟုအော်ဟစ်၍ အိမ်မှထွက်သွားဖို့ ပြင်လေသည်။ မြို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမိတာ 'ကောင်လေး' ရဲ့ အမှားပါ။ ဒီလိုပြဿနာတွေဖြစ်မှာစိုး၍ တစ်ယောက်တည်းသွားဖို့ စီစဉ်ခဲ့သေးတာပဲ။ ဘယ်သူ့အာချောင်ပြီး အရင်ကဖြစ်ခဲ့တဲ့ကိစ္စတွေကို ထုတ်ဖော်ပြောပြလိုက်သလဲမသိ။

နေရင်းထိုင်ရင်းနဲ့ အေးချမ်းနေတဲ့ သူတို့အိမ်ထောင်ရေးမှာ ဂြိုဟ်ဝင်သွားခဲ့ပါပြီ။ စိတ်ရှုပ်စရာတော့ ကောင်းနေရပြီဖြစ်သည်။

"'နေလွှာ' ကလည်းကွာ ... နေရင်းထိုင်ရင်းနဲ့ ဘာဖြစ်ရတာလဲ... ခုပဲ ခရီးကပြန်ရောက်တယ် နားရမယ်တောင်မကြံသေးဘူး... ပြဿနာက တန်းဖြစ်နေတယ်"

"အဲ့ဒီပြဿနာကို ဘယ်သူကရှာတာလဲ ပြော... ရှင်ရှုပ်ခဲ့လို့ ဒီလိုမျိုးပြဿနာတွေ ဖြစ်ရတာပေါ့... ရှင်သာရိုးသားတယ်ဆိုရင်ကျွန်မဘက်ကပေါက်ကွဲပြနေစရာတောင်အကြောင်းမရှိဘူး လူတစ်ယောက်ရဲ့အကြောင်းကို ဘာမှမသိဘဲနဲ့ ယူလိုက်ရတဲ့ဘဝ ဆိုးလိုက်တဲ့ ကုသိုလ်ကံ"

"ဟာ ဆိုးလိုက်တဲ့ ကုသိုလ်ကံပြောရအောင် ငါကမင်းကို နှိပ်စက်နေလို့လား... ဖောက်ပြန်နေလို့လား..စယူကတည်းကမင်းသဘော မင်းစိတ်တိုင်းကျကြီးပဲ ထားခဲ့တာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား… ပြီးခဲ့တဲ့ ကိစ္စတွေကို ပြန်ပြောနေလို့ ဘာထူးမှာလဲ… ရည်းစားဟောင်းရှိခဲ့တာ အပြစ်လား… မင်းကော မရှိခဲ့ဘူးလား ပြော"

"မရှိဘူး … မရှိဘူး… ရှင့်နဲ့စပတ်သက်ပြီး ရှင့်ကိုပဲယူခဲ့တာ… ကျွန်မက သန့်သန့်လေး… ရှင့်လိုမျိုး အပွေအရှုပ် မုန့်ကြိုးလိမ် မဟုတ်ဘူး နားလည်ရဲ့လား"

"ငါပွေတယ် ရှုပ်တယ်လို့ မင်းကိုဘယ်သူပြောသလဲ… စိတ်ထင်နဲ့ရမ်းသမ်းပြီး ငါ့သိက္ခာကိုမချနဲ့"

"တော်ပြီ… ရှင်နဲ့ဘာမှဆက်မပြောချင်တော့ဘူး… ကျွန်မသွားပြီ"

သူမ စိတ်သဘောအတိုင်း ထွက်သွားတော့လည်း သူ ဘာမှမတတ်နိုင်ပါ။ ဒီအချိန်မှာတားလိုက်ရင် ပိုပြီးရောင့်တက်သွားမှာစိုးတာကြောင့် အသာကလေး ကြည့်နေလိုက်မိပါသည်။ နောက်တစ်ရက်ကျမှပဲ 'နေလွှာ' ရဲ့ မိဘတွေဆီ အကျိုးအကြောင်းပြောပြကာ ပြန်ခေါ်သွားမည်ဟု စိတ်ကူးထားလိုက်သည်။

'ကောင်လေး' တွေးထားတဲ့စိတ်ကူးက နောက်တစ်ရက်အထိတောင် မခံပေ။ ညနေပိုင်းမှာ 'နေလွှာ့' ရဲ့အမေ 'ဒေါ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လွှာ’ တစ်ယောက် ဒေါ်သတကြီးနဲ့ တစ်ယောက်တည်းရောက်ချလာရ၏။ ပုံစံအခြေအနေကို အကဲခတ်တာနဲ့တင်သူနားပူအုံးတော့မယ်ဆိုတာ သိနေရသည်။

လူကြီးနဲ့လူငယ်ဖြစ်နေတာကြောင့် သူ့ဘက်ကအတတ်နိုင်ဆုံး သည်းခံဖို့ ဆုံးဖြတ်ထားလိုက်ပါသည်။

“ ကဲ ပြဿနာကတော့ ကြားလို့မကောင်းဘူး…အိမ်ထောင်ရေး ဖောက်ပြန်တာကို ငါတို့ဘက်က လုံးဝကိုခွင့်မလွှတ်နိုင်ဘူး… ‘နေလွှာ’ မှာ ဘာအပြစ်ရှိသလဲ ပြောစမ်း”

“အိမ်ထောင်ရေး ဖောက်ပြန်တယ်ဆိုတာ ဘာကိုပြောတာလည်းမသိဘူး…ကျွန်တော် ဒီနေ့ထက်ထိ ကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်ပြီး ဘာအမှားမကျူးလွန်သေးဘူး အန်တီ… ကျွန်တော့်မှာလည်း ဘာအပြစ်မှမရှိသလို ‘နေလွှာ’ မှာလည်း အပြစ်မရှိပါဘူး… ခုဖြစ်တဲ့ကိစ္စက သူ တမင်သက်သက်အတွေးခေါင်ပြီးရန်ရှာတာ ရည်းစားရှိခဲ့တာကို စကားလုပ်ပြောနေတာ ကျွန်တော်ဘယ်လိုရှင်းရမလဲ”

“ရှိခဲ့တဲ့ရည်းစားကို မင်းဘက်က မေ့ပစ်လိုက်ရမှာလေ… ဘာလို့သတိတရရနဲ့ လွမ်းဆွတ်ပြနေသလဲ… ဘယ်မယားကမှ မင်းခုလိုမျိုးလုပ်ပြနေတာကို သည်းခံပြီး ကြည်ဖြူပေးနိုင်မှာမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး”

“ ဟာ လွဲနေပြီ… တစ်နေ့တစ်နေ့ အိမ်မှုကိစ္စနဲ့ ဆိုင်ထွက်ရတဲ့ကိစ္စနဲ့တင် လူကပြာယာခတ်ပြီး အမော့ဆို့ချင်နေတာ… ဘယ်သူ့အကြောင်းကိုမှလည်း မစဉ်းစားနိုင်ဘူး… ‘နေလွှာ’ ပြောတဲ့ တစ်ဖက်သပ်စကားတွေကိုပဲ မယုံပါနဲ့ အန်တီရာ”

“ နေပါအုံး… မင်းဦးလေးပြောတုန်းကတော့ မင်းကသိပ်ကို ရိုးသားအေးဆေးတဲ့သူဆို… ဘယ်လိုဖြစ်ပြီး ဒီလိုဇာတ်ရှုပ်တွေကပေါ်လာရတာလဲ…ကြည့်ရတာ ငါတို့မိသားစုကိုလိမ်ညာပြီး အယုံသွင်းလိုက်တာလား မသိဘူး…ဗေဒင်ဆရာလူလိမ်လုပ်လိုက်ပြီ နဲ့တူတယ်”

“ ဒီလိုတော့ အန်တီ မတရားမပြောပါနဲ့… နှစ်ဦးနှစ်ဘက်သဘောတူလို့ ကျွန်တော်နဲ့ ‘နေလွှာ’ ကိစ္စကဖြစ်လာခဲ့တာပါ… ‘နေလွှာ’ နဲ့လက်ထပ်ပြီး ကျွန်တော့်ဘက်က ရိုးသားတယ်မရိုးသားဘူးဆိုတဲ့ အခြေအနေကို အန်တီတို့မြင်တွေ့နေရတာပဲဟာ… ယောကျ်ားတစ်ယောက်ဖြစ်ပြီးတော့ ဈေးသွား မီးဖိုချောင်ဝင်တဲ့ယောကျ်ားမျိုးကျွန်တော့်တစ်ယောက်တည်းပဲ ရှိလိမ့်မယ်နဲ့တူတယ်”



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဝတ်လွှာ' မျက်နှာပျက်သွားပြီး ဘာစကားမှဆက် မပြောတော့ချေ။ သူ့သမီးအခြေအနေ သူအသိဆုံးပဲဖြစ်မှာပါ။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သူတို့အိမ်မှာ ဘာဆိုဘာမှ ခိုင်းလို့ မရ၊ သုံးလို့မရလို့ ခပ်မြန်မြန် ယောကျ်ားပေးစားလိုက်တယ် ဆိုတာအရှင်းကြီးပါ။

" ဟင်း ခေါင်းတောင်နောက်လာပြီ... ကဲ မင်းလည်း အိုင်တင်ခံမနေနဲ့... လင်မယားကြားမှာ ရန်ဖြစ်တယ်ဆိုတာ ကောင်းတဲ့အလုပ်မဟုတ်ဘူး... ငါတို့လူကြီးတွေအနေနဲ့လည်း နေရာတကာမပါချင်ဘူး... ဒီတော့ ကိုယ့်မိန်းမကိုယ်ပြန်လိုက် ခေါ်...နောက်တစ်ခါ အိမ်ပေါ်ကဆင်းတဲ့အဖြစ်မျိုး မဖြစ်စေနဲ့ ကြားလား"

" ကျွန်တော် နားလည်ပါတယ်"

အောင့်သက်သက်နဲ့ပင် 'နေလွှာ' အား သူ လိုက်ခေါ်ရ လေသည်။ ကိုယ့်ဘက်ကမမှားပေမယ့် သူတို့မိသားစုရှေ့မှာ ကျတော့မျက်နှာငယ်နဲ့ လိုက်ခေါ်ရတဲ့အဖြစ်က ရှက်စရာတော့ ကောင်းနေရပါသည်။ ထစ်ကနဲဆိုတာနဲ့ မိဘအိမ်တန်းဆင်း ပြေးတဲ့ 'နေလွှာ' ကိုလည်း စိတ်တိုမိသည်။

အိမ်ထောင်တစ်ခုပြုပြီးမှတော့ စိတ်ရှည်သည်းခံတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်မျိုး မွေးမြူပါတော့လား။ ငါ့မှာ အဖေအမေရှိတယ် ဆိုပြီး လူကြီး အားကိုးနဲ့ ထင်ရာစိုင်းတိုင်တန်းတတ်တာက တော့ သရုပ်ပျက်လွန်းပါသည်။

မိဘဆွေမျိုးတွေနဲ့ ဝေးကွာနေသော သူ့အားတစ်ဖက် သတ်အနိုင်ကျင့်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုအလည်ခေါ်သွားလိုက်တာသည် 'နေလွှာ' ရဲ့ စိတ်ကို ပြောင်းလဲစေလိုက်သလိုမျိုး ဖြစ်သွားခဲ့ပါသည်။ နဂိုစိတ်ရင်းကိုကလည်း အရူတိုတတ်လွန်းတာကလည်း အခြေခံပါမည်။

'နေလွှာ' ရဲ့ပြောင်းလဲလာသော စိတ်ဓာတ်ကြောင့် 'ကောင်လေး' မှာနေရထိုင်ရတာ ကျဉ်းကြပ်လို့လာခဲ့ရသည်။ဘယ်ပဲသွားသွား၊ ဘာပဲလုပ်လုပ် စိတ်မချသလို မယုံသင်္ကာမျက်လုံးမျိုးတွေနဲ့ လိုက်ကြည့်နေတတ်တာ အသည်းယား



www.burmeseclassic.com

www.burmeseclassic.com



စရာ ကောင်းနေရ၏။

အေးဆေးတည်ငြိမ်တဲ့ 'နေလှ' ရဲ့စိတ်တွေကို သံသယဆိုတဲ့အတွေးက အနိုင်ယူသွားခဲ့ပြီဖြစ်သည်။ ဆိုင်အတွက် အထည်သွားကောက်တဲ့နေရာမျိုးကို ဘယ်တုန်းကမှ မလိုက်ခဲ့ဘူးတဲ့ သူမ က အခု လိုက်ချလာသည်။ အတူတူလိုက်မယ်ဆိုပြီးပြော၍ လိုက်လာတာမျိုးမဟုတ်ဘဲ 'ကောင်လေး' အား သူခိုးချောင်းသလိုမျိုး ချောင်းကြည့်ရင်း လိုက်လာတာဖြစ်ပါသည်။

အထည်ရွေးနေရတာနဲ့ပဲ 'နေလှ' ကို 'ကောင်လေး' ကသတိမထားမိပေ။ လက်ကားဖြန့်ပေးတဲ့ဆိုင်ပိုင်ရှင် 'မဝေလွင်' ကလည်း 'နေလှ' ကိုမသိ၍ သူစိမ်းတစ်ယောက်လိုမျိုးပဲ လှမ်းခေါ်လိုက်ပါသည်။ ဆိုင်စဖွင့်,ဖွင့်ချင်းတုန်းကတော့ 'မဝေလွင်' ဆီလာတဲ့အခါ မှာ 'နေလှ' လိုက်လာခဲ့ပါသေးသည်။

တစ်ခေါက်သာ လိုက်လာခဲ့ဘူးတာမို့ လူပေါင်းများစွာနဲ့ ဆက်ဆံပတ်သက်နေရတဲ့ 'မဝေလွင်' က 'နေလှ' အားမမှတ်မိချေ။

" လာလေ ညီမ... အထည်ယူဖို့လား... ဘယ်သူညွှန်လိုက်တာလဲ "

ဟု မေးလိုက်သံက 'ကောင်လေး' ရဲ့အာရုံကို မဖမ်းစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးချေ။

"ကျွန်မ လာဘူးတယ်လေ… အစ်မက မိန်းမချင်းဖြစ်တဲ့ ကျွန်မကိုတော့ မမှတ်မိဘဲ ကျွန်မယောကျ်ားကိုကျတော့ တစ်ခါမြင်ရုံနဲ့မှတ်မိမယ့်ပုံပဲ"

ခနဲ့တဲ့တဲ့ 'နေလွှ' ရဲ့လေသံကတစ်ဖက်သားအားတမင်ရန်စနေတဲ့အတိုင်းပါပဲ။ တအံ့တသြနဲ့ သူ လည့်ကြည့်ဖြစ်သွားရသည်။ 'မဝေလွှင်' ရဲ့မျက်နှာထားက မခံချင်မှုကြောင့် တင်းပြန့်ကာနေ၏။

" ဒုက္ခပဲ…ဘာတွေလာပြောနေမှန်း မသိဘူး…မင်းယောကျ်ားက ဘယ်သူမို့လို့လဲ ပြောစမ်းပါအုံး"

" ဟိုမှာလေ… အစ်မ ခဏက ရယ်ရယ်မောမောပြောနေတာ ကျွန်မ ယောကျ်ားပေါ့…သူ့ကိုစိတ်မချလို့လိုက်ချောင်းတာထင်တဲ့အတိုင်းပဲ"

"ထင်တဲ့အတိုင်းပဲလို့ ပြောရအောင် ဘာတွေများဖြစ်နေလို့လဲ… နေရင်းထိုင်ရင်း သူများဆိုင်လာပြီး ပြဿနာလာရှာနေတယ် 'ကောင်လေး' နင့်မိန်းမကို နင်ကြည့်ပြောထားအုံး… အကုန်လုံးက စီးပွားရေးအရ ပတ်သက်နေရတာ…ဘယ်သူစော်ကားတာကိုမှခံမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်ကဲ့… ကျွန်တော် တောင်းပန်ပါတယ်ဗျာ… သူ့အကြောင်း ကျွန်တော်နောက်မှ ရှင်းပြပါ့မယ်…အားနာလိုက်တာဗျာ… ကျွတ်"

'နေလွှဲ' လက်ကိုဆွဲပြီး သူ ရှက်ရှက်နဲ့ ကမန်းကတမ်း ပြန်လာခဲ့ရပါသည်။ ကားပေါ်ရောက်မှပဲ သူ့ရဲ့ဒေါသကို ဖြေလွှတ်လိုက်ရတော့သည်။

"မင်းကွာ လွန်လွန်းအားကြီးတယ်… အလုပ်,လုပ်တဲ့နေရာ အထိ လိုက်ပြဿနာရှာတာကတော့ဘယ်ကောင်းမလဲ…ဦးနှောက်နဲ့ စဉ်းစားဆင်ခြင် ဉာဏ်လေးဘာလေး ရှိသေးရဲ့လား"

"ရှိတယ် ရှိတယ်… ရှိလို့လဲ ရှင်သွားတဲ့နေရာတွေကို တမင် လိုက်ကြည့်တာပေါ့… မပြောချင်ဘူးမိန်းမနဲ့ကျရင်ရုပ်ကသေမလို ဂူတူတူငိုင်တိုင်တိုင်နဲ့… အပြင်သူစိမ်းမိန်းမတွေနဲ့ဆိုရင်ပြုံးနေတဲ့အပြုံးက ပါးစပ်တောင် နားရွက်တက်ချိတ်တော့မယ့်အတိုင်းပဲ… ရွှထနေတာ မပြောချင်ဘူး"

"တော်တော့ တော်တော့… နားငြီးတယ်… မင်းပါးစပ်ကို ပိတ်ထားရင်ကောင်းမယ်… မင်းစကားတွေက သိပ်ကိုတရားလွန်လာပြီဆိုတာ နားလည်ရဲ့လား"

"မှန်တာတွေပြောနေတာ… ဘာမှ တော်စရာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး... ရှင်သာ ကက်ကက်လန်ပြန်ရန်တွေ့နေတာကို ရပ်တန်းကရပ်”

“ အေး ပါးစပ်ကရပ်ပြီ... လက်ကတော့ မရပ်ဘူး မှတ်ထား”

‘ကောင်လေး’ သည် ဆတ်ဆတ်ထိမခံ အကဲပိုနေသော ‘နေလွှာ’ အား မခံချင်တဲ့ဒေါသဖြင့် သူမရဲ့ခေါင်းကို လက်သီးစုပ်နဲ့ ခပ်ပြင်းပြင်းထုချပစ်လိုက်ပါသည်။ အဲ့ဒီလိုမျိုး လုပ်မှ မှတ်မှာ။ ကိုယ့်ဘက်က အစစအရာရာ လိုက်လျော သည်းခံတာကို အဟုတ်မှတ်ပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းပြနေတာဟာကောင်းတဲ့အလုပ်လား။

အိမ်မှာဆိုရင် သူမ ဘာပဲပြောပြော ကြိတ်မှိတ်ကာသည်းခံပြီးနေလိုက်ပါအုံးမည်။ မှတ်သွားလောက်အောင်တော့ ပညာပြန်ပြပေးထားရမည်။

“ ကြည့်စမ်း ...ယောကျ်ားကြီးဖြစ်ပြီး ကိုယ်ထိလက်ရောက်ပါ အနိုင်ကျင့်တယ် မကြောက်ဘူး...မကြောက်ဘူးသိရဲ့လားသူချ ကိုယ်ချပဲ ... ကဲ ကဲ”

ကားမောင်းနေရတာ တစ်ဖက်နဲ့မို့ ‘နေလွှာ’ ဆွဲကုတ်သမျှထုရိုက်သမျှတွေကို ‘ကောင်လေး’ မှာ ကြာရှည်ခုခံနိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။ 'နေလွှာ' ရဲ့ဒေါသကလည်းတော်တော်နဲ့မပြီးနိုင်ပါ။ 'ကောင်လေး' ရဲ့လက်တွေလည်း သူမ ကုတ်ခြစ်ထားၡပွန်း ပဲ့ကာ စပ်ဖြင်းဖြင်းဖြစ်နေရလေသည်။

ဈေးကိုမြန်မြန်ရောက်မှပဲ ပြဿနာတွေက ပြီးစီးတော့မည်။ ဗိုလ်ချုပ်ဈေး သို့ပြန်မရောက်ခင် လမ်းမှာမီးပွိုင့်မိနေတုန်း ဝရုန်းသုန်းကားနဲ့ 'နေလွှာ' ကကားတံခါးကိုဖွင့်ကာ အမြန် ဆင်းချသွားလေသည်။

"ရှင့်ဟာရှင် တစ်ယောက်တည်းဆိုင်ထွက်တော့... ရှင့် လိုလူကိုမကျေဘူးဆိုတာ အောင်းမေ့ထား"

ဟု အော်ဟစ်ကာ လှည့်မကြည့်စတမ်း ထွက်သွားသဖြင့် 'ကောင်လေး' မှာ အံကြိတ်ပြီး ကျန်ရစ်ခဲ့ရလေသည်။ ပြီးစလွယ် လုပ်သွားတတ်တဲ့ မိန်းမပဲ။ ဒေါသဖြစ်နေပေမယ့် စီးပွားရေးကိုပစ်မထားနိုင်တာကြောင့် အောင့်သက်သက်နဲ့ပင် သူ တစ်ယောက်တည်း ဆိုင်ထိုင်ရသည်။

ဒေါသဖြင့်ခက်ထန်နေသော သူ့ပုံစံကိုကြည့်ပြီး ဆိုင်က မိန်းကလေးနှစ်ယောက်လည်း ဘာမှမမေးရဲချေ။ခါတိုင်းရက် တွေထက် ဆိုင်ကိုစောစောသိမ်းကာ အိမ်သို့ပြန်လာခဲ့လိုက်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေလွှာ' တစ်ယောက် သူ့မိဘအိမ်ဆင်းသွားတော့လည်းကောင်းတာပေါ့ဟု တွေးမိပြန်သေး၏။ သူမနဲ့ မျက်နှာချင်းမဆိုင်ချင်သေးပါ။စိတ်မကြည်လင်တဲ့အချိန်မှာ နောက်ထပ်ဘာပြဿနာမျိုးမှ သူ ထပ်ပြီးမဖြစ်ချင်တော့ပါ။

တိုက်ခန်းတံခါးက သော့ခတ်ထားခြင်းမရှိတာကြောင့် သူမ ရှိနေသည်ဆိုတာ သေချာနေရလေသည်။ ရန်ဖြစ်ပြီး မိဘအိမ်ဆင်းမသွားတာ အံ့ဩစရာတော့ကောင်းနေရပါသည်။ 'ကောင်လေး' စိတ်ထဲ ပထမတစ်ခေါက်တုန်းကလို ဆင်းချသွားပြီလို့အောင်းမေ့ထားတာပါ။

အခန်းတံခါးကို တွန်းဖွင့်လိုက်တော့ အပူအပင်မရှိသလို အခွေထိုင်ကြည့်နေသော 'နေလွှာ' အားတွေ့လိုက်ရလေသည်။ သူ ပြန်ရောက်လာတာကို သိပေမယ့်လှည့်မကြည့်ချေ။ ဈေးက ပြန်လာတာမို့ လူကအိုက်စပ်ပြီး ပူလောင်နေရတာကြောင့် ရေချိုးခန်းထဲ တန်းဝင်ခဲ့လိုက်ပါသည်။

ရေချိုးပြီး ထမင်းစားဘို့အတွက် ထမင်းစားပွဲကိုကြည့်လိုက်တော့ ဘာပန်းကန်မှမရှိဘဲ ပြောင်းရှင်းကာနေ၏။ အိုးခွက်တွေလှန်ကြည့်တော့လည်း သူ မနက်ကချက်ထားပြီးသားဟင်းကျန်အနည်းငယ်သာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်နေ့တွေတုန်းက ညနေစာအတွက် ပြင်ဆင်ချက်ပြုတ်ပြီးမှ 'နေလွှ' အား သူ ဈေးပြန်သွားကြိုပေးနေကျဖြစ်သည်။ သူ မရှိတဲ့ရက်မှာ သူမ ဘက်ကပြင်ဆင်ပြီး ချက်ပြုတ်ပေးထားလိမ့်မည်ဟု ထင်မိတာ သူ့ရဲ့အမှားသာတည်း။

ဒေါသကထွက်လာရသလို ဗိုက်ကလည်း ဆာလောင်မွတ်သိပ်နေရပါသည်။ အေးစက်စက်နေနိုင်လှသော သူမကို သာအမြင်ကတ်လာရတော့သည်။

ဒေါသခြေလှမ်းတွေဖြင့် သူမ ရှိရာဆီရောက်လာရကာ တီဗွီခလုတ်ကို ခပ်ပြင်းပြင်းပဲ ပိတ်ချပစ်လိုက်မိသည်။

" ဘာလုပ်တာလဲ... နေရင်းထိုင်ရင်းနဲ့ အတင်းကာရော လိုက်ပတ်သက်နေတယ်... ဒုက္ခပဲ ... အေးအေးဆေးဆေးနေရှင်နဲ့မပတ်သက်ချင်ဘူး"

"မပတ်သက်ချင်လို့ မရဘူး...ဘယ်မှာလဲ ညနေစာအတွက်ဘာချက်ပြုတ်ထားပေးလဲ... အိမ်မှာနေပြီး မင်းဘာလုပ်နေလဲ"

"ဘာလုပ်လုပ် ရှင်နဲ့ဘာဆိုင်သလဲ... ချက်ပြုတ်တဲ့ကိစ္စတွေ ပြောရအောင် ကျွန်မ ဘယ်တုန်းကမီးဖိုချောင်ကိစ္စလုပ်ဘူးလို့လဲ.. အပိုတွေလာပြောမနေနဲ့... ရှင်ဗိုက်ဆာရင် ရှင့်ဖါသာ



www.burmeseclassic.com

www.burmeseclassic.com



ရှာကြံဝယ်စားပေါ့"

"မင်းကကော မစားတော့ဘူးလား"

"စားပြီးပြီ… ကျွန်မ တစ်ကိုယ်စာအတွက် ဆိုင်ကဝယ်စားလိုက်တယ်"

"တောက် … တော်တော် တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမ"

" ဘာဖြစ်လဲ… ရှင်တောင်မှ ကျွန်မ မသိအောင် တစ်ကိုယ်ကောင်းဆန်ဆန်လုပ်နေသေးတာပဲ… ကျွန်မ ကျမှအပြစ်လာပြောနေတာ အလုပ်မဟုတ်ဘူး"

"ငါ ဘာလုပ်သလဲ"

"ရှင်လုပ်တာ ရှင်ပဲသိမှာပေါ့… ကျွန်မကိုလာမေးမနေနဲ့ … မသိဘူး"

"အေး မသိရင်မပြောနဲ့ … ပါးစပ်ပိတ်ထား"

'ကောင်လေး' သည် ရန်ပွဲကိုရပ်ကာ ဗိုက်ပြဿနာကိုရှင်းဖို့အတွက် အပြင်ပြန်ထွက်ခဲ့လိုက်ပါသည်။ နီးနီးနားနားဆိုင်တစ်ဆိုင်မှာ ထမင်းဝယ်စားလိုက်သည်။ စိတ်ထဲခံပြင်းနေမှုကြောင့်ထင်သလောက်လည်း ထမင်းကစားလို့ မကောင်းချေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ညှော့ခန်းမှာညှော့သည်တစ်ယောက်ရောက်နေလေသည်။ မမြင်ဘူးတာမို့ 'နေလွှာ' ရဲ့မိတ်ဆွေလို့ သာမှတ်လိုက်ပါသည်။ သူ့ကိုလှမ်းကြည့်သော 'နေလွှာ' ရဲ့ မျက်နှာက ပြုံးရွှင်နေတာ အံ့ဩဖို့ကောင်းလှပါသည်။ ဒီမိန်းမ ရုပ်ပြောင်းရုပ် လွှဲလုပ်တာ မြန်ဆန်လှချည်လား။ ဒေါသဖြစ်နေတဲ့သူပင် သူမ အပြုံးကိုမြင်ပြီး အူကြောင်ကြောင် ဖြစ်သွားခဲ့ရ၏။

"'ကိုလေး' ဝမ်းသာစရာပြောရအုံးမယ် သိလား... မြန်မြန်ပြန်ရောက်လာတာ တော်သေးတယ်... 'ကိုလေး' ဒီ အစ်ကို့ကိုသိလား..."

သူ ခေါင်းခါပြလိုက်သည်။

"'ကိုလေး' မီးပွိုင့်မှာ ကားခဏရပ်တုန်းက ထိထိုးလိုက်တယ်ဆို... အဲ့ဒီထိပေါက်လို့တဲ့... ဆယ်သိန်းဆုတဲ့ 'ကိုလေး' ရဲ့... ဒီအစ်ကိုဆီမှာ ထိုးလိုက်တာပေါ့"

"ဘာ ထီပေါက်တယ် ဟုတ်လား... ခဏ...ခဏနေအုံး... ထီလက်မှတ် ဘယ်မှာထားမိမှန်းတောင် မသိဘူး"

ဝမ်းသာတဲ့စိတ်ကြောင့် သူ့ရင်ထဲမှာရှိနေသော ဒေါသတွေလည်း လွင့်ပျောက်သွားရတော့သည်။ထီလက်မှတ်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ကပိုက်ဆံအိတ်ထဲမှာပဲ ရှိနေပါသည်။

"တွေ့ပြီ တွေ့ပြီ ဒီထီစာအုပ်လားမသိဘူး ဟုတ်မဟုတ် ဆိုတာ ကြည့်ကြည့်ပါအုံး"

"ဟာ သေချာတာပေါ့ ညီလေး... အစ်ကို့ကိုလည်းမုန့်ဘိုးလေးဘာလေး ပေးရမယ်နော်"

ထီပေါက်တဲ့ငွေဖြင့် ရွှေထည်ပစ္စည်းတွေ ဝယ်လိုက်ပါသည်။တခြားပစ္စည်းတွေဝယ်ရင် ငွေပြန်မပေါ်မှာစိုးတာကြောင့် ရွှေကိုသာဝယ်စုမိသည်။ ယောကျ်ားလေးဖြစ်တဲ့ 'ကောင်လေး' အတွက် ရွှေကသိပ်မလိုအပ်တာကြောင့် 'နေလွှာ' အတွက်သာ လက်ကောက် ဆွဲကြိုး ပုံစံမျိုးစုံဝယ်ပေးမိပါသည်။

တစ်ကိုယ်လုံးရွှေတွေညွှတ်နေသဖြင့် 'နေလွှာ' တစ်ယောက်အမြဲတမ်းလိုလို ပြုံးရွှင်ကာ ပျော်မြူးနေလေသည်။ရက်တွေတော်တော်ကြာတဲ့အထိကို 'နေလွှာ' နဲ့သူနဲ့ကြားမှာ ပြဿနာဆိုတာရှိမလာခဲ့ပေ။ အဲ့ဒီအတွက် သူ အတော်ကလေးစိတ်ချမ်းသာရလေသည်။

ဆိုင်ကလည်း ကိုယ်မျှော်လင့်ထားတာထက်ကို ပိုပြီးရောင်းအားကောင်းတာကြောင့် စီးပွားရေးနဲ့ပတ်သက်လို့ ကျေနပ်မိပါသည်။ 'နေလွှာ' နဲ့သူနဲ့ အကျိုးပေးကောင်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သာ မှတ်ယူထားလိုက်မိ၏။ သူ စာမေးပွဲဖြေတဲ့ရက်တွေမှာ 'နေလွှာ' ရဲ့မိဘတွေက စားရေးသောက်ရေးအပိုင်းကို တာဝန်ယူပေးပါသည်။

အားနာပြီး သူ ငြင်းပေမယ့် အတင်းကာရော ထမင်းချိုင့်ပို့ပေးနေတာကြောင့် ပြောမနေတော့ပါဘူး။ မီးဖိုချောင်မဝင်ရတော့တဲ့အတွက် ကျောင်းစာဘက်ကို ပိုပြီးအာရုံထားနိုင်ခဲ့သည်။ စာမေးပွဲဖြေပြီးတဲ့အချိန်မှာ 'နေလွှာ' ရဲ့ ညီမ 'ခင်လွှာ' က ဆိုင်မှာလာကူထိုင်ပေးပါသည်။

'ကောင်လေး' တို့ဆိုင်ကအရင်လိုတစ်ဆိုင်တည်းမဟုတ်တော့ဘဲ ဘေးဘက်တစ်ခန်းကိုပါ ငှားဖွင့်နိုင်လိုက်တာကြောင့် ဆိုင်က ပိုကျယ်ကာ ရောင်းအားလည်း ပိုကောင်းလာခဲ့ပါသည်။ အထည်ယူစရာကိစ္စမရှိရင် ဈေးဆိုင်မှာသာ 'ကောင်လေး' ကကူညီပြီးထိုင်ပေးဖြစ်သည်။

'ခင်လွှာ' နဲ့လည်း ပိုပြီးရင်းနှီးလို့လာခဲ့ပါသည်။ 'ခင်လွှာ' နဲ့က အသက်အရွယ်ချင်း သိပ်မကွာလှတာမို့ 'ကောင်လေး' နဲ့က သူငယ်ချင်းပေါင်း ပေါင်းဖြစ်ကြသည်။ ဆိုင်မှာလူရှင်းတဲ့အခါမျိုးဆို ပျင်းပျင်းရှိတာနဲ့ ရောက်တတ်ရာရာတွေ ပြောကာဟေးလားဝါးလား လုပ်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' တို့ ပြောဆိုနေတဲ့ စကားဝိုင်းထဲကို 'နေလွှာ' တစ်ယောက် ဘယ်တော့မှ မပါပေ။ သူ့ဖါသာ ဝတ္ထုစာအုပ်တစ်အုပ်နဲ့ ငြိမ်နေတတ်ပါသည်။လူကငြိမ်နေပေမယ့် 'နေလွှာ' ရဲ့စိတ်တွေက မငြိမ်သက်ဘဲ မုန်တိုင်းထန်နေတဲ့အဖြစ်ကို မရိပ်မိတာ 'ကောင်လေး' ရဲ့အမှားလား။

" 'ခင်လွှာ' … နင့်ကိုကြည့်ရတာ မျက်စိလည်းနောက် နားလည်းငြီးတယ်သိလား…မိန်းကလေးဖြစ်ပြီး သိက္ခာလေးဘာလေးနဲ့နေတာမဟုတ်ဘူး…တဟီးဟီးတဟားဟားနဲ့ ရှက်စရာကောင်းတယ်"

ဟု 'နေလွှာ' ကအသလွှတ်ကြီးမာန်မဲတတ်ပေမယ့် 'ခင်လွှာ့' ပုံစံကစိတ်ထဲမှာ ဘာမှမထားသလို ခပ်အေးအေးသာပင်။

'ကောင်လေး' မှာသာ 'နေလွှာ့' ရဲ့ ဆက်ဆံပုံကိုကြည့်ရင်း ကြားထဲကနေ အားနာမျက်နှာပူနေရသည်။ ကိုယ့်ဆိုင်ကို အခကြေးငွေမယူဘဲ စေတနာအလျောက်လာကူပြီး ဈေးဝိုင်းရောင်းပေးနေတဲ့ 'ခင်လွှာ' လို ညီမမျိုးကို သူမ ငြူစူနေဖို့သင့်ပါရဲ့လား။

ကိုယ်ကဝင်ပြောရင် မဆိုင်ဘဲကြားထဲက ဝင်ရှုပ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောခံထိမှာစိုးတာကြောင့် 'ကောင်လေး' က မသိသလိုဘဲ ဟန်ဆောင်နေရလေသည်။ 'ခင်လွှာ' နဲ့ကတော့ ပုံမှန်အတိုင်းပြောဆို ခင်မင်ပတ်သက်နေမိစမြဲပဲဖြစ်၏။

နှစ်ဘက်စလုံးက ရိုးသားတာကြောင့် သူနဲ့ 'ခင်လွှာ' နဲ့ကြားမှာ အစစအရာရာ ပွင့်ပွင့်လင်းလင်းပဲဖြစ်၏။ လိုချင်တာရှိရင် အစ်မဖြစ်သူ 'နေလွှာ' ထက် 'ကောင်လေး' ဆီမှာသာ'ခင်လွှာ' ကတောင်းတတ်လေသည်။ ခိုးကြောင်၊ ခိုးဝှက် ပုံစံမျိုးတော့လည်း မဟုတ်ပါ။

'နေလွှာ' ဆီမှာ တောင်းရင် မပေးတာတော့မဟုတ်။ ပေးပြီးတာနဲ့မကာမိအောင် ဘာတွေမှန်းမသိနားပူအောင်ပြောတတ်သောကြောင့်ဖြစ်၏။ သူကျတော့ တစ်နေ့တစ်နေ့ဆိုင်ကအဝတ်တွေကို သူသိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုးဖြင့်စိတ်တိုင်းကျယူဝတ်နေတတ်ပါသည်။

စီးပွားရေးအဆင်ပြေနေသဖြင့် 'ကောင်လေး' က ဘာမှမပြောပါ။ လကုန်ရက်ရောက်တိုင်း ဆိုင်မှာခန့်ထားတဲ့မိန်းကလေးနှစ်ယောက်ကို ပုံမှန်လစာပေးရပေမယ့် ဘာမှမပေးရတဲ့'ခင်လွှာ' ကိုကျတော့ 'ကောင်လေး' က အားနာမိသည်။

'နေလွှာ' သာညီအမချင်းသိတတ်မယ်ဆိုရင် ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူ ခေါင်းဝင်ရှုပ်စရာ ဘယ်လိုမှာလဲ။

'ဒေါ်ဝတ်လွှာ' ရဲ့ အလိုက်မသိတတ်ရန်ကောဟု မကျေမနပ် မြည်တွန်တဲ့အသံမျိုးကိုလည်း မကြားချင်ပေ။

'ခင်လွှာ' တစ်ယောက်လည်း သူ့ဆိုင်မှာဝင်လုပ်နေတာ တစ်နှစ်ပြည့်ခါနီးနေပြီ။ ဆိုင်မှာရောင်းသော အဝတ်အစားတွေကို လက်ဆောင်အဖြစ်ပေးနေတာနဲ့စာရင် တရားဝင်လခသဘောမျိုးပေးလိုက်တာက ပိုကောင်းပါမည်။

ကိုယ့်အကြံအစည်နဲ့ကိုယ်ဖြစ်ပေမယ့် မိန်းမဖြစ်သူကို အရင်တိုင်ပင်ကြည့်ရပါသေးသည်။ တော်ကြာ သူ့ကို မပြောရကောင်းလားဟုဆိုပြီး ဒေါသဖြစ်နေရင် မခက်ပေဘူးလား။

ညဘက် တီဗွီကြည့်တဲ့အချိန်မှာ 'ကောင်လေး' ကစကားစလိုက်ပါသည်။

" 'နေလွှာ' ကို ပြောရအုံးမယ့်... 'ခင်လွှာ' ကိုယ်တို့ဆိုင်မှာ လာကူလုပ်ပေးနေတာ တစ်နှစ်တောင်ပြည့်တော့မယ်လေ... ပထမပိုင်းတော့ သူအပျော်ဝင်လုပ်နေတယ် အောင်းမေ့တာပေါ့... ဒါပေမယ့် သူ့ပုံစံကရေရှည်သဘောမျိုးဖြစ်လာတော့ ကိုယ်တို့ဘက်က ပုံမှန်လခလေးပေးရင် ကောင်းမယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



'နေလွှာ' က သူ့အား အကဲခတ်သလို မျက်ခုံးကိုပင့်ကာ စိုက်ကြည့်လေသည်။ ပြီးတော့မှ...

" လခမပေးပေမယ့် ဆိုင်ကအကျီတွေလက်ဆောင်ပြန်ပေးနေတာပဲ... တန်ဘိုးအနေနဲ့တွက်ကြည့်ရင် လခထက်တောင်ပိုများအုံးမယ်...နေပါအုံး 'ကိုလေး' က 'ခင်လွှာ' နဲ့ပတ်သက်ပြီးဘာကိုပူပင်နေတာလဲ... ညီအစ်မရင်းဖြစ်တဲ့ကျွန်မတစ်ယောက်လုံးရှိပါသေးတယ်... သူကျေနပ်လို့ သာလို့ဆိုင်မှာလာကူညီနေတာပေါ့ သူ့အတွက် အကျိုးမရှိရင် ဘယ်လောက်ပဲ ပင့်ခေါ်ခေါ်လာမှာကို မဟုတ်ဘူး... နေပစေ ဒီပုံစံအတိုင်းပဲထား,ထားမယ် "

ဟု လေသံပြတ်နဲ့ ပြောသည်။ တကယ်ဆို ဖြစ်သင့်တာက သူ့စကားကို အားရဝမ်းသာ လက်ခံသဘောတူလိုက်ရမှာဖြစ်၏။ ကိုယ့်ညီမ အကျိုးရှိမယ့်ကိစ္စ ဘယ်အစ်မက ငြင်းမှာတဲ့လဲ။

" တော်ကြာအန်တီက သူ့သမီးကို ခိုင်းတုန်းကခိုင်းပြီး လခတော့မပေးဘူး ပြောနေမှာစိုးလို့ သတိပေးရတာ "

"အံမယ်လေး... မေမေက ဘာမှမပြောဘူး... 'ကိုလေး' ကပဲဖြစ်နေတာ...ကိုယ့်မိန်းမထက် ခယ်မကိုပိုစေတနာရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အလုပ်မဟုတ်ဘူးနော်… ကြားလို့လည်း မကောင်းဘူး”

“မင်းစကားက ဘာလဲကွ ‘နေလှာ’ ရဲ့… ရိုင်းလိုက်တာ”

“မှန်တာကို ပြောတာလေ… မပြောစေချင်ရင် ‘ခင်လှ’ နဲ့ အနေအထိုင်ဆင်ခြင်ပါ… ဆိုင်မှာ ဟေးလားဝါးလားနဲ့ ပလူးပလဲ လုပ်ပြနေတာ သိပ်ကိုအမြင်ကတ်ဖို့ကောင်းတယ်”

“ဟ အလိုက်အထိုက်တော့ ပြောရမှာပေါ့… ပလူးပလဲ လုပ်ပြတယ်လို့တော့ မင်းမပြောသင့်ဘူး… ရှင်းရှင်းပြောရရင် ‘ခင်လှ’ မင်းညီမဆိုတာ မှတ်ထား… မယုံသင်္ကာစကားတွေ ပုတ်ခတ်တဲ့ စကားတွေနဲ့ မစွပ်စွဲနဲ့”

“မပြောစေချင်ရင် ရှင် အနေအထိုင်ဆင်ခြင်လေ”

“တောက် … ဟာကွာ”

ရက်စရာကောင်းတဲ့စကားတွေကို ‘နေလှ’ ဘက်ကတစ်ခွန်းမခံ မျက်နှာထားတည်တည်နဲ့ ပြန်ပြောနိုင်ပေမယ့် ‘ကောင်လေး’ ကတော့ မပြောချင်တော့ပေ။ တွေ့သမျှလူနဲ့ မယုံသင်္ကာဖြစ်ပြီး လိုက်သဝန်တိုနေတာသည် သူ့ကိုချစ်လို့မဟုတ်တော့ဘဲ သူ့သိက္ခာကို တမင်နှိမ့်ချစော်ကားတာသက်သက်သာ ဖြစ်တော့သည်။

ဒါတောင်မှ သူ့ဘက်ကအတတ်နိုင်ဆုံး သူမ စိတ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျအောင် သူမ ကျေနပ်အောင် နေပေးခဲ့တာကြီးပါပဲ။ အပြစ်ရှာလို့မရတော့ ဘာမဟုတ်တဲ့ 'ခင်လွှာ' နဲ့သမုတ်ချင်သလို ပြောလာပြန်သည်။

ကတောက်ကဆဖြစ်နေရင် ဘေးလူတွေသိသွားမှာစိုးတာကြောင့် ဒီကိစ္စကို သူ့ဘက်က တမင်မေ့ပျောက်ကာ အလျှော့ပေးထားလိုက်ပါသည်။

'ခင်လွှာ' နဲ့ ဆက်ဆံတာကိုလည်း တတ်နိုင်သလောက် ရှောင်ပြီးနေမိသည်။ ရက်ကြာလာတာနဲ့အမျှ သူ့ရဲ့ဆက်ဆံရေးကို ရိပ်မိပုံရသွားလေသည်။

တစ်နေ့မှာတော့ အထည်သစ်တွေယူပေးပြီး ဆိုင်မှာ ထိုင်မနေချင်တာကြောင့် အိမ်ပြန်တာပဲကောင်းတယ်ဆိုတဲ့ အတွေးဖြင့် သူ ပြန်လာခဲ့လိုက်ပါသည်။ ကားရပ်ထားတဲ့နေရာမရောက်ခင် အနောက်ကနေ အပြေးလိုက်ချလာတဲ့ 'ခင်လွှာ့' ရဲ့ခေါ်သံကိုကြားလိုက်ရလေသည်။

"နေပါအုံး 'ကိုကောင်လေး' ရဲ့ ... 'ခင်လွှာ' မေးစရာရှိလို့ပါ... မမရှေ့မှာမေးရင်း တစ်မျိုးဖြစ်နေမှာစိုးလို့ အနောက်ကနေ တမင်လိုက်လာခဲ့တာ"

'ခင်လွှာ' မေးမယ့်မေးခွန်းကို သူ ကြိုသိနေတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ပျက်ချင်နေရသည်။

" 'ကိုကောင်လေး' တမင် 'ခင်လွှာ' ကိုရှောင်နေတာ မဟုတ်လား... ဘာဖြစ်လို့လဲ... 'ခင်လွှာ့' စိတ်ထင်ပြောရရင် မမ တစ်ခုခု ပြောထားလို့ပဲဖြစ်ရမယ်... 'ခင်လွှာ့' ကြောင့် ပြဿနာကြီးကြီးမားမားတက်နေတယ်ဆိုရင် ဆိုင်ကို 'ခင်လွှာ' မလာတော့ဘူးလေ... ပွင့်ပွင့်လင်းလင်းပြောလို့ရတယ်... မမရဲ့ အကြောင်းကို 'ခင်လွှာ' လည်းသိနေပြီပဲဟာ"

" ဟာ ဆိုင်ကိုမလာဘဲနဲ့တော့ မနေပါနဲ့ဗျာ... 'ခင်လွှာ' ရှိတော့ ဆိုင်အတွက်ပိုပြီးစိတ်ချရတာပေါ့...နှစ်ဆိုင်တွဲဖြစ်လာတော့ 'နေလွှာ' တစ်ယောက်တည်းဆိုရင်လည်း မနိုင်နိုင်ဘူး... သူဘာပဲ ပြောပြော ဂရုမစိုက်ဘဲ ဆိုင်ကိုလာပေးပါ"

"ဘာပဲပြောပြောဆိုတော့ မမက 'ခင်လွှာ' နဲ့ပတ်သက်ပြီး တစ်ခုခုတော့ပြောထားတယ် မဟုတ်လား"

"ထားပါဗျာ... 'ခင်လွှာ' သိရင် စိတ်မကောင်းဖြစ်ရုံပဲ ရှိမှာပေါ့... ကျွန်တော်ကတော့ သူ့ကိုစိတ်ချမ်းသာအောင်ပဲထားတယ် ရန်ဖြစ်နေရင် ခေါင်းရှုပ်ရတယ်...ရက်ဖို့လည်းကောင်းပါတယ်"

"မမရဲ့ သဝန်တိုချက်ကတော့ ကမ်းကုန်ပဲ... စိတ်ပျက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ကောင်းတယ်… သူ့ပုံစံက မကြည်မလင်ဖြစ်နေတော့ ဆိုင်လာထိုင်ရတာတောင် မပျော်တော့ဘူး… မေမေသိရင်လည်း သူ့ကိုဆူမှာ… တိုင်လိုက်ရင်တောင် ကောင်းမလားမသိဘူး”

“မပြောပါနဲ့ ‘ခင်လွှာ’ ရာ… လူကြီးတွေသိရင် မကောင်းပါဘူး… ဆိုင်ကိုပုံမှန်အတိုင်းပဲ လာပေးလိုက်စမ်းပါ”

“ပြီးရော… ပြီးရော”

‘ခင်လွှာ’ က သူသိချင်တာ သိသွားရသဖြင့် လှည့်ပြန်ဖို့ ပြင်လေသည်။လှည့်လိုက်တဲ့အချိန်မှာ လူတစ်ယောက်နဲ့ တိုက်မိသွားရပါသည်။ တိုက်မိတဲ့သူက ဆက်မသွားဘဲ နေရာမှာ တင်ရပ်ကာ ‘ခင်လွှာ့’အားလက်တစ်ဘက်ခါးပေါ်ထောက်၍ မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် စိုက်ကြည့်နေ၏။

သူကတော့ ‘နေလွှာ’ သာဖြစ်တော့သည်။ အဖြစ်အပျက်ကိုတွေ့လိုက်ရသော ‘ကောင်လေး’ မှာလည်း ဘယ်လိုဖြေရှင်းပြရမလဲ မသိတော့ပါ။

“ သိပ်ကို ဟုတ်နေကြတယ်ပေါ့လေ… ‘ခင်လွှာ’ နင်မရက်ဘူးလား… သူကနင်နဲ့ဘယ်လိုပတ်သက်တယ်ဆိုတာကို နင်မသိဘူးလား…ခိုးပြီးချိန်းတွေ့နေကြတဲ့ နင်တို့လုပ်ရပ်က ဘယ်လောက်အောက်တန်းကျတယ်ဆိုတာ နင်တို့ နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ကြဘူးပေါ့လေ”

“ဟာ မမနဲ့တော့ခက်ပါတယ်… ဘာတွေလျှောက်ပြော နေတာလဲ… အော်ကြီးဟစ်ကျယ်နဲ့ သိပ်ရှက်ဖို့ကောင်းတာပဲ… ဘေးပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်ပါအုံး”

“အဲ့ဒီ ပတ်ဝန်းကျင်ကို နင်တို့ကရော ဂရုစိုက်ကြလို့ လား… နင်တို့ကျတော့ ကဲချင်တိုင်းကဲကြ ဖြစ်ချင်တိုင်းဖြစ် ကြနဲ့ ငါ့ကျမှ လာဂရုစိုက်ခိုင်းနေတယ် ဘာတွေလဲ”

“မမနော်… မဟုတ်တဲ့စကားတွေ မပြောနဲ့… ‘ခင်လွှာ’ ကမမရဲ့ ညီအစ်မအရင်းဆိုတာကိုလည်းသတိရအုံး… မမယောကျ်ားကို ဘယ်သူကမှ စိတ်နဲ့တောင် မပြစ်မှားဘူးစိတ်ချ..ကိုယ့် အတွက်နဲ့ကိုယ်မှန်ထူနေပြီး လူတကာကိုလိုက်မဲမနေနဲ့”

“ဒီလိုဆို နင်နဲ့သူနဲ့ ငါမသိအောင်ခိုးတွေ့နေကြသလဲ… ပြောစရာရှိရင် ဆိုင်မှာပြောလို့ရနေတာပဲဟာ… ဆိုင်မှာမပြော ဘူးဆိုကတည်းက နင်တို့နှစ်ယောက်စလုံး မရိုးသားလို့ပဲဆို တာပေါ်လွင်နေပြီ”

“တော်ပြီ တော်ပြီ… ဘာမှဆက်မပြောချင်တော့ဘူး… မေမေနဲ့ပဲ ပြန်တိုင်မယ်… ဆိုင်ကိုလည်း ဘယ်တော့မှမလာ တော့ဘူးဆိုတာအောင်းမေ့ထား… တကယ်လန့်သွားပြီ…



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ် ယောက်များ ဒီလောက်အသည်းအသန်ဖြစ်နေဖို့မလိုပါဘူး”

'ခင်လွှာ' တစ်ယောက်ငိုယိုကာ ပြေးထွက်သွားလေ သည်။

'ခင်လွှာ'ထွက်သွားတော့ 'နေလွှာ' ရဲ့ရန်လိုမှုက'ကောင်လေး' ဆီ ဦးတည်လို့လာပြန်သည်။

“ရှင်က ငပွေကြီးပဲ… ရှုပ်စရာရှားလို့ 'ခင်လွှာ' နဲ့မှရှုပ်ရတယ်လို့”

“ဟေ့ မင်းပါးစပ်ကိုပိတ်လိုက်တော့… မင်းလိုရှူးနေတဲ့ မိန်းမမျိုးနဲ့ ဘာစကားမှ မပြောချင်တော့ဘူးဆိုတာ မှတ်ထား”

ဟု အနိုင်ပိုင်းပြောကာ ကားကိုခပ်ပြင်းပြင်းမောင်းထွက်ရင်း 'ကောင်လေး' ရှောင်ထွက်လာခဲ့လိုက်၏။ သူမနဲ့ပြိုင်ပြောနေရင်လူတွေပိုသိကာ ပိုအရှက်ကွဲယုံပဲရှိမည်။

'နေလွှာ' ရဲ့ ကျဉ်းမြောင်း သေးသိမ်လှသော စိတ်ဓာတ်ကို 'ကောင်လေး' အံ့သြပြီးလက်ဖျား ခါချင်လာရသည်။


တော်တော် အလိုရမ္မက်ကြီးလှသော မိန်းမစားမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com






အိမ်ထောင်သက်တမ်း လေးနှစ်ကျော်သာရှိလာသည် သူနဲ့ 'နေလွှာ' မှာ ရင်သွေးဆိုတာ ရှိမလာတဲ့အတွက် သူတို့အိမ် ထောင်ရေးက ပျင်းစရာတော့ကောင်းလာရပါသည်။ တစ်ယောက်နဲ့တစ်ယောက် ဖောက်လွှဲဖောက်ပြန်ဆိုတာ မရှိပေမယ့် 'နေလွှာ့' ရဲ့ ဝန်တိုငြူစူမှုတွေကို ခံရဖန်များတော့ 'ကောင်လေး' ရင်ထဲမှာ စိတ်ပျက်မှုက အလိုလိုဝင်ရောက်လို့ လာခဲ့ရလေသည်။

သားသမီးသာရှိခဲ့ရင် ထွက်ပေါက်ရပြီး 'နေလွှာ့' ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေကို လွယ်လွယ်နဲ့မေ့ပစ်ထားနိုင်မယ်ထင်၏။ တိုးတက်နေတဲ့ စီးပွားရေးကို ပိုပြီးတိုးတက်အောင် ကြိုးစားရင်းသူတို့ဘဝကလူနေမှုအဆင့်အတန်း မြင့်မားလာတာမှန်ပေမယ့် ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုကတော့ မှုန်ဝါးလို့နေရလေသည်။

ပိုက်ဆံရှိပေမယ့် စိတ်ချမ်းသာမှုဆိုတာကို အပြည့်အဝ မခံစားရချေ။ ကလေးမရတဲ့ကိစ္စမှာ ကျန်းမာရေးအရ ကိုယ့်အပြစ်ကျမှာစိုးပြီး အထူးကုဆရာဝန်နဲ့ကို 'ကောင်လေး'ကသွားရောက်စမ်းသပ်ကုသပြီးပါပြီ။

'ကောင်လေး' မှာ သားသမီးမရနိုင်တဲ့ ချို့ယွင်းချက်ဆိုတာမြူတစ်မှုန်ပင်မရှိချေ။ ကိုယ့်ဘက်က ချို့ယွင်းချက်မရှိတဲ့အတွက် 'နေလွှာ' အား ဆေးစစ်ခိုင်းကြည့်ပါသည်။အစပိုင်းကတော့အလုပ်ကိုအကြောင်းပြပြီး ဟိုရှောင်လွှဲ၊ဒီရှောင်လွှဲ လုပ်နေသေးသည်။

'ကောင်လေး' က 'ဒေါ်ဝတ်လွှာ' ကို သွားတိုင်လိုက်ပြီးအကူအညီ တောင်းတဲ့အခါကျမှ 'နေလွှာ' က သူ့အမေကိုကြောက်ပြီး သဘောတူလေသည်။

အထူးကုဆေးခန်းကြီးကို ရင်တခုန်ခုန်ဖြင့် 'ကောင်လေး' ကိုယ်တိုင် လိုက်ပို့ပေးမိပါသည်။ 'နေလွှာ' မျက်နှာကတော့ခပ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းပါ။

“အခန်းထဲဝင်ရင် မလိုက်ခဲ့နဲ့နော်… ဆေးစစ်ချက်လာပြန်ယူရတဲ့နေကျမှ လိုက်ခဲ့… အခုတော့ အပြင်မှာပဲစောင့်နေ”

“လိုက်တော့ဘာဖြစ်လဲ… ကိုယ့်မိန်းမမို့လို့ ကိုယ်လိုက်တဲ့ဟာ…”

“အို မလိုက်ပါနဲ့ဆိုမှပဲ… လိုက်လာရင်တော့ မပြတော့ဘူးဒါပဲ”

‘ကောင်လေး’ စိတ်ထဲမှာလည်း ‘နေလွှာ’ နဲ့အတူတူလိုက်သွားဖို့စိတ်ကူးက ရှိမနေခဲ့ပါ။ အကဲပိုပြနေသော သူမကိုအမြင်ကတ်ပြီး တမင်ပြောလိုက်မိတာသာဖြစ်၏။ ကိုယ့်အလှည့်ဆေးစစ်တုန်းကလည်း တစ်ယောက်တည်းပဲ လာခဲ့တဲ့ဥစ္စာ။

‘နေလွှာ’ အခန်းထဲဝင်နေစဉ် ပျင်းပျင်းရှိတာနဲ့ ပတ်ဝန်းကျင် တစ်ဝိုက်ကို မျက်လုံးကစားကာ လျှောက်ကြည့်နေမိပါသည်။

ကျယ်ဝန်းလှသော ခန်းမဆောင်ကြီးထဲမှာ ကိုယ့်ရောဂါအလိုက် ဆရာဝန်ကြီးမျိုးစုံနဲ့ လာရောက်ပြသသော လူနာတွေကအများကြီးပါပဲ။ အဲ့ဒီအများကြီးထဲကမှ ကလေးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လက်ကိုဆွဲကာ လူတွေကြားထဲ ခြေလှမ်းမှန်မှန်နဲ့ လျှောက်သွားနေသော မိန်းကလေးတစ်ယောက်ကို အတွေ့ 'ကောင်လေး' ရဲ့ အသက်ရှူနှုန်း ရပ်တန့်သလိုခံစားသွားခဲ့ရပါသည်။

သူမ ဟုတ်မဟုတ်ဆိုတာကို သေချာအောင်လို့ မျက်တောင်မခတ်တမ်းကို လိုက်ကြည့်နေမိပါသည်။ အသက်ရှူဖို့က တော့ တကယ့်ကိုမေ့နေတာပါ။ 'မေ' ၊ 'မေ' ဟုတ်မှာပါ။ ထိုင်နေရာမှ ခပ်သွက်သွက်ထကာ သူမ သွားတဲ့နောက်ကို လိုက်သွားမိပါသည်။

သူမက ကားပါကင်ကို လျှောက်သွားနေသည်။ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ သူမ အာရုံက ကားရှိရာဆီကိုသာ ဦးတည်ထားပုံရသည်။ အပြေးလှမ်းနေတဲ့ 'ကောင်လေး' က သူမကို မှီလာပါသည်။

'မေ' လို့ သူ လှမ်းခေါ်ကြည့်ပေမယ့် သူမကမကြား။ သူမ မကြားတာတော့ မဟုတ်ပါ။ ကြားလောက်အောင်ကို သူ့ အသံကမထွက်တာပါ။ ခုချိန်ကျမှ စကားသံပင်မထွက်ရအောင် သူ ဘာကြောင့် အားအင်ချိနဲ့နေပါသလဲ။ မထွက်တဲ့အသံကို ခေါ်မနေတော့ဘဲ အပြေးပင် သူမ ရှေ့ကပိတ်ရပ်ပစ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တုန့်ကနဲ မြန်မြန်ဆန်ဆန် ရပ်သွားတဲ့ခြေလှမ်းနဲ့အတူ မျက်မှောင်ကျုံ့ကာ ကြည့်လိုက်သော သူမရဲ့အကြည့်ကိုအမြင်မှာတော့ သူ့စိတ်ကူးထဲက ပုံရိပ်ဆိုတာ သေချာသွားရလေသည်။

နှစ်ယောက်စလုံး တုန်လှုပ်အံ့ဩနေကြကာ ချက်ချင်းဘာစကားမှ မပြောနိုင်ကြပေ။ 'မေ့' ရဲ့နှုတ်ခမ်းကလေးတဆတ်ဆတ်တုန်လာသည်။ 'မေ' ဘာကိုပြောဖို့ အားယူနေတာပါလိမ့်။

ရင်ခုန်သံပြင်းထန်လွန်းနေတာကြောင့် ချက်ချင်းကြီးတော့ 'မေ့' ဘက်က စကားပြောနိုင်အုံးမယ် မထင်။ သူဖြစ်သလိုမျိုးပဲ ဖြစ်နေပါလိမ့်မည်။ရှော့ခ် ရနေတဲ့သူတို့နှစ်ယောက်ရဲ့ အခြေအနေကို စကားသံလေးတစ်ခုက ဖြိုခွဲပစ်လိုက်ပါသည်။

"မေမေ သွားမယ်လေ... ဘာလုပ်နေတာလဲ... အိမ်မှာဘွားဘွားစောင့်နေလိမ့်မယ်"

ကလေးကို သူ ကြည့်လိုက်မိတဲ့အခါမှာ အံ့ဩဆန်းကျယ်စိတ်နဲ့အတူ ရင်ထဲမှာနွေးကနဲဖြစ်သွားရလေသည်။ ထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလိုက်တာကြည့်စမ်း။ ကလေးလေးရဲ့မျက်နှာက သူ ငယ်စဉ်ကရုပ်အတိုင်းတူနေရပါလား။

မြင်တာနဲ့တင် သူ့ရင်ထဲ ချစ်ခင်ယုယချင်တဲ့စိတ်တွေတဖွားဖွားပေါ်ပေါက်လို့လာရ၏။ကလေးဆီ သူ အာရုံရောက်နေစဉ် 'မေ' က သူ့ကိုကွေ့ဝိုက်ကာ ခြေလှမ်းကိုစလှမ်းသည်။

"နေပါအုံး 'မေ'... နင် ဒီလိုမျိုးမသိသလို ပုံစံမျိုးနဲ့ထွက်သွားမလို့လား...နည်းနည်းပါးပါးတောင် စကားပြောခွင့်မရှိတော့ဘူးလားဟာ"

'မေ့' ရဲ့ ခြေလှမ်းက ရပ်တန့်သွားရပြန်သည်။

" ပြောစရာအကြောင်းကိစ္စ နင်နဲ့ငါနဲ့ကြားမှာ ရှိနေလို့လား ငါ အံ့ဩလိုက်တာ... နင်နဲ့ဘယ်တော့မှ ထပ်မဆုံတွေ့ရပါစေနဲ့လို့ဆိုပြီး ငါအမြဲတမ်းဆုတောင်းတယ်... ငါ့ ဆုတောင်းမပြည့်ဘူးလား"

" ငါက နင့်အပေါ်မှာ အပြစ်တွေလုပ်ထားခဲ့တဲ့သူမှမဟုတ်ဘဲ... နင်ငါ့ကို ရှောင်စရာမလိုပါဘူး"

'မေ့' ရဲ့အပြုံးက အသက်ပါလွန်းတာကြောင့် လန့်စရာကောင်းနေရသည်။ မျက်လုံးကလည်း သရော်သလိုလို ကြည့်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ရမှာပေါ့ ... 'မေ' ဆိုတဲ့ငါက နင့်အတွက်နတ်ဆိုးလေ... ဂြိုဟ်ကောင်မလေ"

"နင် မမေ့သေးဘူးလား"

" နင် ကကောမေ့သွားပြီလား..."

'ကောင်လေး' ခေါင်းကို အဓိပ္ပါယ်မရှိခါယမ်းကာ 'မေ့' အားငေးကြည့်နေမိပါသည်။ ပါးစပ်ကလည်း ဘာကြောင့်မှန်း မသိမမေးသင့်တဲ့မေးခွန်း ထွက်သွားရသေးသည်။

"ဒီကလေးက ဘယ့်သူကလေးလဲ... သူ့အဖေက ဘယ်သူလဲ"

"နင် မေးနေစရာတောင် လိုသေးလို့လား... 'လေအိုး' နဲ့ငါနဲ့ကလေးလေ"

"ဒါဆို ငါနဲ့ဘာလို့လာတူနေရသလဲ"

"တူလို့လား... သေချာကြည့်ပါအုံး... 'လေအိုး' နဲ့တစ်ပုံစံတည်းပါ"

" ဘာ 'လေအိုး' နဲ့တူတာလဲ... လုံးဝမတူဘူး... နင်ညာမနေနဲ့"

"အို ရှုပ်လာပြီ... နင် မှတ်ထားစမ်း 'ကောင်လေး' ... နောက်ငါ့ကို ဘယ်နေရာမှာပဲတွေ့တွေ့ နင် လာခေါ်စရာမလို



www.burmeseclassic.com

www.burmeseclassic.com



ဘူး… နှုတ်ဆက်စရာမလိုဘူး… လူတစ်ယောက်ကို ပြတ်တယ်ဆိုရင် လှည့်မကြည့်စတမ်း ပြတ်ရတယ်ဟဲ့ နားလည်ရဲ့လား”

ကလေးလက်ကိုဆွဲကာ အပြေးတစ်ပိုင်းပင် ‘မေ’ က ထွက်သွားခဲ့ပါသည်။ ‘မေ’ ကိုယ်တိုင်မောင်းပြီး ထွက်သွားတဲ့ ကားက တောင်းအေ့စ်ပစ်ကပ် အမျိုးအစားဖြစ်ပြီး ကားရဲ့ဘေးဘက်မှာ ကြော်ငြာထားတဲ့တံဆိပ်က ‘မေ’ မြန်မာ့ရိုးရာအစားအစာ ဖြန့်ချီရေးတဲ့။

ဒီတံဆိပ်ကို သူ စူပါမားကက်တွေမှာ ခဏခဏမြင်တွေ့ဘူးနေပါသည်။ လက်ဖက်၊ကြက်သွန်ကြော်တို့အပြင် ငါးပိကြော်၊ ငါးခြောက်ကြော်၊ငါးပိထောင်းစတဲ့ အသင့်ကြော်လှော်ပြီးသားအထုပ်တွေကို ပက်ကင်လှလှပပလေး ထုပ်ပြီးရောင်းချတာပါ။

အဲ့ဒီလုပ်ငန်းက ‘မေ’ လုပ်နေတဲ့ စီးပွားရေးလား။ ‘မေ’ နဲ့ သူ ထပ်ပြီးဆုံတွေ့ချင်ပါသေးသည်။ ‘မေ့’ ဘက်က ရှောင်ထွက်ပြေးသွားပေမယ့် သူ ဆက်သွယ်ချင်ရင် ဆက်သွယ်လို့ရနိုင်မယ့် ‘မေ့’ ရဲ့လုပ်ငန်းကို သူ သိနေခဲ့ရပြီပဲ။

ရင်ထဲမောဟိုက်စွာဖြင့် သူ ‘နေလွှာ’ ဆီသွားဖို့သတိရသွားရပြန်သည်။ ‘နေလွှာ’ ဆီ ‘ကောင်လေး’ သွားစရာမလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေ။

'နေလွှာ' က သူ့ဆီလျှောက်လာနေပါသည်။

" 'ကိုလေး' နဲ့ ခုဏစကားပြောနေတဲ့ မိန်းမကဘယ်သူလဲ"

"မိတ်ဆွေပါ... သူ့ကလေးကို ဆေးခန်းလာပြရင်းနဲ့ ကြုံလို့နှုတ်ဆက်နေတာ"

"ကြုံလို့နှုတ်ဆက်တာ ဒီနားအထိရောက်လာစရာလား"

"ဒါကတော့ စကားပြောရင်းနဲ့ ဒီအထိပါလာရတာ"

"မဖြစ်နိုင်ဘူး... 'ကိုလေး' နဲ့ အဲ့ဒီမိန်းမကြားမှာ ဆက်စပ်မှုတစ်ခုခုတော့ ရှိရမယ်...အဲ့ဒီမိန်းမစကားပြောနေတဲ့ ပုံစံကတစ်မျိုးပဲ... ထွက်လည်းထွက်ပြေးသွားတယ်... သူ ဘယ်သူလဲ"

"မိတ်ဆွေပါလို့ ပြောနေတာကွာ... ဘာဖြစ်လို့ ဒီ လောက်အသည်းအသန် မေးနေရတာလဲ"

စိတ်ရှုပ်နေရတဲ့ကြားထဲ သဲသဲမဲမဲလာရစ်နေသော 'နေလွှာ့' အပြုအမူကြောင့် သူ့လေသံမာဆတ်သွားမိပါသည်။ သူပြောတာကိုယုံလိုက်ရင် ပြီးနေတဲ့ကိစ္စကို သူမ တမင်ကဲကဲဆတ်နေတာက သူ့ဒေါသကို ပိုဆွနေသလိုမျိုးဖြစ်မနေပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



'မေ' နဲ့မထင်မှတ်ဘဲတွေ့လိုက်ရလို့ 'ကောင်လေး' ရင်ထဲမှာ ပွက်ပွက်ဆူဝေနေတာ ငြိမ်ပင်မငြိမ်သက်သေး။

နောက်ပြဿနာဖန်တီးနေမှုကိုလည်း သည်းမခံချင်ပေ။

'နေလွှ' ရဲ့ပြင်းပြင်းထန်ထန်ရန်လိုနေမှုကို သူ တမင်ကျောခိုင်းကာ ကားရပ်ထားတဲ့ဆီ အရင်လျှောက်လာခဲ့လိုက်ပါသည်။ ဒီကိစ္စကိုအကြောင်းပြပြီး 'နေလွှ' ရင်ထဲမှာ သံသယကအလုံးအရင်းကြီးနဲ့ကို ဝင်ရောက်မွှေနှောက်လို့နေသည်ထင်ပါရဲ့။

'ကောင်လေး' အား စကားမပြောတော့သလို ဆိုင်ထိုင်တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း တားမြစ်လာသည်။

"ရှင်ဒီနေ့ကစပြီး ဆိုင်လိုက်ထိုင်ပေးစရာ မလိုတော့ဘူး… ကျွန်မတစ်ယောက်တည်းနဲ့ နိုင်အောင်လုပ်မယ်… ရှင်အထည်ယူပေးတဲ့ရက်ကလွဲပြီး အိမ်မှာပဲနေရမယ်"

"နေရင်းထိုင်ရင်း ဘာဖြစ်ရပြန်တာလဲ… ဆိုင်ထိုင်တာကအပျော်လုပ်နေတာမှ မဟုတ်ဘဲ… စီးပွားရှာနေတာလေ…တချို့ဖောက်သည်တွေဆို မင်းမှမသိတဲ့ဟာ"

"အို မလိုချင်ဘူး… ရှင့်ကို ဆိုင်မထိုင်နဲ့ဆိုမထိုင်နဲ့ပေါ့… ဘာလဲ သိပ်ထိုင်ချင်နေတယ်ပေါ့လေ… စျေးရောင်းတာကိုအ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြပြီး ပြုံးစိစိမျက်နှာထားနဲ့ ငမ်းကြောထနေတာ မသိဘူးထင်မနေနဲ့… ဈေးရောင်းတာကိုအကြောင်းပြပြီး ရှင်ဇာတ်လမ်းရှာနေတာ… ဆေးခန်းသွားတဲ့ညက တွေ့တဲ့မိန်းမက လည်း ဈေးလာဝယ်တဲ့သူထဲက ရှင်ညှိထားတာပဲဖြစ်လိမ့်မယ်”

“မဆိုင်တဲ့စကားတွေ မပြောနဲ့”

“ပြောမှာပဲ… ရှင်မဟုတ်ဘူးဆိုရင် အိမ်မှာပဲနေပေါ့… အိမ်ကိစ္စတွေအကုန်လုပ်ထားလို့ရတယ်… ဆိုင်မှာထိုင်ပြီး လာသမျှ မိန်းမတိုင်းကို ငမ်းနေတာကိုတော့ ခွင့်မပြုနိုင်တော့ဘူး”

“မင်းကွာ ငါတို့ရောင်းတဲ့အထည်တွေက မိန်းမဝတ်အထည်တွေလေ… အဲ့ဒီတော့ လာဝယ်တဲ့သူတွေကလည်း မိန်းမတွေပဲဖြစ်မှာပဲ… ကိုယ့်ဆိုင်မှာဈေးလာဝယ်တဲ့ မိန်းမတွေကို မကြည့်လို့ ငါ ကမျက်စိမှိတ်ထားရမှာလား… အဓိပ္ပါယ်ရှိတဲ့ စကားကိုပြောစမ်းပါ နေရာတကာ စိတ်ထင်တိုင်းလျှောက် စွပ်စွဲမနေနဲ့”

‘ကောင်လေး’ ရှင်းပြ ပြောပြတာကို ‘နေလွှာ’ ကလက်မခံပေ။ သူမ ရင်ထဲမှာရှိတဲ့အတ္တအတိုင်း ဆက်ပြောသည်။

“ကျွန်မပြောတာမကြိုက်ရင် အိမ်မှာပဲနေလေ… ရှင့်အတွက် ပိုပြီးတော့တောင် သက်သာနေရပါသေးတယ်… ‘နေလွှာ’



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့မိန်းမက အထည်အဝတ်အစားရောင်းတာ… ယောကျ်ား ကိုထုတ် ရောင်းနေတာမဟုတ်ဘူး… ရှင်ဖောက်ပြန်ဘို့ စဉ်းစား မနေနဲ့”

“ငါ အခုဘာမဟုတ်တာ လုပ်နေသလဲပြော… ဘယ်သူ နဲ့ ဖောက်ပြန်နေသလဲ… မင်းသိရင်ပြောစမ်း”

“သေချာမသိလို့ပေါ့… သိများသိလို့ကတော့ နှစ် ယောက်စလုံးကို သတ်ပစ်တယ်မှတ်ထား…ဒါပဲနော် ဆိုင်ကိုရှင် လာစရာမလိုတော့ဘူး… ဒီလောက်ပြောထားရဲ့နဲ့မှ ရှင်လာရင် ကျွန်မအဆိုးမဆိုနဲ့… အကျယ်ကြီးကိုအော်ထုတ်ပြီး အရှက်ခွဲ ပစ်မှာ”

လူတကာသိပြီး အရှက်ကွဲရမယ့်အဖြစ်မျိုးကိုတော့ သူ့အနေနဲ့ လန့်လည်းလန့်၊ရှက်လည်းရှက်ပါသည်။ ဘာမှ ပြောမနေတော့ဘဲ သူမ စိတ်သဘောအတိုင်း ရှိပါစေတော့ဆိုပြီး အလျှော့ပေးလိုက်မိသည်။ ဆိုင်အတွက်လိုအပ်တဲ့ အထည်ယူ ပေးတာကလွဲ၍ ကျန်တဲ့အချိန်တိုင်းမှာ ‘ကောင်လေး’ ကအိမ်မှာ ပဲနေရ၏။

အိမ်မှာနေရတဲ့အတွက် ပျင်းပျင်းရှိတာနဲ့ ထမင်းဟင်း ချက်ပြုတ်တဲ့အလုပ်အပြင် အိမ်သန့်ရှင်းရေးဖြစ်တဲ့ ဖုန်သုတ်



www.burmeseclassic.com

www.burmeseclassic.com



၊ကြမ်းတိုက်စတဲ့ အောက်ခြေသိမ်းအလုပ်တွေကိုပါ လုပ်နေရပါသည်။

အဝတ်တောင်မှ လျှော်စက်နဲ့လျှော်ရလို့တော်ပါ သေးသည်။ခိုင်းတဲ့လူခေါ်မယ်ဆိုပြန်တော့လည်း 'နေလွှာ'ကသဘောမတူချေ။ အဓိက,က 'ကောင်လေး' နဲ့စိတ်မချတာ သက်သက်ရယ်ပါ။ ကိုယ်ကမိန်းမတကာနဲ့ဖောက်ပြန်နေတယ်ဆိုရင်လည်းထားပါတော့။

ဘာမှမဟုတ်တဲ့ဘဲနဲ့ကို ပူပန်ဝန်တိုပြီး စိတ်မချဖြစ်နေတာတွေသည် သူ့အား တမင်ညှင်းဆဲထားတာနှင့်တူလှ၏။ 'နေလွှာ' ရဲ့ အပြစ်ရှာမှု၊သဝန်တိုမှုက စိတ်ဝေဒနာများဖြစ်နေသလား ထင်မှတ်ရအောင် သေးသေးမွှားမွှား လေးတွေကအစလိုက်ပြောတတ်လွန်းပါသည်။

သီချင်းတစ်ပုဒ်ကို နှစ်သက်၍ နှစ်ခါ၊သုံးခါလောက်များနားထောင်မိလျှင် အဲ့ဒီသီချင်းစာသားကို အထအနကောက်၍သူမ စိတ်ထင်တာနှင့် စွပ်စွဲတတ်သည်။ အခွေတို့ ဗွီစီဒီတို့ကြည့်ရင်လည်း မင်းသမီးချောကြောင်း သရုပ်ဆောင်ကောင်းကြောင်း ပြောမိလျှင် အဲ့ဒီ ကြည့်နေတဲ့အခွေတို့ ဗွီစီဒီတို့ကိုချက်ချင်းထပိတ်ပစ် လိုက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ,တစ်ခါ ကုတင်ပေါ်မှာ ပက်လက်လှန်ရင်း ဘာရယ်မဟုတ် ငြိမ်သက်နေမိလျှင် ဘေးကငုတ်တုတ်ထိုင်လျက် ဘယ်သူ အကြောင်းစဉ်းစားနေတာလဲ၊ ဘာလဲနဲ့ လှုပ်မရတဲ့ မေးခွန်းတွေတသီတတန်းကြီးနဲ့ ချောင်ပိတ်တတ်ပြန်ပါသေးသည်။ရေများများသောက်မိလျှင်လည်း ရင်ပူနေစရာအကြောင်းရှိနေတယ်ပေါ့ဆိုပြီး ရိတတ်ပြန်သဖြင့် သူမ ရေ့မှာ ရေတောင်မသောက်ရဲတော့လောက်အောင် ဆင်ခြင်ပြီးနေပေးရလေသည်။

အိမ်ထောင်သက်တမ်းပဲ ကြာနေပြီ၊ ယောကျ်ားတစ်ယောက်ကို မျက်စိဒေါက်ထောက် လိုက်ကြည့်ပြီး ထိန်းချုပ်သဝန်တိုနေရတဲ့ဘဝကို သူမ ရင်မမောဘူးလားမသိ။ 'ကောင်လေး' မှာတော့ သေချင်လောက်အောင် တစ်ခါတစ်ခါများဆိုဟိုးအဝေးကြီးဆီသို့ ကိုယ်လွတ်ရုန်း ထွက်ပြေးချင်လောက်တဲ့အထိကို စိတ်ပျက်ရလေသည်။

'ကောင်လေး' ဘက်က သည်းခံတတ်၊အလျှော့ပေးတတ်တာကို မိုလ်ကျပြီး သူမ ကဲချင်တိုင်းကဲနေတာပါ။ ဆိုင်ထွက်နေရင်းနဲ့ပင် ကားမောင်းလည်း သင်နေပါသေးသည်။ အိမ်ကနေမနက်အစောကြီး ခုနစ်နာရီလောက်ထ၍ သိမ်ဖြူကွင်းရှိ ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းသင်တန်းတစ်ခုသို့ ပုံမှန်သွားနေတတ်၏။

အသွားကိုတော့ 'ကောင်လေး' ကလိုက်မပို့ပေးရဘဲ အပြန်ကျ ကြို့ပြီးဈေးသို့တစ်ခါတည်း ပို့ပေးရလေသည်။ 'ကောင်လေး' ဈေးကနေအိမ်သို့ ပြန်လာတဲ့အခါမှာလည်း အချိန်ကိုတွက်ပြီးပြန်ရောက်လောက်တဲ့အချိန်ကိုမှန်းကာ ဖုန်းဆက်၍ချက်ကင်လိုက်တတ်ပါသေးသည်။

ဆိုင်ထိုင်နေရင်းနဲ့လည်း သုံးလေးငါးခါမက အိမ်မှာရှိ၊ မရှိဆိုတာကို ဖုန်းခဏ,ခဏ ဆက်ကြည့်တတ်သေး၏။ 'နေလွှာ' အပေါ်စိတ်လည်းပျက်ရသလို သနားလည်းသနားမိသေးသည်။သူမ ကိုယ့်ကိုအချစ်လွန်နေတဲ့အတွက်လို့မှတ်ယူထားပြီး 'ကောင်လေး' က သူမ အကြိုက်သာအတတ်နိုင်ဆုံးနေပေးနေမိသည်။

လှုပ်မရ၊ ပြုမရကြားထဲကပင် 'မေ' နဲ့ ထပ်တွေ့ချင်တဲ့စိတ်က အတင်းကာရောကို ဖြစ်နေတာ ခက်တော့ခက်လှပါသည်။ 'မေ့' ရဲ့မိသားစုအကြောင်းကို သိချင်နေရသည်။ သူနဲ့တူတဲ့ကလေးကို လည်း တွေ့ချင်နေမိပါသေးသည်။ အခွင့်သင့်ရင် 'မေ့' ရဲ့လိပ်စာ ကိုစုံစမ်းပြီး သွားတွေ့လိုက်ဖို့ 'ကောင်လေး' စိတ်ထဲ ကြိတ်ပြီးကြံစည်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ သူ့စိတ်ထဲမှာခိုးပြီး ကြိတ်ကြံစည်ထားတဲ့ကိစ္စက 'နေလွှဲ' ကွယ်ရာမှာဖြစ်မလာခဲ့ဘဲ ရှေ့တည့်တည့်မှာသာ ဆုံဆည်းခဲ့ရ၏။ ပြဿနာနဲ့ သူနဲ့ကအကျိုးကိုပေးနေတာပါ။ အထည်သစ်တွေကို ပုံစံ၊ဒီဇိုင်းနဲ့ ဈေးဘယ်လောက်ရောင်းဖို့ဆိုပြီး ရှင်းပြနေတဲ့ 'ကောင်လေး' ရဲ့ မျက်လုံးအကြည့်က 'နေလွှာ' ဆီကနေ ဗြုန်းကနဲဆို ဆိုင်ရှေ့မှာရပ်ကြည့်နေတဲ့ 'မေ့' ဆီမှာစူးနစ် ရပ်တန့်သွားရလေသည်။

'မေ' ကတော့ အင်္ကျီတွေကိုငေးနေတာကြောင့် သူ့ကိုမမြင်ပေ။ ကံကြမ္မာရယ်၊ မတွေ့တာ နှစ်တွေ၊လတွေ ကြာနေပြီးတော့မှများ ခု ရက်ပိုင်း၊လပိုင်းကလေးအတွင်းကျမှပဲ ပြန်ဆုံတွေ့ဖို့ဘယ်လိုဖြစ်ပြီး ဖန်တီးနေပါသလဲ။

"ခဏလေး... ခဏလေး... ကိုယ့်အသိကိုတွေ့လို့"

ဟု ထိန်းချုပ်မရတဲ့ အငမ်းမရပုံစံဖြင့် 'နေလွှဲ' ကိုထားခဲ့ကာ 'မေ့' ရှေ့သို့ရောက်လာရလေသည်။

" 'မေ' နင်ဈေးလာဝယ်တာလား..."

"ဟင် ဘယ်ကနေရောက်လာတာလဲ... ဖိနပ်လည်းမပါဘူး"

"ဒါ ငါ့ဆိုင်လေ... နင့်ကိုတွေ့လို့ ဆိုင်ပေါ်ကနေဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာတာ... နင်နဲ့ ထပ်တွေ့ချင်သေးတယ်ဟာ"

'မေ' က မျက်နှာပျက်ပျက်နဲ့ ခေါင်းကိုခါယမ်းပြသည်။

"အို ဘာဆိုင်လို့တွေ့ရမှာလဲ... ရှုပ်လိုက်တာ... နင့်ကိုငါ ဘာပြောထားသလဲဆိုတာ နင်မမှတ်မိဘူးလား... နင့်ကိုငါမေ့ထားတယ်"

"'မေ'"

'နေလွှာ' ကြည့်နေတာကြောင့် ပြောချင်တဲ့စကားတွေကိုဆက်မပြောတော့ဘဲ 'ကောင်လေး' ကြိတ်မှိတ်ပြီး မြိုချပစ်လိုက်ရပါသည်။ခုလောက်ကလေး စကားပြောတာတောင်မှ သူမနဲ့အကြီးအကျယ် စကားများကြရအုံးတော့မှာပါ။

ရှောင်ထွက်သွားတဲ့ 'မေ့' ရဲ့ ကျောပြင်ကိုငေးကြည့်ရင်း ငေါင်နေမိပါသည်။

"ငေါင်ပြီးရပ်ကြည့်နေလို့ ဘာမှအကျိုးမရှိဘူးရှင့်... စိတ်ပါရင်တစ်ခါတည်းသာ လိုက်သွားလိုက်... ဆိုင်ရှေ့မှာ ရပ်မနေနဲ့... ဆိုင်လာဘ်ပိတ်တယ်"

ဟု အကျယ်ကြီးအော်ထုတ်တာကြောင့် 'ကောင်လေး' ရှက်သွားရသည်။မျက်နှာချင်းဆိုင်က လူတွေတင်မကကိုယ့်ဆိုင်မှာလုပ်သော မိန်းကလေးတွေရှေ့မှာပါ အရှက်ခွဲခံလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ရှက်စိတ်နဲ့ ဒေါသကပါ ဒွန်တွဲပြီးပါလာရတာကြောင့် ရွဲ့ပြီးပြောချလိုက်သည်။

"လိုက်သွားမယ်... လိုက်သွားမယ် ... မင်းစကားကြောင့် လိုက်သွားတယ်ဆိုတာ မှတ်ထား... လူကို ဆွ,ဆွပေးနေတာ တော်တော်ကြာသွားပြီ"

'ကောင်လေး' သည် မခံချင်စိတ်တွေများလာတာ ကြောင့် တမင်ပင် 'မေ့' နောက်ကိုလိုက်သွားဖို့ ဆုံးဖြတ်ပစ် လိုက်ပါသည်။ 'မေ့' ဘက်ကခါးသီးသလို၊မတူမတန်သလို ဆက်ဆံသွားတဲ့အချိုးမျိုးကိုလည်း ပြန်လည်ကာ ချေပချင်နေမိ သေး၏။ 'မေ' ထွက်သွား တဲ့နောက်ကို အမြန်အဆန်လိုက်ရင်း နေရာအနှံ့ရှာကြည့်ပေမယ့် 'မေ့' ရဲ့ အရိပ်အယောင်ကိုတောင် မမြင်မတွေ့ရချေ။

စိတ်ပျက်စွာဖြင့်ကားရပ်ထားတဲ့ နေရာကိုပြန်လျှောက် အလာ ဆေးရုံမှာတစ်ခါတွေ့ဘူးလိုက်တဲ့ 'မေ' ဆိုတဲ့ကြော်ငြာ တံဆိပ်ပါ တောင်းအေ့စ်ကားက ရှေ့ခပ်လှမ်းလှမ်းရှိ ထွက် ပေါက်ဂိတ်ဝနား ရောက်နေတာကို တွေ့လိုက်ရပါသည်။ကား စက်ကိုအမြန်နှိုး၍ 'မေ့' ရဲ့ကားအနောက်ကနေ အသာကလေး လိုက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဇွန်တောင်က ကျီတော်အိမ်ယာဆိုတဲ့ ဆိုင်းဘုတ်ရှိသည့်လမ်းချိုးအတွင်းသို့ ကားကချိုးဝင် ရပ်တန့်သွားပါသည်။ ‘မေ’ တက်သွားတဲ့ တိုက်လှေကားထစ်တွေကို သာသာကလေး လိုက်တက်ရင်း လေးလွှာမြောက်အရောက် သူ တံခါးကိုခေါက်လိုက်ပါသည်။

ချက်ချင်းပွင့်ဟလာတဲ့တံခါးဝမှာ ပင်ပန်းနွမ်းနယ်နေ သောမျက်နှာဖြင့် ‘မေ့’ ကိုတွေ့လိုက်ရသည်။

“ ဟင် နင်ဘာလာလုပ်တာလဲ... ငါ့နောက်ကို ဘာလို့လိုက်လာရတာလဲ... နင် တော်တော်အရှက်နည်းပါလား... သွားသွား ပြန်တော့... နင်နဲ့ငါ မပတ်သက်ချင်ဘူး”

‘မေ’ က တံခါးကိုဆောင့်ပိတ်လိုက်ပေမယ့် ‘ကောင်လေး’ ကအတင်းကာရော ပြန်တွန်းကာ ဖိတ်ခေါ်မယ့်သူမရှိတဲ့ အိမ်အတွင်းသို့ဝင်ရောက်ပစ်လိုက်ပါသည်။

“မသွားနိုင်ဘူးဟာ... ရိုးရိုးသားသားစကားတောင် ပြောလို့မရတော့ဘူးလား... နင် ဖြစ်ပျက်နေတဲ့ပုံစံက အလုပ်ကို မဟုတ်ဘူး... ‘လေအိုး’ နဲ့လည်း တွေ့ချင်သေးတယ်”

“ဘာကိစ္စတွေ့ရမှာလဲ... ငါ့ယောကျ်ားနဲ့ နင်နဲ့ဘာမှ တွေ့စရာအကြောင်းမရှိဘူး... သူကလည်း နင့်လိုကောင်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်တာမဟုတ်ဘူး”

“အောင်မယ် ဖြစ်ချင်းဖြစ် ငါ့ဘက်ကဖြစ်ရမှာပါ… သူငယ်ချင်းဆိုပြီး ငါကပြန်ဆက်ဆံတာ”

“ဘာသူငယ်ချင်းလဲ… ငါ့ယောက်ျားကို နင့်လိုမကောင်းတဲ့ စိတ်ဓာတ်မျိုးရှိတဲ့သူမျိုးနဲ့ သူငယ်ချင်းမတော်ခိုင်းနိုင်ဘူး”

“ယောက်ျား ယောက်ျားနဲ့ နားကြားမြင်းကတ်လာပြီ ဟာ… ‘လေအိုး’ လိုကောင်ကိုများ သိပ်အမွှန်းတင်ပြနေတယ်”

အော်သံဟစ်သံတွေကြောင့် အခန်းတွင်းကနေ ‘ဒေါ်မြခက်’ ထွက်လာလေသည်။ ‘ကောင်လေး’ ကိုတွေ့တော့ မျက်လုံးကြီးပြူးကာ ကြည့်နေ၏။ အတော်ကလေး လန့်ထိတ်အံ့ဩနေပုံရ၏။

“နင် ပြန်လိုက်တော့… ငါတို့အိမ်က ဘယ်သူကမှ နင့်ကို အလိုမရှိဘူး”

“မပြန်ဘူးဟာ… နင် မကျေနပ်ရင် ရဲစခန်းသာဖုန်းဆက်ပြီး တိုင်ပစ်လိုက်လို့ရတယ်… ငါ့ကို ခါးခါးသီးသီးနှင်လွှတ်စရာ မလိုတော့ဘူးပေါ့”

“တောက်…”

ဒေါသနဲ့သာ သူ့အား ‘မေ’ က ကြည့်နေ၏။ ‘ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com



ခက်’ လည်း ဘာဝင်ပြောရမှန်းမသိသလို ငြိမ်နေပါသေးသည်။ ဒီအချိန်မှာပဲ တံခါးဖွင့်သံနဲ့အတူ လူတစ်စုဝင်လာကြပါသည်။ ရှေ့မှဦးဆောင်ဝင်လာသူက ‘လေအိုး’။ အခန်းတံခါးက ပွင့်လျက်သားမို့ တံခါးနဲ့ကွယ်သလိုဖြစ်နေသော ‘ကောင်လေး’ ကို မမြင်ဘဲ၊ သူ ပြောချင်ရာကိုသာ ပြောလေသည်။

“နင့်သားကမလွယ်ဘူး ‘မေ’ ရေ…သူ့အဖေ ‘ကောင်လေး’ လိုစိတ်ဓာတ်မျိုးပဲ… တစ်ခုခုဆို ခွဲသိပ်ကြီးလွန်းတယ်… သူ့နောက်ကိုလိုက်နေရတာနဲ့ပဲ ငါ့မိန်းမ ဗိုက်တောင်ပြုတ်တော့မလို ကဲလိုက်တာကွာ”

‘မေ့’ ရဲ့ မျက်နှာနီမြန်းသွားရကာ…

“ဟဲ့ ‘လေအိုး’ … စကားပြောတာ ဆင်ခြင်ပြောစမ်းပါ… နင့် ကြောင့်တော့ခက်ပါတယ်”

“ဘာဖြစ်လို့လဲ ငါပြောတာ”

‘လေအိုး’ စကားသံရပ်တန့်သွားရတော့သည်။ ထင်မှတ်မထားဘဲပေါက်ကွဲတုန်ရီနေတဲ့ ‘ကောင်လေး’ ရဲ့ အခြေအနေကို တွေ့လိုက်ရလို့ပါ။ အဖြေက ရှင်းရှင်းကြီးပေါ်လွင်နေပြီ။ခုချိန်ကျမှ ‘မေ့’ ဘက်က သူ ယုံကြည်အောင် ဘယ်လိုစကားမျိုးတွေနဲ့ ဖုံးဖိရှင်းပြနေအုံးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လည်နေသော 'မေ့'ပုံစံကိုကြည့်ပြီး သနားသွားမိပါသည်။

"နင် ပြန်ပါတော့ 'ကောင်လေး' ရယ်… ဘာမေးခွန်းမှ ငါ့ကိုမမေးပါနဲ့… နင့်စိတ်ထဲမှာ 'မေ' ဆိုတဲ့ငါ့ကိုမေ့ထားလိုက် ငါ့မိသားစုအခြေအနေကိုလည်း မေ့ထား… နင့်မှာလည်း နင့်ဘဝနဲ့နင်ဖြစ်နေပြီဆိုတော့ သံယောဇဉ်တွယ်မယ့် ခင်မင်ပတ်သက်မှုမျိုးတွေ မလုပ်ချင်တော့ဘူး… ငါတို့ဘဝက နေသားကျနေပြီ… နင့်ကြောင့် ထပ်ပြီး ဂယက်မဖြစ်ချင်တော့ဘူး… နင့်ဘက်ကနောက်တစ်ခါ ငါ နဲ့ထပ်ပြီးလာပတ်သက်အုံးမယ်ဆိုရင် အခုအဆင်ပြေနေတဲ့ စီးပွားရေးကိုတောင်ဖျက်ပြီး အဝေးတစ်နေရာကို လွင့်သွားလိုက်ဖို့ ငါ ဝန်မလေးဘူးနော်… ငါတို့ဘဝကို အဆင်ပြေပြေနေစေချင်သေးတယ်ဆိုရင် နင် ရှောင်နေလိုက်ပါ"

"သားကကော…"

"ငါ တစ်ယောက်လုံးရှိပါတယ်… နင် နည်းနည်းကလေးတောင် မပူပါနဲ့"

'လေအိုး' က အံကြိတ်ပြီး မျက်နှာလွှဲထားလေသည်။

'လေအိုး' နံဘေးမှာ ဗိုက်ဖုံးအင်္ကျီဝတ်ထားတဲ့ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက် ရပ်နေလေသည်။ 'လေအိုး' ရဲ့ လက်မောင်းကိုလည်း အားကိုးတကြီး ဆုပ်ကိုင်ကာထားပါသေးသည်။ ရှင်းပြစရာမလိုဘဲနဲ့ အခြေအနေတွေအားလုံးကို သူ သဘောပေါက်နေရ၏။

'မေ့' အပေါ်အထင်သေးမိတာ မယုံကြည်မိတာ သူ့ရဲ့ အမှားသာတည်း။

ဒီအချိန်ကျမှ မှားပါတယ်ဆိုပြီး သူ့ဘက်က တောင်းပန်နေတော့လည်း ဘာထူးအုံးတော့မှာလဲ။ ရင်နာနာနဲ့ သူ လှည့်ပြန်လာခဲ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' အိမ်ပြန်ရောက်တော့ 'နေလွှာ' က သူ့ထက်ကြိုရောက်နှင့်ပါသည်။ ဆိုင်ကိုအစောကြီး ပိတ်ပစ်ခဲ့ပြီနဲ့တူသည်။ ပြဿနာရှာဖို့သက်သက်အတွက် သူမ အိမ်သို့ ပြန်ရောက်လာခြင်း ဖြစ်ရမည်။ 'ကောင်လေး' ရင်ထဲမှာ ဝမ်းနည်းနာကျင်နေမှုတွေ များနေရတာကြောင့် ဘာစကားမှလည်း မပြောချင်ပေ။

ရှောင်တဲ့အနေဖြင့် အိပ်ခန်းထဲသာ တန်းဝင်လာခဲ့လိုက်သည်။ မျက်စိကိုမှိတ်ကာ ဖြစ်ပျက်ခဲ့တဲ့ ကိုယ့်ဘဝ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတွေးနေဆဲ ဖြူန်းကနဲ ပါးပြင်နှစ်ဘက် ပူထူရှိန်းစပ်သွားရလေသည်။ လန့်ပြီးတုန်လှုပ်သွားရတာကြောင့် လက်နှစ်ဘက်နဲ့အုပ်ကိုင်ကာထားမိသည်။

ဒါ တမင်သက်သက် စော်ကားရန်စခံလိုက်ရတာ ဖြစ်သည်။ 'နေလွှာ' ရဲ့အဆိပ်ပြင်းသော လုပ်ကြံမှုကို သူ ခံစားလိုက်ရတာ။

"မှတ်ပြီလား... အကျင့်မကောင်းတဲ့ ရှင့်လိုယောကျ်ားအတွက်ဆုံးမပေးတာလေ... ရည်းစားဟောင်း ငယ်ကျွမ်းဆွေနဲ့ပြန်တွေ့ခဲ့ရလို့ ဖီးလ်တက်နေတယ် မဟုတ်လား... ရှင့်လိုလူကိုနတ်နတ်စင်းပစ်ချင်တယ်သိလား... ကဲ ကဲ"

မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ရန်လိုစွာကြည့်ပြီး ကျားသစ်မတစ်ကောင်လို 'နေလွှာ' က သူ့အပေါ်ခုန်အုပ်ပြီးကုတ်ခြစ်လေသည်။ သူ့ခန္ဓာကိုယ်အနှံ့မခံမရပ်နိုင်အောင် နာကျင်စပ်ဖြင်းလာရတာကြောင့် ဒေါသနဲ့ 'နေလွှာ့'အားဆောင့်တွန်းပစ်လိုက်မိပါသည်။

ကိုယ့်အသားကိုနာကျင်အောင် တမင်ရန်စစော်ကားနေမှ တော့ ဘယ်သူကသည်းခံနိုင်တော့မှာလဲ။

"လူယုတ်မာ... သူကလည်းမှားသေး သူကပဲနာကျင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပြန်လုပ်တယ်... ရှင့်လိုလူကို မပေါင်းဘူး... ကွာမယ် သိရဲ့လား"

"ကွာပေါ့ကွာ... ဘာလုပ်ရမှာလဲ... ငါကလည်း မင်းလို နေရာတကာလိုက်ချုပ်ချယ်ပြီး အမိန့်ပေးအတွက်ကြီးနေတဲ့ မိန်းမမျိုးကိုပေါင်းချင်လွန်းလို့"

"သိပြီးသား... ရှင့်စိတ်ဓာတ်ကို သိနေပြီးသား... တရားဝင်ယူထားတဲ့ မိန်းမကိုကျတော့ ဂရုမစိုက် မချစ်မနှစ်သက်ဘဲ အဝေးကလူကိုကျတော့ တမ်းတမျှော်မှန်းနေတဲ့သူ... ဖောက်ပြန်ရေးလူ"

"တော်တော့နော်... မဟုတ်တာတွေ မပြောနဲ့... "

"ဘာတော်ရမှာလဲ...တော်ရမှာလဲ... ရှင့်ကိုမေးမယ် ကျွန်မကိုရှင်ချစ်သလားပြော... ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းကိုရှင် ပြောဘူးခဲ့သလား"

"ပြောစရာလိုသေးလို့လား ... အိမ်ထောင်သက်ပဲကြာနေပြီ ဒီအချစ်က ဘာလုပ်ရမှာလဲ... အချစ်ထက်ပိုခိုင်မြဲတဲ့ အရာက သံယောဇဉ်ဆိုတာ မှတ်ထား"

"ဘာသံယောဇဉ်လဲ... ဘာသံယောဇဉ်မှ မလိုချင်ဘူး... ရှင့်ကို မုန်းတယ် မုန်းတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



မခံချင်တဲ့စိတ်တွေဖြင့် 'နေလွှာ' က သူ့အား နဘမ်းဝင်လုံးပြန်သည်။ သူမ လက်သည်းရှည်တွေနဲ့ ကုတ်ခြစ်၏။ သူ့လည်ပင်းက ဆွဲကြိုးလည်းပြုတ်ထွက်သွားပါသည်။ ဒီတိုက်ခန်းထဲမှာ နှစ်ယောက်အတူ ရှိနေလို့ကတော့ 'နေလွှာ' နှိပ်စက်တာနဲ့ သူ သေသွားနိုင်ပါသည်။

ထွက်ပေါက်ရအောင် 'နေလွှာ့' အား ခွန်အားနဲ့ သူ ခပ်ဝေးဝေးလွင့်သွားနိုင်တဲ့အထိ ဆောင့်တွန်းထည့်ပစ်လိုက်သည်။ ပြီးတာနဲ့ ကိုယ်လွတ်ရုန်းကာ သူ ပြေးထွက်ခဲ့လိုက်ပါသည်။ ခြေဦးတည့်ရာ သူ လျှောက်သွားမည်။ဒီအိမ်ကိုတော့ သူ ပြန်လာချင်စိတ် မရှိတော့ချေ။ အလိုရမ္မက်ကြီးလှသော 'နေလွှာ' လိုမိန်းမမျိုးကို သူ ထိတ်လန့်နေမိပါသည်။

ခြစ်ရာ၊အစင်းရာ ဒဏ်ချက်တွေဖြင့် မြင်မကောင်းသောသူ့မျက်နှာ၊ သူ့ခန္ဓာကိုယ်ကိုကြည့်ပြီး လူတချို့စူးစမ်းကြလေသည်။ ဒီလိုပုံစံအခြေအနေမျိုးနဲ့ သူ ဘယ်ကိုသွားရမလဲ။ဦးလေးဆီကိုလည်း မသွားချင်ပါ။ဖြစ်ပျက်တာတွေကို ပြောပြရမှာရှက်သည်။

ရင်ဖွင့်စရာလူကလည်း မရှိတာမို့ 'ကောင်လေး' ရင်ထဲမွန်းကြပ်ပိတ်လှောင်ပြီး ငိုချင်စိတ်ပြင်းပြလာခဲ့ရပါသည်။သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ထွက်ပေါက်ဆိုတာ မရှိတော့ဘူးလားမသိ။ 'မေ' နဲ့ပတ်သက်လို့ အပြစ်မကင်းသော သူ့ရဲ့တစ်ကိုယ်ကောင်းဆန်ဆန်ဆုံးဖြတ်မှုအတွက် ရင်နာစိတ်မကောင်း ဖြစ်နေမိသေးသည်။

ပြီးတော့ သူ့ရဲ့ရင်သွေး။ 'မေ့' ရဲ့ကလေးဟာ သူ့သွေးသားပါလို့ ပြောစရာ၊မေးစရာမလိုဘဲနဲ့ အလိုလိုသိလာခဲ့ရပြီ။ ဒီကလေးအတွက် အဖေတစ်ယောက်အနေနဲ့ သူ ဘာတာဝန်တွေများကျေခဲ့ပါသလဲ။ သောကအတွေးတွေနဲ့ တစ်နေကုန်တစ်နေခန်း ခြေဦးတည့်ရာ သူ လျှောက်သွားနေမိပါသည်။ ညဘက်မိုးချုပ်တဲ့ အခါမှာ ကြုံရာတည်းခိုခန်းတစ်ခုတွင် သူ အိပ်ပစ်လိုက်ပါသည်။

အိပ်ကပ်ထဲမှာပါလာတဲ့ ပိုက်ဆံကုန်တဲ့အထိ နှစ်ရက်သုံးရက်လောက် သူ့ဘဝကို ဖြစ်ချင်တာဖြစ် လေပစ်လိုက်မိပါသည်။လေနေလို့လည်း ပြင်မရတဲ့အမှားတွေက အမှန် ပြန်ဖြစ်မလာတာကြောင့် စိတ်ကိုအတတ်နိုင်ဆုံး ဖြေသိမ့်လျှော့ချပြီး 'နေလွှဲ' ဆီ ပြန်သွားဖို့ ဆုံးဖြတ်လိုက်မိသည်။

တည်ဆောက်ပြီးသား အိမ်ထောင်တစ်ခုကို လွယ်လွယ်ကလေးနဲ့ သူ မဖြိုမဖျက်ရက်ပါ။ 'နေလွှာ' ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို သူ့ကြောင့် ဒဏ်ရာတွေမဖြစ်စေချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်အနေနဲ့ 'နေလွှဲ' အား ချော့ရမှာ၊ တောင်းပန်ရမှာ သူ့တာဝန်သာဖြစ်တော့သည်။ကျန်တဲ့အပိုင်းတွေကို သူ ဘာမှမစဉ်းစားချင်တော့ပေ။ သည်းခံအလျှော့ပေးမယ်ဆိုတဲ့စိတ်ဖြင့် 'ကောင်လေး' အိမ်သို့ ပြန်လာခဲ့လိုက်ပါသည်။ အိမ်တံခါးက သော့ခတ်ထားသည်။

ခတ်ထားတဲ့သော့ကို ဖျက်ပြီး သူ အခန်းထဲရောက် အောင်ဝင်ခဲ့လိုက်၏။ မြင်လိုက်ရတဲ့ အခန်းတွင်းရှိမြင်ကွင်းက ဖြစ်ချင်တိုင်းဖြစ်ကာ ရှုပ်ပွလို့နေရသည်။ သူ့အဝတ်အစားတွေကို နေရာအနှံ့တမင်ပွစာတက်အောင် လျှောက်ပစ်ထားသည်။ တီဗွီမရှိ၊ရေခဲသေတ္တာမရှိ၊ အဝတ်လျှော်စက်လည်း မရှိ၊ ပိုက်ဆံတွေထည့်ထားသော ဘီရိုပုလေးကအစ တန်ဘိုးရှိတဲ့ ပစ္စည်းပစ္စယမှန်သမျှအဆုံး ဘာတစ်ခုမှ မရှိတော့ချေ။ လုပ်ရက်လိုက်တာ။

သည်းခံမယ်ဆိုတဲ့အတွေးတွေ လွင့်ပျောက်သွားရကာ ဒေါသဖြင့် လူကတုန်ရီလာရသည်။ ရှိသမျှပစ္စည်း အကုန်သယ်သွားတာပါလား။'ကောင်လေး'အားခြေသလုံးအိမ်တိုင်ဘဝ မျိုးဖြစ်အောင် တမင်လုပ်သွားခဲ့တာ။ အိမ်ပေါ်ကဆင်းချင်ရင် သူမ တစ်ယောက်တည်းဆင်းသွားပါတော့လား။ရှိသမျှပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ သယ်သွားတာဘာ သဘောနည်း။'နေလွှာ' ရဲ့မိဘတွေအိမ် လိုက်သွားဖို့အပြင် အခန်းဝသို့ ရပ်ကွက်လူကြီး တချို့ ရောက် လာကြလေသည်။

"ဒီအခန်းနဲ့ပတ်သက်ပြီး 'နေလွှာ' ဆိုတဲ့ကလေးမက ဦးတို့ ရုံးခန်းမှာတိုင်ချက်ဖွင့်ထားတယ်ကွ... မင်းတို့လင်မယား နှစ်ယောက်အဆင်ပြေအောင်ညှိလို့မရမချင်း ဒီအိမ်မှာဘယ် သူမှနေခွင့် မရှိစေချင်ဘူးတဲ့... လင်မယားနှစ်ယောက်ပိုင် တိုက် ခန်းဆိုတော့ နှစ်ယောက်သဘောညီမှဖြစ်မှာပေါ့ကွာ ... ဦးတို့ အနေနဲ့လည်းစိတ်မကောင်းပါဘူး... တိုင်ချက်ဖွင့်ထားတယ်ဆို တော့လည်း တာဝန်အရပြောရတာ... လင်မယားချင်း အရင်ညှိ လိုက်ပါ"

"ဒါဆို ဒီတိုက်ခန်းမှာ ကျွန်တော်နေလို့မရဘူးဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်... တာဝန်အရ ဦးလေးတို့က လာပြောရ တာ"

ရက်စက်လှသော 'နေလွှာ' ရဲ့လုပ်ရပ်အတွက် ရပ်ကွက် လူကြီးတွေရှေ့မှာ သူအတော်ရှက်သွားရလေသည်။ ဒီတိုက် ခန်းမှာနေချင်တာတစ်ခုတည်းနဲ့ သူပြိုင်ပြီး ဇွတ်ငြင်းမနေချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။

ဖြစ်နေတဲ့ကိစ္စကိုက ကာယကံရှင်ခြင်းပဲ မျက်နှာချင်းဆိုင်သူ ဖြေရှင်းကြည့်ချင်သည်။ ခေါင်းကို ညိတ်ပြကာ သူ ထွက်ခဲ့လိုက်ပါသည်။ လက်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှ မရှိတော့။

တက်စီတစ်စီးငှားကာ ရွှေဆိုင်သွားပြီး သူ့လက်မှာဝတ်ထားတဲ့ လက်စွပ်ကိုချွတ် ရောင်းပစ်လိုက်သည်။ သူ့ ဆွဲကြိုးအပြတ်ကိုလည်း 'နေလွှာ' ဆိုတဲ့ မိန်းမကောက်ယူသွားမှာပေါ့။ ဈေးကို လိုက်သွားတော့ ဆိုင်က ပိတ်ထားသည်။ သေချာပါပြီ သူ့အမေ အိမ်မှာပဲ ရှိရမည်။ ဒေါသဖြစ်နေတာကြောင့် အခန်းတံခါးကို ခပ်ပြင်းပြင်းပဲ ထုခေါက်လိုက်မိသည်။ ရိုင်းတယ်ထင်ရင်လည်းမတတ်နိုင်။

တံခါးလာဖွင့်တဲ့သူက 'ဒေါ်ဝတ်လွှာ' ဖြစ်နေသည်။ သမီးရဲ့သောကတွေနဲ့ 'ဒေါ်ဝတ်လွှာ' တစ်ယောက်ရုံးပင်မတက်နိုင်ချေ။

"ရိုင်းလှချည်လား... ငါတို့အိမ်ကို နင်တို့တောလိုအောင်းမေ့ပြီး ဗရုန်းသုန်းကား လာလုပ်နေတာလား... ပြောစမ်း... တောသားကောင်"

'ကောင်လေး' ရင်ထဲတင်းသွားပေမယ့် သည်းခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဆိုင်တဲ့သူဆီမှာ သူ့ရဲ့ဒေါသတွေကို မဖွင့်ချချင်ပါ။

"ကျွန်တော် 'နေလွှာ' နဲ့ တွေ့ချင်တယ်... သူ့ကိုခေါ်ပေးပါ... သူနဲ့ကျွန်တော်နဲ့ ရှင်းစရာရှိတယ်"

"ဘာရှင်းစရာလဲ... မင်းနဲ့ငါ့သမီးကြားမှာ ရှင်းစရာရှိတာဆိုလို့ ကွာရှင်းစာချုပ်မှာ ဆိုင်းထိုးဖို့ပဲရှိတယ်... ကျန်တဲ့ကိစ္စဘာမှမရှိဘူး... ပြီးတော့ ဆိုင်ခန်းနဲ့ပတ်သက်ပြီး ပစ္စည်းတွေကိုလည်း တစ်ဝက်ခွဲရမယ်... တိုက်ခန်းကိုလည်း ရောင်းပစ်မယ်... ကားလည်းရောင်းမယ်"

"ခင်ဗျားတို့ ပစ္စည်းဥစ္စာတော်တော်မက်မောကြပါလား.. ခွဲတဲ့အထဲမှာ ခင်ဗျားသမီးကို ဆင်ထားတဲ့ ကိုယ်ပေါ်က ရွှေတွေကိုလည်း တစ်ဝက်ခွဲဖို့ မမေ့စေနဲ့... သိပ်လူပါးဝလွန်းတယ်"

"လူပါးဝတာငါတို့မဟုတ်ဘူး... နင်... နင်... မိန်းမယူထားပြီး တခြားမိန်းမနဲ့ ဖောက်ပြန်နေတာ ငါ့သမီးမှာ ဘာ အပြစ်မှမရှိဘူး... မင်းသာ သောက်ကျင့်မကောင်းတဲ့ကောင်... မိမဆုံးမ... ဖမဆုံးမကောင်... အမျိုးယုတ်... တောသား"

"ဟာ... ခင်ဗျား... ခင်ဗျား"

'ဒေါ်ဝတ်လွှာ' ရဲ့စကားတွေက အရိုက်ကိုထိသွားတာကြောင့် သူ စိတ်ကို မထိန်းနိုင်ဘဲ တွန်းထည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အမျိုးယုတ်တာ ကျွန်တော်တို့မဟုတ်ဘူး... ခင်ဗျားတို့ အသိုင်းအဝိုင်း နားလည်ရဲ့လား... သမီးတစ်ယောက်ကိုတောင် မိန်းမပီသအောင်လို့ မသင်ပေးနိုင်တဲ့ အမေမျိုး ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်... မိန်းမ မပီသတဲ့အပြင်ကလေးမွေးပေးဖို့လည်း အဖြစ်မရှိဘူး... ဆေးစစ်ချက်မအောင်တာကို ဖွက်ထားတာ မသိဘူးထင်မနေနဲ့... သနားလို့ မသိဟန်ဆောင်ပေးနေတာ... ခင်ဗျားသမီးကမှ ဘာဆိုဘာမှ အသုံးမကျတဲ့ အလကားမိန်းမ”

မကျေနပ်ချက်တွေ ပေါက်ကွဲကာ ‘ကောင်လေး’ အသံက အကျယ်ကြီး ဖြစ်နေခဲ့ပါသည်။ ‘ကောင်လေး’ ရဲ့ အော်သံတွေကိုကြားပြီး ‘နေလွှာ’ တစ်ယောက် အရှက်ကြီးရှက်သွားပုံရသည်။ အခန်းတွင်းကနေ လျှင်မြန်လှသော အရှိန်ဖြင့် ပြေးထွက်လာပြီး ‘ကောင်လေး’ အား မာကြောသော အရာတစ်ခုနဲ့ ရိုက်ချလိုက်ပါသည်။

ခေါင်းက စူးကနဲ နာကျင်အောင့်မျက်သွားရကာ မူးသွားရလေသည်။ သွေးတွေ ဖြာကနဲကျလာခဲ့ရသည်။ ‘နေလွှာ့’လက်ထဲမှာ ကိုင်ထားတာက တစ်တောင်ခန့်ရှည်သည့် သနပ်ခါးတုံးဖြစ်နေ၏။

“မင်း... မင်း... ငါ့ကို ရိုက်ရဲတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်တယ်... ရိုက်တယ်... ရိုက်ရုံတင်မဟုတ်ဘူး... ဖောက်ပြန်တတ်တဲ့ ရှင်တို့ နှစ်ယောက်စလုံးကိုပါသတ်ပစ်အုံးမယ်ဆိုတာမှတ်ထား... ကလေးမွေးပေးဖို့ ကျွန်မအသုံးမကျပေမယ့် လူသတ်ဖို့တော့ အသုံးကျတယ်ဆိုတာ ရှင်သိစေရမယ်... ရှင်ကော... 'မေ' ဆိုတဲ့ ကောင်မရော သေစေရမယ်"

"'မေ' နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်... ကျွန်မဘဝကို စိတ်ဆင်းရဲအောင်လုပ်တာ အညွန့်ကျိုးအောင်လုပ်တာ... ရှင်နဲ့ 'မေ' ဆိုတဲ့ကောင်မပဲ...ရှင်တို့ နှစ်ယောက်စလုံးရဲ့ ဘဝပျက်မှ ကျွန်မ ကျေနပ်မယ်ဆိုတာ အောင်းမေ့ထား... ရှင့်ကောင်မနေတဲ့ နေရာကို ကျွန်မ စုံစမ်းပြီးပြီ"

"'မေ့' ကိုမင်းဘာပြဿနာမှ သွားရှာစရာမလိုဘူး... 'မေ့' မှာဘာအပြစ်မှ ရှိတာမဟုတ်ဘူး"

"ရှင် ကာကွယ်ပြောပေးနေစရာမလိုဘူး... ကျွန်မစိတ်နဲ့ ကျွန်မကိုယ်"

"လုပ်ကြည့်လေ... ငါပြောနေတဲ့ကြားက မင်းရှေ့ခွတ်တိုးရင် ငါ့အဆိုးမဆိုနဲ့"

ခေါင်းကွဲတဲ့ဒဏ်ရာက သွေးထွက်လွန်မှာစိုးတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' အမြန်ပြန်ဖို့ဆုံးဖြတ်မိသည်။ သူ မပြန်ခင် 'နေ လွှာ' က ရှေ့ကနေအရင် ပြေးထွက်သွားခဲ့ပါသည်။

"ခုချက်ချင်း ရှင့်ကောင်မကို သွားသတ်ပြမယ်… ပြီးမှ ရှင့်အလှည့်… 'နေလွှာ' တို့ကအရှုံးပေးကျန်ရစ်ခဲ့မယ့် မိန်းမ စားမျိုးထဲမှာမပါဘူး"

ဟု အော်ဟစ်၍ ကမူးရှူးထိုး ပြေးဆင်းသွားလေသည်။

" 'နေလွှာ'… ဟဲ့သမီး ပြန်လာခဲ့ ဒုက္ခပါပဲ… ကားမောင်း တာလည်း မကျွမ်းကျင်သေးဘဲနဲ့… မင်းဘာကြောင်နေတာ လဲ… အမြန်လိုက်လေ"

'ကောင်လေး' ပြေးလိုက်ပေမယ့် မမီတော့ချေ။ 'နေလွှာ' ကကားကို ဒရောသောပါး အရှိန်မြန်မြန်နဲ့ မောင်းထွက်သွားခဲ့ ပါသည်။တဖြောင့်တည်းမဟုတ်သော ကားရဲ့ဦးတည်ရာကို ကြည့်ပြီး 'နေလွှာ' အတွက်စိုးရိမ်မိ၏။ အလုပ်သင့်ဆုံးကတော့ 'မေ့' အိမ်ကို သူ ချက်ချင်းလိုက်သွားဖို့ပဲ ဖြစ်သည်။ ခေါင်းက ဒဏ်ရာကိုလက်ဖြင့်အုပ်ပြီး အငှားကားတစ်စီးဖြင့် သူ လိုက်ရ လေသည်။

'မေ့' တိုက်ခန်းကိုရောက်တော့ တံခါးကစေ့ပိတ်ထား လျက်ရှိသည်။ 'နေလွှာ' များအခန်းထဲရောက်နေပြီလားမပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်။စိတ်လောကြီးနေတာကြောင့် အိမ်ကကား ရှိ, မရှိဆိုတာကိုတောင် မကြည့်ဖြစ်ခဲ့ချေ။ တံခါးဖွင့်တာနဲ့ သူ ကမူးရှူးထိုးဝင်ခဲ့လိုက်ပါသည်။ 'မေ' က သူ့ပုံစံကိုကြည့်ပြီး အလန့်တကြားအော်သည်။

" 'ကောင်လေး' ဘာဖြစ်လာတာလဲ... တစ်ကိုယ်လုံးလည်း သွေးတွေရွှဲလို့... ဆေးခန်းသွားလေ ဒုက္ခပါပဲ သေတော့မှာပဲ စိတ်ညစ်လိုက်တာ"

" 'နေလွှာ' 'နေလွှာ' ရောက်လာလား... နင့်ဆီကို 'နေလွှာ' ရောက်လာလား"

" 'နေလွှာ' ဆိုတာ ဘယ်သူလဲ"

" ငါ့မိန်းမကိုပြောတာ ... သူ နင့်ဆီရောက်လာလား"

" ကျွတ် ဘာဆိုင်လို့ ငါ့ဆီရောက်လာရမှာလဲ... ရှုပ်နေတာပဲဟာ... နင့်ခေါင်းက ဒဏ်ရာက..."

"ငါနဲ့ရန်ဖြစ်ပြီး သူ ရိုက်ထည့်လိုက်တာ... နင့်ဆီလာပြီး ပြဿနာရှာမယ်လုပ်နေလို့ ငါအမီလိုက်လာခဲ့တာ"

" သူလာတာ မလာတာနောက်ထား...အခုချက်ချင်းဆေးခန်းသွားမှဖြစ်မယ်... ကြာရင် နင်သေသွားလိမ့်မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူးဟာ... နင့်ကို ငါစိတ်မချဘူး... ငါဖြစ်ချင်တာ ဖြစ်ရတယ်... သေသွားလည်း အေးတာပဲ... အခု နင့်အနားမှာပဲ စောင့်နေမယ်"

"မရဘူး မရဘူး... နင့်ကို ငါကိုယ်တိုင်ပဲ ဆေးခန်းလိုက်ပို့ပေးတော့မယ်... တော်တော် ဒုက္ခပေးတဲ့သူ... နင့်ကြောင့်ငါ သေပဲသေလိုက်ချင်တော့တယ် သိလား"

'မေ' တို့အိမ်မှာ 'ဒေါ်မြခက်' တစ်ယောက်ပဲရှိနေပါသည်။

'ဒေါ်မြခက်' က 'ကောင်လေး' ကိုကြည့်ပြီး ဘာမှမပြောတတ်သလို မျက်နှာပျက်ပျက်နဲ့ရှိနေ၏။

"အမေ 'ကောင်လေး' ကို ဆေးခန်းလိုက်ပို့လိုက်အုံး မယ် မပို့လို့လည်း မဖြစ်ဘူး... မြင်တဲ့အတိုင်းပဲ သမီးတော့သူနဲ့ ပတ်သက်ပြီး ဘယ်တော့မှဝဋ်ကြွေး မကုန်တော့ဘူးနဲ့တူပါတယ်"

ဆေးခန်းက 'မေ' တို့ လမ်းထိပ်နားမှာပဲ ရှိနေတာကြောင့် သိပ်ပြီး ဝေးဝေးသွားစရာမလိုလိုက်ပေ။ သွေးတွေစွန်းထင်းပေကျံနေသော သူ့ကိုကြည့်ပြီး 'မေ့' မျက်လုံးမှာ မျက်ရည်တွေဝဲနေရပါသည်။ တစ်ယောက်နဲ့တစ်ယောက် စကား



www.burmeseclassic.com

www.burmeseclassic.com



တွေအများကြီးပြောချင်ပေမယ့် ပြောမထွက်ကြချေ။

"နင့်ကို ငါဘယ်ပြန်ပို့ပေးရမလဲ"

ဟု မေးလာတဲ့ 'မေ့' အသံတွေက တုန်ရီလို့နေသည်။

"ငါ မပြန်သေးဘူး... ညနေလောက်အထိ နင့်ကို ငါ စောင့်ပေးမယ်"

"မလိုပါဘူး... ငါ ဘယ်သူကိုမှ မကြောက်ဘူး... အရက်ကွဲတာတို့ ပြဿနာဖြစ်တာမျိုးလောက်ကတော့ ငါ့အတွက် စာဖွဲ့လောက်မယ်မထင်တော့ပါဘူး...အဖေမရှိတဲ့ ကလေးတစ်ယောက်ကိုတောင် ငါ သတ္တိရှိ,ရှိ မွေးခဲ့သေးတာပဲ... ငါ့အတွက် နင်မပူနဲ့"

'ကောင်လေး' ရင်ထဲ နင့်သွားရပါသည်။ 'မေ့' ကိုအရမ်းသနားမိသည်။ ဒါပေမယ့် သူ့ဘဝက 'မေ' နဲ့ပတ်သက်ဖို့အခွင့်အရေးရှိမနေသေးပါ။

"နင့်အိမ်ပေါ်ထိ ငါ မလိုက်ပါဘူး... ဒါပေမယ့် နင့်တိုက်လှေကားဝမှာပဲဖြစ်ဖြစ် ငါ စောင့်နေပေးပါရစေ... 'နေလွှာ' ရောက်မလာတော့လည်း ငါ့ဖါသာ ပြန်သွားပါ့မယ်"

"ဟင့်အင်း မစောင့်နဲ့ရတယ်... နင် ဘာကိုပူပင်နေတာလဲ... နင်ငါ့ကို ပစ်ထားခဲ့တုန်းက ခုလိုမျိုးပူပင်တဲ့ စိတ်ခတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေဘယ်ရောက်နေသလဲ ပြော... အချိန်တွေအများကြီးကြာတဲ့ အချိန်ကျမှတော့ အပိုစကားတွေနဲ့ လာလုပ်မနေနဲ့... ငါ့ဘဝ ငါအကောင်းဆုံး ဖန်တီးနေနိုင်ပြီ"

"ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ ငါ မှားတယ်ပဲထားပါတော့"

"ထားပါလုပ်လို့ မရဘူး... နင် မှားကိုမှားခဲ့တာ... အို ဒါတွေပြန်ပြောနေလို့ အကြောင်းမထူးဘူး... နင့်ကို ဘယ်ပြန်ပို့ပေးရမလဲ ငါ့ကိုပြော... နင့် အိမ်ဘယ်မှာလဲ"

" ငါ့မှာ နေစရာမရှိဘူး"

"ဘာပြောတယ်..."

"ဟုတ်တယ် ...'နေလွှာ' က ငါနဲ့ကွာမယ်ဆိုပြီးနေတဲ့ တိုက်ခန်းကို အမှုဖွင့်ထားတယ် လင်မယားနှစ်ယောက်ပိုင်တိုက်ခန်းဆိုတော့ ကိစ္စတွေရှင်းလို့မပြီးမချင်း ငါ အဲဒီတိုက်ခန်းမှာ နေလို့မရဘူး"

"ဒါဆို နင် ဘယ်မှာနေမှာလဲ"

"မသိဘူးဟာ... နင် ပို့ပေးချင်တဲ့နေရာသာပို့ပေးခဲ့တော့ နင် ပို့ပေးတဲ့နေရာမှာ ငါ နေခဲ့မယ်"

"အဓိပ္ပါယ်မရှိတဲ့ စကားတွေမပြောနဲ့ဟာ... နင့် ဦးလေး ရှိတယ် မဟုတ်လား... သူ့ဆီသွားမလား"



www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်ဘူး..."

"ဒါဖြင့် ငါကဘာလုပ်ပေးရမှာလဲ"

'မေ' က ကားကိုဆောင့်ရပ်ပစ်လိုက်ပါသည်။ အပြစ်ရှိနေတာကြောင့် 'မေ့' ကိုရင်ဆိုင်ပြီး သူ မကြည့်ရဲချေ။ ဆုံးဖြတ်ချက်တစ်ခုတော့ သူ မြန်မြန်ချရပါမည်။ သူ့ရင်ထဲမှာ 'မေ' နဲ့ပတ်သက်ပြီး သိချင်နေတဲ့ကိစ္စ တစ်ခုရှိနေရသည်။ အဲ့ဒီကိစ္စအတွက် အမေတို့ဆီ သူ သွားမှပဲဖြစ်ပါမည်။

"ငါ့ကို သဘော်ဆိပ်ပို့ပေး... မြို့ကိုပဲ ပြန်တော့မယ်"

"ဘာကိစ္စလဲ..."

"မေးစရာလေးရှိလို့..."

"မြို့ကိုပြန်မှာ သေချာတယ်နော်... နင် ငါ့ကိုမလိမ်နဲ့ သွားချင်ရာသွားမယ် ဆိုတာမျိုးကိုတော့ ပေးမသွားနိုင်ဘူး"

"သေချာပါတယ်ဟာ..."

"ဒါဆိုလည်း ပြီးရော"

'မေ' ကသဘော်ဆိပ်ကို လိုက်ပို့ပေးပါသည်။ညနေသဘော်ပဲရှိတော့တာမို့ သဘော်မထွက်မချင်း 'မေ' ကစောင့်နေပေးပါသည်။ နှစ်ယောက်သား နီးနီးကပ်ကပ်အတူရှိနေပေမယ့် ဘာစကားတစ်ခွန်းမှ မပြောဖြစ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း အစိပ္ပါယ်မရှိရေပြင်ကြီးကိုသာ ငေးကြည့်နေမိကြသည်။

"နင် အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား 'မေ' ... နင့်ဘဝအတွက် အားကိုးအားထားပြုရမယ့် ယောကျ်ားတစ်ယောက်တော့ နင့်ဘေးနားမှာ ရှိနေသင့်တယ်"

ဟု သူ ပြောတော့ 'မေ' ကခေါင်းခါသည်။

"တစ်ယောက်တည်းနဲ့တင် ငါ လန့်သွားပြီ... ပြီးတော့ ငါ့သားကို ဘယ်ပထွေးလက်ထဲမှ မထည့်ချင်ဘူး"

"နင် ငါ့ကိုစိတ်မနာဘူးလား"

"အို စိတ်နာယုံတင်ဘယ်ကမလဲ... သတ်တောင်သတ်ပစ်ချင်တာ... ဒါပေမယ့်လည်း အချိန်ကြာလာတာနဲ့အမျှ နင့်ကိုငါ နားလည်ပေးလို့ရတယ်... ငါတို့နှစ်ယောက်ကံကိုက ဒီလိုမျိုးဖြစ်ဖို့ပါလာတာကို... မဖြစ်ချင်းဘဲ ဖြစ်ခဲ့ရတဲ့ကိစ္စတွေချည်းပဲလေ"

" သားကရော... သူ့အဖေ ဘယ်သူဆိုတာကို သိသလား"

"သိတာပေါ့... မမြင်ဘူးသေးတာပဲရှိတာ...တော်ပြီ တော်ပြီ ဒီအကြောင်းတွေ ဆက်မပြောတာပဲကောင်းတယ်...



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ် နင်တက်တော့ ... ငါလည်းပြန်တော့မယ်”

‘မေ့’ ရဲ့ စကားအတိုင်း သူ သင်္ဘောပေါ်တက်ခဲ့လိုက်ပါသည်။ ‘မေ’ နဲ့ဒီလောက်အကြာကြီး အချိန်ဖြုန်းလိုက်မှတော့ ‘နေ လွှာ’ တစ်ယောက် အိမ်လိုက်သွားလည်း မတွေ့နိုင်တော့။ ‘နေလွှာ့’ အကြောင်း စဉ်းစားလိုက်ရင် စိတ်ရှုပ်ပြီး ရင်မောရတာပဲ အဖတ်တင်လေသည်။

သူ့အိမ်ထောင်ရေးကို အဖေနဲ့အမေ ဘယ်လိုဆုံးဖြတ်ပေးမှာပါလိမ့်။ သူ ကတော့ ‘နေလွှာ’ နဲ့ပတ်သက်၍ စိတ်ဒုက္ခခံစားရတာတွေအကုန်လုံးကို ဖွင့်ဟပြောပြပြီး တိုင်တည်ရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်တာအေ ကြည့်စမ်းပါအုံး... ယောကျာ်းဖြစ်ပြီး နင်မို့လို့ ဒီလိုမျိုးငြိမ်ခံလာခဲ့တယ်... ကိုယ့်မှာလည်းဆွေမျိုးမရှိတာလည်း မဟုတ်ဘဲနဲ့... ကိုယ့်ဦးလေးဆီ ကိုယ်သွားပါလား"

'ကောင်လေး' ပုံစံကိုကြည့်ပြီး အမေမျက်ရည်ကျလေသည်။ အကောင်းဆုံးဖြစ်မယ်ထင်ပြီး စီမံပေးလိုက်တဲ့ အိမ်ထောင်ရေးက စိတ်သောကတွေနဲ့ ကြုံတွေ့ရင်ဆိုင်နေရတာ ကောင်းတဲ့အလုပ်လား။ 'ကောင်လေး' ရင်ထဲမှာ ဒဏ်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရယုံတင်မက လူမြင်ရတဲ့ခန္ဓာကိုယ်မှာပါ ဒဏ်ရာတွေဗလပွ ဖြစ်နေရပါသည်။

အဖေပုံစံကလည်း စိတ်မချမ်းမြေ့သလို ငိုင်တွေကာနေ၏။

“ ‘နေလွှဲ့’ ကို ကျွန်တော်တွေ့ရမှာလန့်နေပြီ... သူ့ရဲ့တစ်ကိုယ်ကောင်းဆန်ဆန် စွပ်စွဲချက်တွေကို မခံစားနိုင်တော့ဘူး”

ဟု မျက်ရည်ဝဲဝဲနဲ့ သူ ပြောတော့...

“ဟင်း အမေတို့ ဝဋ်လည်ပြီနဲ့တူပါတယ်...‘မေ့’ ကိုနှိပ်စက်ခဲ့သမျှ လှည့်စားခဲ့သမျှ ပြန်ခံစားရတာနဲ့တူတယ်... ‘မေ’ တို့သားအမိဘယ်လိုများ ရန်းကန်နေကြသလဲ မသိဘူး...အမေတို့မိသားစုကို အတော်စိတ်နာပြီး မုန်းတီးသွားကြမှာပဲ”

“ကျွန်တော် တစ်ခုမေးအုံးမယ် အမေ... ‘မေ’ နဲ့ ‘လေအိုး’ နဲ့ကိစ္စ တကယ်ပဲဖြစ်ခဲ့တာလား... ကျွန်တော်ကတော့ မယုံချင်ဘူး”

ခုလက်ရှိနေထိုင်နေတဲ့ ‘မေ့’ ရဲ့ဘဝအခြေအနေကို သိနေတာကြောင့် သူ မေးလိုက်ခြင်းဖြစ်သည်။ ‘မေ’ နဲ့ပတ်သက်ပြီး သူ မသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုခု အမေ့မှာ ရှိနေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်တော့ပါဘူး... ဖြစ်ပြီးခဲ့တာတွေလည်း ကြာနေပြီ ပဲဥစ္စာ"

"ကျွန်တော် သိချင်တယ်အမေ..."

"သိတော့ကော ဘာထူးမှာမို့လို့လဲ..."

"မထူးပေမယ့် အဖြစ်မှန်ကိုသိထားတော့ ကျွန်တော့် အတွက် နောက်ထပ်အမှားဆိုတာ မကြုံတော့ဘူးပေါ့"

အမေက သက်ပြင်းကိုအရင်ချသည်။

"အမှန်တော့ 'လေအိုး' နဲ့ 'မေ' ဘာဆိုဘာမှ မဖြစ်ပါ ဘူး... သူတို့နှစ်ယောက်စလုံး ရိုးသားကြပါတယ်...သား အထင်လွဲအောင်လို့ အမေတို့အကွက်ဆင်ပြီး 'မေ့' ကို ခေါ်ခဲ့ တာ... 'သီဟန့်' ကို သားလက်ရေးနဲ့တူအောင် စာတစ်စောင် ရေးခိုင်းပြီး ညဘက်ကြီး 'မေ့' ကိုမျှားခေါ်ခဲ့တာ... 'လေအိုး' ကတွေ့ပြီးစိုးရိမ်လို့ သူ့အခန်းထဲ ထည့်ဖွက်ပေးထားတုန်း အမေတို့ဖမ်းလိုက်ကြတာလေ"

"ရက်စက်လိုက်တာ အမေရာ..."

ဘာအပြစ်မှ မရှိတဲ့ 'မေ့' ရဲ့ဘဝကို သူ ဖျက်ဆီးမိခဲ့ပါ လား။ သူ့အမှားကို ပြန်ပြင်ဆင်ဖို့အတွက် 'မေ' နဲ့ သူ့အကြား က နီးစပ်နိုင်မှုက ဟိုးအဝေးကြီးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေသိမ့်နိုင်စရာ တစ်ခုကတော့ 'မြခက်' ဆီမှာ အမေတို့ ပေးထားတဲ့ ရွှေငွေပစ္စည်းတွေ ပါသွားတာပဲ...မြို့ကနေ ထွက်သွားပေမယ့် လုပ်ကိုင်စားသောက်စရာ အရင်းအနှီးတော့ သူတို့လက်ထဲမှာ ရှိနေပါတယ်...အခြေအနေမဲ့ကြီးတော့မဟုတ် ပါဘူး"

မြို့မှာ နှစ်ရက်နေပြီး ရန်ကုန်သို့ သူတို့မိသားစုလိုက် တက်လာခဲ့ကြပါသည်။ 'နေလွှာ' နဲ့ပတ်သက်ပြီး ရှင်းစရာ ကိစ္စတွေရှင်းရမှာမို့ အမေတို့ပါ လိုက်လာခဲ့ကြခြင်းဖြစ်၏။ အမေတို့လူကြီးတွေသဘောက တည်ဆောက်ပြီးသား အိမ် ထောင်ရေးတစ်ခုကို မပျက်စီးစေချင်ပါ။ 'ကောင်လေး' အနေနဲ့ ကလည်း တာဝန်ကျေတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ချင်ပါ သည်။

'နေလွှာ့' ဘက်ကသာ သည်းခံအလျှော့ပေးခဲ့မယ်ဆို ရင်ဖြင့် သူနဲ့ 'နေလွှာ' ရဲ့ အိမ်ထောင်ရေးက ပြန်ပြီးခိုင်မြဲတော့ မှာပါ။ သူနဲ့ပတ်သက်ပြီး 'နေလွှာ့' ရဲ့ သဘောထား သေးသိမ်မှု တွေကိုလဲဖျောင်းဖျရှင်းပြချင်ပါသေးသည်။

'ကောင်လေး' တွေးထင်ထားတာတွေက ဘယ်တုန်း ကအပ်ချမတ်ချ ဖြစ်ခဲ့ဘူးလို့လဲ။အမြဲတမ်း လွဲချော်နေခဲ့တာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပဲမဟုတ်လား။ ‘နေလွှာ’ နဲ့ပတ်သက်ပြီး မထင်မှတ်တဲ့ သတင်းဆိုးက သူတို့အား ကြိုစောင့်နေခဲ့ပါသည်။ ‘နေလွှာ’ ကားတိုက်မှုဖြစ်ပြီတဲ့။

‘နေလွှာ့’ မိဘအသိုင်းအဝိုင်းက သူ့သမီးဒီလိုဖြစ်ရတာ သူ့ကြောင့်ဆိုပြီး ‘နေလွှာ့’ ရဲ့ဈာပနကိစ္စမှာ ‘ကောင်လေး’ နဲ့ ပတ်သက်တဲ့ ဘယ်အမျိုးမှလာစရာမလိုဘူးဟု ကြွေးကြော်ထားခဲ့သည်တဲ့။ ‘နေလွှာ’ ဒီလိုအဖြစ်ဆိုးမျိုး ဖြစ်သွားခဲ့ရတဲ့အတွက် ‘ကောင်လေး’ ရင်ထဲ ဝမ်းနည်း၊စိတ်ထိခိုက်ခဲ့ရပါသည်။

မချစ်ပေမယ့် သံယောဇဉ်တော့တွယ်ခဲ့ရတာပဲ မဟုတ်လား။ နောက်ဆုံးအချိန်ထိတောင်မှ ‘နေလွှာ’ နဲ့ပတ်သက်ပြီး အလျှော့ပေးဖို့ ဆုံးဖြတ်ခဲ့သေးတာပဲလေ။

ဖြစ်လာတဲ့ ကံကြမ္မာကို ဘယ်သူက တားဆီးချေဖျက်ပစ်လို့ရနိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



# တစ်နှစ်ကျော်ခန့်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး' နဲ့ 'မေ' လေတဖြူးဖြူးတိုက်ခတ်နေသော အင်းယားကန်ဘောင်ပေါ် ရောက်နေပါသည်။ 'မေ့' မျက်နှာက အတွေးတွေနဲ့ လွင့်မျောလို့နေရ၏။

"ငါ့သဘောကို နင် မလိုက်လျောနိုင်ဘူးလား 'မေ' ရယ် ငါစောင့်ခဲ့ရတာလည်း တစ်နှစ်ကျော်နေပါပြီ... ဒီတစ်ခါတော့ နင်နဲ့ငါ အကွဲမခံနိုင်တော့ဘူးဟာ"

"နင့်မိဘတွေ သဘောကရော..."

"သဘောတူတယ်... နင် လက်မခံမှာကိုဘဲ စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ နင်သာလက်ခံမယ်ဆိုရင် အဖေတို့က နင်တို့ သားအမိကိုလာတောင်းပန်အုံးမယ်တဲ့”

“လက်မခံရင် မတောင်းပန်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား...”

“မဆိုင်ပါဘူး... ဒီအချိန်မှာ နင်ကစင်ပေါ်ကပါ...နင့်ဆန္ဒကို သာအားလုံးကစောင့်မျှော်နေရတာ... နင် အချိန်ဆွဲနေတဲ့အကြောင်းအရင်းက ငါ့ကိုသံယောဇဉ်မရှိတော့လို့လား... မချစ်တော့လို့လား ဟင်... ပြောစမ်းပါအုံး”

“ပြောမယ်... ငါစဉ်းစားနေတာ နင့်အတွက် ‘ကောင်လေး’ ရဲ့ ငါနဲ့နင်မြန်မြန်လက်ထပ်လိုက်ရင် ‘နေလွှာ’ မိဘတွေကဘာပြော မလဲ... နင့်ကို နဂိုကတည်းက ဖောက်ပြန်တယ်လို့စွပ်စွဲထားတာ ပိုခိုင်လုံသလိုဖြစ်သွားမှာပေါ့... အဲ့ဒီအတွက် ငါတို့အချိန်ယူရမယ် နင် မလောနဲ့... ဘဝချင်းတောင် အဝေးကြီးဝေးကွာခဲ့ပြီးသားပဲဟာ ဖူးစာပါလို့ ပြန်ဆုံရတာ”

“ဟုတ်ပါပြီ... ငါက ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ... အဘိုးကြီးဖြစ်တဲ့အထိလား”

“အဲ့ဒီအထိတော့ ဘယ်ဟုတ်ပါ့မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ထိလဲ"

"ဘာလဲ ... နင်က မစောင့်နိုင်ဘူးဆိုတဲ့ သဘောလား... ဒါဆိုလည်းရတယ်... ကြိုက်တဲ့မိန်းမ ယူလိုက်လို့ရတယ်နော်"

"စောင့်ပါမယ်ဟာ... နင့်သဘော နင့်သဘော"

"သားနဲ့လည်း တွေ့ခွင့်ရနေတာပဲ 'ကောင်လေး' ရယ်... အဖြစ်သည်းမနေစမ်းပါနဲ့... နင်နဲ့ငါ လက်ထပ်ဖို့ကတော့ နောက်နှစ်လောက်မှစိတ်ကူးထားတယ်"

"ရတယ် ဘယ်အချိန်ပဲဖြစ်ဖြစ်"

"ရွဲ့တာလား..."

"ဟောဗျာ... မရွဲ့ပါဘူး"

'ကောင်လေး' ကို 'မေ' က သေချာစိုက်ကြည့်လို့နေသည်။

"နင်နဲ့ငါ ပြန်ဆုံဖို့ဖြစ်လာတာ အံ့သြစရာကြီးနော်..."

"ဟင့်အင်း... မအံ့သြပါဘူး... ငါကနင့်ကိုအရမ်းချစ်တော့ ငါတို့နှစ်ယောက် တစ်နေ့ပြန်ဆုံကြမယ်ဆိုတာ သိပြီးသား"

"အမယ် အပိုတွေ"

မျက်စောင်းထိုးကာပြောလိုက်သော 'မေ့' ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မချင့်မရဲနဲ့ ‘ကောင်လေး’ က လှမ်းဖက်ပစ်လိုက်ပါသည်။

“ဟဲ့ လူတွေရှိတယ်လေ…”

“ရှိ,ရှိပါ … ကိုယ်ချစ်သူ ကိုယ်ဖက်တာဘာဖြစ်လဲ”

“ဘယ်သူက နင့်ချစ်သူမို့လို့လဲ”

“ဟောဒီက ‘မေ’ ဆိုတဲ့ နင်ပဲပေါ့…”

‘ကောင်လေး’ နဲ့ ‘မေ့’ ရဲ့ အပြုံးက အသက်ဝင်လှပလို့နေပါတော့သည်။

ရွှင်လန်းချမ်းမြေ့ပါစေ

အဝ[illegible]င်ကာရ



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com